http://www.dhammadownload.com

ဖြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမကြိုးတန်း

ပုစ္ဆာ + အဖြေစုံ

၂၀၀၉-ခုနှစ်

(ဖြည်နယ်နှင့် တိုင်း - ၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

ခရစ်နှစ်	ကောဇာ	သာသနာ
၂၀၀၉	၁၃၇၁	၂၅၅၃

ဖြေရှင်းချက် + ပြဋ္ဌာန်း (ဒုတိယတွဲ) ဆန်းပေးပြီးစာအုပ်

http://www.dhammadownload.com

ဤစာအုပ်၌-

ပထမကြီးတန်းဆိုင်ရာ-

၁။ ပြဋ္ဌာန်းချက်များ
၂။ ပြဋ္ဌာန်းကျမ်းစာများ
၃။ ပုစ္ဆာထုတ် စည်းမျဉ်းများ
၄။ ဘာသာစုံ မေးခွန်းများ
၅။ ဘာသာစုံ အဖြေများ

စသည် စသည်ဖြင့် ပို့ချသူ, သင်ယူသူများ နည်းရလောက်အောင် ဝေဝေဆာဆာ တင်ပြထားသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ
၂၀၀၄-ခုနှစ် ထုတ်ပြန်အပ်သော
ပြဋ္ဌာန်းချက်အသစ်များဖြင့် တင်ပြထားပါသည်။

ဖြန့်ချိရေး

စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊ ရွာမပရိယတ္တိစာသင်တိုက်၊
သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်။ ဖုန်း ၀၁-၆၄၀၀၇၅၊ ၆၄၆၄၆၄၊ လိုင်းခွဲ-၂၁၅။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပထမပြန်စာမေးပွဲ

ပထမကြိုးတန်း

ပုဋ္ဌာ + အပြေစုံ

၂၀၀၉-ခုနှစ်

(ဖြည့်နယ်နှင့် တိုင်း-၁၇)

အရှင်တိလောကာဘိဝံသ (အင်းစိန်)

ပထမအကြိမ်

သာသနာ	ကောဇာ	ခရစ်နှစ်
၂၅၅၃	၁၃၇၁	၂၀၀၉

http://www.dhammadownload.com

ပုံနှိပ်ပုတ်ဟပ်း

ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ
၁၀၀၀

သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် မှ မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)ဖြင့် ရိုက်နှိပ်ခွင့်ပြု၍ အမှတ်-၁၁၉/၁၂၁၊ ၃၄-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဦးမြင့်ဦး (မြ-၀၈၅၈၃) သိန်းသန်းဦးပုံနှိပ်တိုက် တွင် ရိုက်နှိပ်သည်။

ဖြန့်ချိရေး
စာပေထိန်းသိမ်းရေးအဖွဲ့ ၊ သိမ်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း၊ ရွာမ၊ အင်းစိန်။
ဖုန်း ၀၁- ၆၄၀၀၇၂၊ ၆၄၆၄၆၄၊ လိုင်းခွဲ-၂၁၅။

တန်ဖိုး - ၂၂၀၀ ကျပ်

http://www.dhammadownload.com

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	က မှ ဂ အထိ
၂။	စာမိတ်ဆက်	ဃ မှ င အထိ
၃။	ပထမပြန်စာမေးပွဲ သတ်မှတ်ချက်များ	စ
၄။	ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာများ	ဆ မှ ဏ အထိ
၅။	ပထမကြီးတန်း ပုစ္ဆာထုတ်စည်းမျဉ်း	ဒ မှ ဌ အထိ
၆။	ထုတ်ဝေပြီးကျမ်းစာ	၃
၇။	ပဏာမ	ပ
၈။	ဒွေမာတိကာဘာသာ	၁ မှ ၆၇ အထိ
၉။	ဓမ္မပဒဘာသာ	၆၇ မှ ၁၃၁ အထိ
၁၀။	ကစ္စည်းသဒ္ဒါကြီးဘာသာ	၁၃၁ မှ ၁၉၆ အထိ
၁၁	အဘိဓမ္မတ္ထသင်္ဂဟဘာသာ	၁၉၇ မှ ၂၅၄ အထိ
၁၂။	အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ	၂၅၄ မှ ၃၁၀ အထိ
၁၃။	ယမိုက်အထက် ၅-ကျမ်းဘာသာ	၃၁၁ မှ ၃၈၀ အထိ
၁၄။	ပဋ္ဌာန်းဘာသာ	၃၈၁ မှ ၄၅၁ အထိ
၁၅။	ဘာသာပြန်ဘာသာ	၄၅၁ မှ ၄၇၇ အထိ

http://www.dhammadownload.com

http://www.dhammadownload.com

နိဒါန်းအမှာ

စာသင်နည်းစနစ်

မြန်မာနိုင်ငံ၏ ပိဋ္ဌကတ်သင်နည်းစနစ်ကို -

၁။ စာကြီးပေါက်သင်နည်း-

၂။ စာမေးပွဲစနစ်သင်နည်း- ဟု နှစ်မျိုးနှစ်စား တွေ့ရသည်။

ရှေးခေတ်က စာချ, စာသင်ပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စာမေးပွဲကို အခြေမခံဘဲ ကျမ်းဂန်တတ်မြောက်မှု, ကျမ်းဂန်ပေါက်ရောက်မှုကို ပဓာနထား၍ သင်ကြား လေ့လာကြသည်၊ သင်ကြားလေ့လာမှု ပြည့်စုံသောအခါ ထက်မြက်ထူးချွန်သော အချို့ပုဂ္ဂိုလ်တို့ အာဇာနည် ရွေးချယ်ပွဲ-

၁။ နွှတ်ဖြေ,

၂။ ရေးဖြေ

စာမေးပွဲဝင်ရောက် ဖြေဆိုသူများလည်း ရှိခဲ့သည်၊ ပုဂံခေတ်မှ **ဦးကျည်ပွေ့**-သည် ရေတစ်ခါငုပ် စဉ်းစားခန်း နွှတ်ဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ပညာရှင်ဘွဲ့ရရှိခဲ့သည်၊ ကုန်းဘောင်ခေတ်မှ **ကျော်အောင်စံထား ဆရာတော်** နှင့် **ဆရာတော် ဦးဗုဒ်**-စသော ပုဂ္ဂိုလ်ကျော်များကို လည်း စာမေးပွဲဖြင့် ဖော်ထုတ်ပေးခဲ့သည်။

အင်္ဂလိပ် အစိုးရခေတ်လောက်မှစ၍ ယနေ့တိုင်အောင် များသောအားဖြင့် စာမေးပွဲကို အခြေခံ၍ ပိဋ္ဌကတ်သင်ကြားမှု ပြုလာကြသည်၊ စာမေးပွဲစနစ်ဖြင့် ပိဋ္ဌကတ်သင်ကြားရာ၌ အခြေခံလုံလောက်စွာဖြင့် ပြဋ္ဌာန်းချက်များကို ပြည့်စုံအောင် လေ့လာသင်ကြားသူများသည် များသောအားဖြင့် ထူးချွန်သူများဖြစ်ကြသည်။

၁။ မစိုးရိမ်ဆရာတော် ဦးသူရိယ၊

၂။ တိပိဋ္ဌကရေ မင်းကွန်း အရှင်ဝိစိတ္တာသာရာဘိဝံသ-စသည်တို့သည် စာမေးပွဲဖြင့် ထူးချွန်သူများဖြစ်ကြသည်။

အခြေခံလည်း မလုံလောက်၊ ပြဋ္ဌာန်းချက်လည်း မပြည့်စုံ၊ ကောက်နုတ်ချက်ဖြင့် ဖြတ်လမ်းလိုက်သူများမှာ စာမေးပွဲအောင်သော်လည်း ထူးချွန်သူများ မဖြစ်ကြ။

http://www.dhammadownload.com

ပုစ္ဆာအဖြေစုံကျမ်း

စာမေးပွဲ အောင်မြင်ရန်နှင့် ဂုဏ်ထူးပန်းကို ပန်ဆင်လိုသူများအတွက် ဤအဖြေစုံများကို စီစဉ်ထားခြင်း ဖြစ်ပါသည်။

ဤအဖြေစုံစာအုပ်များသည် -

၁။ လမ်းညွှန်ကောင်း စွယ်စုံပညာရှင်တစ်ဦး သင့်အနားတွင် အမြဲတမ်း ရှိနေသလိုလည်း ဖြစ်နေပါလိမ့်မည်။

၂။ ပုစ္ဆာအာဘော်ကြံဆနည်းကိုလည်း ပေးပါလိမ့်မည်။

၃။ ဖြေနည်း, တင်ပြနည်းကိုလည်း ညွှန်ပြပေးပါလိမ့်မည်။

၄။ မေးခွန်းဟောင်း ရှာဖွေစုဆောင်းရခြင်း ဒုက္ခမှလည်း ကင်းဝေးအောင် ကူညီပါလိမ့်မည်။

၅။ မိမိဉာဏ်မမီသော ပုစ္ဆာအဖြေများကို ဖြေရှင်းပေးမည့် ပညာရှင်များ မိမိအနားတွင် အမြဲတမ်းရှိနေသလိုလည်း ဖြစ်ပါလိမ့်မည်။

ဤသို့ စသည် စသည်ဖြင့် သင်၏ လိုအပ်ချက်များကို လမ်းညွှန်ပေးပါလိမ့်မည်။

အဖြေစုံ ပမာဏ

တိုင်းနှင့်ပြည်နယ် အသီးသီးမှ ပထမပြန်ပုစ္ဆာများကို တစ်စုတစ်ဝေးတည်း စုစည်းတင်ပြထားပါသည်၊ ယခု ခရစ်နှစ် ၂၀၀၉-ခုနှစ်တွင် တိုင်း ၈-တိုင်း၊ ပြည်နယ် ၉-ခု၊ အထူးအောင် ၁-ခု ပေါင်း ၁၈-တို့၏ ပုစ္ဆာနှင့် အဖြေများ စုစည်းတင်ပြထားပါသည်။

ပုစ္ဆာလိုအပ်ချက်

ယခု ၂၀၀၉-ခုနှစ် ပထမကြိုးတန်းပုစ္ဆာများအနက်-
ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဓမ္မပဒပုစ္ဆာရှာဖွေ၍ မရခြင်းကြောင့် ပုစ္ဆာနှင့် အဖြေမတင်ပြနိုင်သည်ကို သည်းခံ ခွင့်လွှတ်ကြဘို့ရန် မေတ္တာရပ်ခံပါသည်။

စီစဉ်ထားပုံ

ဤအဖြေစုံစာအုပ်၌ ဘာသာရပ်ကို မူတည်၍ စီစဉ်ပါသည်၊ ဥပမာ-

၁။ ဝိနယဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၂။ ဓမ္မပဒဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊

၃။ သဒ္ဒါဘာသာအတွက် တိုင်းနှင့် ပြည်နယ်အစုံ၊ စသည်ဖြင့် ဘာသာရပ်တစ်ခုချင်း၏

http://www.dhammadownload.com

အဖြေများကို တိုင်းနှင့် ပြည်နယ်အစုံအဖြစ် စီစဉ်တင်ပြထားပါသည်၊ တိုင်းနှင့် ပြည်နယ် အစဉ်များ ကို အက္ခရာအစဉ်ဖြင့် ဖေါ်ပြထားပါသည်၊ ဥပမာ-

ကချင်၊ ကယား၊ ကရင်၊ ချင်း၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး (အနောက်)၊ ပဲခူး (အရှေ့)၊ မကွေး၊ မန္တလေး၊ မွန်၊ ရန်ကုန်၊ ရခိုင်၊ ရှမ်း(တောင်, မြောက်, ရှေ့)၊ ဧရာဝတီ၊ အထူးအောင်- တို့ဖြစ်သည်။

ကျေးဇူးစကား

ဤပထမကြီးတန်း ပုစ္ဆာအဖြေစုံစာအုပ်ကို သာသနာ့တာဝန်များ ကျောင်းတိုက်တာဝန်များစသည်ဖြင့် မအားမလပ်သည့်ကြားမှ ဝိုင်းဝန်ကူညီပေးကြသော ရွာမပရိယတ္တိစာသင်တိုက်မှ စာချဂဏဝါစက သာသနဓဇ ဓမ္မာစရိယ-များဖြစ်ကြသည့်-

ဦးကဉ္စန၊ (အုပ်ချုပ်ရေးမှူး)-က အဘိဓာန်+ အလင်္ကာ+ ဆန်းဘာသာ၊

ဦးဓမ္မာစာရ၊ (ဝိညာဏေးမှူး)-က ယမိုက်ဘာသာ, ပဋ္ဌာန်းဘာသာ၊

ဦးဝိမလာစာရာဘိဝံသ(စာချုပ်ဆရာ)က ဝိနည်း, သဒ္ဒါ, အဘိဓမ္မတ္ထသင်္ဂဟဘာသာတို့ကို ကူညီကာ ဖြေဆိုပေးကြပါသည်။

ဓမ္မပဒဘာသာဆိုင်ရာများကို ဖြေဆိုပေး, ကွန်ပျူတာစာစီ, စာရိုက်ပေးသော-

မကုသလဝတီ (သာသနာ့ဝန် ဓမ္မာစရိယ၊ ပိုနယ်ပိုဒ်) သက္ကရီတာစာသင်တိုက်၊ စစ်ကိုင်းမြို့ -တို့၏ အကူအညီကိုလည်း ယူရပါသည်။

အပြင်အဆင်မှစ၍ မိမိစိတ်တိုင်းကျဖြစ်အောင် လိုအပ်သမျှအားလုံးကို စိတ်ရှည် လက်ရှည်နှင့် ကြိုးကြိုးစားစား ကွန်ပျူတာ စာစီ, စာရိုက်ပေးသော-

အရှင်ပညိဒ္ဓိတ (ဝေဒနာ့ဂုဏ်) မဟာသတိပဋ္ဌာန်ကျောင်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်။

အရှင်နန္ဒမာလာ (ငါ့ဦးလေး)တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

အချိန်မီရန် အလောတကြီး စီစဉ်ရခြင်း, ဆရာတော်ကိုယ်တိုင် အချိန်ယူ၍ ပြန်လည် မစီစစ်နိုင်ခြင်း စသည်တို့ကြောင့် ချွတ်ယွင်းချက်, လစ်ဟင်းချက်များ များစွာပါရှိနိုင်ပါသည်။

အပြစ်တင်ဝေဖန်ခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, အကြံပြုခြင်း စသည်စသည်ဖြင့် မည်သည့် အကူအညီမူမျိုးမဆို ကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုပါသည်။

တန်ဆောင်မုန်းလဆန်း ၅-ရက်၊ ၁၃၇၁-ခု၊	အရှင်တိလောကာဘိဝံသ (အင်းစိန်)
၂၂- ၁၀- ၂၀၀၉။	ရွာမပရိယတ္တိစာသင်တိုက်။

http://www.dhammadownload.com

စာမိတ်ဆက်

ဤပထမပြန်စားမေးပွဲ ပုစ္ဆာ+ အဖြေစုံ စာအုပ်များကို ရေးသားဖြေဆိုသည့် အနန္တကျေးဇူးရှင် ဆရာတော်သည် သာသနာ့ပြုလုပ်ငန်းများစွာကို ဆောင်ရွက်နေရသူ ဖြစ်ပါသည်။

ကျောင်းတိုက်တာဝန်, ဒကာ+ ဒကာမတို့ ကုသိုလ်အများတိုးပွါးရေးတာဝန်, စာသင်ပေးရသောတာဝန်, စာချနာယကများမှအစ ကျောင်းတိုက်ရှိစာသင်သား သံယာအဆုံး အားလုံးတို့ကို လမ်းညွှန်မှုပေးရသည့်တာဝန်, နိုင်ငံတော်သံယမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်တာဝန်, ယမိုက်+ ပဌာန်းသင်တန်းပို့ချ သင်တန်းပေးရသောတာဝန်, ဟရားစခန်းဖွင့်လှစ် တရားပြသဟောပြောရသော တာဝန်, စာပေ ရေးသားကျမ်းပြုရသောတာဝန်– စသည်ဖြင့် တာဝန်များ ပြားလှပေသည်။

ထိုတာဝန်များထမ်းဆောင်ရင်း ဤပထမပြန်စာမေးပွဲ ပုစ္ဆာ+ အဖြေစုံစာအုပ်များကို ရေးသားဖြေဆိုရခြင်း ဖြစ်ပေသည်၊ အချိန်တိုအတွင်း စာအုပ်ဖြစ်အောင် စီစဉ်ရသည့် အတွက် အထူးကြိုးစား အားထုတ်ရပေသည်၊ အချိန်မီ စာချ, စာသင် အရှင်မြတ်များတို့၏ လက်ဝယ်ရောက်ရှိရေးသည် အရေးကြီးလှပေသည်။

စာအုပ်ဖြစ်မြောက်ရေးအတွက် တပည့်များကလည်း မိမိတို့နိုင်သည့်ဘက်မှ ဆရာတော်၏ ပါရမီကို ကူညီဆောင်ရွက်ပေးကြရပါသည်၊ မေးခွန်းစုပေးသူကပေး, အဖြေကို ကူညီရှာပေးသူ ကပေး, လက်ရေးဖြင့် နှောက်ကလိုက်ရေးသူကရေး, ကွန်ပျူတာစာစီသူကစီ, စာမူခွင့်ပြုချက် ယူသူကယူ, ပုံနှိပ်တိုက်ပို့ပေးသူကပို့ စသည်ဖြင့် အလျင်အမြန်ဆောင်ရွက်ပေးကြရပေသည်။

ပုစ္ဆာဟောင်းတို့၏ အဖြေကို လေ့လာရသည့်အခါ စာချ, စာသင်လေ့လာသူများအဖို့ စာမေးပွဲ အတွက် များစွာအထောက်အကူဖြစ်ပေလိမ့်မည်– ဟု ယုံကြည်မိပါသည်၊ ကျမ်းပြု ဆရာတော်၏ အချိန်များစွာယူ၍ စုစည်းပေးမှုသည် စာချ, စာသင်အရှင်မြတ်များအတွက် ဟင်းလျာစုံဖြင့် အဆင်သင့်ပြင်ဆင်ထားသည့် ဆွမ်းပွဲ(ထမင်းပွဲ)ကြီးပမာ အလွန်ပင်ကောင်းမွန်လှပေသည်။

လေ့လာရသည့်အခါ ပုစ္ဆာ၏ သဘောသဘာဝ အတိမ်အနက်, အယူအဆ, အတွေ့အကြုံ ကောင်းများ များစွာရရှိပြီး စာမေးပွဲဖြေဆိုရသည့်အခါ အထူးပင် အထောက်အကူ ဖြစ်ပေလိမ့်မည် ဟု ယုံကြည်ပါသည်၊ စာမေးပွဲသတ်မှတ်ချက် ပြဋ္ဌာန်းကျမ်းစာ စည်းမျည်း စည်းကမ်း ဘာသာရပ် စသည်တို့ကို တစ်စုတစ်ဝေးတည်းတွေ့ရှိရသဖြင့် အလွယ်တကူ လေ့လာခွင့်ရရှိကြမှာ ဖြစ်ပါသည်။

http://www.dhammadownload.com

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၈-ခုတို့၏ ပုဋ္ဌာအဖြေများကို တစ်စုတစ်ဝေးတည်း တွေ့ရှိ ရသဖြင့် အချိန်တိုအတွင်း စာရှုသူတို့ လိုအပ်ချက်များကို ဤစာအုပ်က တာဝန်ယူ ဖြည့်စွက် ပေးပါလိမ့်မည်။

စာမေးပွဲသည် စာသင်သားတို့အတွက် ဘဝတိုက်ပွဲပင် မဟုတ်ပါလော့၊ ထိုဘဝတိုက်ပွဲ ဆင်နွှဲ နေချိန်ဝယ် စာမေးပွဲအောင်ပန်းကို ပန်ဆင်နိုင်ရေးသည် အဓိကလိုအပ်ချက်ပင် ဖြစ်ပါသည်၊ ထိုလိုအပ်ချက်ကို ဤပုဋ္ဌာ+ အဖြေစုံစာအုပ်က တာဝန်ယူပေးပါလိမ့်မည်။

ပြည်နယ်နှင့်တိုင်း အထူးအောင် ၁၈-ခုလုံး၏ ပုဋ္ဌာ+ အဖြေများကို ဘာသာတူရာ စုစည်း ဖြေပြထားသည်ဖြစ်၍ တစ်ဘာသာကို ၁၈-ကြိမ် အတွေ့အကြုံရယူပြီးသား အတွေ့အကြုံရင့် ကျက်ပြီးသူများပီပီ အထက်တန်းကျကျ မျက်နှာပန်းလှလှ စာမေးပွဲအောင်ပန်းကို ဆင်မြန်းနိုင်ကြ ပါစေ-ဟု ဆုမွန်ချေလျက် . . . . .

အရှင်ဝိသိဋ္ဌ (ဓာတ္တုမိုဏ်းမှူး)
ခေတ်မီ ဗဟုကတ်စာကြည့်တိုက်
သိမ်ကျောင်းတော်
ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့
၂၂-၁၀-၂၀၀၉၊ ကြာသပတေးနေ့။

http://www.dhammadownload.com

ပထမပြန်စာမေးပွဲနှင့် ပတ်သက်၍ သတ်မှတ်ချက်များ

၁။ မေးခွန်းလျှောတိုင်း ၃-နာရီ မေးခွန်းဖြစ်သည်၊ မွန်းတည့် ၁၂-နာရီမှ ညနေ ၃-နာရီ အထိ ဖြေခွင့်ရှိသည်။

၂။ အတန်းအလိုက်မေးမည့် မေးခွန်းအရေအတွက်နှင့် ဖြေဆိုရမည့် မေးခွန်းအရေ အတွက်မှာ ဘာသာရပ်တိုင်းအတွက် ဖော်ပြလတ္တံ့ပါအတိုင်း ဖြစ်သည်။

အတန်း	မေးမည့်မေးခွန်း	ဖြေဆိုရမည့် မေးခွန်း
ပထမငယ်တန်း	၆- ပုစ္ဆာ	၆- ပုစ္ဆာ
ပထမလတ်တန်း	၈- ပုစ္ဆာ	၈- ပုစ္ဆာ
ပထမကြီးတန်း	၁၀- ပုစ္ဆာ	၁၀-ပုစ္ဆာ

၃။ တစ်ပုစ္ဆာလျှင် ၁၀-မှတ်စီ သတ်မှတ်၍ အောင်မှတ် ၄၀-ရာခိုင်နှုန်းဖြစ်သည်။ ဘာသာတိုင်း အောင်မှတ်ရမှ အတန်းအောင်အဖြစ် သတ်မှတ်ရမည်။

၄။ အောင်မြင်သူများထဲမှ အမှတ်များရာအလိုက် ဂစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ အဖြစ် ရွေးချယ်သတ်မှတ်မည်။

၅။ ပထမပြန် စာမေးပွဲကို ရဟန်း, သာမဏေ, သီလရှင်နှင့် လူဝတ်ကြောင် မည်သူမဆို ဝင်ခွင့်ရှိသည်။

၆။ အောက်အောက်အတန်းကို အောင်မြင်ပြီးမှသာ အထက်အထက် အတန်းများကို ဝင်ခွင့်ရှိသည်၊ အထက်အထက် အတန်းများကို အောင်မြင်ပြီးသူသည် အောက် အောက်အတန်းကို ဝင်ခွင့်မရှိစေရ။

၇။ ပထမငယ်တန်းသို့ ဝင်ခွင့်ရသော အငယ်ဆုံးအသက်မှာ ၁၃-နှစ်ဖြစ်သည်၊ စာဖြေ သော အချိန်တွင် ၁၃-နှစ် တင်းတင်း ပြည့်ရမည်၊ ၁၃-နှစ် မပြည့်လျှင် ဝင်ခွင့်မပြု။

၈။ ပထမပြန် အထူးအောင်ရွေးချယ်ရေး စာမေးပွဲကို ရုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆို ရမည်။

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံယမဟာနာယကအဖွဲ့
ပထမပြန်စာမေးပွဲ ကျမ်းစာများ
ပထမကြီးတန်း ပြဋ္ဌာန်းကျမ်းစာ

၁။ ဝိနယ (ဒွေမာတိကာ)

(က) ဒွေမာတိကာပါဠိ၊ အနက်၊ ကျမ်းရင်းအဓိပ္ပါယ်။
(ခ) ကခ်ိဝိတရဏီအဋ္ဌကထာ- (ကျမ်းအစမှ အဆုံးအထိ) အဓိပ္ပါယ်။
လူနှင့် သီလရှင်များအတွက်-
(က) ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ခ) ဓမ္မပဒ အဋ္ဌကထာ (သုခဝဂ်မှ အဆုံးအထိ) အဓိပ္ပါယ်။

၂။ ကစ္စည်းသဒ္ဒါကြီး

(က) ကစ္စည်းသဒ္ဒါကြီး ၈-စောင် ပါဠိ၊ အနက်၊ ရုပ်၊ အဓိပ္ပါယ်။
(ခ) ရူပသိဒ္ဓိ (ကျမ်းအစမှ အဆုံးအထိ) ရုပ်တွက်၊ အဓိပ္ပါယ်။
(ဂ) ပုစ်စစ် (အစမှ အဆုံးအထိ)နှင့် သုတ်စစ်။

၃။ အဘိဓမ္မတ္ထသင်္ဂဟ

(က) အဘိဓမ္မတ္ထသင်္ဂဟ ၉-ပိုင်း ပါဠိ၊ အနက်၊ သရုပ်၊ အဓိပ္ပါယ်။
(ခ) ဋီကာကျော် (အစမှ အဆုံးအထိ) အဓိပ္ပါယ်။

http://www.dhammadownload.com

၄။ ပါဠိအဘိဓာန်၊ အလင်္ကာ၊ ဆန်း

(က) ပါဠိအဘိဓာန်ကျမ်း (အစမှ နိဝုံးအဆုံးအထိ) ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ခ) အလင်္ကာကျမ်း ပါဠိ၊ အနက်၊ အဓိပ္ပါယ်။
(ဂ) ဆန်းကျမ်း ပါဠိ၊ အနက်၊ အဓိပ္ပါယ်။

၅။ ယမိုက်အရကောက်ကျမ်း (အထက် ၅-ကျမ်း)

ယမိုက်အထက် ၅-ကျမ်း- ဝိဘင်းထုတ်၊ အနက်ပေး၊ အရကောက်၊ အဓိပ္ပါယ်နှင့် ဂဏ္ဌိ။

၆။ ပဋ္ဌာန်း

ပဋ္ဌာန်းအရကောက်ကျမ်း (ကုသလတိက်) ပါဠိ၊ အနက်၊ အရကောက်နှင့် အဓိပ္ပါယ်။

၇။ ဘာသာပြန်

(က) သတ္တကနိပါတ်အစမှ ဒသကနိပါတ်အဆုံးအထိ (ဖာတ်ပေါင်း - ၅၉)
(ခ) ဧကာဒသကနိပါတ်အစမှ ပဂ္ဂကနိပါတ်အဆုံးအထိ (ဖာတ်ပေါင်း - ၄၂)
(ဂ) ဝိသတိနိပါတ်အစမှ စတ္တာလီသနိပါတ်အဆုံးအထိ (ဖာတ်ပေါင်း - ၂၉)
(ဃ) ပဏ္ဏာသနိပါတ်အစမှ အသီတိနိပါတ်အဆုံးအထိ (ဖာတ်ပေါင်း - ၁၂) ၄- ပိုင်းပိုင်း၍ တစ်ပိုင်းလျှင် သာမာန်အားဖြင့် ၄- နှစ်စီလှည့်၍ မေးခွန်းထုတ်ရမည်။

http://www.dhammadownload.com

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ပထမပြန်စာမေးပွဲ ပုစ္ဆာထုတ်စည်းမျဉ်း
ပထမကြီးတန်း ပုစ္ဆာထုတ်စည်းမျဉ်း

၁။ ဝိနယ (ဒွေမာတိကာ)
မေးခွန်းလွှာ- ၁

(က) ဒွေမာတိကာ-

ပါဠိအာဂုံ	၁- ပုစ္ဆာ၊
အနက်ပေး	၁- ပုစ္ဆာ၊
ကျမ်းရင်းအဓိပ္ပါယ်	၄- ပုစ္ဆာ၊

(ခ) ကခ်ီအဋ္ဌကထာ

ကျမ်းအစမှ အဆုံးအထိအဓိပ္ပါယ်	၄- ပုစ္ဆာ၊

လူနှင့်သီလရှင်များအတွက်-

(က) ဓမ္မပဒပါဠိတော် (သုခဝဂ်မှ အဆုံးအထိ)-

ပါဠိအာဂုံ	၁- ပုစ္ဆာ၊
အနက်ပေး	၁- ပုစ္ဆာ၊
ဓမ္မပဒပါဠိတော်မှ တိုက်ရိုက်အဓိပ္ပါယ်	၄- ပုစ္ဆာ၊

(ခ) ဓမ္မပဒအဋ္ဌကထာ သုခဝဂ်မှ အဆုံးအထိ

အဓိပ္ပါယ်	၄- ပုစ္ဆာ၊

၂။ ကစ္စည်းသဒ္ဒါကြီး
မေးခွန်းလွှာ- ၂

ပါဠိအာဂုံ	၁- ပုစ္ဆာ၊
အနက်	၁- ပုစ္ဆာ၊

http://www.dhammadownload.com

ရှင်တွက် ၂- ပုဏ္ဏား
(ပုဒ်ဖြတ်၊ ပုဒ်စပ်၊ ရှင်ကျဉ်း ရှင်ကျယ်၊ ပုဒ်၊ ပစ္စည်း၊ ဓာတ်၊ ပစ္စည်း ဝိဘာတ်ခွဲခြင်း၊ လိင်၊ ဝုစ်၊ ကာရန်၊ ဂိုဏ်း ပဒမာလာစဉ်ခြင်းတို့ ပါဝင်သည်)
ကစ္စည်းသဒ္ဒါကြီးကျမ်းရင်းလာ အဓိပ္ပါယ် ၂- ပုဏ္ဏား
ရူပသိဒ္ဓိကျမ်းလာရှင်၊ အဓိပ္ပါယ် ၃- ပုဏ္ဏား
ပုဒ်စစ်၊ သုတ်စစ် ၁- ပုဏ္ဏား

၃။ အဘိဓမ္မတ္ထသင်္ဂဟ
မေးခွန်းလွှာ-၃

(က) **အဘိဓမ္မတ္ထသင်္ဂဟတစ်ကျမ်းလုံး-**
ပါဠိအာဂုံ ၁- ပုဏ္ဏား
အနက် ၁- ပုဏ္ဏား
အဘိဓမ္မတ္ထသင်္ဂဟကျမ်းရင်းလာ သရုပ်အဓိပ္ပါယ် ၄- ပုဏ္ဏား
ဌီကာကျော်ကျမ်းလာ အဓိပ္ပါယ် ၄- ပုဏ္ဏား

၄။ ပါဠိအဘိဓာန်၊ အလင်္ကာ၊ ဆန်း
မေးခွန်းလွှာ- ၄

(က) ပါဠိအဘိဓာန်-
ပါဠိကို မြန်မာပြန်ဆိုစေခြင်း ၁- ပုဏ္ဏား
မြန်မာကို ပါဠိပြန်ဆိုစေခြင်း ၁- ပုဏ္ဏား
ကျမ်းရင်း၊ သရုပ်၊ အဓိပ္ပါယ် ၂- ပုဏ္ဏား
(ခ) သုဗောဓာလင်္ကာရ (အလင်္ကာတစ်ကျမ်းလုံး)-
ပါဠိအာဂုံ ၁- ပုဏ္ဏား
အနက် ၁- ပုဏ္ဏား
သုဗောဓာလင်္ကာကျမ်းရင်းလာအဓိပ္ပါယ် ၂- ပုဏ္ဏား
(ဂ) ဆန်းကျမ်း ပါဠိ၊ အနက်၊ အဓိပ္ပါယ် ၂- ပုဏ္ဏား

http://www.dhammadownload.com

၅။ ယမက (အထက် ၅-ကျမ်း)

မေးခွန်းလွှာ - ၅

သခါရယမိုက်မှ	၂- ပုစ္ဆာ၊
အနုသယယမိုက်မှ	၂- ပုစ္ဆာ၊
စိတ္တယမိုက်မှ	၂- ပုစ္ဆာ၊
ဓမ္မယမိုက်မှ	၂- ပုစ္ဆာ၊
ဣန္ဒြိယယမိုက်မှ	၂- ပုစ္ဆာ၊

မှတ်ချက်-

ပါဠိဝိဘင်းထုတ်	၃- ပုစ္ဆာ၊
အနက်	၃- ပုစ္ဆာ၊
အရကောက်	၃- ပုစ္ဆာ၊
အဓိပ္ပါယ်	၁- ပုစ္ဆာ၊

၆။ ပဋ္ဌာန်းကုသလတိုက်

မေးခွန်းလွှာ - ၆

ပဋ္ဌာန်းကုသလတိုက်-

ပါဠိအာဂုံ	၂- ပုစ္ဆာ၊
အနက်ပေး	၁- ပုစ္ဆာ၊
အရကောက်	၅- ပုစ္ဆာ၊
ဂဏ္ဌိအဓိပ္ပါယ်	၂- ပုစ္ဆာ၊

၇။ ဘာသာပြန်

မေးခွန်းလွှာ - ၇

ပါဠိကို မြန်မာပြန်ဆိုစေခြင်း	၃- ပုစ္ဆာ၊
မြန်မာကို ပါဠိပြန်ဆိုစေခြင်း	၃- ပုစ္ဆာ၊
ပါဠိဝေါဟာရများကို ထုတ်ပြ၍ ပါဠိဝါကျ	
တည်ဆောက်စေခြင်း	၂- ပုစ္ဆာ၊

http://www.dhammadownload.com

ဇာတ်ဝတ္ထုများကို အကျဉ်းချုပ်မြန်မာဘာသာဖြင့်
ရေးသားစေခြင်း ၁- ပုစ္ဆာ၊
ဇာတ်ဝတ္ထုများမှ ရယူအပ်သော သင်ခန်းစာများကို
ရေးသားစေခြင်း ၁- ပုစ္ဆာ၊

အတွေတွေ

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့. ၄၇- ပါးစုံညီ သတ္တရသမအစည်းအဝေး၏ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက် ၂- အရ ပထမပြန်အထူးအောင် စာမေးပွဲကို ရုံးသုံးမြန်မာဘာသာဖြင့်သာ ဖြေဆိုရမည်။

စာမေးပွဲမေးခွန်းများသည် စာမေးပွဲဖြေဆိုချိန် ၃- နာရီ သတ်မှတ်ထားသဖြင့် ၃- နာရီအတွင်း ပြီးစီးအောင် ဖြေဆိုနိုင်မည့် မေးခွန်းမျိုး ဖြစ်ရမည်။

စာမေးပွဲမေးခွန်းထုတ်ရာ၌ မည်သည့်အတန်းကိုမဆို သုံးဆင့်ထက် မပိုသော မေးခွန်း ဖြစ်ရမည်။

http://www.dhammadownload.com

ထုတ်ဝေပြီးကျမ်းစာများ

လက်ဆောင်ကျမ်းများ

၁။	မာတိကာ+ ဓာတုကထာလက်ဆောင်	စာပေဘဏ္ဍာတိုဦ– ၄
၂။	ယမကလက်ဆောင် (အောက် ၅–ကျမ်း)	စာပေဘဏ္ဍာတိုဦ– ၇
၃။	ယမကလက်ဆောင် (အထက် ၅–ကျမ်း)	စာပေဘဏ္ဍာတိုဦ– ၆
၄။	ပဋ္ဌာန်းလက်ဆောင် (ဇယား)	စာပေဘဏ္ဍာတိုဦ– ၅
၅။	ပဋ္ဌာန်းလက်ဆောင် (ပို့ချစဉ်)	စာပေဘဏ္ဍာတိုဦ– ၁၀
၆။	အဘိဓမ္မာလက်ဆောင်	စာပေဘဏ္ဍာတိုဦ– ၁၆
၇။	ဆန်းလက်ဆောင်	စာပေဘဏ္ဍာတိုဦ– ၁၇
၈။	သဒ္ဒါလက်ဆောင်	စာပေဘဏ္ဍာတိုဦ– ၁၈
၉။	သုတ်နက်လက်ဆောင်	စာပေဘဏ္ဍာတိုဦ– ၂၃
၁၀။	သဒ္ဒါကြီးနိဿယလက်ဆောင်	စာပေဘဏ္ဍာတိုဦ– ၂၄

အဖြေစုံကျမ်းများ

၁၁။ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်း–
ပုစ္ဆာအဖြေစုံစာအုပ်များ (၁၉၉၉၊ ၂၀၀၀၊ ၂၀၀၁၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇–ခုနှစ်)

ဗဟုသုတစာအုပ်များ

၁၂။	ရှင်ပြုရဟန်းခံအကြောင်းသိကောင်းစရာ၊	
၁၃။	ကိုးကွယ်မှုဆိုင်ရာအကြောင်း သိကောင်းစရာနှင့် စေတီ+ ပုထိုး၊	စာပေဘဏ္ဍာတိုဦ– ၂၆
၁၄။	ကိုးကွယ်မှုဆိုင်ရာသိစရာနှင့် ဗုဒ္ဓသာသနာ့သမိုင်း။	
၁၅။	သမိုင်းတာဝန် ကျေပွန်စေ၊	
၁၆။	လက်ရွေးစင် ပရိတ် + ဂါထာ + မန္တန်၊	
၁၇။	ခရီးပန်းတိုင်နှင့်လက်ရွေးစင်ဆောင်းပါးများ အမှတ် ၂စသည့်စသည့် စာအုပ်များကို–	

ဖြန့်ချီရေး– စာပေထိန်းသိမ်းရေးအဖွဲ့၊ သိမ်ကျောင်းဆောင်၊
ရွာမပရိယတ္တိစာသင်တိုက်၊ သံမဏိစက်ရုံလမ်း၊
ရွာမ၊ အင်းစိန်။
ဖုန်း ၀၁– ၆၄၀၀၇၅၊ ၆၄၆၄၆၄။ (လိုင်းခွဲ– ၂၁၅)

http://www.dhammadownload.com

ပဏာမ

ဗုဒ္ဓံ တိလောကတိလကံ၊ ပဉ္ဘာမျှာကရဏဆေကလောကဂ္ဂံ။
ဝန္ဒိတွာန ကရိသံ၊ မဟာပထမပဥ္စပဒ္ဓိဝါကျံ။

အဟံ– ပထမကြီးတန်းပုစ္ဆာအဖြေလွှာကို သေချာစေ့ဝင် အမျှားရှာ၌ ရေးပြုအားထုတ် အကျွန်ုပ်သည်၊ **တိလောကတိလကံ**– သုံးပါးသူကို နတ်နှင့်လူတို့၏ မှန်ကူသဖွယ် ဖြစ်တော်မူပေ ထသော၊ **ပဉ္ဘာကရဏဆေကလောကဂ္ဂံ**– မေးဖြေအရာ အလွန်လိမ္မာသဖြင့် သုံးဖြာလောက အထက် မြတ်တော်မူပေထသော၊ **ဗုဒ္ဓံ**– သစ္စာလေးလီ ခိုင်နှင်းဆီကို မမှိုဆရာ ကိုယ်ချည်းသာလျှင် သိမြင်တော်မူသော မြတ်စွာဘုရားကို၊ **ဝန္ဒိတွာန**– ဦးညွှတ်ရိုကျိုး ရှိခိုးပြီး၍၊ **မဟာပထမပဥ္စ ပဒ္ဓိဝါကျံ**– ပထမကြီးတန်းပုစ္ဆာ အဖြေဝိသဇ္ဇနာကို၊ **ကိရိသံ**– ရေးသားတီထွင် ပြုစီရင်ပေအုံ့။

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုद္ဓဿ။

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ ဘိက္ခုနီမများ ဝါကျွတ်သည့်အခါ၊ လိုက်နာရန် ပညတ်ထားသော သိက္ခာပုဒ်ကို ပါဠိသက်သက်ရေးသားခဲ့ပါ။

၂။ အဓိကရုဏ်းငြိမ်းအောင် လုပ်ပေးမည်ဟု တာဝန်ယူထားပြီးမှ ကြောင့်ကြမ်ဖွဲ့နေသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြု သိက္ခာပုဒ်ကို အနက်ယောဇနာခဲ့ပါ။

၃။ အောက်ပါရဟန်းမတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို ဝဂ်, သိက္ခာပုဒ်တို့နှင့် ယှဉ်တွဲဖော်ပြပါ။

(က) ဖျားနာသော အတူနေတပည့်မကို မလုပ်ကျွေးသော ရဟန်းမ၊

(ခ) ရဟန်းယောကျ်ားများ မနီးသောကျောင်းဌ ဝါဆိုယော ရဟန်းမ၊

(ဂ) လက်ကောက်, လက်စွပ်စသည့် ဆောင်သော ရဟန်းမ။

၄။ သုံးမွေးအခင်းသစ် သုံးဆောင်ရမည့် နှစ်အပိုင်းအခြားများကို သိက္ခာပုဒ်ထောက် ဖြေဆိုလျှ၊ ဝဿိကသာဋိကသိက္ခာပုဒ်၌ (က) မာသ၊ (ခ) အဗုမာသ- အရတို့ကိုလည်း တိကျစွာ ဖြေဆိုခဲ့ပါ။

၅။ နဟာနသိက္ခာပုဒ်၌ (က) ဥဏှသမယ၊ (ခ) ပရိဠာဟသမယတို့ကို ခွဲခြားပြု၍ သင်္ကန်းသစ်ကို ဝတ်ရုံရာ၌ ထိုးရမည့် အရောင်တို့ကိုလည်း ပါဠိ/မြန်မာ တွဲစပ်ဖော်ပြခဲ့ပါ။

၆။ ကွာရှင်းပြီးသော လင်-မယားအား ပြန်ပေါင်းစေရန် စေ့စပ်ပေးသော ဝိနည်းပညတ်ကို မသိသည့် ရဟန်းအား အာပတ်သင့်/မသင့် ပါဠိထောက်၍ မှန်ကန်စွာ ဆုံးဖြတ်ချက်ချပြခဲ့ပါ။

http://www.dhammadownload.com

၇။ ပဒသော ဓမ္မသိက္ခာပုဒ်၌ ပဒသောဓမ္မံ-ဝယ် "ဓမ္မ"အရတို့ကို ထုတ်ပြ၍၊ ဒုတိယ သဟသေယျသိက္ခာပုဒ်၌ ဒုက္ကဋ်အာပတ်သင့်စေနိုင်သော "ဒုက္ကဋဝတ္ထု၊က"ပုဂ္ဂိုလ်များ ကိုလည်း ဖော်ပြခဲ့ပါ။

၈။ ပထမသေနာသနသိက္ခာပုဒ်လာ (က)ဘီသိ၊ (ခ) ကောဿ-တို့၏ အဓိပ္ပါယ်ကို ကခ်ီလာ သည့်အတိုင်း ဖြေဆိုခဲ့ပါ။

၉။ "ပဏီတဘောဇဉ်"၏ အဓိပ္ပါယ်နှင့် "ပဏီတဘောဇန"အရတို့ကိုကို ကခ်ီနှင့်အညီ ဖြေဆိုပြီ၊ အညတြ ဥဒကဒန္တပေါဏာ-၌ "ဥဒက"အရယူရမည့် ရေကိုလည်း ဖော်ပြခဲ့ပါ။

၁၀။ စာရိတ္တသိက္ခာပုဒ်၌ အဘယ်ရဟန်းကို "သန္တဘိက္ခု" ဟုခေါ်ပါသနည်း ဖြေဆိုပြီ၊ ပဌမ ဂရုဘဏ်ပစ္စည်းများကိုလည်း မြန်မာဘာသာဖြင့် ဖော်ပြခဲ့ပါ။

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (စာရိက နှ ပဏ္ဍမနသိက္ခာပုဒ်-ကို ပါဠိရေးလေ။)
မှတ်ချက်- ပုစ္ဆာ၌ သိက္ခာပုဒ်ကိုဟု မေးထားသည်၊ အပဝါရဏာသိက္ခာပုဒ်ကိုလည်း ဖြေဆိုနိုင်သည်။

၂။ ဘိက္ခုနီ၊ စိတ္တာဂါရဝဂ်လာ အဓိကရဏသိက္ခာပုဒ်ကို အနက်ရေးလေ။

၃။ (က) တုဝဋ္ဋဝဂ်၊ နှ ဥပဒ္ဒာပနသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ခ) အာရာမဝဂ်၊ အဘိက္ခုကာဝါသသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဂ) ဆတ္တုပါဟနဝဂ်၊ ဂ္ဂတ္ထာလင်္ကာရသိက္ခာပုဒ်ဖြင့် ပါစိတ်။

၄။ ဆဗ္ဗဿသိက္ခာပုဒ်ကို ထောက်၍ သိုးမွေး အခင်းသစ်ကို ၆-နှစ်တိုင်တိုင် သုံးစွဲရမည်။
(က) နယုန်လပြည့်ကျော် ၁-ရက်နေ့မှ စ၍ ဝါဆိုလပြည့်နေ့ အထိ ၁-လ၊
(ခ) ဝါဆိုလဆန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့ အထိ ၁၅-ရက်။

၅။ (က) နယုန်လဆန်း ၁-ရက်နေ့မှ ဝါဆိုလပြည့်နေ့ အထိ ၁-လခွဲ၊
(ခ) ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ ဝါခေါင်လပြည့်နေ့ အထိ ၁-လ။

http://www.dhammadownload.com

ထိုးရမည့် အရောင်-

နီလ- စိမ်းညိုရောင်၊ **ကဒ္ဒမ-** ရွှံ့ညွန်ရောင်၊ **ကာဠသာမ-** မည်းနက်သော **အရောင်**။

၆။ **အာပတ်သင့်ပါသည်**။

ပါဠိအထောက်- ယော ပန ဘိက္ခု သဉ္စရိတ္တံ သမာပဇ္ဇေယ္ယ။

၇။ **သင်္ဂါယတနာ ၃-တန်** မတင်အပ်သော ရာဇဂေါဒသုတ်, တိကွိန္ဒြိယသုတ်, စတုပရိဝတ္တနသုတ်, နန္ဒောပနန္ဒသုတ်, ကုလုမ္ဗသုတ်, မဂ္ဂကထာ-စသော ဓမ္မကိုလည်းကောင်း။ **သင်္ဂါယနာ ၃-တန်** တင်အပ်သော **တိပိဋကဓမ္မကိုလည်းကောင်း** ယူရမည်။

ဒုတ္တဇ္ဈဝတ္ထုကပုဗ္ဗိုလ်များ-

ဗျက်စိဖြင့် မြင်နိုင်သည့် ရုပ်သွင်သဏ္ဌာန်ရှိသော ဘီလူးမ, ပြိတ္တာမ, ပဏ္ဍုကာ, မေထုနဝတ္ထုဖြစ်သော **တိရစ္ဆာန်**မ။

၈။ (က) **အပြင်ကတစ်စုံတစ်ခုသော အဝတ်ဖြင့် ဖြစ်စေ, အပ်သော သားရေဖြင့် ဖြစ်စေ** အခွံပြုလုပ်၍ **အတွင်း**ဌ **လူမွေးနှင့် ပန်းညိုရွက် သက်သက်မှ** တစ်ပါ။ **အမှတ်မရှိ** တစ်စုံတစ်ခုသော **အမွေး, အရွက်, မြက်, လျှော်, အဝတ်ပိုင်း**တို့ဖြင့် **အဆာသွတ်** ပြီး ပြုလုပ်**အပ်**သော **ကျောင်း** အသုံး**အဆောင်**။

(ခ) **လျှော်မျှင်, ဖြူဆံမြက်, ပြိတ်မြက်-** စသည်တို့**တွင်** **တစ်မျိုးမျိုး**ဖြင့် ပြုအပ်သော **အလယ်ဌ** ကောင်းစွာ ရစ်ပတ်ဖွဲ့, ချည်**အပ်**သဖြင့် **အောက်, အထက်** ကျယ်ပြန့်သောကြောင့် ထက်စည်ပုံ**သဏ္ဌာန်ရှိ**သော **အလယ်ဌ** ခြေသော့ရေ **စ**သည်တို့ဖြင့် ကာရံ**အပ်** ကွပ်**အပ်**သော **အခင်**း။

၉။ **ပဏီတဘောဇဉ်-** မွန်မြတ်သော ထောပတ်-**စ**သည်တို့**နှင့်** ရောနှော**အပ်**သော **စ**ပါး ၇-မျိုးတို့မှ ဖြစ်သော **ဘောဇဉ်**။

ပဏီတဘောဇန အရ-

ထောပတ်, ဆီဦး-**စ**သည်တို့**နှင့်** ရောနှော**အပ်**သော ထောပတ်ထမင်း, ဆီဦးထမင်း-**စ**သော **ဘောဇဉ်**။

ယူရမည့် ရေ-

ရထရေ(ကုမြို့ (ရထားသွားသောအခါ ထသော မြို့) **မ**ပါသည့် **သန့်ရှင်**းစင်ကြယ်သော **ရေ**။

http://www.dhammadownload.com

၁၀။ ဥပစာရသိမ်အတွင်း ဒဿနုပစာဌ် မြင်၍ ပြောနေကျ စကားဖြင့် ပန်ကြားနိုင်လောက်သော ရဟန်း။

ပဌမဝရှုဘက်-

နွယ်, ဝါး, ဖြူဆံမြက်, ပြိတ်မြက်, မြက်သာမန်, မြေညက်, သစ်ဘဏ္ဍာ, မြေဘဏ္ဍာ-ပေါင်း ၈-မျိုး။

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကယားပြည်နယ်) ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ (၂- ၄-၂၀၀၉) ကြာသပတေးနေ့။

၁။ မိုးရေခံသင်္ကန်း၏ အလျား, အနံ ပမာဏပြ ဘိက္ခုသိက္ခာပုဒ်နှင့် ရေသနုပ်၏ အလျား, အနံ ပမာဏပြ ဘိက္ခုနီသိက္ခာပုဒ်တို့ကို ပါဠိရေးပြပါ။

၂။ (က) ဘိက္ခုပါတိမောက္ခ ပဌမသံဃာဒိသေသ သိက္ခာပဒ၊ (ခ) ဘိက္ခုနီပါတိမောက္ခ ပဌမ နိဿဂ္ဂိယသိက္ခာပဒတို့ကို အနက်မှန်ကန်စွာ ရေးသားခဲ့ပါ။

၃။ သူတစ်ပါးပစ္စည်းခိုးယူချင်အောင် ပရိယာယ်အားဖြင့် ပြောဆိုသောရဟန်းအား ပါရာဇိက ကျ/မကျ ဝိနယသာဓကပြု၍ ဆုံးဖြတ်ပြီးလျှင်၊ အဗ္ဘာန်သွင်းရာ၌ သံဃာအပါး ၂၀- မပြည့်ခြင်းကြောင့် ရနိုင်သောအပြစ်များနှင့် သိုးမွေးအခင်းပြုလုပ်ရာ၌ လိုအပ်သော သိုးမွေးအရောင်အဆင်းတို့ကိုလည်း ကျမ်းလာအတိုင်း ဖော်ပြခဲ့ပါ။

၄။ ကာဏမာတုသိက္ခာပုဒ်၌ အဘယ်မုန့်မျိုးကို ပူဝ, မန္ထ-ဟုခေါ်ဆိုသည်ကို ဖော်ပြ၍၊ ယင်းပူဝ, မန္ထမုန့်တို့ဖြင့် ခံယူရမည့် အတိုင်းအတာကို ဖော်ပြလျက်၊ ရဟန်းတော်များ မပြုလုပ်ကောင်းသော အပ်ကျည် (အပ်ဗူး) သရုပ်တို့ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

၅။ ဇောဂါမန္တရဂမနသိက္ခာပုဒ်လာ ရဟန်းမများ တစ်ယောက်တည်း မသွားအပ်သော နေရာများကို ဖော်ပြ၍၊ သယံဘူစာရံ-၌ သယံဘူစာရ အရကိုလည်း ရေးပြခဲ့ပါ။

၆။ အမျိုးသမီးများ ရဟန်းပြုရာ၌ အပျိုစင်နှင့် အအိုတို့၏ ရရှိနိုင်သော အခွင့်အရေး ခြားနားချက်များကို ရေးပြပြီးလျှင်၊ အောက်ပါပုဂ္ဂိုလ်တို့အား သင့်ရောက်နိုင်သော အာပတ်များကိုလည်း သိက္ခာပုဒ်အမည်နှင့်တကွ ဆုံးဖြတ်ခဲ့ပါ။

http://www.dhammadownload.com

(က) သေစေလိုသော စေတနာဖြင့် သတ္တဝါကို သတ်ဖြတ်သော ရဟန်း၊
(ခ) လူမှုကိစ္စများကို ပြုလုပ်ဆောင်ရွက်ပေးသော ရဟန်းမ။

၇။ သတ္တဟာရက် ဝါဿ ပရိယေသေယျ-၌ ပရိယေသေယျမည်ပုံကို ရေး၍၊ တိစီဝရိတ် သင်္ကန်းကို အဓိဋ္ဌာန်မတင်မီ ပြုလုပ်သင့်သော အချက်များကိုလည်း ကခ်ီအလိုကျ ရေးခဲ့ပါ။

၈။ အခြားသောသံယာအားလည်းကောင်း၊ ဂိုဏ်, ပုဂ္ဂိုလ်အားလည်းကောင်း စွန့်ခြင်း ဝေဖန်ခြင်းငှါ မပြုလုပ်ကောင်းသောသံယိကပစ္စည်း ဂရုဘာဏ်ငါးမျိုးတို့ကို ကခ်ီဝိတရကီ အဋ္ဌကထာ၌ ပြသည့်အတိုင်း ခွဲခြားဖော်ပြခဲ့ပါ။

၉။ ဘိက္ခုနီ ပထမပါရာဇိကသိက္ခာပုဒ်၌ ဘိက္ခု ပထမပါရာဇိကသိက္ခာပုဒ်လာ စကားရပ်နှင့် မတူသောလဲလှယ်ထားသော စကားရပ်တို့ကို ဖော်ပြ၍၊ အဘယ်ကြောင့် ဤစကားရပ်ကို လဲလှယ်ထည့်သွင်းထားရပါသနည်း ကခ်ီအလိုကျ ဖြေပြပါ။

၁၀။ ဂရုပါဝုရဏ, လဟုပါဝုရဏတို့ကို သုံးဆောင်ရန် သင့်လျော်သောကာလတို့ကို ဖော်ပြ၍၊ ရတ္တန္ဓကာရ အပ္ပဒီပေ၌ ဒီပအရနှင့် သာမိကေ အနာပုဏ္ဏ ပက္ကမေယျ-၌ သာမိက အရ တို့ကိုလည်း ကခ်ီလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၂။ ကယာ ၊ ပြည်နယ် (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ရတနဝဂ်၊ ဝဿိကသာဋ္ဌိကသိက္ခာပုဒ်နှင့်၊ နဂ္ဂဝဂ်၊ ဥဒကသာဋ္ဌိကသိက္ခာပုဒ်တို့ကို ပါဠိ ရေးလေ။)

၂။ (အနက်ထင်ရှားပြီ)

၃။ ပါရာဇိက မကျပါ။ **သာဓက-** အဒိန္နံ အာဒိယေယျ။
ရနိုင်သော အပြစ်များ- အဘ္ဘာန်သွင်းရာ မရောက်၊ ဒုက္ကဋ်အာပတ်သင့်သည်။
သိုးမွေးအရောင်အဆင်း- အနက်ရောင် သိုးမွေး ၂-ဖို့၊ အဖြူရောင် သိုးမွေး ၁-ဖို့၊ ဝါ- ၃- ခုမြောက်သော အဖို့၊ ကြောင်သော အဆင်းရှိသော သိုးမွေး ၁-ဖို့၊ ဝါ ၄- ခုမြောက်သော အဖို့။

http://www.dhammadownload.com

၄။ **ပူ၀-** လက်ဆောင်အလို့ငှါ စီရင်အပ်သော အတိရသကမုန့်, လဗ္ဗားမုန့်, မုန့်ကြွပ်ကျစ်စသော မုန့် ခဲဘွယ်။

မန္ထ- ဆုပ်အပ် လုံးအပ်ပြီးသော အလုံးအခဲဖြစ်စေ, မဆုပ်အပ် မလုံးအပ်သေးသော အမှုန့် ဖြစ်စေ, နှမ်းလုံး ဆန်လုံး သက်သက်ဖြစ်စေ လမ်းခရီး၌ ရိက္ခာအလို့ငှါ စီရင်အပ်သမျှ အားလုံး။

အတိုင်းအတာ- ၂-သပိတ်ပြည့်, ၃-သပိတ်ပြည့်။

အပ်ကျည် သရုပ်-

၁။ အရိုးဖြင့် ပြုအပ်သော အပ်ကျည်, ၂။ ဆင်စွယ်ဖြင့် ပြုအပ်သော အပ်ကျည်,

၃။ ဦးချိုဖြင့် ပြုအပ်သော အပ်ကျည်။

၅။ အခြားတစ်ရှာ, မြစ်တစ်ဖက်ကမ်း။

သယံဘူစာရ အရ- ၅-ရက် ၁-ကြိမ် လှည့်လည်၍ ဝတ်အပ်သော တိစီ၀ရိုက်, ရေသနပ်, ရင်စည်းတဘက် ဟူသော သက်နှံး ၅-ထည်။

၆။ အပျိုစင်ဖြစ်လျှင် အသက် ၂၀-၌ ရဟန်းခံနိုင်သည်, အအို ဖြစ်လျှင် အသက် ၁၈-နှစ်၌ ရဟန်းခံနိုင်သည်။

(က) သေသူ လူဖြစ်လျှင် မနုဿဝိဂ္ဂဟသိက္ခာပုဒ်ဖြင့် ပါရာဇိက,
သေသူ တိရစ္ဆာန်ဖြစ်လျှင် သဉ္စိစ္စသိက္ခာပုဒ်ဖြင့် ပါစိတ်။

(ခ) ဂိဟိဝေယျာ၀စ္စသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ လက်နက် ရနိုင်သော နည်းလမ်းဖြင့် ရအောင်ပြုခြင်း, ရှာခြင်း။ ၎င်းနောက် သေစေလိုသူ၏ အနီး၌ ချထားခြင်းတို့ကို ပရိယေသေယျ-ဟုခေါ်သည်။

ပြုလုပ်သင့်သော အချက်များ- သက်နှံး ဆေးဆိုခြင်း။ ကပ္ပဗိန္ဒု ထိုးခြင်း။

၈။ ၁။ ပထမဂရုဘဏ်- အာရာမ, အာရာမ၀တ္ထု။ (၂)

၂။ ဒုတိယဂရုဘဏ်- ဝိဟာရ, ဝိဟာရ၀တ္ထု။ (၂)

၃။ တတိယဂရုဘဏ်- ညောင်စောင်း, အင်းပျဉ်း, ဘုံလျှို, ခေါင်းအုံး။ (၄)

၄။ စတုတ္ထဂရုဘဏ်- သံအိုး, ကြေးအိုး, သံအိုးစရည်း, ကြေးအိုးစရည်း, သံရေအိုး, ကြေးရေအိုး, သံဖျင်းအိုး, ကြေးဖျင်းအိုး, ပဲကွပ်, ပုဆိန်, ဓားမ, ပေါက်တူး, ဆောက်။ (၉)

http://www.dhammadownload.com

၅။ ပဠမဂရုဘက်- နွယ်, ဝါ။, ဖြူဆံမြက်, ပြိတ်မြက်, မြက်သာမန်, မြေညက်, သစ်ဘက္ကာ, မြေဘက္ကာ။ (၈)

၉။ ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုန် ဓမ္မံ ပဋိသေဝေယျ။
အကြောင်း- ဘိက္ခုနီမတို့ ဆန္ဒမတူဘဲ ဆန္ဒမတူဘဲ ပါရာဇိက မကျ။ ဆန္ဒတူမှ ပါရာဇိက ကျသည်-ဟု သိစေလိုသောကြောင့် ဆန္ဒသော-ကို လဲလှယ်ထည့်သွင်းထားသည်။

၁၀။ အေးသောအခါ ဂရုပါဝုရဏ, ပူသောအခါ လဟုပါဝုရဏ။
ဒီပ အရ- ဆီမီးရောင်, လရောင်, နေရောင်, မီးဖိုမှထွက်သော အရောင်တို့တွင် တစ်မျိုးမျိုးသော အရောင်။
သာမိက အရ- ထိုအိမ်၌ တတ်သိနားလည်သူ လူတစ်ယောက်။

၃ ။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကရင်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂- ၄-၂၀၀၉) ကြာသပတေးနေ့။

၁။ ရဟန်းတစ်ပါးကို ဆွမ်းခံအတူခေါ်သွားပြီးနောက် မလျော်သောအကျင့်ကို ကျင့်လို၍ အဖော်ရဟန်းကို ပြန်လွှတ်သော ရဟန်းအား အာပတ်သင့်ပုံပြသိက္ခာပုဒ်ကို ပါဠိရေးခဲ့ပါ။

၂။ ဘိက္ခုနီပါတိမောက်၊ ကုမာရိဘူတဝဂ်လာ "ဝုဋ္ဌာပေယျ" သဒ္ဒါ မပါသောသိက္ခာပုဒ်နှင့် သောကာဝါသသိက္ခာပုဒ်တို့ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၃။ အောက်ပါတို့ကို ပါဠိသာဓကနှင့်တကွ ဖြေဆိုပါ။
(က) ဘုရားရှင်၏ သံယာပရိသတ် ကြီးပွားချမ်းသာခြင်းအကြောင်းများ။
(ခ) နိဿဂ္ဂိ သာသက်သိက္ခာပုဒ်လာ ဘိက္ခု- အရ ယူရမည့် ရဟန်း။

၄။ "ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေသော်" ဟု လူတို့နှင့်သံပြိုင်သီဆိုသော ရဟန်းအား ပဒသောဓမ္မသိက္ခာပုဒ်အရ အပြစ်ရှိ/ မရှိ အကြောင်းပြ ဆုံးဖြတ်၍၊ အနုပခဇ္ဇ သိက္ခာပုဒ်လာ ဇာနံ- အရ နေရာမှ မထစေ ထိုက်သူများကိုလည်း ဖော်ထုတ်ခဲ့ပါ။

http://www.dhammadownload.com

အရှင်တိလောကာဘိဝံသ (အင်းစိန်)

၅။ ဘိက္ခုနီ အဌမပါရာဇိကသိက္ခာပုဒ်လာ အဌဝတ္ထုကသရုပ်များမှ နောက်ဆုံး ၄-ခုတို့ကို သာ မြန်မာဘာသာဖြင့် ဖြေဆိုရ၏၊ ရဟန်းယောကျ်ားတို့နှင့် မသက်ဆိုင်သော ဘိက္ခုနီ သံယာဒိသေသ်ထဲမှ လွန်ကျူးလျှင် လွန်ကျူးခြင်း အာပတ်သင့်နိုင်သော သိက္ခာပုဒ်တို့ ကိုလည်း တိကျစွာ ထုတ်ပြခဲ့ပါ။

၆။ အောက်ပါဘိက္ခု, ဘိက္ခုနီတို့အားသင့်ရောက်နိုင်သော အပြစ်တို့ကို သိက္ခာပုဒ်ထောက်၍ ဆုံးဖြတ်ခဲ့ပါ။

(က) သုံးယူဇနာထက်အလွန် သိုးမွေးတို့ကို ကိုယ်တိုင်ဆောင်ယူ၍ ခရီးသွားသော ရဟန်း။

(ခ) မိန်းမပျိုနှင့်အတူ မျက်စိဆိတ်ကွယ်ရာ၌ ထိုင်နေသော ရဟန်း။

(ဂ) ခိုးသူကုန်သည်နှင့် တစ်ဖက်နိုင်ငံသို့ သွားသော ရဟန်း။

(ဃ) နှုတ်ခမ်းတွင်ကပ်နေသော ဆွမ်းလုံးကို လျှာဖြင့်လျက်၍ စားသော ရဟန်း။

(င) အဝတ်မပါ ဗလာကိုယ်တည်း ရေချိုးသော ရဟန်းမ။

၇။ သမုဒါစရေယျ- အရ "ပြောခြင်း"ဟူသည် အဘယ်ကဲ့သို့သောပြောခြင်းမျိုးဖြစ်ပါသ နည်း? ဖြေဆိုရ၏၊ ဒုဋ္ဌုလ္လာဟိ ဝါစာဟိ သြဘာသေယျ- ၌ "သြဘာသန"သရုပ်ကိုလည်း ကခ်ီလာအတိုင်း ပါဠိ+ မြန်မာနှစ်ဘာသာ တွဲစပ်ပြပါ။

၈။ မိုးရေခံသက်နန်းနှင့်စပ်၍ သိသင့်သိထိုက်သော "ခေတ် ၄-မျိုး"ကို ဆိုင်ရာ ရက်, လ- တို့နှင့် ယှဉ်တွဲပိုင်းခြားပြပြီးလျှင်၊ နိဗ္ဗာန်သိက္ခာပုဒ်လာ နှင်ထုတ်ကောင်းသော ရဟန်း တို့ကိုလည်း ကခ်ီလာအတိုင်း ဖြေဆိုခဲ့ပါ။

၉။ ဘိက္ခုပါတိမောက်၊ ဝိလေခန, မောဟနသိက္ခာပုဒ်တို့၌လာသော ဥဒ္ဒိသမာန(ဥဒ္ဒိသန) နှစ်ခုတို့၏ အထူးကိုရေး၍၊ ပလ္လတ္ထိကာယသိက္ခာပုဒ်အရ လက်အာယောဂပတ်, ပုဆိုး အာယောဂပတ် ဖွဲ့ပုံကိုလည်း ကခ်ီလာသည့်အတိုင်း ရေးသားခဲ့ပါ။

၁၀။ လသုဏ- အရ မယူရသော(စားကောင်းသော) ကြက်သွန်အမျိုးအစားကို ပါဠိ+ မြန်မာ နှစ်ဘာသာ တွဲစပ်ဖော်ပြ၍၊ စိတ္တာဂါရသိက္ခာပုဒ်လာ ရာဇဂါရ, စိတ္တာဂါရ, အာရာမ, ဥယျာန, ပေါက္ခရဏီ- တို့၏ အရကိုလည်း ကခ်ီနှင့်အညီ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၃။ ကရင်ပြည်နယ် (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ဥယျောဇနသိက္ခာပုဒ်ကို ပါဠိရေးလေ။)

၂။ (အနက်ထင်ရှားပြီ)

၃။ (က) အချင်းချင်း အကျိုးစီးပွားကို ပြောဆိုခြင်း, အချင်းချင်း အာပတ်မှ ထစေခြင်း။
သာဓက–ဇဝံ သံဝမှာ ဟိ တဿ ဘဂဝတော ပရိသာ၊ ယဒိဒံ အညမညဝစနေန အညမညဝုဋ္ဌာပနေန။
(ခ) တောကျောင်းနေ ရဟန်း။
သာဓက–ဥပဝသ် ခေါ ပန ကတ္တိကပုဏ္ဏမံ ယာနိ ခေါ ပန တာနိ အာရညကာနိ သေနာသနာနိ သာသင်္ကသမ္မတာနိ သပ္ပဋိဘယာနိ၊ တထာရူပေသု ဘိက္ခု သေနာသနေသု ဝိဟာရေန္တော။

၄။ သင်္ဂီယတနာ ၃–တန် တင်ပြီးသော ပါဠိ, အဋ္ဌကထာဓမ္မကို ပါဠိဘာသာဖြင့် ရှုတ်ဆိုပို့ချမှသာ အပြစ်ရှိသည်၊ ဤ၌ ပါဠိဘာသာမဟုတ်သောကြောင့် ပဒသောဓမ္မသိက္ခာပုဒ် အရ အပြစ်မရှိပါ။
ဇာနံ အရ–
သိက္ခာကြီးရဟန်း, ဂိလာနရဟန်း, ကျေးဇူးများ၍ သံဃာက ပေးထားသော ဘဏ္ဍာဂါရိကရဟန်း, ဓမ္မကထိကရဟန်း, ဂဏဝါစကစာချရဟန်းစသည်။

၅။ ချိန်းချက်ရာအရပ်သို့ သွားခြင်း, ယောက်ျား၏ ရှေ့ရှလာခြင်းကို သာယာခြင်း, ဖုံးကွယ်ရာ အရပ်သို့ ဝင်ခြင်း, ကာယသံသဂ္ဂအကျိုးငှါ မိမိကိုယ်ကို ယောက်ျားအနီးသို့ ဆောင်ခြင်း။
သိက္ခာပုဒ်–
ဥသယဝါဒိကာ, စောရီဝုဋ္ဌာပိကာ, ဇောဂါမန္တရဂမန, ဥက္ခိတ္တာကသြသာရဏာ, ဘောဇနပဋိဂ္ဂဟဏပထမ, ဘောဇနပဋိဂ္ဂဟဏဒုတိယ ပေါင်း ၆–ပုဒ်။

၆။ (က) ဇဋ္ဌကလောမသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ခ) ရဟော နိသဇ္ဇသိက္ခာပုဒ်ဖြင့် ပါစိတ်၊

http://www.dhammadownload.com

(ဂ) ထေယျသတ္ထသိက္ခာပုဒ်ဖြင့် ပါစိတ်၊
(ဃ) သြဋ္ဌနိလ္လေဟကသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(င) နဂ္ဂသိက္ခာပုဒ်ဖြင့် ပါစိတ်။

၇။ ဥတ္တာမနုဿမမ္ဟကို မိမိ၌ ကပ်ဆောင်၍ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ, ကိုယ် နှုတ် ၂-ပါးစုံဖြင့်ဖြစ်စေ တတ်သိနားလည်သော လူဏတ် ရှိသူအား ပြောခြင်းမျိုး ဖြစ်သည်။

သြဘာသန သရုပ်-

၁။ ဝဏ္ဏ- ဝစ္စမဂ်, ပဿာဝမဂ်ကို ရည်ရွယ်၍ ချီးမွမ်းခြင်း။
၂။ အဝဏ္ဏ- ကဲ့ရဲ့ခြင်း။
၃။ ယာစန- မေထုန်ကို တောင်းခြင်း။
၄။ အာယာစန- မေထုန်ကို တောင့်တခြင်း။
၅။ ပုစ္ဆန- မေထုန်ပေးနည်းကို မေးခြင်း။
၆။ ပဋိပုစ္ဆန- ရှေးရှုမေးခြင်း။
၇။ အာစိက္ခဏာ- မေးအပ်သည်ဖြစ်၍ မေထုန်ပေးပုံ ပေးနည်းကို ပြောပြခြင်း။
၈။ အနုသာသန- မမေးအပ်ဘဲ သွန်သင်ခြင်း။ နည်းပေးလမ်းပြခြင်း။
၉။ အက္ကောသန- ဒုဋ္ဌုလ္လဝါစသာဒရာဂဖြင့် ယုတ်ယုတ်မာမာ ပြောခြင်းတို့ ဖြစ်သည်။

၈။ ၁။ ပရိယေသနခေတ်- နယုန်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ ၆-လ၊
၂။ ကရဏခေတ်- ဝါဆိုလဆန်း ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ ၅-လခွဲ။
၃။ နိဝါသနခေတ်- ဝါဆိုလဆန်း ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ ၅-လခွဲ။
၄။ အဓိဋ္ဌာနခေတ်-ဝါဆိုလပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ အထိ ၄-လ။

နှင်ထုတ်ကောင်းသော ရဟန်း-

ငြင်းခုံမှုပြုတတ်သော ရဟန်း, ခိုက်ရန်ဖြစ်တတ်သော ရဟန်း, ဆန်ကျင်ဘက် စကား ပြောတတ်သော ရဟန်း, စကားများသော ရဟန်း, သံဃာ၌ အဓိကရဏ်း ပြုတတ်သော ရဟန်း, အလဇ္ဇီ ရဟန်း။

http://www.dhammadownload.com

၉။ ဝိလေခနသိက္ခာပုဒ်- ရွတ်ဆိုပို့ချခြင်း, ပို့ချစေခြင်း, သရဇ္ဈာယ်ခြင်း စာပြန်ခြင်း။
မောဟနသိက္ခာပုဒ်- ဥပုသ်ပြုခြင်း၏ အစွမ်းဖြင့် ရွတ်ဆိုခြင်း။ ဤသို့ ထူးသည်။
အာယောဂပတ် ဖွဲ့ပုံ-
လက်အာယောဂပတ်- ဒူးနှစ်ဖက်ထောင်ပြီး ထိုဒူးနှစ်ဖက်ကို လက်နှစ်ဖက်ဖြင့် သိမ်းပိုက်၍ ထိုင်ခြင်း။
ပုဆိုးအာယောဂပတ်- ထောင်နေသော ဒူးနှစ်ဖက်ဖြင့် ကျောက်ကုန်းရိုးကို ပုဆိုး, အဝတ်သက်နှံ့ဖြင့် သိမ်းပိုက်၍ ထိုင်ခြင်း။

၁၀။ ၁။ ပလဏ္ဍုက- ၁-မြှောင့်သာရှိသော ကြက်သွန်ဝါ။
၂။ ဘဋ္ဌနက- ၂-မြှောင့်ရှိသော ကြက်သွန်နီ။
၃။ ဟရိတက- ၃-မြှောင့်ရှိသော ကြက်သွန်စိမ်း။
၄။ စာပလသုဏ- အမြှောင့်မပါ အမြိတ်သာပါသော ကြက်သွန်ဖြူ။
ဆောင်- ပလဏ္ဍု, ဘဋ္ဌ၊ ဟရိတ၊ စာပ လသုဏာ။
ရာဇာဂါရ- မင်း၏ မြူးထူးပျော်ပါးကစားရာ အိမ်တော် (မင်းကွန်း စံနန်းတော်)။
စိတ္တာဂါရ- လူအများ၏ မြူးထူးပျော်ပါးကစားရာ ဆန်းကြယ်စွာ ဆောက်လုပ်ထားသော အိမ်၊
အာရာမ- လူအများ၏ မြူးထူးပျော်ပါးကစားရာ မြို့တွင်း ဥယျာဉ်၊
ဥယျာန- လူအများ၏ မြူးထူးပျော်ပါးကစားရာ မြို့ပြင် ဥယျာဉ်၊
ပေါက္ခရဏီ- လူအများ၏ မြူးထူးပျော်ပါးကစားရာ ရေကန်။

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြီးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ ဘိက္ခုနီပါတိမောက် သုဒ္ဓပါစိတ် နဂ္ဂဝဂ်လာ ဥဒကသာဋိကသိက္ခာပုဒ်ကို ပါဠိသက်သက် မျှသာ ရေးသားပြပါ။

၂။ ဘိက္ခုနီပါတိမောက် နိဿဂ္ဂိပါစိတ် ပတ္တဝဂ်လာ ပုဂ္ဂလိကစေတာပနသိက္ခာပုဒ်ကို မှန်ကန်စွာ အနက်ပေးပြပါ။

http://www.dhammadownload.com

၃။ ဘိက္ခုပါတိမောက် သံဃာဒိသေသကဏ္ဍ၌ ဩတိဏ္ဏ သဒ္ဒါပါသော သိက္ခာပုဒ်အမည်တို့ကို တိကျစွာ ရေတွက်ပြ၍၊ သံဃဘေဒကရဟန်းဟူသည် အဘယ်ရဟန်းမျိုးကို ဆိုလိုပါသနည်း?ကျမ်းရင်းလာအတိုင်းသာ ဖြေဆိုပြပါ။

၄။ ရဟန်းတော်များအနေဖြင့် မာတုဂါမနှင့် တယောက်ချင်းချင်း မနေသင့်သော နေရာဌာနမျိုးကို ပထမအနိယတသိက္ခာပုဒ်လာအတိုင်းသာ ထုတ်ဖော်ညွှန်ကြား၍၊ ထိုနေရာမျိုး၌ အကယ်၍ နေထိုင်ခဲ့ပါက သင့်ရောက်နိုင်သော အာပတ်အမည်တို့ကိုလည်း ကျမ်းရင်းလာ အတိုင်းသာ သိသာရုံမျှ ရေးသား ဖြေဆိုပြခဲ့ပါ။

၅။ အကာလိကသင်္ကန်းဖြစ်ပေါ်လာသည်ရှိသော် အလိုရှိသော ရဟန်းတော်တစ်ပါးအနေဖြင့် အာပတ်မသင့်အောင် ပြုလုပ်ရမည့် စည်းကမ်းနည်းလမ်းများကို အကာလစီဝရသိက္ခာပုဒ်၏ အဆိုအမိန့်နှင့်အညီ ဖြေဆိုပြပါ။

၆။ အခင်းသစ်ပြုလုပ်ရာ၌ အခင်းတစ်ခင်းပမာဏ၏ ထက်ဝက်ပါဝင်ရမည့် သိုးမွေးအရောင်အမျိုးအစားကို ဝိနယပါဠိသာဓက အထောက်အထားပြ၍ တိကျစွာ ဖြေဆိုပြပါ။

၇။ စတုဝဂ္ဂသံဃာတော်များ ပြုလုပ်နိုင်ခွင့်ရှိသော သံဃာ့ကံတို့ကို ဖော်ထုတ်ပြ၍၊ အဖျပေါ်သထောဟူသောပါဠိဖြင့် အဘယ်ကို ပယ်ပါသနည်း?ကခ်ါဆရာအလိုကျ ဖြေဆိုပြပါ။

၈။ ပါတိမောက္ခုဒ္ဒေသ အပြား ၂-ပါးကို တိကျစွာ ရေးသားဖြေဆိုပြ၍၊ လပြည့်နေ့ဝယ် ရဟန်းတစ်ပါးတည်း ဥပုသ်ပြုရာ၌ ရွတ်ဆိုရမည့် ပါဠိဝါကျ ရေးသားတင်ပြခဲ့ပါ။

၉။ တိတ္ထိယပဏ္ဍိတ၏ အဓိပ္ပါယ်ကို ကခ်ါအဋ္ဌကထာ အဖွင့်နှင့်အညီ ဖြေဆိုပြပါ။

၁၀။ ဘိက္ခုနီပါတိမောက် သုဒ္ဓပါစိတ် နဝဂ္ဂဝဏ် ကထိနဒ္ဓါရသိက္ခာပုဒ်၌ ဓမ္မိကံ ကထိနဒ္ဓါရံဝယ် "ဓမ္မိက"၏ သဘောအဓိပ္ပါယ်ကို ကခ်ါဆရာအလိုကျ ဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ

၁။ (ပါဠိထင်ရှားပြီ)

http://www.dhammadownload.com

၂။ (အနက်ထင်ရှားပြီ)

၃။ ကာယသံသဂ္ဂ, ဒုဋ္ဌုလ္လဝါစာ, အတ္တကာမပါရိစရိယသိက္ခာပုဒ် ပေါင်း ၃–ပုဒ်။
သံဃဘေဒကရဟန်း–
သမဂ္ဂသံဃာ ကွဲပြားခြင်းငှါ အားထုတ်သော ရဟန်း, ကွဲပြားခြင်းကို ဖြစ်စေတတ်သော အကြောင်းကို ဆောက်တည်ချီးမြှောက်၍ တည်သော ရဟန်း။

၄။ နံရံစသည် ဖုံးကွယ်ထားသဖြင့် မေထုန်စသောအမှု ပြုခြင်းငှါ စွမ်းနိုင်သော မျက်စိကွယ်ရာ ဌာနမျိုး။
သင့်ရောက်သော အာပတ်–
မေထုနမှု ပါရာဇိက, ကာယသံသဂ္ဂ သံဃာဒိသေသ, ရဟောပဋ္ဌိဿနုပါစိတ် အာပတ်။

၅။ အလိုရှိလျှင် ခံယူနိုင်သည်၊ ခံယူပြီးလျှင် ၁၀–ရက် မလွန်မီ အလျင်အမြန် ချုပ်ဆိုးရမည်။

၆။ အမည်းရောင် သိုးမွေး ၂–ဆ၊
သာဓက– ဒွေ ဘာဂါ သုဒ္ဓကာဠကာနံ ဧဠကလောမာနံ အာဒါတမ္ဘာ။

၇။ ဥပသမ္ပဒါက်, ပဝါရဏာက်, အဗ္ဘာနက်တို့မှ တစ်ပါး အခြား ကံအားလုံးကို ပြုနိုင်သည်။
အဖွဲ့ပေါ်သထော–ဟူသောပါဠိဖြင့်–
ဥပုသ်နေ့ မဟုတ်သော နေ့ကို ပယ်သည်။

၈။ သြဝါဒပါတိမောက္ခဒ္ဒေသ, အာဏာပါတိမောက္ခဒ္ဒေသ။
ပါဠိဝါက်– အဖွ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ။

၉။ ရဟန်းဖြစ်လျှက် တိတ္ထိဘာဝကို တောင့်တသဖြင့် ကိုယ်တိုင် သမန်းမြက်အဝတ်ကို ဝတ်ခြင်း–စသော တိတ္ထိအသွင်ကို ယူသော ပုဂ္ဂိုလ်, တိတ္ထိတို့အထံ ရှင်, ရဟန်းပြုသော ပုဂ္ဂိုလ်, အဝတ်မဝတ်သော အာဇီဝကတို့ အထံ သွားပြီး ၎င်းတို့၏ ဆောင့်ကြောင့်ထိုင်၍ နေခြင်းစသော အကျင့်ကိုကျင့်သောပုဂ္ဂိုလ်– ဤပုဂ္ဂိုလ်များကို တိတ္ထိယပက္ခန္တက–ဟု ခေါ်သည်။

၁၀။ ဘိက္ခုနီအားလုံးတို့အား အကာလသက်နိုး လှူလိုသော ဒါယကာက ကထိန်ခင်းခြင်းကြောင့် ရရှိသော အကျိုးအာနိသင် လာဘ်ထက် အပိုဖြစ်စေ, အညီအမျှဖြစ်စေ လှူပြီး

http://www.dhammadownload.com

တောင်းပန်အပ်သော သမဂ္ဂဘိက္ခုနီသံဃာက ဥတ္တိဒုတိယကမ္မဝါစာဖြင့် တပေါင်းလ မပြည့်မီ အကြား ကထိန်နှုတ်ခြင်းကို ဓမ္မိက-ဟုခေါ်သည်။

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း) ပထမကြီးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ အောက်ပါတို့ကို ပါဠိသက်သက်ရေးခဲ့ပါ-

(က) ရတနဝဂ်လာ ဘေဒနက ဝိနည်းက်၊ ဥဒ္ဒါလနကဝိနည်းက်ရှိသော သိက္ခာပုဒ်များ။

(ခ) ဘိက္ခုနီများ နှစ်ကိုယ်ကြည်ဖြူ, စိတ်ရည်တူ၍, အတူမခွဲ, တွဲ၍မလုပ်ကောင်းသော အလုပ်ကိုပြုသော သိက္ခာပုဒ်များ။

၂။ ရဟန်းတော်တို့ မျှားစွာသော သင်္ကန်းတို့ဖြင့် ဖိတ်ခဲ့သော် အလျှူခံခွင့်ရှိသော သင်္ကန်းအရေအတွက်ပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ ဘေသဇ္ဇသိက္ခာပုဒ်လာ "ဘေသဇ္ဇ"သရုပ်ကို ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် ထုတ်ပြ၍ မဟာပေသကာရသိက္ခာပုဒ်လာ သင်္ကန်းကောင်းအလိုရှိသော ရဟန်း၏ စီမံပုံပြ စကားရပ်ကို မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၄။ ဩဝါဒဝဂ်လာ ဘိက္ခုနီတို့အား ဆုံးမရာ၌ သမ္မုတိရသော ရဟန်းတော်များ လိုက်နာရမည့် စည်းကမ်းတို့ကို သိက္ခာပုဒ်နှင့် တွဲကာ ဖော်ပြ၍ သိက္ခာပုဒ်ကို ကျင့်လိုသော ရဟန်းတော်တို့ လုပ်ဆောင်ရမည့် တာဝန်များကိုလည်း ရေးသားခဲ့ပါ။

၅။ ဘိက္ခုနီများ ယောက်ျားတစ်ယောက်နှင့် ရပ်၍ စကား မပြောကောင်းသောအချိန်, နေရာများကို ဖော်ပြ၍ စိတ္တာဂါရဝဂ်လာ ဘိက္ခုနီများ သွား၍ မကြည့်သင့်သော နေရာများကိုလည်း ဖော်ပြခဲ့ပါ။

၆။ အောက်ပါ ဘိက္ခု, ဘိက္ခုနီတို့အား သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ်နှင့် တွဲ၍ ဖြေဆိုခဲ့ပါ။

(က) သံဃိကကျောင်း၌ မထေရ်ကြီးတို့ကို တိုးဝှေ့ နေထိုင်သော ရဟန်း။

(ခ) မပန်ကြားဘဲ ရှေးဖြစ်သောဆွမ်းမှ တပါးသောဆွမ်းကို လိုက်၍စားသော

http://www.dhammadownload.com

(ဂ) မိမိအပေါ် သဒ္ဓါယိုဖိတ် တဏှာစိတ်ဖြင့် ဆွမ်းလျှူသူ ဒါယကာထံမှ အလျှူခံစားရန် တိုက်တွန်းသော ရဟန်းမ၊

(ဃ) တစ်ပါးသော ဘိက္ခုနီများ စိတ်မချမ်းသာအောင် ပြုသော ရဟန်းမ၊

(င) မပန်ကြားဘဲ ရဟန်းရှေ့ထိုင်သော ရဟန်းမ။

၇။ အဗဒ္ဓသိမ်အပြားကို ညွှန်ပြ၍ သတ္တမ္ဘန္တရသိမ် မည်ပုံကို ဖြေဆိုပြီးလျှင်၊ ဝိနည်းကို မသိနားမလည်၍ ပြုမိလျှင် အာပတ်မှ လွတ်နိုင်/မလွတ်နိုင် အကြောင်းပြ ဖြေဆိုခဲ့ပါ။

၈။ အဘယ်၏ အစွမ်းဖြင့် ဧကဝိတ္တဲ, ဒွေ စိတ္တာနိ, တီဏိ စိတ္တာနိ–ဟု ဆိုပါသနည်း ? ဖြေဆို၍၊ လူကြုံပါးလိုက်သော ပစ္စည်းကို ယူခဲ့ရာ၌ ဒုတိယပါရာဇိက သိက္ခာပုဒ်ဖြင့် အာပတ်သင့်ပုံ အဆင့်ဆင့်ကို ကခ်ါကျမ်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၉။ ဒုဋ္ဌဒေါသသိက္ခာပုဒ်လာ "အမူလကေန ပါရာဇိကေန"၌ အဘယ်သို့ဖြစ်ခြင်းကို အမူလက–ဟု ဆိုအပ်ပါသနည်း? ဖြေဆို၍၊ ရှုပိယသံဝေါဟာရသိက္ခာပုဒ်, ကယဝိက္ကယ သိက္ခာပုဒ်တို့၌ပါသော "နာနပ္ပကာရက" ပုဒ်တို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

၁၀။ အဋ္ဌဝတ္ထုကာသိက္ခာပုဒ်ဝယ် ဝတ္ထု ၈–မျိုးတို့ကြောင့် အာပတ်သင့်ပုံများကို ကခ်ါကျမ်းလာ အတိုင်း ဖြေဆိုခဲ့ပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ

၁။ (က) သူစိယရသိက္ခာပုဒ်, တူလောနဒ္ဓသိက္ခာပုဒ်တို့နှင့်

(ခ) ဧကမဋ္ဌတုဝဋ္ဋန, ဧကတ္ထရဏ တုဝဋ္ဋနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ (တတုတ္ထရိသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ သပ္ပိ– ထောပတ်၊ နဝနီတ– ဆီဦး၊ တေလ– ဆီ၊ မဓု– ပျားရည်၊ ဖာဏိတ– တင်လဲ။

စီမံပုံပြ စကားရပ်–

ဒါယကာတို့ ဤသက်နှံးသည် ငုံကို ရည်စူး၍ ရက်သော သက်နှံးဖြစ်သည်၊ အလျားရှည်အောင်လည်း ပြုကုန်လော့, အနုံပြန့်အောင်လည်း ပြုကုန်လော့, ပိတ်ပိတ်သဲသဲ တစ်ခဲနက် ဖြစ်အောင်လည်း ပြုကုန်လော့, ကောင်းစွာညီအောင်လည်း ရက်ကုန်လော့,

http://www.dhammadownload.com

ကောင်းစွာ ညီအောင်လည်း ဖြန့်ကုန်လော့, ကောင်းစွာမှန်မှန် နယ်ဖြင့်လည်း ကန့်ကြ ကုန်လော့, ကောင်းစွာ ဘီးဖြင့်လည်း ဖြီးကြကုန်လော့၊ ငါတို့သည်လည်း ဒါယကာ တို့အား တစ်စုံတစ်ခုကို နောက်ထပ် ပေးနိုင်ကုန်ရာ၏။

၄။ အတ္ထဂ်တသိက္ခာပုဒ် အရ- နေမဝင်မီသာ ဆုံးမရမည်၊ နေဝင်ချိန်နောက်ပိုင်း မဆုံးမရ။ ဘိက္ခုနုပသယသိက္ခာပုဒ် အရ- ဘိက္ခုနီ ဂိလာနမဖြစ်ဘဲ ဘိက္ခုနီကျောင်းသွား၍ မဆုံးမရ။

တာဝန်များ-

သိအောင် ပြုရမည်၊ အဖန်တလဲလဲ မေးမြန်းရမည်၊ အဖန်တလဲလဲ စုံစမ်းဆင်ခြင်ရမည်။

၅။ ညဉ့်မှောင်မိုက်ရာ အချိန်၊

နံရံစသည်ဖြင့် ဖုံးကွယ်သော အရပ်၊ ဆီမီးစသော အရောင်မရှိသော အရပ်၊ အမိုးအကာမဲ့ လွင်ပြင် အရပ်။

မကြည့်သင့်သော နေရာများ-

ဘုရင့်အိမ်တော်၊ ဆန်းကြယ်သောအိမ်၊ အာရာမ်၊ ဥယျာဉ်၊ ရေကန်။

၆။ (က) အနုပခဇ္ဇသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ခ) ပရမ္ပရဘောဇနသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(ဂ) ဘောဇနပဋိဂ္ဂဟဏဒုတိယသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ၊

(ဃ) အဖာသုကရဏသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(င) အနာပုစ္ဆာသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၇။ ဂါမသိမ်, သတ္တာဗ္ဗန္တရသိမ်, ဥဒကုက္ခေပသိမ် ပေါင်း ၃-ပါး။

သတ္တာဗ္ဗန္တရသိမ်-

ရွာမရှိသော တောအရပ်၌ ကံပြုသော သံဃာ၏ ထက်ဝန်ကျင် ၇-အဗ္ဗန္တရ ရှိသော အရပ်သည် သတ္တာဗ္ဗန္တရသိမ် မည်၏။

အာပတ်မှ လွတ်/မလွတ်- အာပတ်မှ မလွတ်နိုင်ပါ။

အကြောင်း- အာပတ်သင့်ကြောင်း ၆-ပါးတွင် အညာဏတာ မသိ နားမလည်ခြင်း ပါသောကြောင့် အာပတ်မှ မလွတ်၊ (ဥပမာ- သဗ္ဗရိတ္တသိက္ခာပုဒ်သည် နောသညာ

http://www.dhammadownload.com

ဝိမောက္ခဖြစ်သည့်အတွက် လွန်ကျူးလိုစိတ် မရှိဘဲ အောင်သွယ်မှုပြုမိလျှင်လည်း အာပတ်သင့်သည်သာဖြစ်သောကြောင့် အာပတ်မှ မလွတ်။)

၈။ အကုသိုလ်စိတ် အစွမ်းဖြင့် ဇော် စိတ္တံ၊ ကုသိုလ်, အဗျာကတ အစွမ်းဖြင့် ဒွေ စိတ္တာနိ၊ ကုသိုလ်, အကုသိုလ်, အဗျာကတ အားလုံးအစွမ်းဖြင့် တီဏိ စိတ္တာနိ–ဟုဆိုသည်။

အာပတ်သင့်ပုံ အဆင့်ဆင့်–

ဆောင်ယူသွားစဉ် ခိုးစိတ်ဝင်၍ ခေါင်းဦးရှိသော ဝန်ကို သုံးသပ်လျှင် ဒုက္ကဋ်၊ လှုပ်ရှားစေလျှင် ထုလ္လစ္စည်း။

ပခုံးသို့ လျှောချခြင်းစသော နေရာရွှေ့စေလျှင် ပါရာဇိက။

၉။ မြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော ပါရာဇိကအာပတ်ဖြင့် စွပ်စွဲခြင်း၏ အကြောင်းရင်းများ မရှိခြင်းကို အမူလက–ဟု ဆိုသည်။

နာနပွကာရက–ပုဒ်တို့၏ အထူး–

ရူပိယသံဝေါဟာရသိက္ခာပုဒ်– ကတ, အကတ, ကတာကတဖြစ်သော ရွှေ, ငွေ၊ ကယဝိက္ကယသိက္ခာပုဒ်– သက်နှံးစသော ကပ္ပိယဘဏ္ဍာအစွမ်းဖြင့် များပြားသော ဘဏ္ဍာ၊ ဤသို့ ထူးသည်။

၁၀။ ချိန်းချက်ရာသို့ သွားခြင်းကြောင့် ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒုက္ကဋ်၊ ချိန်းချက်သော ယောက်ျား၏ ဟတ္ထပါသ်သို့ရောက်ကာမျှ ဖြစ်လျှင် ထုလ္လစ္စည်းအာပတ်။ ယောက်ျား၏ ရှေးရှုလာခြင်းကို သာယာခြင်းကြောင့် ဒုက္ကဋ်၊ ဟတ္ထပါသ်သို့ ရောက်ခြင်းကြောင့် ထုလ္လစ္စည်း။

ကြွင်းသော ဝတ္ထု ၆–မျိုးတွင် တစ်မျိုးမျိုးသော ဝတ္ထုကြောင့် ထုလ္လစ္စည်း။

၈–ခုမြောက် ဝတ္ထုပြည့်လျှင် ပါရာဇိကအာပတ်။

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း) ပထမကြီးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ

၁၃၇၀–ပြည့်နှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂–၄–၂၀၀၉) ကြာသပတေးနေ့။

၁။ ကိုတ္ထုနိုတို့ ယောက်ျားများနှင့် တစ်ယောက်ချင်း မနေသင့်သော နေရာများ၌ နေထိုင်သွားလာမှုကြောင့် အပြစ်သင့်ပုံပြ သိက္ခာပုဒ်တို့ကို ကုန်စင်အောင် ပါဠိရေးသားဖြေဆိုပါ။

http://www.dhammadownload.com

၂။ ဒုဃယူလွှဲမှား ကလ္ပကသာမဏေအား ရဟန်းတို့က ရှေးဦးစွာပြောဆိုသင့်သော စကားရပ်ကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၃။ မုသာဝါဒပြောဆိုခြင်းကြောင့် သင့်ရောက်နိုင်သော အာပတ်များကို ကုန်စင်အောင် ဖေါ်ထုတ်၍ ဝါကျတ်ပြီးပါက ဘိက္ခုနီတို့ ကျင့်ရမည့် ဝတ္တရားတို့ကိုလည်း ဝိနည်းပညတ်တော်မှ ထုတ်ဆောင်ညွှန်ပြပါ။

၄။ ဂဏဘောဇနသိက္ခာပုဒ်တွင် ပါဝင်သော အနုပညတ်များကို ထုတ်ဆောင်ပြ၍ ရဟန်းတော်များနှင့် မအပ်စပ်သော အပ်ကျည်ဗူးအမျိုးအစားတို့ကို ညွှန်ပြပါ။

၅။ ရတ္တာနွေကာရဝဂ်လာ ပဋ္ဌာန်ဆန်, အဖျောကာသ-တို့၏ မတူပုံကိုရှင်းပြ၍ အပျိုစင်သိက္ခာမာန်အား ရဟန်းခံပေးရာ၌ ပြည့်စုံရမည့် အင်္ဂါရပ်များကိုလည်း သိက္ခာပုဒ်နှင့် တွဲယှဉ်ကာ ဖော်ပြပါ။

၆။ တိရစ္ဆာနဝိဇ္ဇာ သရုပ်ကို ကခ်ီလာအတိုင်း ထုတ်ပြ၍ ကမ္မာရှာဟု ဆိုစမှတ်ပြုနေသော ယနေ့ခေတ်တွင် ဗုဒ္ဓတရားတော် ကမ္မာအနှံ့ဖြန့်လိုသော ရဟန်းတော်များ အင်္ဂလိပ်ဘာသာစကား သင်ကြားလျှင် အပြစ်ရှိ/မရှိ အာဂမယုတ္တိတို့ဖြင့် ညှိနှိုင်းကာ ဉာဏ်ရှိသလို ဆုံးဖြတ်ပြပါ။

၇။ ခဏဂ္ဂါးယူထားသော ပစ္စည်းကို ပြန်မပေးသဖြင့် ဒုတိယပါရာဇိကဖြင့် ဆုံးဖြတ်ရလျှင် မည်သည့်ခိုးနည်းသို့ သွင်းယူဆုံးဖြတ်ရမည်ကို ဖြေဆိုပြီး၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များ သိသင့်စရာ ဝိကပ္ပနာပြုရခြင်းနှင့် ပစ္စုဒ္ဓိရ်ပြုခြင်း အကျိုးတို့ကို ကျနစွာ ရေးသားတင်ပြပါ။

၈။ အညဝါဒကသိက္ခာပုဒ်၌ အညဝါဒက ဝိဟေသကဟုဂ္ဂိုလ်-ဆိုသည်မှာ အဘယ်နည်း? ဖြေဆိုရ၍ မည်သည့်ဘာသာစကားဖြင့် ပြောဆိုခြင်းသည် ဂဏဘောဇဉ်ဖြစ်ပါသနည်း ရှင်းပြခဲ့ပါ။

၉။ ကမ္မပဋိဗာဟနသိက္ခာပုဒ် ဓမ္မိကာနံ ကမ္မာနံ-၌ အဘယ်ကံမျိုးကို ဓမ္မိကကံ ဟုခေါ်ဆိုပါနည်း? ဖြေဆိုပြီး ဥတ္တိစတုတ္ထကံပြုရာဌာနတို့ကိုလည်း ကခ်ီလာအတိုင်း ထုတ်ဖော်ပြပါ။

http://www.dhammadownload.com

၁၀။ အောက်ပါ ရဟန်း/ရဟန်းမတို့၌ သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်ယှဉ်တွဲ၍ ဖော်ပြပါ။

(က) မိန်းကလေးအား ရည်းစားစကားပြောဆိုသော ရဟန်။

(ခ) မြေချိုင့်ခွက်သွားအောင် အားစိုက်၍ ကျင်ငယ်စွန့်သော ရဟန်။

(ဂ) ဆွေမျိုးမတော်သော ဘိက္ခုနီမ၏အထံမှ ခဲဖွယ်ဘောဇဉ်ကို ခံယူ၍စားသောရဟန်။

(ဃ) ဘိက္ခုနီသံယာကို ခြိမ်းခြောက်ပြောဆိုသော ရဟန်းမ၊

(င) လက်ရှစ်သစ်ထက် မြင့်သော ကုတင်၌ ညအိပ်သော ဘိက္ခုနီ။

၆။ တနသ်ာရီတိုင်း (အပြေ)

ပထမကြီးတန်း ။ ။ ဝိနယ (ဒွေမာတိကာ) ဘာသာ

၁။ (ရတ္တာနွကာရ, ပဋ္ဌိစ္စဆေနာကာသ, အဗ္ဗောကာသသလ္လပန, ဒုတိယိကဉယျောဇန သိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (မာဝုသော သမဏုဒ္ဒေသ ။ပ။ ပဋ္ဌိသေဝတော အန္တရာယာယ-ကို အနက်ရေးလေ။)

၃။ ဥတ္တရိမနုဿဓမ္မကို မုသာဝါဒပြောဆိုခြင်းကြောင့် ပါရာဇိက။
အမူလက ပါရာဇိကဖြင့် စွပ်စွဲခြင်း မုသာဝါဒပြောဆိုခြင်းကြောင့် သံဃာဒိသေသ်။
ရိုးရိုး မုသာဝါဒပြောဆိုခြင်းကြောင့် ပါစိတ်။
အမူလကသံဃာဒိသေသ်ဖြင့် စွပ်စွဲခြင်း မုသာဝါဒပြောဆိုခြင်းကြောင့် သံဃာဒိသေသ်။
ကျင့်ရမည့် ဝတ္တရာများ-

၁။ အနည်းဆုံး ၆-ယူဇနာ, ၅-ယူဇနာတိုင်တိုင် ဒေသစာရီ သွားရမည်၊

၂။ ဥဘတောသံဃာ၌ ဖြင်ခြင်း, ကြားခြင်း, ယုံမှားခြင်းဟူသော အကြောင်း ၃-ပါး ဖြင့် ပဝါရဏာ ပြုရမည်။

၄။ (အညတြ သမယာ) ဂိလာနသမယော စီဝရဒါနသမယော စီဝရကာရသမယော အဒ္ဓါနဂမနသမယော နာဝါဘိရုဟနသမယော မဟာသမယော သမဏဘတ္တသမယော။
မအပ်စပ်သော အပ်ကျည်ဗူး- (ကယား ၄-၍)

၅ ပဋ္ဌိစ္စန္န-ဟူသည် နံရံ စသော အကာဖြင့် ဖုံးကွယ်အပ်သော အရပ် ဖြစ်သည်။
အဗ္ဗောကာသ- ဟူသည် အမိုးအကာ မရှိသော လွင်တီးခေါင် အရပ် ဖြစ်သည်။

http://www.dhammadownload.com

ပြည့်စုံရမည့် အင်္ဂါ ၇ရပ်-

ပထမကုမာရိဘူတသိက္ခာပုဒ်ကို ထောက်၍ အသက် ၂၀-ပြည့်ခြင်း။

ဒုတိယကုမာရိဘူတသိက္ခာပုဒ်ကို ထောက်၍ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးကို ကျင့်ပြီးခြင်း။

တတိယကုမာရိဘူတသိက္ခာပုဒ်ကိုထောက်၍ သံဃာမှ ဥဒ္ဒာနသမ္မုတိ ရခြင်း။

၆။ သာသနာမှ အပယ်ခံ၍ အကျိုးမဲ့ကိုသာ ဖြစ်စေနိုင်သော ဆင်အတတ်, မြင်းအတတ်, ရထားအတတ်, လေးအတတ်, ဓားဆောက်ချွန်အတတ်, အာထဗ္ဗဏမန္တန်, ခိလနမန္တန်, ဝသီကရဏမန္တန်, သောသာပနမန္တန်, အဆိပ်ဆေးဖော်စပ်နည်း စသော သူတပါးကို ညှင်းဆဲနိုပ်စက်ကြောင်းဖြစ်သော အတတ်တို့သည် တိရစ္ဆာနဝိဇ္ဇာ ဖြစ်သည်။

အပြစ်ရှိ/ မရှိ-

အပြစ် မရှိပါ။

တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏနသိက္ခာပုဒ်၌ တိရစ္ဆာနဝိဇ္ဇာဟူသည် အကျိုးမဲ့ကိုဖြစ်စေခြင်း, သူတပါးကို ညှင်းဆဲကြောင်းဖြစ်ခြင်း အတတ်မျိုးကိုသာ ဆိုလိုသည်၊ အင်္ဂလိပ် ဘာသာ စကားကား အကျိုးမဲ့ဖြစ်စေခြင်း သူတပါးကို ညှင်းဆဲကြောင်းဖြစ်ခြင်းမျိုး မဟုတ်ပါ။

အာဂမယုတ္တိ- ယာ ပန ဘိက္ခုနီ တိရစ္ဆာနဝိဇ္ဇံ ပရိယာပုဏေယ္ယ။ ပါစိတ္တိယံ။

၇။ အဝဟရဏ ခိုးနည်းသို့ သွင်းယူဆုံးဖြတ်ရမည်။

ဝိကပ္ပနာပြုခြင်းဖြင့် ၎င်းသက်နှံကို သိမ်းသိမ်းဆည်းနိုင်ခြင်း အကျိုးရှိသည်။

ပစ္စုဒ္ဓိရ်ပြုခြင်းဖြင့် သိမ်းသိမ်းဆည်းခြင်း, သုံးဆောင်ခြင်း, အဓိဋ္ဌာန်တင်ခြင်းတို့ကို ပြုလုပ်နိုင်ခြင်း အကျိုးရှိသည်။

၈။ အညဝါဒကပုဂ္ဂိုလ်ဟူသည် သံဃာ့အလယ် ဝိနည်းဓိရ်မေးသောအကြောင်းအရာမှ တပါးသော အကြောင်းအရာကို ပြောဆိုတတ်သောပုဂ္ဂိုလ်မျိုး ဖြစ်သည်။

ဝိဟေသကပုဂ္ဂိုလ်ဟူသည် ဘာမှမပြောဘဲ ဆိတ်ဆိတ်နေသဖြင့် သံဃာကို ညှင်းဆဲတတ်သောပုဂ္ဂိုလ် ဖြစ်သည်။

ဂဏဘောဇဉ် ဖြစ်ပုံ-

ဘတ္တ, အန္န-စသော ဝေဝုစ်ပရိယာယ် စကားလုံးဖြင့်လည်းကောင်း, ပါဠိဘာသာမှ တစ်ပါးသော ဘာသန္တရဖြင့်လည်းကောင်း ဘောဇဉ် ၅-ပါး၏ အမည်ကို ယူ၍ ပြောဆိုခြင်းသည် ဂဏဘောဇဉ် ဖြစ်သည်။

http://www.dhammadownload.com

၉။ ဟုတ်မှန်သော သဘော, စောဒနာ သာရဏာဝိနည်း, ဘုရားအဆုံးအမဖြင့် ပြုအပ်သော အပလောကနက် ဥတ္တိုက် ဥတ္တိုဒုတိယက် ဥတ္တိုစတုတ္ထက် ဟူသော က် ၄-မျိုးကို ဓမ္မိက ကံ-ဟုခေါ်သည်။

ဥတ္တိစတုတ္ထကံပြုရာဌာန-

၁။ သြသာရဏာ၊ ၂။ နိဿာရဏာ၊ ၃။ သမ္မုတိ၊
၄။ ဒါန၊ ၅။ နိဂ္ဂဟ၊ ၆။ သမနုဘာသန၊
၇။ ကမ္မလက္ခဏာ။

၁၀။ (က) ဒုဋ္ဌုလ္လဝါစာသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်အာပတ်၊
မှတ်ချက်- ပုစ္ဆကအာဘော်ကို ချိန်၍ ဖြေဆိုခြင်းသာဖြစ်သည်၊ အမှန်မှာ ဝစ္စမဂ်, ပဿာဝ မဂ်, မေထုန်နှင့်စပ်သော စကားကို ပြောဆိုမှ ဒုဋ္ဌုလ္လဝါစာသံဃာဒိသေသ်အာပတ် သင့်သည်၊ ဝစ္စမဂ်, ပဿာဝမဂ်, မေထုန်နှင့် မစပ်လျှင် သံဃာဒိသေသ်မသင့်နိုင်ပါ။
(ခ) ပထဝီခဏနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊
(ဂ) ပထမပါဋိဒေသနီယသိက္ခာပုဒ်ဖြင့် ပါဋိဒေသနီယအာပတ်၊
(ဃ) ဂဏာပရိဘာသနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊
(c) အာသန္ဒိပရိဘုဥနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

၇။ ပထမပြန်စာ့မေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/ အနောက်ပိုင်း) ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ ဘိက္ခုပါတိမောက်လာ အနုပညတ် အများဆုံးဖြင့် ပညတ်ထားသော သိက္ခာပုဒ်နှင့် မြို့ထဲရွာထဲဆွမ်းစားကြွရင်း အိမ်လည်မှုကြောင့် ပညတ်ထားသော သိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပါ။

၂။ ဘိက္ခုနီပါတိမောက်လာ ပြည်တွင်း ပြည်ပ ဝါတွင်း ဝါပတို့၌ ခရီးဒေသစာရီနှင့် ပတ်သက်၍ ပညတ်ထားသော သိက္ခာပုဒ်တို့ကို အနက်ရေးပါ။

၃။ အောက်ပါတို့ကို တိကျစွာ ကောက်ပြပါ။
(က) ဘေသဇ္ဇလည်းဖြစ် ပဏီတလည်းဖြစ်သော ပစ္စည်းများ။

http://www.dhammadownload.com

(ခ) ပဏီတသာဖြစ်၍ ဘောသဇ္ဇမဖြစ်သော ပစ္စည်းများ။
(ဂ) နောက်ပြောင်ကျီစယ်လိုခြင်းသော်မှ ဝှက်မထားကောင်းသော ပစ္စည်းများ။

၄။ ဝိကာလ၌ ရဟန်းတော်များ မလုပ်ကောင်းသော အလုပ်နှစ်မျိုးကို သိက္ခာပုဒ်ထောက်၍ ဖြေဆိုပြီး။ အပ်ဗူးမလုပ်ကောင်းသောပစ္စည်းများကိုလည်း ဖော်ပြခဲ့ပါ။

၅။ ရဟန်းတော်များသည် အဘယ်သို့သော ပုဂ္ဂိုလ်များနှင့် တိုင်ပင်ချိန်းချက်၍ ခရီးမထွက်ကောင်းပါသနည်း သိက္ခာပုဒ်ထောက်၍ ဖြေဆိုပါ။

၆။ အသုံးသပ်ခံရဟန်းမ၏ ခန္ဓာကိုယ်ကိုသိက္ခာပုဒ်ထောက်၍ ပါရာဇိကခေတ်, အပါရာဇိကခေတ်အားဖြင့် ကုန်စင်အောင် ခွဲခြားဖြေဆိုပါ။

၇။ မုသာဝါဒသိက္ခာပုဒ်၌ လိမ်လည်ပြောဆိုပုံ အဓိပ္ပါယ်နှင့် ဘူတာရောစနသိက္ခာပုဒ် အနာပတ္တိဝါရ၌ ဥမ္မတ္တကစသည် မပါဝင်ခြင်းအကြောင်းကို ကခ်ီအဋ္ဌကထာလာသည့် အတိုင်း ရေးပါ။

၈။ တတော နိဟရိတ္တာ ဘိက္ခူဟိ သဒ္ဓိ သံဝိဘဇိတမ္ဗံ-၌ ဝေဖန်ပုံနှင့် ကာလိကလေးပါးတို့တွင် သန္နိဓိကာရကသိက္ခာပုဒ်နှင့်သာဆိုင်သော ကာလိကတို့ကို ကခ်ီအဋ္ဌကထာလာသည့်အတိုင်း ရေးပါ။

၉။ မောဟနသိက္ခာပုဒ်လာ တဋ္ဌ ယထာဓမ္မော ကာရေတဗ္ဗော-၌ ဆိုလိုရင်းအဓိပ္ပါယ်မှုဖြင့် ပြုလုပ်ပုံ အခြင်းအရာနှင့် ဓမ္မိကာနံ ကမ္မာနံ-၌ သံဃာ့ကံလေးပါးကိုလည်း ကခ်ီအဋ္ဌကထာလာသည့်အတိုင်း ရေးပါ။

၁၀။ ဟတ္ထဂ္ဂဟဏံ ဝါ သာဒိယေယ္ယ။ သယံဒ္ဓိကဏ္ဏဂ္ဂဟဏံ ဝါ သာဒိယေယ္ယ-တို့၌ ဟတ္ထ သယံဒ္ဓိအရတို့ကို ဖော်ပြပြီး။ အနညာယ ဂဏသ ဆန္ဒံ-၌ ဂဏ-အရကိုလည်း ကခ်ီအဋ္ဌကထာလာသည့်အတိုင်း ရေးပါ။

၇။ ပဲခူးတိုင်း/ အနောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ ဂဏဘောဇနသိက္ခာပုဒ်နှင့် စာရိတ္တသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

http://www.dhammadownload.com

၂။ အန္တောရဋ္ဌ, တိရောရဋ္ဌ, အန္တောဝဿ, စာရိက နှ ပတ္တမနုသိကွာပုဒ်တို့ကို အနက်ရေးလေ။

၃။ (က) ထောပတ်, ဆီဦး, ဆီ, ပျားရည်, တင်လဲ။
(ခ) ငါး, အသား, နို့ရည်, နို့ခမ်း။
(ဂ) သပိတ်, သင်္ကန်း, နိသီဒိုင်အခင်း, အပ်ကျည်, ခါးပန်းကြိုး။

၄။ ၁။ ဝိကာလဘောဇနသိက္ခာပုဒ်ကို ထောက်၍ ခဲဖွယ်ဘောဇဉ်ကို ခဲစား သုံးဆောင်ခြင်း။
၂။ ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်ကိုထောက်၍ မပန်ပြောဘဲ ရွာတွင်းသို့ ဝင်ခြင်း။
ပစ္စည်းများ-
၁။ နွားရိုး, ကျွဲရိုး-စသော အရိုး၊ ၂။ ဆင်စွယ်၊ ၃။ နွားဦးချိုစသော ဦးချို။

၅။ သြဝါဒဝဂ်၊ သံဝိဓာနသိက္ခာပုဒ်, နာဝါဘိရဟနသိက္ခာပုဒ်တို့ကို ထောက်၍ ဘိက္ခုနီမ၊ သင်္ဃိစ္ဆဝဂ်၊ ထေယျသတ္ထသိက္ခာပုဒ်ကိုထောက်၍ ခိုးသူကုန်သည်၊ သင်္ဃိစ္ဆဝဂ်၊ သံဝိဓာနသိက္ခာပုဒ်ကိုထောက်၍ မာတုဂါမ-တို့ဖြစ်သည်။

၆။ ဥဗ္ဗဏဏမဏ္ဍလိကာသိက္ခာပုဒ်ကိုထောက်၍-
ပါရာဇိကခေတ်-ဟူသည် ညှပ်ရိုး နှစ်ဖက်အောက်, ပုဆစ်ဒူးဝန်းနှစ်ဖက် အထက်၊ တံတောင်ဆစ် အထက်-တို့ ဖြစ်သည်။
အပါရာဇိကခေတ်-ဟူသည် ညှပ်ရိုး နှစ်ဖက်အထက်, ပုဆစ်ဒူးဝန်းနှစ်ဖက် အောက်၊ တံတောင်ဆစ် မှစ၍ အဖျားပိုင်း လက်-တို့ ဖြစ်သည်။

၇။ မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သော ဝတ္ထုဖြစ်အောင်, ဟုတ်မှန်သော ဝတ္ထုကို မဟုတ်မှန်သော ဝတ္ထုဖြစ်အောင် ပြု၍ ကိုယ်ဖြင့် ဖြစ်စေ နှုတ်ဖြင့် ဖြစ်စေ သိစေခြင်းကို လိမ်လည်ပြောဆိုခြင်း ဟုခေါ်သည်။
မပါဝင်ခြင်းအကြောင်း-
အရိယာပုဂ္ဂိုလ်တို့၌ ရှုးသွပ်ခြင်းစသည် မရှိနိုင်သောကြောင့်လည်းကောင်း, ဗျာန်ရ ပုဂ္ဂိုလ်တို့လည်း ရှုးသွပ်ခြင်းစသည် ဖြစ်လျှင် ဗျာန်လျှောသောကြောင့်လည်းကောင်း ဥမ္မတ္တကစသော ပုဂ္ဂိုလ်တို့ အနာပတ္တိဝါရ၌ မပါဝင်။

၈။ ၂-သပိတ်, ၃-သပိတ်ပြည့် မုန့်တို့ကို ခံယူပြီးနောက် ရရာအရပ်မှ အနီးဆုံး ဖြစ်သည့် ရွာတွင်းဆွမ်းစားဇရပ်သို့ ဖြစ်စေ, ကျောင်းတိုက်သို့ ဖြစ်စေ, မိမိ ကပ်ဝင်နေကျ အရပ်သို့

http://www.dhammadownload.com

ဖြစ်စေ သွားရ၍ ၁-သပိတ်ပြည့် မုန့်တို့ကို မိမိဖို့ ထားပြီး ကြွင်း မုန့်တို့ကို ဘိက္ခုသံဃာ အား ပေးလှူရမည်၊ မိတ်ဆွေရဟန်းကို ရွေး၍ မပေးရ။

ဆိုင်သော ကာလိက- ယာဝကာလိက၊ ယာမကာလိက။

၉။ မသိ၍ ကျူးလွန်ခဲ့ခြင်းကြောင့် အာပတ်မှ လွတ်မြောက်မှု မရှိ၊ အာပတ်သင့်သည်သာ၊ ၎င်းအာပတ်ကို ဓမ္မဝိနယအတိုင်း ဝိနည်းဖိုရ်က ကုစားစေရမည်၊ ကုစားစေပြီးနောက် တဿ တေ အာဝုသော-စသော ၈ကားတို့ဖြင့် ကဲ့ရဲ့၍ မသိယောင်ဆောင်သော ထိုပုဂ္ဂိုလ်အပေါ်သို့ ဥတ္တိဒုတိယကမ္မဝါစာဖြင့် မိုက်မဲတွေဝေသူ၏ အဖြစ်ကို တင်ရမည်။

သံဃာ့ကံ ၄-ပါး- အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ။

၁၀။ **ဟတ္ထ အရ-** ပါရာဇိကခေတ် မဟုတ်သော ကိုယ်အင်္ဂါအားလုံးကို ယူရမည်။

သယံဂ္ဂ အရ- သင်းပိုင်, ဇကသီ, ဒုကုဋ္ဌသင်္ကန်းကြီး အားလုံးကို ယူရမည်။

ဂဏ အရ- ဥကွေပနိယက်ပြုသော ဘိက္ခုနီသံဃာ။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/ အရှေ့) ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ အောက်ဖော်ပြပါ သိက္ခာပုဒ်တို့ကို ပါဠိရေးပါ။

(က) ဘိက္ခုသုဒ္ဓပါစိတ်လာ ရတနသိက္ခာပုဒ်၊

(ခ) ဘိက္ခုနီသုဒ္ဓပါစိတ်လာ ဥဒကသာဋိကသိက္ခာပုဒ်။

၂။ ရှင်တော်ဗုဒ္ဓ၏ သဒ္ဓါတရားများပြား ဥစ္စာရှားပါးသော ဒါယကာ, ဒါယိကာမတို့အပေါ် မဟာကရုဏာကြီးမားပုံကို ပြဆိုသည့် သိက္ခာပုဒ်ပါဠိတော်ကို အနက်ရေးပါ။

၃။ ရာဇသိက္ခာပုဒ်လာ သုံးကြိမ်တောင်းခြင်း။ ခြောက်ကြိမ်ရပ်ခြင်း ပြုလုပ်ပါလျက် သင်္ကန်း မရသေးလျှင် ရဟန်းတော်က ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ကျမ်းစာ ဖြေဆိုရ၍ ခရီးသွားရဟန်းတော်များ သံယိကကျောင်း အသုံးအဆောင်နှင့် ပတ်သက်၍ လိုက်နာရမည့် ကျင့်ဝတ် ၃-မျိုးကို ပါဠိ, မြန်မာနှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၄။ အနီးအနား၌ ချထား၍ လျှုဒါန်းအပ်သော ရွှေငွေကို စိတ်ဖြင့်သာ အလျှူခံသော် အပ်/ မအပ် သိက္ခာပုဒ်အထောက်ပြ ဆုံးဖြတ်ပြ၍၊ ဥနဝီသတိဝဿသိက္ခာပုဒ်နှင့် ထေယျသတ္ထသိက္ခာပုဒ်တို့၌ပါသော ဇာနံ-ပုဒ်တို့၏ အထူးကိုလည်း ဖြေဆိုပါ။

၅။ ဘိက္ခုနီသံဃာဒိသေသ သိက္ခာပုဒ်တို့မှ ပဌမာပတ္တိကသိက္ခာပုဒ်နှင့် ယာဝတတိယက သိက္ခာပုဒ်တို့ကို သချိုမျှ ခွဲခြားပြ၍၊ ဘိက္ခုနီမတို့၏ သံဃာဒိသေသ အာပတ်ကုစားပုံကို လည်း ဖြေဆိုခဲ့ပါ။

၆။ အောက်ဖော်ပြပါ ရဟန်း/ ရဟန်းမတို့ သင့်ရောက်နိုင်သော အာပတ်တို့ကို သိက္ခာပုဒ် အမည်နှင့်တကွ ဖြေဆိုပါ။

(က) တပည့်ရဟန်းအား ပေးပြီးသက်နှံကို ပြန်ယူသောဆရာ ရဟန်း၊
(ခ) သမ္ဘုတိ မရဘဲ ဘိက္ခုနီမကို ဆုံးမသော ရဟန်း၊
(ဂ) ဆွမ်းစားနေသော ရဟန်းအား ယပ်ခပ်ပေးသော ရဟန်းမ၊
(ဃ) ရဟန်းရှိမှန်းသိလျက် ခွင့်မတောင်းဘဲ ကျောင်းတွင်းသို့ ဝင်သော ရဟန်းမ၊
(င) အတူနေတပည့်မကို ရဟန်းခံပေးပြီး စာချမပေးသော ရဟန်းမ။

၇။ အာပတ်သင့်ခြင်း၏ အကြောင်းတို့ကိုရေး၍၊ ပထမပါရာဇိကသိက္ခာပုဒ်၏ အင်္ဂါတို့ကို လည်း ထုတ်ပြခဲ့ပါ။

၈။ "မုသားမပါ လက်ာမချော" ဟုဆိုကြရာ မုသာဝါဒပြောဆိုမှုကြောင့် အာပတ်သင့်နိုင်ပုံ အမျိုးမျိုးကို ကျွန်စွာ ဖြေဆိုခဲ့ပါ။

၉။ ဓမ္မဒေသနာသိက္ခာပုဒ်၏ အင်္ဂါတို့ကိုရေး၍၊ ဘိက္ခု/ဘိက္ခုနီပါတိမောက်နှစ်ခုတို့၏ ထူး ခြားမှုကိုလည်း ဖြေဆိုပါ။

၁၀။ ဘိက္ခုနီ မေထုနဓမ္မသိက္ခာပုဒ်၌ သိက္ခာသာဓိဝဿမာပန္နော သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလ္ယ အနာဝိကတွာ- ဟူ၍ မဟောရကြောင်းကို ရေး၍၊ ဂဟဋ္ဌပိကာအာပတ်, အဂဟဋ္ဌပိကာ အာပတ်တို့၏ အဓိပ္ပါယ်ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၈။ ပဲခူးတိုင်း/ အရှေ့(အဖြူ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ထင်ရှားပြီ)

၂။ (တတိယပါဠိဒေသနာသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ အလှူရှင်ထံ ကိုယ်တိုင်သွား၍ ဖြစ်စေ၊ တမန် စေလွှတ်၍ ဖြစ်စေ၊ ဒါယကာတို့ သင်တို့ ရည်မှန်းလှူဒါန်းထားသော သက်နှိုးဖိုးသည် ရည်စူးခံရဟန်း၏ တစ်စုံတစ်ခုသော အကျိုးကိုမပြီးစေပါ။ သင်တို့ ဥစ္စာကို သူတစ်ပါး လက်၌ မပျောက်ပျက်စေပါနှင့်ဟု ပြောဆိုရမည်။

ကျင့်ဝတ် ၃-မျိုး-

၁။ နေဝ ဥဒ္ဓရေယျ- ကိုယ်တိုင်သိမ်းဆည်းရမည်၊

၂။ နာ ဥဒ္ဓရာပေယျ- သူတစ်ပါးကို သိမ်းဆည်းစေရမည်၊

၃။ အနာပုစ္ဆံ ဝါ ဂစ္ဆေယျ- ပန်ပြော၍ သွားရမည်။

၄။ မအာပ်ပါ။

အထောက်- ယော ပန ဘိက္ခု ဇာတရူပရဇတံ ဥဂ္ဂဏှေယျ ဝါ ဥဂ္ဂဏှာပေယျ ဝါ ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ။ နိဿဂ္ဂိယံ ပါစိတ္တိယံ။

ဇာနံ-ပုဒ်တို့၏ အထူး-

ဥိနဝိသတိဝဿသိက္ခာပုဒ်- အသက် ၂၀- မပြည့်သေးသော ရဟန်းလောင်းဟု သိခြင်း။ ထေယျသတ္ထသိက္ခာပုဒ်- ခိုးသူကုန်သည်ဟု သိခြင်း။ ဤသို့ ထူးသည်။

၅။ ပဌမာပတ္တိကသိက္ခာပုဒ်- ၉-ပုဒ်၊ ယာဝတတိယကသိက္ခာပုဒ်- ၈-ပုဒ်။

အာပတ်ကုစားပုံ-

ဥဘတောသံဃာ၌ ပက္ခမာနတ် ကျင့်ရမည်၊ ထို့နောင် ၂-ကျိပ်အရေအတွက်ရှိသော ဘိက္ခုနီသံဃာ၌ အဗ္ဘာန်သွင်းရမည်။

၆။ (က) စီဝရအစ္ဆိန္နနသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ခ) သြဝါဒသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ဂ) ဥပတိဋ္ဌနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

http://www.dhammadownload.com

(ဃ) အာရာမပဝိသနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(c) ပဌမသဲဟာဇီဝိနီသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၇။ ၁။ အရှက်မရှိခြင်း။ ၂။ ပြုသင့် မပြုသင့်ကို မသိခြင်း။ ၃။ ကုက္ကုစ္စနှိပ်စက်ခံရခြင်း။ ၄။ မအပ်သည်၌ အပ်သည်ဟု မှတ်ထင်ခြင်း။ ၅။ အပ်သည်၌ မအပ်ဟု မှတ်ထင်ခြင်း။ ၆။ သတိမေ့လျော့ခြင်း။

ဆောင်- အလဇ် အညာ၊ ကုက္ကုစ္စာနှင့်၊ အကပ္ပါထည့်၊ နောက် ကပ္ပိတည်။ သတိမော သတ်၊ ဣခြောက်ရပ်၊ အာပတ်သင့်ကြောင်းတည်။

ပထမပါရာဇိကသိက္ခာပုဒ်၏ အဂ်ါ-

၁။ မိုဝဲလိုစိတ်ရှိခြင်း။ ၂။ မဂ်တစ်ခုဖြင့် မဂ်တစ်ခုအတွင်းသို့ သွင်းခြင်း။

၈။ ၁။ ဥတ္တရိမနုဿဓမ္မကို လိမ်ပြောခြင်းကြောင့် ပါရာဇိကအာပတ်၊
၂။ အမှုလကပါရာဇိကအာပတ်ကို စွပ်စွဲခြင်းကြောင့် သံဃာဒိသေသ်အာပတ်၊
၃။ အမှုလကသံဃာဒိသေသ်အာပတ်ဖြင့် စွပ်စွဲခြင်းကြောင့် ပါစိတ်အာပတ်၊
၄။ အမှုလကထုလ္လစ္စည်း- စသော အောက်အာပတ် ၅- ပုံဖြင့် စွပ်စွဲခြင်းကြောင့် ဒုက္ကဋ် အာပတ်၊
၅။ ဥတ္တရိမနုဿဓမ္မကို တိုက်ရိုက်မပြော သွယ်ဝိုက်၍ပြောရာ၌ တဖက်သား နားလည်လျှင် ထုလ္လစ္စည်း အာပတ်။
၆။ ယင်းသို့ သွယ်ဝိုက်ပြောရာ၌ တဖက်သား နားမလည်လျှင် ဒုက္ကဋ်အာပတ်၊
၇။ မမှန်သော စကားကို ဆိုခြင်းကြောင့် ပါစိတ်အာပတ်အားဖြင့် မုသာဝါဒကြောင့် အာပတ် ၇- ချက် သင့်နိုင်သည်။

၉။ ၁။ ပါဠိ, အဋ္ဌကထာဓမ္မကို ၆- ခွန်းထက် ပိုပေါခြင်း။
၂။ နားထောင်သူ နားလည်သူလူမိန်းမဖြစ်ခြင်း။
၃။ အရိယာပုထိ မပြောင်းခြင်း။
၄။ တတ်သိနားလည်သူ လူယောက်ျား မရှိခြင်း။
၅။ ပြဿနာကို ဖြေသော အရာမဟုတ်ခြင်း။

ထူးခြားမှု-

ဘိက္ခုပါတိမောက်၌ ဥဒ္ဒေသ ၅- မျိုးရှိသည်၊

http://www.dhammadownload.com

ဘိက္ခုနီပါတိမောက်၌ အနိယတုဒ္ဒေသကြောင့် ဥဒ္ဒေသ ၄-မျိုးရှိသည်၊ ဤသို့ ထူးသည်။

၁၀။ ဘိက္ခုနီများမှာ ဘိက္ခုတို့ကဲ့သို့ သိက္ခာချဖွယ်မလိုသောကြောင့် သိက္ခာသာဓီဝသမာ ပန္နော သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလ္ယံ အနာဝိကတ္တာ-ဟူ၍ မဟောပါ။
ဂဏနူပိကာအာပတ်- နောင်အခါ မကျူးလွန်တော့အုံဟု အာယတိသံဝရစိတ်ဖြင့် ဒေသနာပြောကြားအပ်သော အာပတ်သည် ဂဏနူပိကာအာပတ်မည်သည်။
အဂဏနူပိကာအာပတ်- ဝတ္ထု ၁-မျိုးသို့ ရောက်ပြီးနောက် အခြားဝတ္ထုကိုလည်း ကျူးလွန်ဦးမည်ဟု အာယတိသံဝရစိတ်မရှိဘဲ ဒေသနာပြောကြားအပ်သော အာပတ်သည် အဂဏနူပိကာအာပတ်။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ အောက်ဖော်ပြပါ သိက္ခာပုဒ်တို့ကို ပါဠိရေးခဲ့ပါ။
(က) ဥက္ခိတ္တကရဟန်းမှန်းသိလျက် ထိုရဟန်းနှင့် အာမိသသမ္ဘောဂ စသည်ကို ပြုသော ရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်၊
(ခ) ရဟန်းတစ်ပါးအား မချမ်းသာစေလိုခြင်း ကုက္ကုစ္စဖြစ်အောင် ပြုသောရဟန်းအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်။

၂။ ခိုးသူမ မှန်းသိလျက် ပဋ္ဌင်းခံပေးသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ ယခုအခါ သာသနာတော်၌ ရဟန်းမများ မရှိတော့သဖြင့် အထူးစောင့်ရှောက်ဖွယ် မလိုသော နိဿဂ္ဂိယပါစိတ်သိက္ခာပုဒ်တို့ကို ဖော်ပြ၍ ဆွေမျိုးမတော်သော ဒါယကာတစ်ဦးက ရဟန်းတစ်ပါးကို ရည်ရွယ်၍ သင်္ကန်းဖိုးလျှောက်၌ အလှူရှင်ထံချဉ်းကပ်၍ သင်္ကန်းကောင်းအောင် စီမံပုံကိုလည်း ဖြေဆိုခဲ့ပါ။

၄။ ပရမ္မရဘောဇဉ်ကို သုံးဆောင်နိုင်ရာအခါတို့ကို ဖော်ပြ၍၊ မေထုနပဋိသေဝနတရားသည် နတ်ရွာ နိဗ္ဗာန် စျာန် မဂ် ဖိုလ်၏ အန္တရာယ်ကို မပြုနိုင်ဟု ပြောဆိုသောရဟန်းအား

http://www.dhammadownload.com

မြင်ကွန်ကြားကွန်သော ရဟန်းတို့က ပြောဆိုဆုံးမပုံကိုလည်း ပါတိမောက်လာအတိုင်း ဖော်ပြခဲ့ပါ။

၅။ ဘိက္ခုနီပါတိမောက်လာ ရဟန်းမများနှင့်သာဆိုင်သော ယာဝတတိယက သံယာဒိသိသ သိက္ခာပုဒ်အမည်တို့ကို ဖော်ပြ၍ ဂိဟိဂတသိက္ခာမာန်တို့၏ ပဋ္ဌင်းခံပေးထိုက်ကြောင်း အင်္ဂါတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၆။ အောက်ပါ ရဟန်း/ရဟန်းမတို့၏ အပြစ်တို့ကို သိက္ခာပုဒ်ညွှန်း၍ ဖြေဆိုခဲ့ပါ။

(က) သံယိကလာဘ်ကို မိမိသို့ ညွှတ်စေသော ရဟန်း။

(ခ) လင်မယားနှစ်ယောက်ရှိသော အိမ်သို့ ဝင်ထိုင်သော ရဟန်း။

(ဂ) ယနေ့ အကာပ်ခံထားသော ခဲဖွယ်ဘောဇဉ်ကို နောက်တစ်နေ့နံနက်မှ ဘုဉ်းပေးသော ရဟန်း။

(ဃ) ကိလေသာစိုစွတ်သော ယောက်ျားလက်မှ ခဲဖွယ်ဘောဇဉ်ကို ခံယူသုံးဆောင်သော ရဟန်းမ၊

(c) ဖျားနာသော အတူနေတပည့်မကို မပြုစုသော ရဟန်းမ။

၇။ သူတစ်ပါး၏ ဥယျာဉ်ခြံမြေစသည်ကို တရားရင်ဆိုင်၍ မမှန်မကန်အနိုင်ယူသောရဟန်းအား အာပတ်သင့်ပုံကို ကခ်ီလာအတိုင်း ဖော်ပြ၍၊ အညတြ အဓိမာနာဒ္ဌ အဘယ်ကို အဓိမာန-ဟု ဆိုပါသနည်း။ အဓိမာနဖြစ်တတ်သောပုဂ္ဂိုလ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ ဘေဒါနုဝတ္တကသိက္ခာပုဒ်လာ သံယာသင်းခွဲသူ၏ နောက်လိုက်ရဟန်းများကို ပြဆိုရာ၌ "ဧကော ဝါ ဒွေ ဝါ ဘယော ဝါ"ဟု အဘယ့်ကြောင့် သုံးပါ၊အထိသာ ပြဆိုပါသနည်း ဖြေဆို၍၊ အကာမာ ပရိဝတ္ထမ္ဘे-၌ ပရိဝါသ်အပြားကိုလည်း ဖော်ပြခဲ့ပါ။

၉။ ရှုပိယသံဃေါဟာရ၊ ကယဝိက္ကယသိက္ခာပုဒ်တို့၌လာသော နာနပွကာရ အရတို့ကို ဖော်ပြ၍၊ ဘူတဂါမသိက္ခာပုဒ်၌ အာပတ်မသင့်အောင် ပန်း, သစ်သီး, အရူးခိုင်းနည်းများကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ ဥက္ခိတ္တကရဟန်း၏ နောက်လိုက်ရဟန်းမကို ဥတ်ကမ္ပဝါစာဖြင့်သီးမနဘာသနကံပြု၍ ဆုံးမရာ၌ အယူကိုမစွန့်သော ရဟန်းမအား အဆင့်ဆင့်အာပတ်သင့်ပုံကို ဖော်ပြ၍၊ ဥဿယဝါဒိကာသိက္ခာပုဒ်၏ အာပတ်သင့်ကြောင်း အင်္ဂါရပ်များကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

၉။ မကွေးတိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က- ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ်၊ ခ- သဟဓမ္မိကဝဂ်၊ သင္ဃာဒိသေသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ ပုရာဏစီဝရ, စီဝရပဋိဂ္ဂဟဏ, ဇဋကလောမဓောဝါပနသိက္ခာပုဒ်များ ဖြစ်သည်။
သင်္ကန်းကောင်းအောင် စီမံပုံ-
ဒါယကာ တောင်းပန်ပါ၏၊ သင်သည် ဤသင်္ကန်းဖိုးဖြင့် ဤသို့ အလျှားရှည်ခြင်း သဘော၊ အနံပြန့်ခြင်း သဘောရှိသော သင်္ကန်းကို ဝယ်၍ ငါ့ကို လှူဒါန်းပါလော့ဟု အကောင်းကို အလိုရှိသဖြင့် ပြောဆိုခြင်း ဖြစ်သည်။

၄။ မကျန်းမာရာအခါ၊ သင်္ကန်းလှူရာအခါ၊ သင်္ကန်းချုပ်ဆိုးရာအခါ ပေါင်း ၃-ပါး။
ပြောဆိုဆုံးမပုံ-
အရှင် ဤသို့ မပြောပါနှင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်၊ ဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ။ မြတ်စွာဘုရားသည် ငါ့ရှင် ပြောသည်အတိုင်း မဟောတန်ရာ၊ ငါ့ရှင် အန္တရာယိကမေထုန်တရားတို့ကို "အန္တရာယ်ကိုပြုတတ်ကုန်၏" ဟူ၍ မြတ်စွာဘုရားသည် ပရိယာယ်အမျိုးမျိုးဖြင့် ဟောတော်မူအပ်ပြီ၊ ထိုမေထုန်အကျင့်တို့သည် မှီဝဲသော ရဟန်း၏ အန္တရာယ်ကို ပြုခြင်းငါ့ စွမ်းနိုင်ကုန်သည်သာ။

၅။ သိက္ခံ ပစ္စာစိက္ခဏ, အဓိကရဏကုပိတ, ပါပသမာစာရပဌမ, ပါပသမာစာရဒုတိယ သိက္ခာပုဒ်အားဖြင့် ၄-ပုဒ်။
ပဋ္ဌင်းခံပေးထိုက်ကြောင်း အင်္ဂါ-
အသက် ၁၂-နှစ်ပြည့်ခြင်း။ ၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးကို ကျင့်ပြီးခြင်း။ သံဃာမှ ဝုဋ္ဌာနသမ္မုတိ ရပြီးခြင်း။

၆။ (က) ပရိဏာတသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊
(ခ) သုဒ္ဓသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(ဂ) ပဋိဒေသနီယကသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

http://www.dhammadownload.com

(ဃ) ဘောဇနပဋိဋ္ဌဟာဏပထမသိက္ခာပုဒ်ဖြင့် သံဃာဒိသေသ်၊
(င) နဉပဘောဇနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၇။ တရားစွဲလျှင် ဒုက္ခင့်၊ ငါ ရမှ ရပါမလားဟု ပိုင်ရှင်၏ ယုံမှားမှုကို ဖြစ်စေလျှင် ထုလ္လစ္စည်း။ ပိုင်ရှင်က ငါ့ဥစ္စာ ရတော့မှာ မဟုတ်ဟု လုံ့လကို ဆုံးဖြတ်ချက်ချလိုက်လျှင် ပါရာဇိကအာပတ်။

အဓိမာန-ဟုဆိုပုံ-

မရောက် မရသေးသော စျာန်, မဂ်, ဖိုလ်တရား၌ ရောက်ပြီ ရပြီဟု မှတ်ထင်ခြင်း။ (တစ်နည်း) ယင်းသို့သော တရား၌ ရပြီ ရောက်ပြီဟု လွန်ကဲသော မှတ်ထင်ခြင်းကို အဓိမာန-ဟု ဆိုသည်။

ပုဗ္ဗိုလ်-

သခါရတရားတို့ကို လက္ခဏာယာဉ် ၃-ပါးသို့ တင်၍ သုံးသပ်သော အာရဒ္ဓဝိပဿနာ ရဟန်း။

၈။ ၃-ပါးထက် လွန်သော ရဟန်းတို့ကို နိဋ္ဌဟာဏ် မပြုထိုက်သောကြောင့် ဧကော ဝါ ဒွေ ဝါ တဲ့ယော ဝါ-ဟု ၃-ပါးအထိသာ ပြဆိုသည်။

ပရိဝါသ်အပြား-

၁။ ပဋိစ္ဆန္နပရိဝါသ်၊ ၂။ သုဒ္ဓန္တပရိဝါသ်၊ ၃။ သမောဓာနပရိဝါသ်။

၉။ **နာနပွကာရ အရ-** (စစ်ကိုင်း ၉-၇)

အရှုံးရိုင်းနည်းများ-

ရုက္ခ ဆိန္န-သစ်ပင်ကို ဖြတ်လော့၊ ဝလ္လိ ဆိန္န- အနွယ်ကို ဖြတ်လော့- စသည်ဖြင့် မရည်ညွှန်းဘဲ စေခိုင်းခြင်းနှင့် ဣမံ ပုပ္ဖံ ဖာန- ဤပန်းကို သီလော့၊ ဣမံ ဖလံ ဖာန-ဤသစ်သီးကို သီလော့၊ ဣမံ ဒေဟိ-ဤဝတ္ထုကို ပေးလော့၊ ဣမံ အာဟရ-ဤဝတ္ထုကို ဆောင်လော့၊ ဣမိနာ မေ အတ္ထော-ဤဝတ္ထုဖြင့် ငါ့အား အလိုရှိ၏၊ ဣမံ ကပ္ပိယံ ကရောဟိ-ဤဝတ္ထုကို ကပ္ပိအောင် ပြုလော့- စသော စကားများဖြစ်သည်။

၁၀။ ဥတ်ကြောင့် ဒုက္ခင့်၊ ကမ္မဝါစာ ၂-ကြိမ်ကြောင့် ထုလ္လစ္စည်း ၂-ချက်၊ သာ ဘာသေယျ-ဟု ယျ-အက္ခရာသို့ရောက်သော တတိယကမ္မဝါစာကြောင့် ပါရာဇိကအာပတ် သင့်သည်။

http://www.dhammadownload.com

အာပတ်သင့်ကြောင်း အဂ်ါရပ်-

၁။ သူတစ်ပါးတို့ အတင်းအကြပ် ဆွဲမခေါ်အပ်ဘဲ တရားစွဲခြင်း။

၂။ တရားစွဲမှု ပြီးဆုံးခြင်း။

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မန္တလေးတိုင်း) ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

ခုနှစ်-၁၃၇၀ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ ဘိက္ခုနီမများ အာယတိ သံဝရစိတ်ဖြင့် ဒေသနာမကြားဘဲ အပြစ်တစ်ခု, နှစ်ခုစသည် လွန်ကျူးရံ့မှုဖြင့် ပါရာဇိကမကျသေးဘဲ ရှစ်ခုလုံး ပြည့်မြောက်ပါမှ ပါရာဇိကကျပုံပြ ဝိနယသိက္ခာပုဒ်ကို ပါဠိရေးသားခဲ့ပါ။

၂။ ဘိက္ခုပါတိမောက်လာ ပထမကထိနသိက္ခာပုဒ်၏ အနုပညတ်သဖွယ်ဖြစ်သော သိက္ခာ ပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ ပါတိမောက်ပြသော ရဟန်းက ရဟန်းတစ်ပါးချင်းစီကို မေးသကဲ့သို့ဖြစ်သော "ယာဝ တတိယာနုသာဝန"ပြ ပါဠိစကားရပ်ကို တိကျစွာ ပြဆိုပြီ။ နိဒါနဒ္ဒေသအဆုံး နိဂုံးလာ "ကစ္စိတ္ထ ပရိသုဒ္ဓါ"ကို အနက်နှစ်နည်းယောဇနာပြီးလျှင်၊ ယင်းသည် မည်သည့်အာပတ် ကို ရည်ရွယ်၍ မေးမြန်းခြင်းဖြစ်ပါသနည်း? အကြောင်းပြ ဖြေဆိုခဲ့ပါ။

၄။ (က) ပထမအနိယတသိက္ခာပုဒ်လာ "နိသဇ္ဇံ ကပ္ပေယျ"ဌ ယူရမည့် ဣရိယာပုထ်များ။
(ခ) ဂဏဘောဇနသိက္ခာပုဒ်ဌ မဟာသမယ-ဟု သတ်မှတ်ရမည့် အခါကာလ၊
(ဂ) "စတုမာသပ္ပစ္စယပဝါရဏာ သာဒိတမ္ဘာ"အရ နေယျတ္ထအားဖြင့် ယူရမည့် ကာလ တို့ကို ဖြေဆိုခဲ့ပါ။

၅။ ရဟန်းတော်များ ပဝါရိတ်ခံယူပြီးသော်လည်း ထပ်မံစားသုံးခွင့်ရှိသော "ဂိလာနာတိရိတ္တ ဘောဇဉ်"များကို ဖော်ပြပြီးလျှင် အောက်ပါတို့ကို သိက္ခာပုဒ်နှင့် တကွ အာပတ်အမည် ညွှန်ပြခဲ့ပါ။
(က) သန္ဓိဖြစ်သောကပ္ပိယဘောဇဉ်ကို ပဝါရိတ်သင့်လျက် နံနက်အခါ၌စားသော ရဟန်း။
(ခ) ယင်းဘောဇဉ်ကို မွန်းလွဲပြီးမှ စားသောရဟန်း။

http://www.dhammadownload.com

၆။ ဝါကျတ်ပြီးသော ရဟန်းမများ ဆောင်ရွက်ရမည့် ကျင့်ဝတ်တို့ကို သိကွာပုဒ်သာဓကပြ ဖြေဆိုရ၏။ ရဟန်းမများ ပါဠိဒေသနီအာပတ် သင့်စေနိုင်သော ဝတ္ထုတို့ကိုလည်း အစဉ်အတိုင်း ကုန်စင်အောင် ဖော်ပြခဲ့ပါ။

၇။ အနုပညတ် သုံးမျိုးကို သိကွာပုဒ်နှင့်တကွ သိသာရုံ ယှဉ်တွဲဖော်ပြ၍ ဘိက္ခုပါတိမောက် သံယာဒိသိသ်တို့တွင် ကောသမ္မိပြည်၌ ဆန္နမထေရ်ကို အကြောင်းပြု၍ ပညတ်အပ်သော သိကွာပုဒ်တို့ကို အမည်မျှ ဖော်ပြခဲ့ပါ။

၈။ ရာဇသိကွာပုဒ်၌ သုံးကြိမ်တောင်း၍ ခြောက်ကြိမ်ရပ်ခြင်းကို ခွင့်ပြုထားရာ ရပ်ရုံသာရပ်၍ လုံးဝမတောင်းသော ရဟန်း, တောင်းရုံသာတောင်း၍ လုံးဝမရပ်သော ရဟန်းတို့၏ တောင်းခွင့်, ရပ်ခွင့်ရှိသော အကြိမ်အရေအတွက်ကို ပြဆိုပြီးလျှင်၊ ရှုပိယပဋိဂ္ဂါဟက ရဟန်း၏ ရှေ့ငွေကိုစွန့်ပေးမည့် ရှုပိယဆဋ္ဌကရဟန်း၌ ပြည့်စုံရမည့် အင်္ဂါရပ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၉။ "သုရာမေရယပါနေ"၌ သုရာနှင့် မေရယ– အရတို့ကို ကခ်ါလာသည့်အတိုင်း ဖြေဆိုရ၏၊ သာသနာ့ဝန်ထမ်း ရှင်, ရဟန်းတို့အတွက် ကျင့်ဝတ်များကို ဖော်ညွှန်း ပြဆိုသည့် "သေခိယ" သိကွာပုဒ်တို့ကို သချိုတပ်၍ မဟောခြင်းနှင့် အာပတ်အမည်တပ်၍ မဟောခြင်းတို့ကို အကြောင်းသွင်း၍ ဖြေရှင်းပြခဲ့ပါ။

၁၀။ ဇကဂါမန္တရဂမနသိကွာပုဒ်လာ "ဂဏမှာ သြဟိယေယျ"၌ ဂဏ– အရ သတ်မှတ်နိုင်သည့် အရေအတွက်နှင့် သြဟိယေယျ ဖြစ်နိုင်လောက်သော ဥပစာတို့ကို တိကျစွာ သတ်မှတ်ပြပြီးလျှင် ယင်းသိကွာပုဒ်ဖြင့် တစ်ပြိုင်နက် အာပတ်လေးချက် မည်ကဲ့သို့ သင့်ရောက်နိုင်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (အဋ္ဌဝတ္ထုကာသိကွာပုဒ်ကို ပါဠိရေးလေ။)

၂။ (အစ္ဆေကစီဝရသိကွာပုဒ်ကို အနက်ရေးလေ။)

http://www.dhammadownload.com

၃။ တတ္ထာယသ္မေ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ ဒုတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။ တတိယမ္ပိ ပုစ္ဆာမိ ကစ္စိတ္ထ ပရိသုဒ္ဓါ။

အနက်နှစ်နည်း-

၁။ ကစ္စိ+ အတ္ထ။ ကစ္စိ- အသို့နည်း။ (တုမှေ- အရှင်တို့သည်၊)ပရိသုဒ္ဓါ- အာပတ်မှ စင်ကြယ်သူတို့သည်၊ အတ္ထ- ဖြစ်ပါကုန်၏လော။

၂။ ကစ္စိ+ ဇတ္ထ။ ကစ္စိ- နည်း။ (တုမှေ- တို့သည်) ဇတ္ထ- ဤနိဒါန်းဌ၊ ပရိသုဒ္ဓါ- တို့သည်၊ အတ္ထ- ကုန်၏လော။

အာပတ်နှင့် အကြောင်းပြ-

ယသ သိယာ အာပတ္တိ သော အာဝိကရေယျ- ဌ အာပတ် ၇- ပုံလုံး ပါဝင်နေသော ကြောင့် ထိုအာပတ် ၇- ပုံလုံးမှ စင်ကြယ်ကြပါရဲ့လားဟု မေးမြန်းခြင်း ဖြစ်သည်။

၄။ (က) ထိုင်ခြင်း, အိပ်ခြင်းဟူသော ဣရိယာပုထ် ၂- မျိုးကို ယူရမည်။

(ခ) ဆွမ်းခံရှာဌ ရဟန်း ၄- ပါးတို့ ဆွမ်းခံလှည့်လည်၍ မမျှတရာ အခါ။ (ရဟန်းများစွာ စုဝေးမိရာ အခါ)

(ဂ) နောက်ထပ်ဖိတ်လျှင် ထပ်ဖိတ်သော ကာလ၊ အမြဲဖိတ်လျှင် အခါခပ်သိမ်း။

၅။ ဂိလာနဏ၊ စားကြွင်း စားကျန်ဖြစ်သော ခဲဖွယ်ဘောဇဉ်၊ ဂိလာနရဟန်းကို ရည်စူးပြီး ယနေ့ ဖြစ်စေ, နက်ဖြန် ဖြစ်စေ, အလိုရှိရာအခါဌ ဖြစ်စေ ခဲစားလိမ့်မည်ဟု ကြဲ၍ ဆောင်ယူအပ်သော ခဲဖွယ် ဘောဇဉ်အားလုံးသည် ဂိလာနာတိရိတ္တ ဘောဇဉ်များ ဖြစ်သည်။

(က) ပဌမပဝါရဏာသိက္ခာပုဒ်, သန္နိမိကာရကသိက္ခာပုဒ်တို့ဖြင့် ပါစိတ် ၂- ချက်၊

(ခ) ဝိကာလဘောဇန, သန္နိမိကာရကသိက္ခာပုဒ်တို့ဖြင့် ပါစိတ်အာပတ်- ၂- ချက်။

၆။ ကျင့်ဝတ်- (တနသ်ာရီ- ၃- ရ)

သင့်စေနိုင်သော ဝတ္ထု- သပ္ပိ, တေလ, မဓု, ဖာဏိတ, မစ္ဆ, မံသ, ခီရ, ဒဓိ။

၇။ ၁။ အာပတ္တိကရ အနုပညတ်- အညဝါဒကသိက္ခာပုဒ်ဌ "ဝိဟေသကေ"။

၂။ အနာပတ္တိကရ အနုပညတ်- သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်ဌ "အညတြ သုပိနန္တာ"။

၃။ အာပတ္တိဥပတ္ထမ္ဘကရ အနုပညတ်- အဒိန္နာဒါနသိက္ခာပုဒ်ဌ "ဂါမာ ဝါ အရညာ ဝါ"။

http://www.dhammadownload.com

သိက္ခာပုဒ် အမည်- ဝိဟာရကာရသိက္ခာပုဒ်၊ ဒုဗ္ဗစသိက္ခာပုဒ်။

၈။ ရပ်ရုံသာရပ်၍ လုံးဝမတောင်းသော ရဟန်း- ၁၂-နှစ်ကြိမ် ရပ်နိုင်သည်။
တောင်းရုံသာတောင်း၍ လုံးဝမရပ်သော ရဟန်း- ၆-ကြိမ် တောင်းနိုင်သည်။
အဂ်ါရပ်-
ဆန္ဒာဂတိ-စသော အဂတိ ၄-ပါး မလိုက်စားခြင်း။
စွန့်အပ် မစွန့်အပ်ကို သိခြင်းဟု အဂ်ါ ၅-ပါး။ (**မှတ်ချက်-** ကခ်ါအဋ္ဌကထာ မလာ။)

၉။ သုရာ အရ- မုန့် မှုန့်-စသည်တို့ဖြင့် ပြုအပ်သော သေရည်၊
မေရယ အရ- ပန်းပွင့်စသည်တို့ဖြင့် ပြုအပ်သော အရက်။
သချိုတပ်၍ မဟောခြင်း-
စူဠဝါဝတ္ထုကွန်ကစသည်၌ ဟောတော်မူအပ်သော ဝတ်တို့လည်း ကျင့်အပ်ကျင့်ထိုက်သည့်အတွက် သေခိယတို့ပင် ဖြစ်သောကြောင့် သချိုတပ်၍ မဟောပါ။
အာပတ်အမည်တပ်၍ မဟောခြင်း-
စာရိတ္တဝိနည်းဖြစ်ကြောင်း ပြလိုသောကြောင့် အာပတ်အမည်တပ်၍ မဟောပါ။

၁၀။ **ဂဏ အရ-** ဘိက္ခုနီ ၁-ပါးတည်းကိုလည်း ဧကဒေသုဒ္ဒေသပစာအားဖြင့် ဂဏ- ဟု သတ်မှတ်နိုင်သည်။
ဖြစ်နိုင်လောက်သော ဥပစာ- ရွာပြင်ဘက်၌ သစ်ပင်, တိုင်, အဝတ် ကန့်လန့်ကာ-စသည် ခြားကွယ်အပ်သော အရပ်သည် ဒဿနူပစာ၊ လွင်တီးခေါင်၌ ဝေးသော်လည်း အဖော်ရဟန်းမ မြင်နိုင်လောက်သော အရပ်သည် ဒဿနူပစာ၊ လမ်းမှားသူ၏ အသံနှင့် တူသော အသံဖြင့်သော်လည်းကောင်း, တရားနာရန် ကြွေးကြော်သံနှင့် တူသောအသံဖြင့်သော်လည်းကောင်း "အိုအရှင်မဟု လှမ်းခေါ်သော ရဟန်းမ၏ အသံ ကြားလောက်ရာအရပ်သည် သဝနူပစာ။
အာပတ် ၄-ချက် သင့်ရောက်ပုံ-
တစ်ပါးတည်း အရှက်မတက်မီ မိမိ ရွာမှ ထွက်၍ အရှက်တက်၌ ရွာတစ်ပါးတွင် ပါဝင်သော မြစ်တစ်ဘက်ကမ်းသို့ သက်ရောက်သော ဘိက္ခုနီမအား ဂါမန္တရဂမန-စသော အာပတ် ၄-ချက် တစ်ပြိုင်နက် သင့်သည်။

http://www.dhammadownload.com

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ (၂- ၄-၂၀၀၉) ကြာသပတေးနေ့။

၁။ ရဟန်းတော်များ (က) ဝိနည်းသိက္ခာပုဒ်ကို မကျင့်လိုဘဲ သွယ်ဝိုက်သောအားဖြင့် ငြင်းဆန်သောရဟန်း။ (ခ) ဥစ္စာနည်းပါး သဒ္ဓါတရားအားကောင်းသော အလှူရှင်သေကွပုဂ္ဂိုလ်အထံ၌ ခဲဖွယ်ဘောဇဉ်တို့ကို အလှူခံသောရဟန်းတို့အား အာပတ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးသားခဲ့ပါ။

၂။ ဘိက္ခုနီသုဒ္ဓပါစိတ်လာ အသက် ၂၀-ကျော် မဟာသိက္ခမာန်မများအား ရဟန်းမ ပြုလုပ်ပေးခြင်းနှင့်ပတ်သက်၍ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့ကို အနက်ပေးခဲ့ပါ။

၃။ (က)မာသော သေသော ဂိမှာနံ၊ (ခ)အဒ္ဓမာသော သေသော ဂိမှာနံ-တို့၌ မာသော, အဒ္ဓမာသောအရတို့ကို ပိုင်းခြားရေးသား၍၊ ရှေ့ဌေတို့ကြောင့် ရဟန်းတော်များ နိဿဂ္ဂိပါစိတ်အာပတ်သင့်ရခြင်း အကြောင်းတို့ကိုလည်း သိက္ခာပုဒ်ပြ၍ ဖြေဆိုခဲ့ပါ။

၄။ (က)အာဝသထပိဏ္ဍသိက္ခာပုဒ်၊ (ခ)ပဏီတဘောဇနသိက္ခာပုဒ်တို့၌လာသော အဂိလာန ရဟန်းဟူသည် အဘယ်နည်း? အသီးသီးဖြေဆိုပြီး၊ စာရိတ္တသိက္ခာပုဒ်နှင့် ဝိကာလဂါမပ္ပဝေသန-သိက္ခာပုဒ်တို့၏ ပညတ်တော်မူခြင်းအကြောင်း ထူးခြားဟန်ကိုလည်း ရေးသားခဲ့ပါ။

၅။ မောဟနသိက္ခာပုဒ်ဖြင့် ဝိနည်းသိက္ခာပုဒ်ကို မသိချင်ဟန်ဆောင်ရုံမျှသာ ပါစိတ်အာပတ်သင့်ပါသလော? ပါဠိထောက်၍ ရှင်းလင်းဆုံးဖြတ်ပြီးလျှင်၊ ဝိဝါဒါဓိကရဏ်းဖြင့် ငြိမ်းစေနိုင်သော သမထတို့ကိုလည်း ပိုလိုမရှိအောင် ထုတ်ပြခဲ့ပါ။

၆။ ဖော်ပြပါ ရဟန်း/ရဟန်းမတို့အားသင့်ရောက်သောအာပတ်တို့ကို ဝင်, သိက္ခာပုဒ်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(က) ဧကတော ဥပသမ္မန္နာ ဘိက္ခုနီမနှင့်အတူ ခရီးသွားသော ရဟန်း၊

(ခ) ဘိက္ခုနီသံဃာ၏ လာဘ်လာဘကို တားမြစ်သော ရဟန်းမ၊

(ဂ) ဘိက္ခုနီသံဃာကို ခြိမ်းခြောက်သော ရဟန်းမ။

http://www.dhammadownload.com

၇။ ဘိက္ခုနီသံယာဒိသေသ် ဒုတိယ, တတိယ, စတုတ္ထသိက္ခာပုဒ်တို့လာ (က) ဂဏ် ၀ါ (ခ) ဂဏသ (ဂ) ဂဏမှာ–တို့၌ ဂဏ–သဒ္ဒါအရတို့ကို ခြားနားအောင် ဖော်ပြ၍ အတူနေ တပည့်မအပေါ် ၌ပြုကျင့်ရမည့် ဥပဇ္ဈာယ်ရဟန်းမ၏ ကျင့်ဝတ်တို့ကိုလည်း ရေးသားခဲ့ပါ။

၈။ ဒုတိယကထိနသိက္ခာပုဒ်၊ ဆဗ္ဗသသိက္ခာပုဒ်တို့လာ အညတြ ဘိက္ခုသမ္မုတိယာ–၌ သမ္မုတိအရတို့ကို ကခ်ီအလိုကျ ဖော်ပြရေးသား၍၊ ပုရာဏသန္ထတ– အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

၉။ မြို့တွင်းမှ ချီတက်ထွက်လာသော စစ်သည်တော်ခြေလျှင်တပ်ကို မြင်လောက်ရာအရပ်သို့သွား၍ ကြည့်ရှုသောရဟန်းအား ပါစိတ်အာပတ်သင့်/မသင့် အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်၊ ဥတ္တိစတုတ္ထက် ရောက်ရာဌာနတို့ကိုလည်း ကခ်ီနှင့်အညီ ဖော်ပြရေးသားခဲ့ပါ။

၁၀။ ရာဂ–စိတ်ဖြင့် တံတောင်ဆစ်အထက် လက်မောင်းကို အကိုင်ခံရသောရဟန်းမအား သာယာလျှင် ပါရာဇိက ကျ/ မကျ အကြောင်းပြ၍ ဆုံးဖြတ်ပြီးလျှင်၊ တရားနှင့်လျော်ညီသော ကထိန်နတ်ခြင်း အဓိပ္ပါယ်ကိုလည်း ရှင်းပြခဲ့ပါ။

၁၁။ မွန်ပြည်နယ် (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) (သဟဓမ္မိကသိက္ခာပုဒ်၊)
(ခ) (တတိယပါဠိဒေသနီယသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

၂။ (ပဌမသိက္ခမာန, ဒုတိယသိက္ခမာနသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ (က) နယုန်လပြည့်ကျော် ၁–ရက်နေ့မှစ၍ ဝါဆိုလပြည့်နေ့ အထိ၊
(ခ) ဝါဆိုလဆန်း ၁–ရက်နေ့မှ စ၍ ဝါဆိုလပြည့်နေ့အထိ။

အာပတ်သင့်ရခြင်း အကြောင်း–

ရှုပိယသိက္ခာပုဒ်ကိုထောက်၍ ရှေ့ငွေကို ကိုယ်တိုင်ခံယူခြင်း, သူတစ်ပါးကို ခံယူစေခြင်း အဝ်နံ့ လျှုဒါန်းအပ်သည်ကို ကိုယ်နှုတ်ဖြင့် မပယ်ဘဲ သာယာခြင်း။
ရှုပိယသံဝေါဟာရသိက္ခာပုဒ်ကိုထောက်၍ ရှေ့ငွေကို လဲလှယ်ရောင်းဝယ်ခြင်း။

http://www.dhammadownload.com

၄။ (က) ယူဇနာဝက်ခရီး သွားနိုင်သော ရဟန်း။
(ခ) ပဏီတဘောဇဉ်နှင့်ကင်း၍ ကျန်းမာသော ရဟန်း။

ထူးခြားဟန် -

စာရိတ္တသိက္ခာပုဒ်- ပင့်ဖိတ်ထားသူ၏ အိမ်မှ တစ်ပါး အခြားအိမ်များသို့ လှည့်လည်ခြင်း။
ဝိကာလဂါမပ္ပဝေသနသိက္ခာပုဒ်- နေ့လွဲအခါ ရွာတွင်းသို့ ဝင်ခြင်း။ ဤသို့ ထူးသည်။

၅။ မသိဟန်ဆောင်ရုံမျှဖြင့် ပါစိတ်အာပတ် မသင့်၊ ဒုက္ကဋ်အာပတ်သာ သင့်ပါသည်။
ဥတ္တိဒုတိယကမ္မဝါစာဖြင့် မောဟနက် တင်ပြီးနောက် ထပ်၍ မသိဟန်ဆောင်သော အခါမှသာ ပါစိတ်အာပတ်သင့်သည်။

အထောက်- ဂ္ဂဒ် တသို့ မောဟနကေ ပါစိတ္တိယ်။

ငြိမ်းသော သမထ-သမ္မုခါဝိနယသမထ, ယေဘုယျသိကာသမထ ပေါင်း ၂-ပါး။

၆။ (က) သပ္ပါဏကဝဂ်၊ သံဝိဓာနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။
(ခ) နဂ္ဂဝဂ်၊ ဂဏာစီဝရသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။
(ဂ) အာရာမဝဂ်၊ ဂဏပရိဘာသနသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်။

၇။ (က) မလ္လဂဏ (ကုသိုလ်ကောင်းမှုပြုသူ အပေါင်း)၊
ဘဒ္ဒိပုတ္တဂဏ (ကဒဲနတ်ကို ကိုးကွယ်သူအပေါင်း)။
(ခ) ဥကွေ့ပနီယက်ပြုသော ဘိက္ခုနီသံဃာ။
(ဂ) ဧကဒေသုဒ္ဒေပစာအားဖြင့် ဘိက္ခုနီတစ်ပါးတည်းကိုလည်း ယူရမည်။

ဥပဇ္ဈာယ်ရဟန်းမဏ် ကျင့်ဝတ်-

အတူနေတပည့်မ မကျန်းမာလျှင် ကိုယ်တိုင်သော်လည်း ပြုစုရမည်၊ သူတစ်ပါးကိုသော်လည်း ပြုစုစေရမည်။
ရဟန်းပြုပေးပြီးလျှင် ၂-နှစ်ပတ်လုံး စာသင်ပေးခြင်း စသည်ဖြင့် ကိုယ်တိုင်သော်လည်း ချီးမြှောက်ရမည်၊ သူတစ်ပါးကိုသော်လည်း ချီးမြှောက်စေရမည်။
၆-ယူဇနာ, ၅-ယူဇနာဝေးသော အရပ်တိုင်အောင် ကိုယ်တိုင်သော်လည်း ခေါ်သွားရမည်၊ သူတစ်ပါးကိုသော်လည်း ခေါ်သွားစေရမည်။

၈။ ဒုတိယကထိနသိက္ခာပုဒ်- တိစီဝရေန အဝိပ္ပဝါသသမ္မုတိ၊
ဆမ္ဘဿသိက္ခာပုဒ်- သန္ထတသမ္မုတိ။

http://www.dhammadownload.com

ပုရာဏသန္ထတ-အဓိပ္ပါယ်- တစ်ကြိမ်မျှ ထိုင်ဖူး, အိပ်ဖူးသော အခင်း။

၉။ ဥယျူတ္တာသေနာ အရ စစ်အင်္ဂါ ၄-ပါးရှိသော စစ်တပ်ကို ယူရသောကြောင့် ပါစိတ် အာပတ် မသင့်ပါ။

ဥတ္တိစတုတ္ထက် ရောက်ရာဌာန- (တနယ်ားရီ ၉-၇)

၁၀။ ပါရာဇိကခေတ်ဖြစ်သော ဥဗ္ဗဏဏုမဏ္ဍလ-သဒ္ဒါဖြင့် လက်မောင်းကိုလည်း သိမ်းယူ သောကြောင့် ပါရာဇိကကျသည်။

ကထိန်နုတ်ခြင်း အဓိပ္ပါယ်- (ချင်း ၁၀-၇)

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရန်ကုန်တိုင်း) ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ သူတစ်ပါးကို တိုက်တွန်းခြင်းကြောင့် ဂရုကအာပတ်သင့်သော ဘိက္ခုနီမတို့အတွက် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တို့တွင် ယာဝတတိယကသိက္ခာပုဒ်လာ တိုက်တွန်းပုံပြ အာကာရဝါကျကိုသာ ပါဠိရေးပါ။

၂။ ရန်သူနှင့် အလှူရှင်ကြား "တောကျောင်းနေ ရဟန်းတော်များ" အတွက် ပညတ်တော် မူခဲ့သော သိက္ခာပုဒ်ကို အနက်ရေးပါ။

၃။ နိဿဂ္ဂိပါစိတ်ဖြစ်သင့်သော သုဒ္ဓပါစိတ်သိက္ခာပုဒ်များကို အမည်မျှဖော်ပြ၍၊ ဂိလာန သမယောဟူသော စကားရပ်တို့၌ ဂိလာနအမျိုးအစားတို့ကိုလည်း ဆိုင်ရာသိက္ခာပုဒ် တို့နှင့် တွဲစပ် ကောက်ပြပါ။

၄။ ဝိကပ္ပနာ၏အဓိပ္ပါယ်နှင့် ဝိကပ္ပနာပြုရခြင်းအကျိုးတို့ကိုရေး၍၊ ရဟန်းပြုရာအခါ, လူထွက်ရာအခါတို့၌ ဘိက္ခု, ဘိက္ခုနီမတို့၏ထူးခြားချက်ကိုလည်း ရေးပါ။

၅။ ပါတိမောက်၏ ဘုရားဟောအစစ်ဖြစ်ကြောင်းနှင့် မဖြစ်မနေကျင့်ရမည့်အကြောင်းကို တိကျသော ကျမ်းရင်းပါဠိသာဓကပြ ဖြေဆိုရ၍၊ ဘိက္ခုနီမများ ကျင်ငယ်မစွန့်ကောင်း သော နေရာတို့ကိုလည်း သိက္ခာပုဒ်နှင့်တကွ တွဲစပ် ဖြေဆိုပါ။

http://www.dhammadownload.com

၆။ အောက်ပါ ရဟန်း/ ရဟန်းမတို့အား သင့်ရောက်သော အပြစ်တို့ကို သိကွာပုဒ်နှင့်တကွ ဖြေဆိုပါ။

(က) ရဟန်းအချင်းချင်း၏ ညီညွတ်မှုကို ကွဲပြားအောင် လုပ်ဆောင်သော ရဟန်း။

(ခ) မိဘနှစ်ပါးတို့၏ ကွဲပြားမှုကို ညီညွတ်အောင် လုပ်ဆောင်သော ရဟန်း။

(ဂ) မြက်ခင်းပေါ်၌ ရပ်ပြီး ကျင်ငယ်စွန့်သော ရဟန်း။

(ဃ) လူခိုင်းတာကို လုပ်ပေးသော ရဟန်းမ၊

(င) လူကို ခိုင်းသော ရဟန်းမ။

၇။ လူ သာမဏေတို့နှင့် တစ်မိုးတစ်ရံတည်း အတူအိပ်ရာ၌ ပါစိတ်အာပတ်သင့်စေသော ကျောင်း, ဒုက္ကဋ်အာပတ်သင့်စေသောကျောင်း, အာပတ်မသင့်စေသောကျောင်းတို့ကို ခွဲခြားဖြေဆိုရ၊ သမ္ဘုတိမရဘဲရဟန်းတစ်ပါး၏ ဒုဋ္ဌုလ္လအာပတ်ကို ကျောင်းဒကာကြီးအား ပြောကြားရာ၌ အဘယ်ရဟန်း၏ အဘယ်အာပတ်ကို အဘယ်သို့ပြောမှ အဘယ် အာပတ်သင့်သည်ကိုလည်း ကခ်ါညှိ၍ ဖြေဆိုပါ။

၈။ အန္တရာယိကာ ဓမ္မာ ဝုတ္တာ ဘဂဝတာ–၌ အန္တရာယ အရနှင့် အန္တရာယိက အရတို့ကို ကောက်ပြ၍ ဘုန်းကြီးကျောင်းပစ္စည်းများကို လူများအား ငှါးကောင်း/ မငှါးကောင်းနှင့် ပြန်မပေးပါက တောင်းကောင်း/မတောင်းကောင်းတို့ကိုလည်း ကခ်ါနှင့်အညီ ဖြေဆိုပါ။

၉။ မိခင်မေ့ကျန်ရစ်သော ပစ္စည်းများကို သိမ်းဆည်းရာ၌ အဘယ်ဝတ္ထုများကို အဘယ် အနေဖြင့် သိမ်းဆည်းပါက အဘယ်အာပတ်သင့်သည်ကို ဖြေဆိုရ၊ ဝိကာလအခါ ရွာ တွင်းသွားရာ၌ ပန်ပြောစရာမလိုသော နေရာတို့ကိုလည်း ဖြေဆိုပါ။

၁၀။ ဝဇ္ဇပွဋ္ဌာဒိကာသိက္ခာပုဒ်နှင့် စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်တို့၌လာသော ဂဏ–နှစ်ခုတို့၏ ထူးခြားချက်ကို ဖြေဆိုရ၊ သေခိယသိက္ခာပုဒ်များ၌ အာပတ်အမည်မတပ်ရခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ပါပသမာစာရဒုတိယသိက္ခာပုဒ်လာ သံသဋ္ဌာဝ အယျေ တုမှေ ။ပ။ သံယော ဝကြောတိ–တိုင်အောင် ပါဠိကိုရေးလေ။)

http://www.dhammadownload.com

၂။ (စတုတ္ထပါဠိဒေသနီယသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ သူစိယရ, မဠပီဋ, တူလောနဒ္ဒသိက္ခာပုဒ် ပေါင်း ၃-ပုဒ်။
ဂိလာနအမျိုးအစား-
ဂဏဘောဇနသိက္ခာပုဒ်- ဆွမ်းခံမသွားနိုင်လောက်အောင် မကျန်းမာသောပုဂ္ဂိုလ်၊
ပရမ္ပရဘောဇနသိက္ခာပုဒ်- တထိုင်တည်း ဝအောင်မစားနိုင်သော ပုဂ္ဂိုလ်၊
နဟာနသိက္ခာပုဒ်- ရေမချိုးလျှင် ချမ်းသာမှု မရှိသောပုဂ္ဂိုလ်။

၄။ ကိုယ်ပိုင်ဥစ္စာအဖြစ်မှ ကင်းအောင်ပြုခြင်း။ သီတင်းသုံးဖော် တစ်ဦးဦးအား ပေးစွန့်လိုက်ခြင်းကို ဝိကပ္ပနာ-ဟုခေါ်သည်။
ပြုရခြင်း အကျိုး- (တနသ်ာရီ ၇-၌)
ဘိက္ခု, ဘိက္ခုနီမတို့၏ထူးခြားချက်-
ဘိက္ခုများသည် ဥတ္တိစတုတ္ထကမ္မဝိပသမ္ပဒါဖြင့် ရဟန်းဖြစ်သည်၊ လူထွက်လိုလျှင် စိတ်, ခေတ်-စသော သိက္ခာကျကြောင်း အင်္ဂါ ၆-ပါးနှင့်ညီမှ လူဝတ်ကြောင်ဖြစ်သည်၊
ဘိက္ခုနီမများသည် အဋ္ဌဝါစိကူပသမ္ပဒါဖြင့် ရဟန်းဖြစ်သည်၊ လူထွက်လိုစိတ်ဖြင့် လူဝတ်လဲလျှင် လူဝတ်ကြောင်ဖြစ်သည်၊ ဤသို့ ထူးခြားသည်။

၅။ ပါတိမောက်သည် ဘုရားဟော အစစ်ဖြစ်ပါသည်။
သာဓက- ဇေတ္တက် တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အနုဒ္ဒမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။
မဖြစ်မနေ ကျင့်ရမည်။
သာဓက-
တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံ။
ကျင်ယမ်စွန့်ကောင်းသော နေရာ-
ပဌမဥစ္စာရဆဋ္ဌနသိက္ခာပုဒ်- အိမ်, ကျောင်းတို့၏ နံရံတစ်ဖက်၊ တံတိုင်းတစ်ဖက်။
ဒုတိယဥစ္စာရဆဋ္ဌနသိက္ခာပုဒ်- စိုက်ပျိုးအပ်သဖြင့် စိမ်းစိုသော လယ်-စသော အရပ်။
ဟရိတေဥစ္စာရသိက္ခာပုဒ်- စိမ်းစိုသော မြက်သစ်ပင်ပေါက်ရာ အရပ်။
ဥဒကေဥစ္စာရသိက္ခာပုဒ်- သုံးဆောင်ကောင်းသော ရေရှိရာ အရပ်။

၆။ (က) ပေသုညသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

http://www.dhammadownload.com

(ခ) သဠာရိတ္တသိက္ခာပုဒ်ဖြင့် သံယာဒိသေသ၊
(ဂ) ဟာရိတေဘဏ္ဍာရသိက္ခာပုဒ်ဖြင့် ဒုက္ကဋ်၊
(ဃ) ဂိဟိဝေယျာဝစ္စသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
(င) ဂိဟိနိဉမ္မဒ္ဒါပနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၇။ **ပါစိတ်အာပတ်သင့်စေသောကျောင်း-** အလုံးစုံ မိုး, ကာရံထားသောကျောင်း၊ ထက်ဝက်ကျော် မိုး, ကာရံထားသောကျောင်း။
ဒုက္ကဋ်အာပတ်သင့်စေသောကျောင်း- ထက်ဝက်မိုး, ကာရံထားသောကျောင်း။
အာပတ်မသင့်စေသောကျောင်း- အလုံးစုံ မိုးပြီး, လုံးဝ မကာရံထားသောကျောင်း။
အဘယ်ရဟန်း- စသည်-
ပါရာဇိက ကျ/ မကျသော ရဟန်း၏ အမှုလကပါရာဇိကအာပတ်ကို ("ရဟန်း မဟုတ်တော့ စသည်ဖြင့်) ပြောလျှင် သံယာဒိသေသ်အာပတ်သင့်သည်။
အမှုလက သံယာဒိသေသ် အာပတ်ကို (သင်သည် သုက္ကဝိဿဋ္ဌိအာပတ်သင့်သည်) စသည်ဖြင့် ပြောလျှင် သုဒ္ဓပါစိတ်အာပတ်သင့်သည်။
ပါစိတ်အာပတ်ဖြင့် စွပ်စွဲဖျက်ဆီးလျှင် ဒုက္ကဋ်အာပတ်သင့်သည်။

၈။ **အန္ဓရာယ အရ-** ဒိဋ္ဌမင်္ဂိုကစသော အကျိုးမဲ့များ။
အန္ဓရာယိက အရ- ကမ္မ, ကိလေသ, ဝိပါက, ဥပဝါဒ, အာဏာဝိတိက္ကမ။
အန္ဓရာယော ဒိဋ္ဌမင်္ဂိုကာဒိအနုဘော။ ဟေ (အန္ဓရာယိကာ) ၀ ကမ္မကိလေသဝိပါကူပဝါဒအာဏာဝိတိက္ကမေသု ဘဝေါ။ (သာရတ္ထ)
ဆောင်- ကံ, ကိလေသ၊ ဝိပါက၊ ဝါဒ, တိက္ကမာ။
ငှါးကောင်း/မငှါးကောင်း- ငှါးကောင်းသည်။
တောင်းကောင်း/မတောင်းကောင်း- ပြန်မပေးလျှင် မတောင်းကောင်း။

၉။ အဝတ်စသော ကပ္ပိယဝတ္ထုကို ဖြစ်စေ, ရွှေစသော အကပ္ပိယဝတ္ထုကိုဖြစ်စေ, ဘဏ္ဍာစိုး အနေဖြင့် သိုဋ်းသိမ်းဆည်းသော ရဟန်းအား ပါစိတ်အာပတ်သင့်သည်။
နေရာ- ရွာတွင်းကျောင်း, ဘိက္ခုနီကျောင်း, ရွာတွင်းဆွမ်းစားဇရပ်။

၁၀။ ဝဇ္ဇပွင့်ဆွာဒိကာသိက္ခာပုဒ်- မိမိမှတစ်ပါး အခြားသော ဘိက္ခုနီများ။
စောရီဝုဋ္ဌာပိကာသိက္ခာပုဒ်- မလ္လဂဏ (ကုသိုလ်ကောင်းမှု ပြုသူအပေါင်း)၊ ဘဒ္ဒိပုတ္တ

http://www.dhammadownload.com

ဂ၈ (ကဒဲနတ်ကို ကိုးကွယ်သူအပေါင်း)။

အာပတ်အမည်မတပ်ရခြင်း အကြောင်း- (မန္တလေး ၉-၇)

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ ဖော်ပြပါ ရဟန်းတော်များ သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးပြခဲ့ပါ။

(က) သမ္မုတိမရဘဲ တိစီဝရိတ်အဓิฐာန်တင်သက်နှင့် ညဉ့်ကင်း၍ နေသောရဟန်။

(ခ) မိစ္ဆာအယူဝါဒကို မစွန့်သော ဥက္ခိတ္တကရဟန်းမှန်းသိလျက် ကံကြီးကံငယ် အတူ ဆောင်ရွက်သောရဟန်။

၂။ အဓิကရဏ်းငြိမ်းကြောင်းကို ဝန်ခံပြီးနောက် တိုးပွါးအောင်အားထုတ်သော ရဟန်းမအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်နှင့် သိက္ခမာန်ကို သက်နှံးလျှောဒါန်းလျှင် ရဟန်းပြုလုပ်ပေးမည်ဟု ပြောပြီးနောက် မပြုလုပ်ပေးသော ရဟန်းမအား အပြစ်သင့်ရောက်ပုံပြ သိက္ခာပုဒ်တို့ကို အနက်မှန်မှန်ယောဇနာပြပါ။

၃။ အညဘာဂိယသ အဓิကရဏသ-ဝယ် အရှင်ဒဗ္ဗ၏ အညဘာဂိယဖြစ်ပုံကို တိကျစွာ ရှင်းပြ၍၊ သံယာဒိသေသ်အာပတ်သို့ရောက်ရှိသော ရဟန်း၏လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို ဖြေဆိုပြီးလျှင်၊ သုက္ကဝိဿဋ္ဌိသိက္ခာပုဒ်၌ မူလပညတ်, အနုပညတ်ပြ စကားရပ်တို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။

၄။ တိက္ခ် ဓမ္မာန်-၌ တိက္ခ်-အရကို ကောက်ပြ၍၊ သဒ္ဒါထက်သန်စွာဖြင့် ရွှေ ငွေကိုလှူဒါန်း ရာတွင် သာယာခြင်းမရှိသောရဟန်းအား အာပတ်သင့်/မသင့် တိကျစွာ ဆုံးဖြတ်၍၊ ဒန္တပေါနသိက္ခာပုဒ်၌ "အဒိန္န"အရကိုလည်း ဖြေဆိုပါ။

၅။ ရေသနုပ်ပြုလုပ်လိုသောရဟန်းမ ယူရမည့်အတိုင်းအတာပမာဏကို ဖြေဆို၍၊ ရဟန်း မိန်းမများ သက်နှံးမပေးကောင်းသော ပုဂ္ဂိုလ်များကို ဖြေဆိုပြီးလျှင်၊ ကျောင်းဆောင်၏ အပြင်ဘက်၌ မစွန့်သင့်သော အရာဝတ္ထုများကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com

၆။ အောက်ပါရဟန်း/ရဟန်းမတို့အား အာပတ်သင့် မသင့်ကို သိကွာပုဒ်ထောက်၍ ဖြေဆိုပါ။
(က) ဆွေမျိုးမတော်သောရဟန်းမနှင့် သက်နိုးလဲလှယ်သော ရဟန်း။
(ခ) ရဟန်းအား ရယ်မြူးလိုက်၍ ဆဲဆိုသော ရဟန်း။
(ဂ) ယာဝဇီဝိကဘောဇဉ်များကို သိုမှီးသိမ်းဆည်းသော ရဟန်း။
(ဃ) ရှေးက သာမဏေမ ပြုလုပ်ဘူးသော ခိုးသူမကို ရဟန်းခံပေးသော ဘိက္ခုနီ၊
(င) ဝဲယာကြည့်ပြီး တံတိုင်းတစ်ဘက်သို့ ကျင်ကြီး ကျင်ငယ်စွန့်သော ရဟန်းမ။

၇။ "ဝိနည်းမှာ သိမ်"ဟု ဆိုရာတွင် တောင်ပို့နိမိတ်၏ပမာဏကို ဖြေဆိုရ၍၊ အာပတ်ကို ထင်စွာပြုလျှင် အကျိုးရှိ/မရှိ သာဓကဖြင့် ဖြေဆိုပြီးလျှင်၊ နောက်ထပ်ပညတ်အပ်သော ပညတ်သရုပ်ကိုလည်း အဋ္ဌကထာနှင့်အညီ ဖြေဆိုပါ။

၈။ သေခါယသိက္ခာပုဒ်ကို ကျူးလွန်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်ရခြင်းအကြောင်းကို ဖြေဆိုရ၍၊ အပွသဒ္ဒ၊ ပါပသိလောကတို့၏ အဓိပ္ပါယ်ကိုလည်း အဋ္ဌကထာအတိုင်း ဖြေဆိုခဲ့ပါ။

၉။ (က) ဝိဟေသိက၊ (ခ) ပေါက္ခရဏီ၊ (ဂ) အာဝသထတို့၏ အဓိပ္ပါယ်ကို အဋ္ဌကထာအလိုကျ ဖြေဆိုရ၍၊ အမျိုးဌ ဝန်တို့မှုကြောင့် ပါစိတ်အာပတ်သင့်ရခြင်းကိုလည်း ဖြေဆိုပါ။

၁၀။ အဘယ်ကို ရဟန်းမရှိသောကျောင်း ဟုခေါ်ပါသနည်း ဖြေဆိုရ၍၊ ပဝါရဏာ ဥတ်အမျိုးအစားကို ဖော်ပြပြီးလျှင်၊ ကျန်းမာသောရဟန်း ထီး, ဖိနပ်ဆောင်သော်လည်း အာပတ်မသင့်ရာဌာနများကို ဖြေဆိုခဲ့ပါ။

၁၃။ ရခိုင်ပြည်နယ် (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) ဒုတိယကထိနသိက္ခာပုဒ်၊ (ခ) ဥက္ခိတ္တသမ္ဘောဂသိက္ခာပုဒ် တို့ကို ပါဠိရေးလေ။

၂။ စိတ္တာဂါရဝဂ်၊ အဓိကရဏသိက္ခာပုဒ်, နှင့် ပဌမသိက္ခမာန နှ ဝုဋ္ဌာပန သိက္ခာပုဒ်တို့ကို အနက် ရေးလေ။
မှတ်ချက်– ပုစ္ဆက အာဘော်ကို ချိန်ဆ၍ ဖြေခြင်း ဖြစ်သည်၊ ပုစ္ဆာ၌ ဝန်ခံပြီးနောက် တိုးပွါးအောင် အားထုတ်သောဟု မေးထားသည်၊ ၎င်း၌ တာဝန်ကို မထမ်းဆောင်ခြင်း

http://www.dhammadownload.com

သာ ဖြစ်သည်၊ တိုးပွားအောင် လုပ်သည်မဟုတ်၊ တိုးပွားအောင် လုပ်–ဟူသောစကား ကို ထောက်လျှင် ဇောတိဝဂ်၊ ဥတ္တောဌနသိက္ခာပုဒ်လည်း ဖြစ်နိုင်သည်။

၃။ ဆိတ်ဖိုတစ်ကောင်၏ ကျူးလွန်မှုကို မိမိ မလိုမုန်းထားသော အရှင်ဒဗ္ဗ ကျူးလွန်သည် ထင်ရအောင် ဆင်တူယိုးမှား ပြုလုပ်ပြီး မေတ္တိယဘုမ္မဇကရဟန်းတို့က ဆိတ်ဖိုကို ဒဗ္ဗ မလ္လပုတ္တ–ဟုမှည့်ခေါ်ကြသည်၊ သို့ဖြစ်၍ ဒဗ္ဗမလ္လပုတ္တအမည်ရသော အရှင်ဒဗ္ဗသည် ဆိတ်ဖိုဟူသော အဖို့တစ်ပါးရှိသောကြောင့် အညဘာဂိယဖြစ်သည်။

ဆောင်ရွက်ရမည့် တာဝန်များ–

သံယာဒိသေသ်အာပတ်သင့်လျှင် ဖုံးထားသော နေ့ရက်နှင့်အညီ ပရိဝါသ်နေရမည်၊ ပရိဝါသ်နေပြီးနောက် ဘိက္ခုမာနတ္တအကျိုးငါ့ ၆–ညဉ့်တိုင်တိုင် မာနတ်ကျင့်ရမည်၊ မာနတ်ကျင့်ပြီးနောက် သံယာ ၂–ကျိပ်ရှိရာ သိမ်အတွင်းဌ် အဗ္ဘာန်သွင်းရမည်။

မူလပညတ်– သဠေတနိကာ သုက္ကဝိဿဋ္ဌိ၊ သံယာဒိသေသော။

အနုပညတ်– အညတြ သုပိနန္တာ။

၄။ ပါရာဇိက, သံယာဒိသေသ်, ပါစိတ်။

အာပတ်သင့်/မသင့်–

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျ–ဟု ဟောတော်မူသောကြောင့် အာပတ်မသင့်။

အဒိန္နဿ အရ– ကာယ, ကာယပဋိဗဒ္ဓ, နိဿဂ္ဂိယ ၃–မျိုးတွင် ၁–မျိုးမျိုးဖြင့် မပေး မကပ်အပ်သော အာဟာရ။

၅။ မြတ်စွာဘုရား အထွာတော်ဖြင့် အလျား ၄–ထွာ၊ အနံ ၂–ထွာ။

သင်္ကန်းမပေးကောင်းသော ပုဂ္ဂိုလ်များ–

မိဘ ၂–ပါးမှ တစ်ပါး အိမ်နေသူ လူဝတ်ကြောင်များ, ပရိဗိုဇ်ယောကျ်ား, ပရိဗိုဇ်မ။

မစွန့်သင့်သော အရာဝတ္ထုများ–

ကျင်ကြီး, ကျင်ငယ်, အမှိုက်, စားကြွင်း စားကျန်။

၆။ (က) စီဝရပဋိဂ္ဂဟဏ, စီဝရဒါနသိက္ခာပုဒ်တို့လာ အညတြ ပါရိဝတ္တကာ–ကို ထောက်၍ အာပတ်မသင့်၊

(ခ) ဩမသဝါဒသိက္ခာပုဒ်ဖြင့် ဒုဗ္ဘာသိအာပတ်၊

(ဂ) သန္ဓိမိကာရကသိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊

http://www.dhammadownload.com

(ဃ) စောရိဝုဋ္ဌာပိကာသိက္ခာပုဒ်လာ အညတြ ကပ္ပါ-ကို ထောက်၍ အာပတ် မသင့်၊
(c) ပဌမဥစ္စာရဆဋ္ဌနသိက္ခာပုဒ်ကို ထောက်၍ အာပတ်မသင့်။

၇။ အနည်းဆုံး အပိုင်းအခြားအားဖြင့် သိမ်သမုတ်သောနေ့၌ ပေါ်ပေါက်သော လက် ၈-သစ် အမြင့်ရှိ နွားဦးချိုပမာဏ။
အကျိုးရှိ/မရှိ- အကျိုးရှိပါသည်။
သာဓက- အာဝိကတာ ဟိသ ဖာသု ဟောတိ။
အနုပညတ်သရုပ်- (မန္တလေး ၇-၌)

၈။ ပဒဘာဇနီ၌ အာပတ္တိ ဒုက္ကဋသ-ဟု ဟောတော်မူသောကြောင့် ဒုက္ကဋ်အာပတ် သင့်သည်။
အပွသဒ္ဒ- ၁၂-တောင်ကျယ်သော အိမ်ဝယ် အစဉ် သံယာ့ထေရ်, အလယ်၌ ဒုတိယထေရ်, အဆုံး၌ တတိယထေရ်ဟု ထိုင်နေကြရာ သံယာ့ထေရ်က ၆-တောင်ကွာ ဝေးသော ဒုတိယထေရ်နှင့် တိုင်ပင်စကားပြောရာ ဒုတိယ မထေရ်သည် အသံလည်ကြား, စကားလည်း နားလည်၏။ ၁၂-တောင်ကွာဝေးသော တတိယမထေရ်ကား အသံသာ ကြား၍ စကား နားမလည် ထိုသို့သော အသံများသည် အပွသဒ္ဒ။
ပါပသီလောက- ယုတ်မာသော အသက်မွေးဝမ်းကြောင်းရှိသော ရဟန်းမများ။

၉။ (က) အချင်းချင်းအပေါ် နိဂ္ဂဟကံ ပြုလတ်သော် ထိုကံမဖြစ်အောင် တားမြစ်ခြင်း၊ (တားမြစ်ခြင်းရှိသော ဘိက္ခုနီများ)
(ခ) လူအများ၏ မြူးထူးပျော်ပါးကစားရာ ရေကန်၊
(ဂ) တံခါးရွက် ဖွဲ့တပ်အပ်သော သံယိကကျောင်း။
ပါစိတ်အာပတ်သင့်ရခြင်း-
၁။ ဘိက္ခုနီများအား ပစ္စည်း ၄-ပါးလျှုလိုသော အမျိုးသို့ အဘယ်နည်းဖြင့် ဘိက္ခုနီတို့ မသွားကုန်ရာအုံ့နည်းဟုကြံ၍ ဘိက္ခုနီတို့အထံ အမျိုး၏အပြစ်ကို ပြောဆိုသော ရဟန်းမ၊
၂။ ဣဒါယကာတို့သည် အဘယ်နည်းဖြင့် ထိုဘိက္ခုနီတို့အား တစ်စုံတစ်ခုကို မပေးကုန်ရာအုံ့နည်းဟု ကြံ၍ အမျိုး၏ အထံ၌ ဘိက္ခုနီတို့ အပြစ်ကို ပြောဆိုသော ရဟန်းမတို့အား ပါစိတ်အာပတ်သင့်သည်။

http://www.dhammadownload.com

၁၀။ ၁။ ဘိက္ခုနီတို့ ကျောင်းမှ ယူဇနာဝက်အတွင်း ဩဝါဒပေးနိုင်သော ရဟန်းများ မနေ, မရှိသော ကျောင်း။

၂။ ရဟန်းများရှိသော်လည်း လမ်းခရီးက အန္တရာယ်ရှိသဖြင့် ဘေးကင်းစွာ မသွားနိုင်သော ကျောင်း။

ဥတ္တ အမျိုးအစား–

၁။ သမ္ဘသင်္ဂါဟိကဥတ္တ၊ ၂။ တေဝါစိကဥတ္တ၊ ၃။ ဒွေဝါစိကဥတ္တ၊

၄။ ဧကဝါစိကဥတ္တ၊ ၅။ သမာနဝဿိကဥတ္တ။

အာပတ်မသင့်ရာ ဌာနများ– ကျောင်းတိုက်, ကျောင်းတိုက်၏ ဥပစာ။

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း) ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂- ၄-၂၀၀၉) ကြာသပတေးနေ့။

၁။ ဆွမ်းပင့်ဖိတ်ကျွေးရာအိမ်၌ ရဟန်းတော်များ ဆွမ်းဘုဉ်းပေးနေစဉ် ဘိက္ခုနီမများ ဆွမ်း, ဆွမ်းဟင်းလိုက်စေဖို့ စီမံနေရာ၌ ရဟန်းတော်များ ပြုကျင့်ရမည့်ဝတ်ကို ပြဆိုသော သိက္ခာပုဒ်ကို ပါဠိရေးပါ။

၂။ လူအချင်းချင်း ပေါင်းသင်းဆက်ဆံခြင်းကဲ့သို့ လူတို့နှင့် ရောနှောဆက်ဆံပြီး ငယ်ကုန် အလွန်ငယ်ကုန်သော အပြစ်တို့ကို ဖုံးလွှမ်းနေထိုင်ကြကုန်သော ရဟန်းမအား ရဟန်း မိန်းမကောင်းတို့က တားမြစ်ပြောဆိုပုံ စကားရပ်ကို အနက်ပေးခဲ့ပါ။

၃။ အညတြ အဓိမာနာ–၌ အဓိမာနဖြစ်နိုင်သောပုဂ္ဂိုလ်, အဓိမာနဖြစ်သောတရားတို့ကို ဖော်ပြ၍ ဒုဋ္ဌဒေါသသိက္ခာပုဒ်နှင့် ပထမအနိယတသိက္ခာပုဒ်တို့၌ပါသော "ပါရာဇိကေန" တို့၏ ထူးခြားမှုကိုလည်း ဖြေဆိုခဲ့ပါ။

၄။ "ဘုရားမှာ စိန်၊ ကျောင်းမှာ သိမ်၊ သင်္ကန်းမှာ ကထိန်" ဟူသောစကားနှင့်အညီ သာသနာတော်၌ အမြတ်ဆုံး အလှူဖြစ်အောင် ကထိန်ခင်းပုံအစီအစဉ်ကို အမြွက်မျှ ဖော်ပြ၍ ဆဗ္ဗဿသသိက္ခာပုဒ်၌ပါသော အညတြ ဘိက္ခုသမ္မုတိယာဝယ် ဘိက္ခု အရ, သမ္မုတိအရ တို့ကိုလည်း တိကျစွာ ကောက်ပြပါ။

http://www.dhammadownload.com

၅။ "မုသားမပါ လက်ာမချော"ဟုဆိုပြီး လောကဝယ် ပြောဆိုသုံးစွဲနေကြသော်လည်း ဘုရားရှင်က ရဟန်းတော်များအတွက် မုသားနှင့်စပ်လျဉ်း၍ ပညတ်ထားသောအပြစ်များကို သိကွာပုဒ်ထောက် ဖြေဆိုရ၍၊ ရဟန်းတော်များ ခေါင်းအုံးရမည့် ခေါင်းအုံး၏ ပမာဏကိုလည်း ညွှန်ပြပါ။

၆။ ဘိက္ခုနီ ဥဇ္ဇဏဏဏ္ဍမဏ္ဍလိကာသိက္ခာပုဒ်နှင့် သံယာဒိသေသ ပဌမဘောဇနသိက္ခာပုဒ်လာ အဝသုတာပုဒ်တို့၏ ထူးခြားမှုကို ဖြေဆိုရ၍၊ ဂရုပါဝုရဏ, လဟုပါဝုရဏခြုံထည်တို့၏ (က) တန်ဖိုး၊ (ခ) သုံးစွဲရမည့်ကာလ၊ (ဂ) တောင်းနိုင်သည့်ပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြပါ။

၇။ အနာပုစ္ဆာပက္ကမနသိက္ခာပုဒ်နှင့် အနာပုစ္ဆာသန္ထရဏသိက္ခာပုဒ်လာ သာမိကတို့၏အထူးကို ဖြေဆိုရ၍၊ ပရအာဘိသပနသိက္ခာပုဒ်လာ နိရယ, ဗြဟ္မစရိယနည်းတို့ဖြင့် ကြိမ်ဆဲပုံကို အတ္တ, ပရ ပုဂ္ဂအားဖြင့် ဝေဖန်ပြပါ။

၈။ "ဝိနည်းမှာ သိမ်၊ သဒ္ဒါမှာ လိင်"ဟူသော စကားနှင့်အညီ ဗဒ္ဓသိမ်အောင်မြင်စေရန် အစိတ်အပိုင်းတစ်ခုအနေနှင့် အရေးကြီးသော နိမိတ္တသမ္ဘတ္တိတွင် ပါဝင်သော ပါသာဏနိမိတ်ကို ကခ်ီလာအတိုင်းဖော်ပြ၍၊ လာဘသိမ်မည်ပုံကိုလည်း ရေးခဲ့ပါ။

၉။ ယခုခေတ်တွင် "ကပ်ပြီးလျှင် ပြန်မကိုင်ကောင်းဘူး၊ ပြန်ကပ်"စသည်ဖြင့် အသုံးများနေကြရာ ထိုစကား မှန်/မမှန်ကို အကြောင်းပြ ဖြေဆိုရ၍၊ သံယာအား မဝေဖန်ထိုက်သော ပစ္စည်း သရုပ်တို့တွင် စတုတ္ထရာသိကိုသာ ကခ်ီလာအတိုင်းထုတ်ပြပါ။

၁၀။ အောက်ပါ ဘိက္ခု, ဘိက္ခုနီတို့အား သင့်ရောက်သောအပြစ်တို့ကို သိကွာပုဒ်ထောက်၍ ဖြေဆိုပြပါ။

(က) ရေကူးကန်၌ ရေငုတ်ကူးခတ်ကစားနေသော ရဟန်း။

(ခ) မိမိ၏ ကိုယ်အမူအရာကို သိနားလည်သောမိန်းမအား လက်အမူအရာဖြင့် မေထုန်အလှူခံသော ရဟန်း။

(ဂ) ကျန်းမာလျက် စပါးတောင်း၍ ချက်စားသော ရဟန်းမ၊

(ဃ) သူတစ်ပါးစိတ်မချမ်းသာအောင် အရွဲ့တို [ကာ်စာကျက်သော ရဟန်းမ၊

(င) မြို့တွင်း၌ ထီးဆောင်းသော ရဟန်းမ။

http://www.dhammadownload.com

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ ဒုတိယပါဠိဒေသနီယသိက္ခာပုဒ်ကို ပါဠိရေးလေ။

၂။ ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟာရန္တိ ။ပ။ ဝဏ္ဏေတိ-ကို အနက်ရေးလေ။

၃။ **ပုဗ္ဗိုလ်-** သခါရတရားတို့ကို လက္ခဏာယာဉ် ၃-ပါးသို့ တင်၍ သုံးသပ်သော အာရဒ္ဓဝိပဿနာရဟန်း။

ဖြစ်သောတရား- အနိစ္စ, ဒုက္ခ, အနတ္တဟူသော လက္ခဏာယာဉ် သုံးပါးသို့တင်သော သခါရတရား။

ထူးခြားမှု-

ဒုဋ္ဌဒေါသသိက္ခာပုဒ်၌ ပါရာဇိက ၂၄-ပါးရှိသည့်အနက် ရဟန်းအား သင့်လျော်လျောက်ပတ်သော ပါရာဇိက ၁၉-ပါးကိုယူ။

ပထမအနိယတသိက္ခာပုဒ်၌ မေထုနဓမ္မပါရာဇိကအာပတ်ကိုယူ၊ ဤသို့ထူးသည်။

၄။ ၁၊ သိမ်အတွင်း၌ သံဃာစည်းဝေး၍ ကထိန်သင်္ကန်းကို ဥတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်ခင်းထိုက်သော ရဟန်းကို ရွေးချယ်ပေးအပ်ရခြင်း။

၂။ ကထိန်ခင်းထိုက်သော ရဟန်းက သင်္ကန်းဟောင်းကို ပစ္စုद्ধိရ်ပြုရခြင်း။

၃။ ကထိန်ခင်းမည့်သင်္ကန်းကို ကပ္ပဗိန္ဒုထိုး၍ အဓိဋ္ဌာန်တင်ရခြင်း။

၄။ ထို့နောက် "ဣမာယ သင်္ဃာဋိယာ (ဣမိနာ ဥတ္တရာသင်္ဂေန, ဣမိနာ အန္တရဝါသကေန) ကထိနံ အတ္ထရာမိ"ဟုဆို၍ ကထိန်ခင်းရခြင်း။

၅။ ထို့နောက် ကထိန်ခင်းသောရဟန်းက "အတ္ထတံ ဘန္တေ သံဃသ္သ ကထိနံ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထ"ဟု ရွတ်ဆိုတိုက်တွန်းရခြင်း။

၆။ သိမ်အတွင်းရှိ ပုရိမဝဿံဝုတ္ထ ရဟန်းတော်များက "အတ္ထတံ ဘန္တေ သံဃသ္သ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ"ဟုဆို၍ အနုမောဒနာပြုရခြင်းတို့ဖြစ်သည်။

အည အရ- အခင်းနှင့် ကင်း၍လည်း မချမ်းသာ၊ အခင်းကို ယူဆောင်၍လည်း မသွားနိုင်သော ဂိလာနရဟန်း။

သမ္ဘုတိ အရ- သံဃာက ဥတ္တိဒုတိယကမ္မဝါစာဖြင့် ပေးအပ်သော သန္ထတသမ္ဘုတိ။

http://www.dhammadownload.com

၅။ ၁။ ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်ဖြင့် ပါရာဇိကအာပတ်၊
၂။ ဒုဋ္ဌဒေါသ, အညဘာဂိယသိက္ခာပုဒ်တို့ဖြင့် သံဃာဒိသေသ်အာပတ်၊
၃။ အမူလကသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်၊
၄။ မုသာဝါဒသိက္ခာပုဒ်ဖြင့်ပါစိတ်အာပတ်။
ခေါင်းအုံးပမာဏ- အလျား ၂-တောင်၊ အနံ တောင်ဆုပ်။

၆။ ဥဗ္ဘတောဝုဋ္ဌာနသိက္ခာပုဒ်၌ ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော ဘိက္ခုနီမ၊ သံဃာဒိသေသ် ပဌမဘောဇနသိက္ခာပုဒ်၌ ဆန္ဒရာဂဖြင့် စိုးစွတ်သော ရဟန်းမနှင့် ယေက်ျားတိုကိုယူသည်၊ ဤသို့ထူးသည်။
ဂရုပါဝုရဏ-
(က) ၄-ကံသ၊ (၁၆-ကျပ်)
(ခ) အေးသောကာလ၊
(ဂ) သီတင်းသုံးဘော် ၅-ဦးနှင့် ဥတိ, ပဝါရိတတို့မှတစ်ပါး အခြားတစ်စုံတစ်ယောက်က တရားဟောကောင်းခြင်းစသော တစ်စုံတစ်ခုသော ဂုဏ်ကြောင့် "အရှင်မ အလိုရှိသောဝတ္ထုကို ပြောကြပါ"ဟု လျှောက်အပ်သော ရဟန်းမ။
လဟုပါဝုရဏ-
(က) ၂-ကံသခွဲ၊ (၁၀-ကျပ်)
(ခ) ပူသောကာလ၊
(ဂ) သီတင်းသုံးဘော် ၅-ဦးနှင့် ဥတိ, ပဝါရိတတို့မှတစ်ပါး အခြားတစ်စုံတစ်ယောက်က တရားဟောကောင်းခြင်းစသော တစ်စုံတစ်ခုသော ဂုဏ်ကြောင့် "အရှင်မ အလိုရှိသောဝတ္ထုကို ပြောကြပါ"ဟု လျှောက်အပ်သော ရဟန်းမ။

၇။ အနာပုစ္ဆာပဏ္ဏမနသိက္ခာပုဒ်၌ ထိုအိမ်၌ တတ်သိနားလည်သူ တစ်စုံတစ်ယောက်ကိုယူ၊ အနာပုစ္ဆာသန္ဌရဏသိက္ခာပုဒ်၌ အိပ်ရာနေရာအခင်းကို ပေးနိုင်ခွင့်ရှိသူ လူကြီးကိုယူ၊ ဤသို့ထူးသည်။
နိရယဖြင့် ကျိန်ဆဲပုံ-
အတ္တ- နိရယေ ဥပပဇ္ဇာမိ- ငရဲ၌ ဖြစ်ရပါစေရဲ့ ငရဲကျရပါစေရဲ့။
ပရ- နိရယေ ဥပပဇ္ဇတု- ငရဲ၌ ဖြစ်ပါစေဟယ်၊ ငရဲကျပါစေဟယ်။

http://www.dhammadownload.com

မြဟွစရိယဖြင့် ကျိန်ဆဲပုံ-

အတ္တ- ဂိဟိနီ ဟောမိ- လူဝတ်ကြောင်မ ဖြစ်ရပါစေရဲ့

ပရ- ဂိဟိနီ ဟောတု- လူဝတ်ကြောင်မ ဖြစ်ပါစေဟယ်။

၈။ မည်သည့်ကျောက်မျိုးမဆို အလွန်ဆုံး ၇-တောင်၊ ၇-တောင့်ထွာရှိ ဆင်ပမာဏ အောက်ငယ်သော ကျောက်ကို အစပြု၍ အောက်တစ်ဆုံး ၃၂-ပိုလ် တင်လဲခဲ အတိုင်း အရှည်ရှိသော ကျောက်သည် နိမိတ္တူပဂပါသာဏ နိမိတ်လောက်သော ကျောက် ဖြစ်သည်။

ထို ၃၂-ပိုလ် တင်လဲခဲအောက် ငယ်သော ကျောက်သည် အနိမိတ္တူပဂပါသာဏ နိမိတ် - မလောက်သော ကျောက်ဖြစ်သည်။

လာဘသိမ်မည်ပုံ-

မင်း, မင်း၏ အမတ်ကြီးစသူတို့က ကျောင်းဆောက်စေ၍ တစ်ဂါဝုတ်, ယူဇနာဝက် တစ် ယူဇနာအရပ်ကို ကျောင်းတိုက်၏ ပတ်ဝန်းကျင်၌ ပိုင်းခြားကန့်သတ်ပြီး "ဤအပိုင်း အခြားသည် ငါတို့ ကျောင်းတိုက်၏ လာဘ်လာဘအကျိုးငှါ ထားအပ်သော အပိုင်း အခြားတည်း၊ ဤအပိုင်းအခြားအတွင်း၌ဖြစ်သည့် ကင်းခွန်၊ ကောက်စပါး စသော ပစ္စည်းဝတ္ထုအားလုံးကို ငါတို့၏ ကျောင်းတိုက်အားလျှဒါန်းပါကုန်၏" ဟု ပြောဆိုလျှောက် ထား၍ ထားအပ်သော အပိုင်းအခြားသည် လာဘသိမ်မည်၏။

၉။ အကပ်ခံပြီးသော ဝတ္ထုသည် လက်မှလွတ်သော်လည်း စားဦးမည်-ဟု ငဲ့ကွက်မှုရှိနေ သေးသမျှ ငဲ့ကွက်မှုမရှိတော့သော်လည် လက်မှ မလွတ်သေးသမျှ အကပ်မပျက်သေး သောကြောင့် မမှန်ပါ။

တစ်နည်း- အကပ်ပျက်ကြောင်းအင်္ဂါတို့တွင် မပါဝင်သောကြောင့် မမှန်ပါ။

မဝေဖန်ထိုက်သော ပစ္စည်းသရုပ်-

သံအိုး, ကြေးအိုး, သံအိုးစရည်း, ကြေးအိုးစရည်း, သံရေအိုး, ကြေးရေအိုး, သံဖျင်းအိုး, ကြေးဖျင်းအိုး, ပဲကွပ်, ပုဆိန်, ဓားမ, ပေါက်တူး, ဆောက်။ (၉)

၁၀။ (က) ဟသမ္မေသိက္ခာပုဒ်ကိုထောက်၍ ပါစိတ်၊

(ခ) အတ္တကာမပါရိစရိယသိက္ခာပုဒ်ဖြင့် သံယာဒိသိသ်၊

(ဂ) အာမကညေသိက္ခာပုဒ်ဖြင့် ပါစိတ်၊

http://www.dhammadownload.com

၅၂

အရှင်တိလောကာဘိဝံသ (အင်းစိန်)

(ဃ) သဠေ့ဓာသိက္ခာပုဒ်ဖြင့် ပါစိတ်၊

(c) ဆတ္တာပါဟနသိက္ခာပုဒ်ဖြင့် ပါစိတ်။

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)

ပထမကြိုးတန်း ။ ။ ဝိနယဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂- ၄-၂၀၀၉) ကြာသပတေးနေ့။

၁။ ဘိက္ခုနီပါတိမောက်၌ ဒေသနာပြောကြားရုံမျှဖြင့် မပြီးသေးသော သုဒ္ဓပါစိတ်သိက္ခာပုဒ်တို့တွင် ဒုတိယသိက္ခာပုဒ်၌ အဓမ္မဝါဒီရဟန်းပြောဆိုသော စကားရပ်နှင့် ဓမ္မဝါဒီရဟန်းတော်များ၏ ပြောဆိုသောစကားရပ်တို့ကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။

၂။ ၂၂၇-သွယ် သိက္ခာပုဒ်များအနက် မဖျိုမဒေသအတွက် သီးခြားပညတ်သော သိက္ခာပုဒ်ကို အနက်ပေးခဲ့ပါ။

၃။ စိတ်တိုပြီး ရဟန်းတစ်ပါး၏ အရှိုက်ကို ဒူးနှင့်တိုက်သော ရဟန်းအား တလသတ္တိက သိက္ခာပုဒ်အရ အပြစ်သင့်/မသင့် အကြောင်းသွင်းဖြေဆိုရ၍ ဘိက္ခုနီသုဒ္ဓါပါစိတ် နဂ္ဂဝဂ်လာ သယံဂ္ဂါဟိစာရံ-၌ သယံဂ္ဂါဟိအရကို ပါဠိ+ မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြခဲ့ပါ။

၄။ ဘိက္ခုနီမများ ကျင်ကြီး ကျင်ငယ် မစွန့်ကောင်းသော နေရာများကို ဘိက္ခုနီသုဒ္ဓပါစိတ်လာအတိုင်း ဖြေဆိုရ၍၊ သိက္ခမာန်အား ပဋ္ဌင်းခံပေးထိုက်သော အဂ်ါရပ်များကိုလည်း ဖြေဆိုပြပါ။

၅။ ဖော်ပြပါ ရဟန်း, ရဟန်းမတို့အား ဖြစ်သင့်သောအာပတ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြခဲ့ပါ။

(က) တန်ဆောင်မုန်းလပြည့်ကျော်မှ မိုးရေခံသက်နှံးဝတ်ရုံသော ရဟန်း၊

(ခ) မွန်းလွဲချိန်၌ မပန်ကြားဘဲ ရွာထဲသို့ သွားလည်သော ရဟန်း၊

(ဂ) ကိုယ်တိုင်ချည်ရှာ၍ သက်နှံးရက်ခိုင်းသော ရဟန်း၊

(ဃ)ဆွေမျိုးစသည် ပျက်စီးခြင်းကြောင့် ရင်ကို ထုရ်ထုရ် ငိုကြွေးသော ရဟန်းမ၊

(c) တစ်နှစ်တည်း၌ သိက္ခမာန် ၂-ပါးတို့ကို ဥပဇ္ဈာယ်ပြုလုပ်၍ ပဋ္ဌင်းပြုပေးသော ရဟန်းမ။

http://www.dhammadownload.com

၆။ ဘိက္ခုနီ သုဒ္ဓပါစိတ် သိက္ခာပုဒ်တော်များ၌ပါရှိသည့် ရဟန်းမပြုကောင်းသော အမျိုးသမီးများကို ကုန်စင်အောင် ရေတွက်ပြပါ။

၇။ သဘာဝါပတ္တိယော စ နိဿဂ္ဂိ- ၌ သဘာဝအာပတ်အမျိုးအစားများကို အမိပ္ပါယ်နှင့်တကွ ဖြေဆိုပြီးလျှင်၊ အာပန္နော ဝိသုဒ္ဓါပေက္ခော- ဝယ် ဝိသုဒ္ဓ- အရကိုလည်း ကခ်ီဆရာအာဘော်ကျ ကောက်ပြပါ။

၈။ ဘိက္ခု အဘိနေတမ္ဘာ ဝတ္ထုဒေသနာယ- ၌ ဘိက္ခုအရကို ကောက်ပြပြီးလျှင်၊ စီဝရ- အစ္ဆိန္နနသိက္ခာပုဒ်လာ သာမံ စီဝရံ ဒတ္တာ- အရ သက်နိုးပေးခြင်းဟူသည် အဘယ်ကဲ့သို့သော ပေးခြင်းမျိုးဖြစ်ပါသနည်း ကခ်ီအဖွင့်ကိုရှု၍ ဖြေဆိုပြပါ။

၉။ ဥတ္တရိမနုဿဓမ္မ- ကို တိုက်ရိုက်ပြောကြားခြင်း, ပရိယာယ်အားဖြင့် ပြောကြားခြင်းအကျိုးငါ်လည်းကောင်း။ ပါရာဇိက သံဃာဒိသေသ် အာစာရဝိပတ္တိဖြင့် စွပ်စွဲခြင်းအကျိုးငါ်လည်းကောင်း မုသားဆိုသောရဟန်းအားသင့်သော အာပတ်အသီးသီးတို့ကို ဖော်ပြပါ။

၁၀။ အရိယာပုဂ္ဂိုလ်, ဗျာနလာဘီပုဂ္ဂိုလ်တို့အား ဥမ္မတ္တကပုဂ္ဂိုလ်စသည်ဖြစ်ခြင်း ရှိ/မရှိကိုလည်းကောင်း။ ဘုတရောစနသိက္ခာပုဒ်၌ ဥမ္မတ္တကစသော ပုဂ္ဂိုလ်များ ယူရ/မယူရကိုလည်းကောင်း။ ဖြေဆိုပြပါ။

၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း) (အဖြေ
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ **အဓမ္မဝါဒီရဟန်းပြောဆိုသော စကားရပ်-**
တထာဟံ ဘဂဝတာ ဓမ္မံ ။ပ။ နာလံ အန္တရာယာယ- နှင့်
ဓမ္မဝါဒီရဟန်းများပြောဆိုသောစကားရပ်-
မာယေ့ ဇဝံ အဝစ၊ မာ ဘဂဝန္တံ အဗ္ဘာစိက္ခိ ။ပ။ တေ ပဋိသေဝတော အန္တရာယာယ။
မှတ်ချက်- ပုစ္ဆာ၌ ရဟန်းဟု ရှိနေသည်။

၂။ (နဟာနသိက္ခာပုဒ်ကို အနက်ရေးလေ။)

၃။ မြောက်ပင့် ရွယ်မိုးခြင်း သဘောမရှိသောကြောင့် တလသတ္တိကသိက္ခာပုဒ်ဖြင့် အပြစ်မသင့်ပါ။ (ပဟာရသိက္ခာပုဒ်ဖြင့်သာ အပြစ်သင့်သည်)

http://www.dhammadownload.com

သယံဘူ အရ-

တိစ်ဝရ- သင်းပိုင်, ကိုယ်ရုံ, ဒုကုဋ္ဌ-ဟူသော သင်္ကန်း ၃-ထည်၊

ဥဒကသာဋ္ဌိကာ- ရေသနဝ်သင်္ကန်း။

သံကစ္စိကာ- ရင်စည်းတဘက်။

၄။ **မစ္စန့်ကောင်းသောနေရာများ-**

၁။ အိမ်, ကျောင်း၏ နံရံ အပြင်ဘက်၊

၂။ အိမ်, ကျောင်းတံတိုင်း၏ အပြင်ဘက်၊

၃။ စိုက်ပျိုးအဝ်သဖြင့် စိမ်းစိုသော လယ်စသော အရပ်။

ပဋ္ဌင်းခံပေးထိုက်သော အင်္ဂါရပ်-

၂-နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးကို ကျင့်ပြီးခြင်း။ သံဃာမှ ဝုဋ္ဌာနသမ္မုတိ ရပြီးခြင်း။

၅။ (က) ဝဿိကသာဋ္ဌိကသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ခ) ဝိကာလ ဂါမပ္ပဝေသနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ဂ) သုတ္တဝိညတ္တိသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်၊

(ဃ) ရောဒနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(င) ဇေဝဿသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၆။ ကိုယ်ဝန်ဆောင် အမျိုးသမီး။ နို့တိုက်သားသည် အမျိုးသမီး။ သောကာဝါသသိက္ခာမာန်၊ မိဘနှင့် ခင်ပွန်းသည်တို့ ခွင့်မပြုသော သိက္ခာမာန်။

၇။ ညစာ စားခြင်းကြောင့် ၁-ကျောင်းလုံး ဝိကာလဘောဇနပါစိတ်အာပတ်သင့်ရာဝယ် ထိုအာပတ်များသည် ဝိကာလဘောဇန-ဟူသော အာပတ်သင့်ကြောင်း ဝတ္ထုအားဖြင့် တူသော အဖို့ရှိသောကြောင့် ဝတ္ထုသဘာဂအာပတ်မည်၏။

ရဟန်းတစ်ပါးသည် ဝိကာလဘောဇန ပါစိတ်အာပတ်သင့်၏။ အခြားတစ်ပါးသည် အနတိရိတ္တဘောဇဉ်ကို စားခြင်းကြောင့် ပါစိတ်အာပတ်သင့်၏။ ထိုအာပတ် ၂-မျိုးသည် အာပတ်သင့်ကြောင်း ဝတ္ထုမတူ အာပတ်ခြင်းသာ တူသော အဖို့ရှိသောကြောင့် အာပတ္တိသဘာဂအာပတ်မည်၏။

ဝိသုဒ္ဓ-အရ-

လူအဖြစ်၊ ဥပါသကာအဖြစ်၊ အာရာမ်စောင့်အဖြစ်၊ သာမဏေအဖြစ်။

http://www.dhammadownload.com

၈။ **ဘိက္ခူ အရ-** သံယာ အကုန်၊ (သို့မဟုတ်)သံယာက ဥတ္တိဒုတိယကံဖြင့် ဖြစ်စေ, အပ လောကနကံဖြင့် ဖြစ်စေ သမုတ်ထားသော ရဟန်း ၂-ပါး, ၃-ပါး။

သင်္ကန်းပေးခြင်းမျိုး-

ဤသို့ သင်္ကန်းပေးလိုက်လျှင် ငါ၏ ဝေယျာဝစ္စကို ပြုလိမ့်မည် စသည်ဖြင့် ဝေယျာဝစ္စ စသော တစ်စုံတစ်ခုသော အကျိုးကို တောင့်တမျှော်လင့်လျှက် ပေးခြင်းမျိုးဖြစ်သည်။

၉။ **မုသာဝါဒအပြစ်-** (ပဲခူးအရှေ့.၈-၇)

၁၀။ အရိယာပုဂ္ဂိုလ်တို့မှာ ရှုးသွပ်ခြင်း စသည်မရှိသောကြောင့်လည်းကောင်း။ ဗျာန်ရပုဂ္ဂိုလ် တို့လည်း ရှုးသွပ်ခြင်း စသည်ဖြစ်ခဲ့လျှင် ဗျာန်လျှောကြသောကြောင့် ဥမ္မတ္တကစသည် ဖြစ်ခြင်း မရှိပါ။

ယူရ/ မယူရ-

အထက်ပါ ဆိုခဲ့ပြီးသောအကြောင်းတို့ကြောင့် ဥမ္မတ္တကစသော ပုဂ္ဂိုလ်များကို မယူရပါ။

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရှမ်းပြည်နယ်/အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ ဝိနယဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူလဆန်း (၈)ရက်၊ (၂- ၄-၂၀၀၉) ကြာသပတေးနေ့။

၁။ လမ်းဆုံတစ်ခု၌ ယောက်ျားတစ်ယောက်နှင့်အတူ စကားပြောလို၍ အဖော်ဖြစ်သော ရဟန်းမကို ပြန်လွှတ်သော ရဟန်းမ၏ သန္တာန်၌ သင့်ရောက်သောအပြစ်ကို ပြသည့် သိက္ခာပုဒ်နှင့် ရဟန်းကို ဆဲရေးသော ရဟန်းမ၏ သန္တာန်၌ သင့်ရောက်သောအပြစ်ကို ပြသည့် သိက္ခာပုဒ်တို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ တရားနှင့်အညီ ဖြေရှင်းပြီးသော အဓိကရဏ်းကို တစ်ဖန် ပြန်ဖြေရှင်းပေးရန် လုံ့ဆော် သော ရဟန်းနှင့် မလိမ္မာသော မိမိတပည့်ရဟန်းကို ရိုက်၍ဆုံးမသော ရဟန်းတို့ အတွက် သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်တို့ကို အနက်ပေးပြပါ။

၃။ ကုဋ္ဌိကာရသိက္ခာပုဒ်လာ ကျောင်းမဆောက်သင့်သော နေရာများကို ပါဠိ-မြန်မာ နှစ် ဘာသာဖြင့် တွဲစပ်ဖော်ပြ၍ ပရိဝါသ်နေပြီးသော ရဟန်းသည် အဘယ်အကျိုးငှါ မာနတ် ကျင့်ရပါသနည်း ပါတိမောက်လာအတိုင်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၄။ ပရိကွာရာရှစ်ပါးတို့တွင် အတိရေကပရိကွာရာကို ၁၀-ရက် ကျော်လွန်အောင်ထားက အပြစ်ရှိသော ပရိကွာရာ/ အပြစ်မရှိသော ပရိကွာရာအားဖြင့် ခွဲခြား ဖော်ပြ၍ ဘိက္ခုပါတိမောက်လာ ပါစိတ် ၅-မျိုးကိုလည်း အမည်မှည့် ဖော်ပြပါ။

၅။ သမ္ဘုတိလည်း မရ, နေလည်းဝင်, ဘိက္ခုနီကျောင်းသို့လည်း သွား၍ ဂရုဓမ်တရားဖြင့် သြဝါဒပေးသော ရဟန်းအား သင့်ရောက်သော အပြစ်တို့ကို သိက္ခာပုဒ်အမည်နှင့်တကွ ဖော်ပြ၍ ဂဏဘောဇဉ်စားကောင်းရာအခါများကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၆။ ဘိက္ခုပါတိမောက်လာ ပတ္တာဝဂ် ပတ္တာသိက္ခာပုဒ်နှင့် ဘိက္ခုနီပါတိမောက်လာ ပတ္တာဝဂ် ပတ္တာသန္နိစယသိက္ခာပုဒ်တို့၏ အထူးကို ဖြေဆိုရ၍ သဟဓိဝိနီတပည့်မကို ရဟန်းခံပြီး ဆရာ, တပည့် အပြန်အလှန် ပြုကျင့်ရမည့် ဝတ္တရားများကိုလည်း သိက္ခာပုဒ်နှင့်တကွ ယှဉ်တွဲ ဖြေဆိုပါ။

၇။ "သမ္ဘဏနမုသာဝါဒသ ဟောတိ"၌ အဘယ့်ကြောင့် အဘယ်အခါ၌ အဘယ်အာပတ်သင့်ပါသနည်း ဖြေဆိုရ၍ မဟာပေသကာရသိက္ခာပုဒ် "ပိဏ္ဍပါတမတ္တမ္မိ"အရ ဆွမ်းပေးခြင်းကြောင့် နိဿဂ္ဂိပါစိတ်သင့်ပါသလော? ကခ်ီနှင့်အညီ ရှင်းလင်းဖြေဆိုခဲ့ပါ။

၈။ ဒုတိယသေနာသနသိက္ခာပုဒ်၌ "ဝိဟာရ"အရကို ကောက်ပြ၍ "သေယျ"သရုပ်ကိုလည်း မှန်ကန်စွာ ကောက်ပြပါ။

၉။ ပဝါရိတ်သင့်ကြောင်းများကို ကခ်ီအဋ္ဌကထာလာအတိုင်း ဖြေဆိုရ၍ ရတနဝဂ် ဝိကာလဂါမပွဝေသနသိက္ခာပုဒ်လာ "သန္ဓံ ဘိက္ခုံ အနာပုစ္ဆာ ဝိကာလေ"၌ "သန္ဓဘိက္ခု" အရ, "ဝိကာလ" အရတို့ကိုလည်း တိကျစွာ ဖြေဆိုခဲ့ပါ။

၁၀။ ဘိက္ခုနီ ပထမပါရာဇိကသိက္ခာပုဒ်၌ပါသော "ဆန္နသော မေထုနံ ဓမ္မံ ပဋိသေဝေယျ" ဝယ် "ဆန္န"အရကိုကောက်ပြ၍ ဗလက္ကာရဖြင့် ဖျက်ဆီးခံရသော ဘိက္ခုနီများ ပါရာဇိကကျ/ မကျ ဆုံးဖြတ်ပြပါ။

၁၆။ ရှမ်းပြည်နယ်/အရှေ့ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဝိနယဘာသာ

၁။ (ဒုတိယိကဥယျောဇနနှင့် ဘိက္ခုအက္ကောသနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။)

http://www.dhammadownload.com

၂။ (ဥက္ကောဋ္ဌနသိက္ခာပုဒ်နှင့် ပဟာရသိက္ခာပုဒ်တို့ကို အနက်ရေးလေ။)

၃။ သာရမ္ဘ- ပိုးရွှေခြပုန်းစသော ဘေးရန်ရှိသော အရပ်၊
အပရိက္ကမန- ၂-ကောင်ကပ်လှည်း, ၄-ကောင်ကပ်လှည်းတို့ဖြင့် လှည့်ပတ်လောက်ရာ ဥပစာမရှိသော အရပ်။
မာနတ်ကျင့်ရခြင်း- ရဟန်းတို့ မြတ်နိုးခြင်း အကျိုးငှါ မာနတ်ကျင့်ရသည်။

၄။ **အပြစ်ရှိသော ပရိက္ခရာ-** သင်္ကန်း ၃-ထည်, သပိတ်။
အပြစ်မရှိသော ပရိက္ခရာ- ခါးပန်းကြိုး, ရေစစ်, သင်ဓုန်းဓား, အပ်ဗူး။
ပါစိတ် ၅-မျိုး-
နိဿဂ္ဂိပါစိတ်, သုဒ္ဓပါစိတ်, ဘေဒနကပါစိတ်, ဆေဒနကပါစိတ်, ဥဒ္ဒါလနကပါစိတ်။

၅။ **သမ္ဘုတိလည်း** မရ-ဩဝါဒသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
နေလည်း ဝင်- အတ္ထဂ်တသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊
ဘိက္ခုနီကျောင်းသို့လည်းသွား- ဘိက္ခုနုပသယသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။
ဂဏဘောဇဉ်စားကောင်းရာအခါများ-
မကျန်းမာရာ အခါ, သင်္ကန်းလှူရာ အခါ, သင်္ကန်းချုပ်ဆိုးရာ အခါ, ခရီးရှည်သွားရာ အခါ, လေစီးရာ အခါ, ရဟန်းများစွာ စုဝေးမိရာ အခါ, သမဏအမည်ရသူတို့ ဆွမ်းကျွေးရာ အခါ ပေါင်း ၇-ပါး။

၆။ ဘိက္ခု ပတ္တသိက္ခာပုဒ်၌ ၁၀-ရက် လွန်ခြင်းကြောင့် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်၊ ဘိက္ခုနီ ပတ္တသန္နိစယသိက္ခာပုဒ်၌ ၁-ရက် လွန်လျှင်ပင် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်၊ ဤသို့ ထူးသည်။
ဆရာ့ဝတ္တရား-
ပဌမသဟဇိဝိနိသိက္ခာပုဒ်- အရ ရဟန်းပြုပေးပြီးနောက် ၂-နှစ်ပတ်လုံး ကိုယ်တိုင်သော်လည်း ပါဠိအဋ္ဌကထာစသည်ကို သင်ပေးခြင်း စသည်ဖြင့် ချီးမြှောက်ရမည်၊ သူတစ်ပါးကိုသော်လည်း ချီးမြှောက်စေရမည်၊
ဒုတိယသဟဇိဝိနိသိက္ခာပုဒ်- အရ ရဟန်းပြုပေးပြီးနောက် ၆-ယူဇနာ, ၅-ယူဇနာ ဝေးသော အရပ်တိုင်အောင် ကိုယ်တိုင်သော်လည်း ခေါ်သွားရမည်၊ သူတစ်ပါးကိုသော်လည်း ခေါ်သွားစေရမည်။

http://www.dhammadownload.com

တပည့်ဝတ္တရား-

ပဝတ္တိနီ နာနဗန္ဓနသိက္ခာပုဒ်- အရ

ပဋ္ဌင်းခံပေးသော ဥပဇ္ဈာယ်ဆရာမကို ၂-နှစ်ပတ်လုံး ပြုစုလုပ်ကျွေးရမည်။

၇။ သမ္မဇာနမုသာဝါဒေ ကိ ဟောတိ၊ ဒုက္ခင်္ဇံ ဟောတိ- ဟူသော မြတ်စွာဘုရားစကားတော်ကြောင့် တတ္ထာယသ္မွန္တေ- စသော ယာဝတတိယာနုသာဝန ဝါကျ၏ အဆုံး၌ ဝစီဒ္ဓါရေ အကိရိယသမုဋ္ဌာန ဒုက္ခင်္ဇအာပတ်သင့်သည်။

နိဿဂ္ဂိပါစိတ်-

ဆွမ်းပေးခြင်းကြောင့် နိဿဂ္ဂိပါစိတ်သင့်သည်မဟုတ်၊ ထိုရဟန်းစကားကြောင့် ရက်ကန်းသည်တို့က သင်္ကန်းရှင်တို့ လက်မှ ချည်ပို ယူ၍ အနည်းငယ် အလျားရှည်အောင် ဖြစ်စေ, အနံပြန့်အောင် ဖြစ်စေ, ပိတ်ပိတ်သဲသဲဖြစ်အောင် ဖြစ်စေ ယက်လုပ်ခြင်းကြောင့် နိဿဂ္ဂိပါစိတ်သင့်သည်။

၈။ အတွင်းခန်းနှင့် အလုံးစုံ မိုးကာထားသဖြင့် လုံခြုံသောကျောင်းကို ယူရမည်။

သေယျ သရုပ်-

၁။ ဘိသိ- ဘုံလျှိ။

၂။ စိမိလိကာ- အဝတ်ကြမ်း, ပုဆိုးကြမ်း။

၃။ ဥတ္တရတ္ထရဏ- အပေါ်လွှမ်း အခင်း။

၄။ ဘူမတ္ထရဏ- မြေပေါ်ခင်း ဖျာ, သင်ဖြူး- စသည်။

၅။ တဋ္ဌိကာ- ဖျာကြမ်း။

၆။ စမ္မကွဏ္ဍ- သားရေပိုင်း, သားရေနွယ်၊

၇။ နိသီဒန- နိသီဒိုင်၊

၈။ ပစ္စတ္ထရဏ- သီးခြား အခင်း။

၉။ တိဏသန္ထာရ-မြက်အခင်း။

၁၀။ ပဏ္ဏသန္ထာရ- သစ်ရွက်အခင်း။

ဆောင်- ဘိသိ စိမိ၊ ဥတ် ဘူမိ၊ တဋ္ဌိ စမ္မခဏ်။

နိသီ ပစ္စ၊ မြက် ပဏ္ဏ၊ သေယျ ဆယ်ခုမှန်။

၉။ ၁။ စားဆဲဖြစ်ခြင်း။ ၂။ ဘောဇဉ် ၅-ပါးတွင် ၁-ပါးပါး သပိတ်စသည်၌ ထင်ရှားရှိနေခြင်း။ ၃။ ပေးသူက ၂-တောင့်ထွာ ဟတ္ထပါသ်၌ တည်ခြင်း။ ၄။ ကိုယ်ဖြင့် ရှေ့ရှဆောင်ခိုက်

http://www.dhammadownload.com

ဖြစ်ခြင်း။ ၅။ ကိုယ်, နှတ် ၂-ပါး တစ်ပါးပါးဖြင့် ပယ်မြစ်ခြင်း။
ဆောင်-စားဆဲ, ဘောဇဉ်၊ ဟတ်တွင်းဝင်၊ ဆောင်စဉ် ကိုယ်နှတ် မြစ်။ (ထေရီ)
သန္တာဘိက္ခု အရ- ဥပစာရသိမ်အတွင်း ဒဿနုပစာဌ် မြင်၍ (၁၂-တောင်အတွင်း ကြားနိုင်သော) ပင်ကိုယ်ပြောနေကျ စကားဖြင့် ပန်ကြားနိုင်လောက်သော ရဟန်း။
ဝိကာလ အရ- မွန်းတည့်လွန်ရာအခါမှစ၍ အရုဏ်တက်ချိန်အတွင်း ကာလ။

၁၀။ မေထုနရာဂနှင့် စပ်ယှဉ်သော ချစ်ခြင်း, ကြိုက်ခြင်း ၂-မျိုးကို ယူရမည်။
ပါရာဇိက ကျ/ မကျ- ဆန္ဒသော-ဟု ဟောတော်မူသောကြောင့် ပါရာဇိက မကျ။

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ဧရာဝတီတိုင်း)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ အောက်ဖော်ပြပါ ဘိက္ခုနီမများအား သင့်ရောက်သောအပြစ်ပြ သိက္ခာပုဒ်ပါဠိတော်တို့ကို ရေးပါ။
(က) ရွာတပါးသို့ အဖော်မပါ တစ်ကိုယ်တည်းသွားသော ဘိက္ခုနီမ၊
(ခ) ခရီးလမ်းမစသည်၌ ယောက်ျားတစ်ယောက်နှင့် နှစ်ကိုယ်ကြား တိုးတိုးတိုင်ပင်လို၍ အဖော်ကိုပြန်လွှတ်သော ဘိက္ခုနီမ။

၂။ ဘုရားရှင်၏ သာသနာတော်၌နေ၍ ဘုရားရှင်အား စွပ်စွဲပုတ်ခတ်စော်ကားသော သာမဏေအား "ရဟန်းကောင်းတို့ ပြောဆိုပုံပြစကားရပ် ပါဠိတော်"ကို အနက်ရေးပါ။

၃။ ရဟန်းတော်များ ပါရာဇိကအာပတ်သင့်ရောက်နိုင်သော "သေအောင်လုပ်နည်းအမျိုးမျိုး"တို့ကို မူရင်းသိက္ခာပုဒ် ပါဠိတော်ရှိကာ ပါဠိ/မြန်မာနှစ်ဘာသာဖြင့် ဖြေဆို၍ သိုးမွှေးအခင်းသစ်ပြုလုပ်လိုသောရဟန်း "လိုက်နာရမည့်ကျင့်ဝတ်"တို့ကိုလည်း ဖြေဆိုပါ။

၄။ ရာဇသိက္ခာပုဒ်လာ "ရဟန်းနှင့်တမန်တို့ အပြန်အလှန်ပြောဆိုကြပုံ စကားရပ်"တို့ကို မြန်မာဘာသာဖြင့် ဖြေဆိုခဲ့ပါ။

၅။ အောက်ပါတို့ကို မှန်ကန်စွာ ဖော်ပြပါ။
(က) ဂဏဘောဇဉ်စားကောင်းရာ သမယတို့ကို ပါဠိ+ မြန်မာ နှစ်ဘာသာ၊

http://www.dhammadownload.com

(ခ) ဥဏ္ဍသမယ, ပရိဠာဟသမယ- အရ ယူရမည့် ကာလအပိုင်းအခြား။
(ဂ) တရားဟောမှုနှင့်စပ်၍ ပညတ်ထားသောသေခိယသိက္ခာပုဒ် အရေအတွက်သုံး၊
(ဃ) ကျင်ကြီးကျင်ငယ်စွန့်ခြင်းနှင့်စပ်၍ ပညတ်တော်မူထားသော သေခိယသိက္ခာပုဒ် အမည်။

၆။ ဘိက္ခုနီပါတိမောက် အဋ္ဌဝတ္ထုကာသိက္ခာပုဒ်လာ "အဋ္ဌဝတ္ထုသရုပ်"ကို မြန်မာဘာသာ ဖြင့် ဖော်ပြ၍၊ အောက်ဖော်ပြပါ ဘိက္ခုနီတို့အား သင့်ရောက်သော အာပတ်ကိုလည်း သိက္ခာပုဒ်နှင့်တကွ တွဲစပ်ဖော်ပြပါ။
(က) ညဉ့်အမှောင်၌ ယောက်ျားနှင့်အတူ ရပ်နေသော ရဟန်းမ၊
(ခ) ညောင်စောင်းတစ်ခုတည်း၌ အတူအိပ်သော ဘိက္ခုနီမနှစ်ဦး။

၇။ ဥတ္တရိမနုဿဓမ္မ-၌ မနုဿ အရ၊ ဥတ္တရိမနုဿ အရ၊ မနုဿဓမ္မအရ၊ ဥတ္တရိမနုဿ ဓမ္မ အရတို့ကို အသီးအသီး ခွဲခြားဝေဘန်ပြ၍၊ ပစ္စည်းပေး ဆေးကုပေးသော်လည်း အပြစ်မရှိနိုင်ရာ ပုဂ္ဂိုလ်များကိုလည်း ဖော်ပြပါ။

၈။ ကထိန်ခင်းရာ ကျောင်းတိုက်မှ အခြားကျောင်းတိုက်သို့ သင်္ကန်းကာလအတွင်း ပြောင်း ရွှေ့သွားသော ရဟန်းအား ကထိန်အာနိသင် ရ/မရ အကြောင်းပြ ဖြေဆိုပြီး၊ ရွှေ့ငွေကို လှူသည့်အခါ စိတ်ထဲ၌သာယာလျှင် အာပတ်သင့်သည်ဆိုရာ "မနောဒ္ဓါရေ အာပတ္တိ နာမ နတ္ထိ"ဟူသော အဋ္ဌကထာနှင့် ဆန့်ကျင်မှု ရှိ/မရှိ အကြောင်းယုတ္တိညီ၍ ဆုံးဖြတ် ပြပါ။

၉။ ဘိက္ခုပါတိမောက် ကဏ္ဍကသိက္ခာပုဒ်လာ တထာနာသိတံ-၌ "နာသနာသုံးပါး သရုပ်"ကို အဓိပ္ပါယ်နှင့်တကွ ကခ်ီလာအတိုင်း ထုတ်ပြ၍၊ ဤသိက္ခာပုဒ်၌ လိုအပ်သော နာသနာ-ကိုလည်း ညွှန်ပြပါ။

၁၀။ ဘိက္ခုနီပထမပါရာဇိကသိက္ခာပုဒ်၌ "ဆန္နသော"ပါ၍ဖြင့် ပြအပ်သော အဓိပ္ပါယ်ကို ရေး ၍၊ အဋ္ဌဝတ္ထုကာသိက္ခာပုဒ်နှင့် စပ်လျဉ်းသော "ဂဏာနုပိကာအာပတ်, အဂဏာနုပိကာ" အာပတ်တို့၏ သဘောကိုလည်း ရှင်းပြပါ။

http://www.dhammadownload.com

၁၇။ ရောဝတီတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (က) ဧကဂါမန္တရဂမနသိက္ခာပုဒ်၊
(ခ) ဒုတိယိကဥယျောဇနသိက္ခာပုဒ်တို့ကို ပါဠိရေးလေ။

၂။ (ကဏ္ဍကသိက္ခာပုဒ်လာ၊ မာဝုသော သမဏုဒ္ဒေသ၊ ဗဝံ အဝစ ။ပ။ တေ ပဋ္ဌိသေဝ တော အန္တရာယာယ- တိုင်အောင်သောပါဠိကို အနက်ရေးလေ။)

၃။ ၁။ သဗ္ဗိစ္ဆ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေယျ- သတ္တဝါဟုသိသော သည်ကုန်ုင်တကွ သေစေလိုသော စေတနာဖြင့် စေ့ဆော်၍ လူသားစင်စစ်ဖြစ်သူကို ကိုယ်တိုင် ဖြစ်စေ ခိုင်း၍ဖြစ်စေ သတ်ခြင်း။
၂။ သတ္ထဟာရကံ ဝါဿ ပရိယေသေယျ- သေချင်သူ အလွယ်တကူရအောင် လက်နက်ရှာ၍ အနီးဌ ချထားခြင်း။
၃။ မရဏဝဏ္ဏံ ဝါ သံဝဏ္ဏေယျ- သေရခြင်းဌ အကျိုးကျေးဇူးရှိပုံကို ချီးမွမ်းခြင်း။
၄။ မရဏာယ ဝါ သမာဒပေယျ- သေဖို့ရာ နည်းလမ်းပေးခြင်း။
လိုက်နာရမည့်ကျင့်ဝတ်-(ကယား ၃-ရ)

၄။ **တမန်-** အရှင်ဘုရားကို ရည်ရွယ်၍ ဤသက်နှီးဖိုးကို တပည့်တော် ဆောင်ယူခဲ့ပါသည်၊ ဤသက်နှီးဖိုးကို အရှင်ဘုရား အလှူခံတော်မူပါ။
ရဟန်း- ဒါယကာ ငါတို့ရဟန်းတို့မည်သည် သက်နှီးဖိုးကို လက်မခံကြကုန်၊ သင့်လျော်ရာ အခါ၌ အပ်စပ်သောသက်နှီးကိုသာ လက်ခံကြသည်။
တမန်- အရှင်ဘုရားမှာ ဝေယျာဝစ္စပုဂ္ဂိုလ် တစ်ယောက်ယောက် ရှိပါသလားဘုရား။
ရဟန်း- ဒါယကာ ဤပုဂ္ဂိုလ်သည် ရဟန်းတို့၏ ဝေယျာဝစ္စပုဂ္ဂိုလ်ဖြစ်သည်။
တမန်- အရှင်ဘုရား ညွှန်ပြသော ဝေယျာဝစ္စပုဂ္ဂိုလ်ကို တပည့်တော် နားလည်အောင် မှာထားခဲ့ပါသည်၊ သင့်လျော်ရာအခါ၌ အရှင်ဘုရား ကြွ၍ အလှူခံတော်မူပါ၊ အရှင်ဘုရားကို သက်နှီးလှူပါလိမ့်မည်။

၅။ (က) ဂိလာနသမယ- မကျန်းမာရာအခါ၊ စီဝရဒါနသမယ- သက်နှီးလှူရာအခါ၊ စီဝရ ကာရသမယ- သက်နှီးချုပ်ဆိုးရာအခါ၊ အဒ္ဓါနဂမနသမယ- ခရီးရှည်သွားရာ

http://www.dhammadownload.com

အခါ။ နာဝါဘိရှဟနသမယ-လေ့စီးရာအခါ။ မဟာသမယ-ရဟန်းများစွာ စုမိရာ အခါ။ သမဏာဘတ္တသမယ-သမဏာအမည်ရသူတို့ ဆွမ်းကျွေးရာအခါ။

(ခ) (ကချင် ၅-ရ)

(ဂ) ၁၉-ပုဒ်၊ (အများသုံးကို ရည်ရွယ်သည်)
(သို့သော် နောက်ဆုံး ၃-ပုဒ်သည် တရားဟောမှုနှင့် မဆိုင်)

(ဃ) ဌိတော ဥစ္စာရ, ဟရိတော ဥစ္စာရ, ဥဒကော ဥစ္စာရသိက္ခာပုဒ်။

၆။ ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သည် ဖြစ်၍ ကာယသံသဂ္ဂရာဂဖြင့် စိုစွတ်သော ယောကျ်ား၏-

၁။ လက်ကိုင်ခြင်းကို သာယာခြင်း။ ၂။ သက်နှိုးစွန်းကိုင်ခြင်းကို သာယာခြင်း။
၃။ ဟတ္ထပါသ်၌ ရပ်တည်ခြင်း။ ၄။ ယောကျ်ားနှင့် အတူစကားပြောခြင်း။
၅။ ချိန်းချက်ရာသို့ သွားခြင်း။ ၆။ ရှေးရှေ့လာခြင်းကို သာယာခြင်း။
၇။ ကွယ်ရာသို့ ဝင်ခြင်း။ ၈။ ကာယသံသဂ္ဂဟူသော မသူတော်တရားကို မှီဝဲခြင်းငါ့ ခန္ဓာကိုယ်ကို ယောကျ်ားအနီးသို့ ကပ်ဆောင်ခြင်း။

(က) ရတ္တာနွေကာရသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်၊

(ခ) ဇကေမဇ္ဈတ္တဝဋ္ဋနသိက္ခာပုဒ်ဖြင့် သုဒ္ဓပါစိတ်။

၇။ **မနုဿ အရ-** ဗျာန်မဂ်ဖိုလ်မရ သာမညပုထုဇဉ်လူသား။
ဥတ္တရိမနုဿ အရ- ဗျာန်ရဟုဂ္ဂိုလ်, အရိယာပုဂ္ဂိုလ်များ။
မနုဿဓမ္မအရ- လူတို့ဥစ္စာ ကုသိုလ်ကမ္မပထတရား ၁၀-ပါး။
ဥတ္တရိမနုဿဓမ္မ အရ- ထိုတရား ၁၀-ပါးထက် မြတ်သော ဗျာန်မဂ်ဖိုလ် တရားများ။

အပြစ်မရှိနိုင်ရာ ပုဂ္ဂိုလ်များ-
သီတင်းသုံးဖော် ၅-ဦး။ မိဘ ၂-ပါး။ မိမိ၏ ဝေယျာဝစ္စပုဂ္ဂိုလ်- ပေါင်း ၈-ဦး။

၈။ နိဋ္ဌိတ စီဝရသို့ ဘိက္ခုနှာ ဥဿတသို့ ကထိနေ-ဟူသော အာဏာဒေသနာတော်အရ အာဝါသပလိဗောဓ ပြတ်စဲသွားသောကြောင့် ထိုရဟန်း ကထိန်အာနိသင် မရ။

ဆန့်ကျင့်မှု ရှိ/မရှိ-
ရှေ့ငွေကို စိတ်ဖြင့် သာယာလျှင် နိဿဂ္ဂိပါစိတ်အာပတ် သင့်သည်ဆိုရာ၌-

http://www.dhammadownload.com

သာယာရုံမျှကြောင့် သင့်သည်မဟုတ်၊ ကိုယ်နှုတ်ဖြင့် တားမြစ်ခြင်း မပြုသောကြောင့်သာ သင့်ခြင်းဖြစ်သည်၊ ထို့ကြောင့် ဆန့်ကျင်မှု မရှိပါ။

၉။ သံဝါသနာသနာ- အာပတ်ကို မရှုခြင်းစသည်ကြောင့် သံယာ့ဘောင်မှ နှင်ထုတ်ခြင်း။
လိင်္ဂနာသနာ- ဒုသကော နာသေတမ္ဘော မေတ္တိယံ ဘိက္ခုနီ နာသေထ- ဟူသော အသွင်ကို ဖျက် လူထွက်စေခြင်း။
ဒဏ္ဍကမ္မနာသနာ- အဇ္ဇတဂ္ဂေ တေ အာဝုသော သမဏုद्देस न စေဝ သော ဘဂဝါ သတ္ထာ အပဒိသိတမ္ဘော- ဟူသော ဒဏ်ပေး၍ ဖျက်ဆီးခြင်း။
လိုအပ်သော နာသနာ- ဒဏ္ဍကမ္မနာသနာကို အလိုရှိသည်။

၁၀။ ဆန္ဒသောပါဠိဖြင့် ဆန္ဒ မရှိဘဲ ဗလက္ကာရဖြင့် ဖျက်ဆီးခံရသော ဘိက္ခုနီမအား အာပတ် မသင့်ဟူသော အဓိပ္ပါယ်ကို ပြသည်။
ဂဏနူပိကာအာပတ်, အဂဏနူပိကာ အာပတ်- (ပဋိုးအရှေ့.၁၀-၍)

၁၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့(အထူးအောင်)
ပထမကြီးတန်း ။ ။ ဒွေမာတိကာဘာသာ
၁၃၇၁-ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၁၃)ရက်၊ (၂၀-၆-၂၀၀၉) စနေနေ့။

၁။ ဘိက္ခုနီပါတိမောက်လာ (က) သောကာဝါသသိက္ခာပုဒ်၊ (ခ) အနနုညာတသိက္ခာပုဒ်၊ (ဂ) ပါရိဝါသိကသိက္ခာပုဒ်တို့ကို ပါဠိသက်သက်ရေးပါ။

၂။ သံယာ ဂိုဏ်းတို့ကို မပန်ကြားဘဲ အမျိုးသား ဆရာဝန်တစ်ယောက်နှင့် ခွဲစိတ်မှု မပြုသင့်သောအရပ်၌ ခွဲစိတ်မှုပြုသောရဟန်းမအား သင့်ရောက်သော အပြစ်ပြသိက္ခာပုဒ်ကို ၂- နည်း အနက်ပေးပြပါ။

၃။ မနောဒ္ဓါရေ အာပတ္တိနာမ နတ္ထိ- ဟုဆိုသောစကားနှင့် သမ္မဇာနမုသာဝါဒ ဒုက္ကဋ်အာပတ် သင့်၏- ဟူသောစကား မဆန့်ကျင်အောင် ဖြေဆိုပြီ၊ အသန္တိယာ အာပတ္တိယာ အရနှင့် အသံဝါသော အရတို့ကိုလည်း တိကျစွာ ကောက်ပြပါ။

၄။ ဒုဗ္ဗစသိက္ခာပုဒ် အာယသ္မာပိ ဘိက္ခု ဝဒတု သဟဓမ္မေန- ဝယ် သဟဓမ္မအရ ၂- နည်း ကောက်ပြပြီ၊ ပရိသတ်ကြီးပွါးကြောင်းတရား၊ ကုလဒူသနဝတ္ထု ၈- ပါးတို့ကိုလည်း မြန်မာဘာသာဖြင့် ဖြေပြပါ။

http://www.dhammadownload.com

၅။ နိဿဋ္ဌပါစိတ် စီဝရဝဂ်၌ (က) အတိရေကစီဝရ၊ (ခ) အကာလစီဝရ၊ (ဂ) ပုရာဏစီဝရ တို့၏ အဓိပ္ပါယ်ကို ဖော်ပြ၍၊ နိဿဋ္ဌဖြစ်ပုံ ၂-မျိုးကိုလည်း ဖော်ပြပါ။

၆။ သြမသဝါဒသိက္ခာပုဒ်၌ ဆဲရေးကြောင်းဝတ္ထုတို့ကို ဖော်ပြ၍ တိုက်ရိုက်ဆဲ, သွယ်ဝိုက်ဆဲ ၂-မျိုးတို့၏ အာပတ်သင့်ပုံ အထူးနှင့် ၎င်းသိက္ခာပုဒ်အရ ဆဲရေးပုံကို တိကျစွာဖော်ပြပါ။

၇။ သီမာယ သီမံ သမ္ဘိန္နန္တေန သမ္မတာ-ဟူသော ကခ်ီစကားအရ သိမ်ချင်းရောယှက်ပုံကို ဥပမာစုံလင်စွာဖြင့် ဖော်ပြ၍၊ အရှက်မရှိပုံ လက္ခဏာပြဂါထာကို ပါဠိ+မြန်မာ ၂-ဘာသာဖြင့် ဖော်ပြပါ။

၈။ ယထာ တံ ယုဝါ ယုဝတိ-ဟူသော ပါဠိတော်ကို အဋ္ဌကထာနည်းအရ အနက်ပေးပြ၍၊ အောင်သွယ်မြောက်ပုံ အဂါတိုကို ပြည့်စုံစွာ ဖော်ပြပါ။

၉။ ဘောဇနဝဂ်လာ (က) အာဝသထပိဏ္ဍာ၊ (ခ) သမဏာဘတ္တသမယ၊ (ဂ) ပူဝ၊ (ဃ) မန္တ၊ (င) ဂိလာနာတိရိတ္တာတို့၏ အဓိပ္ပါယ်ကို ကခ်ီလာအတိုင်း ဖြေပြပါ။

၁၀။ ရတနဝဂ်လာ ရတနာ ၂-ခုတို့၏ အရတို့ကို ဖော်ပြ၍ အဓိကရဏသမထလာ အဓိကရဏ ၄-ပါးတို့၏ အဓိပ္ပါယ်ကို ပြည့်စုံစွာ ဖော်ပြပါ။

၁၈။ အထူးအောင် (အဖြေ)
ပထမကြိုးတန်း ။ ။ ဒွေမာတိကာဘာသာ

၁။ (ပါဠိထင်ရှားပြီ)

၂။ (နိဿဂ္ဂအတိုင်း ရေးလေ။)

၃။ ဝစီဒ္ဓါရ၌ ပြုသင့်သည်ကို မပြုသဖြင့် သမ္ဘဏနမုသာဝါဒေ ကိ ဟောတိ၊ ဒုက္ကဋံ ဟောတိ-ဟူသော ဘုရားစကားတော်အရ ဝစီဒ္ဓါရ၌သင့်သော ဝစီဒ္ဓါရေ အကိရိယအသမုဋ္ဌာန အာပတ်သာဖြစ်သည်၊ မနောဒ္ဓါရ၌ သင့်သော အာပတ် မဟုတ်၊ ထို့ကြောင့် မနောဒ္ဓါရေ အာပတ္တိနာမ နတ္ထိ-ဟူသော စကားနှင့် မဆန့်ကျင်ပါ။

http://www.dhammadownload.com

အသန္ဓိယာ အာပတ္တိယာ အရ-

၁။ အာပတ်သင့်ကြောင့် ၆-ပါးတွင် မည်သည့်အကြောင်းကြောင့်မျှ မသင့်ရောက်-သော အာပတ်၊

၂။ သင့်ရောက်ပြီးနောက် ဒေသနာကြားခြင်း, ထင်စွာပြောခြင်းဖြင့် ထမြောက်ပြီးသော အာပတ်။

အသံဝါသော အရ- ပါရာဇိကကျပြီး၍ ဇကကမ္မ, ဇကုဒ္ဒေသ, သမသိက္ခတာ-ဟူသော သံဝါသ မရှိသော ရဟန်း။

၄။ ၁။ သီတင်းသုံးဖော် ၅-ဦးတို့ ကျင့်အပ် ကျင့်ထိုက်သော (ဝါ) ၎င်း ၅-ဦးတို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်။

၂။ သိက္ခာပုဒ်မှတပါး သူတပါးတို့၏ ကြည်ညိုခြင်းကို ဖြစ်စေတတ်သော စကား။

ပရိသတ်ကြီးပွါးကြောင်းတရား-(ကရင် ၃-၅)

ကုလဒူသနဝတ္ထု ၈-ပါး-

၁။ ပန်းပေးခြင်း။ ၂။ သစ်သီးပေးခြင်း။ ၃။ ဆပ်ပြာမှုန့်ပေးခြင်း။ ၄။ မြေညက်ပေးခြင်း။ ၅။ ဒန်ပူပေးခြင်း။ ၆။ ဝါးပေးခြင်း။ ၇။ ဆေးကုခြင်း။ ၈။ သလုံးမြင်းခေါင်းဖြင့် လူတို့၏ အစေအပါးခံခြင်း။

ဆောင်-ပန်း, သီး, မှုန့်, မြေ၊ ဝါး, ပူ, ခြေ၊ ဝဇ္ဇေ ဒုရှစ်ဖြာ။

၅။ (က) အဓိဋ္ဌာန်တင် ဝိကပ္ပနာပြုထားသော သင်္ကန်းတွင် မပါဝင်သောကြောင့် အဓိဋ္ဌာန်တင် ဝိကပ္ပနာပြုထားသော သင်္ကန်းတို့မှ ပိုလျှံသောသင်္ကန်း။

(ခ) ကထိန်မခင်းလျှင် တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့ အထိ ၁၁-လ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်ကျော် ၁-ရက်နေ့မှ သီတင်းကျွတ်လပြည့်နေ့ အထိ ၇-လအတွင်း၌ ဖြစ်သော သင်္ကန်း။

(ဂ) ဆိုးပြီး ကပ္ပဗိန္ဒုထိုးပြီးနောက် ၁-ကြိမ် ဝတ်ဖူး, ရုံဖူးသောသင်္ကန်း။ အနည်းဆုံးသုံးစွဲသည့် အနေဖြင့် ပခုံးပေါ် ခေါင်းပေါ်တင်၍ ခရီးသွားဖူး, ခေါင်းအုံးလုပ်၍ အိပ်ဖူးသော သင်္ကန်း။

နိဿဂ္ဂိဖြစ်ပုံ ၂-မျိုး-

၁ စွန့်ထိုက်သော သင်္ကန်းစသည် ဖြစ်ခြင်း, ရဟန်းလည်း ပါစိတ်အာပတ်သင့်ခြင်း။

၂။ ရှေးဦးစွာစွန့်ခြင်းဟူသော ဝိနည်းကံရှိသော ပါစိတ်အာပတ်သင့်ခြင်း။

http://www.dhammadownload.com

၆။ ၁။ အမျိုးဇာတ်၊ ၂။ အမည်၊ ၃။ အနွယ်၊ ၄။ အလုပ်အကိုင်၊ ၅။ အတတ်ပညာ၊ ၆။ အနာရောဂါ၊ ၇။ အသွင်သဏ္ဌာန်၊ ၈။ လောဘစသော ကိလေသာ၊ ၉။ အာပတ်၊ ၁၀။ ယုတ်ညံ့သော ဆဲရေးခြင်း, မြင့်မြတ်သော ဆဲရေးခြင်း။

ဂါထာ– ဇာတိ နာမ ဂေါတ္တ ကမ္မံ၊ သိပ္ပံ အာဗာဓ လိင်္ဂကံ။
ကိလေသာပတ္တိ အဂ္ဂေါသာ၊ ဒသိမောမသဝါဒကာ။

အာပတ်သင့်ပုံ အထူး–

တိုက်ရိုက်ဆဲလျှင် သုဒ္ဓပါစိတ်အာပတ်သင့်သည်၊
သွယ်ဝိုက်ဆဲလျှင် ဒုက္ကဋ်အာပတ် သင့်သည်၊ ဤသို့ ထူးသည်။

ဆဲရေးပုံ –

တိုက်ရိုက်– သင်သည် စဏ္ဍာလဖြစ်သည်၊
သွယ်ဝိုက်– ဤအရပ်မှာ အချို့စဏ္ဍာလတွေ ရှိကြသည်။
ပါဠိတော်လွတ်– သင်သည် သူခိုးဖြစ်သည်, အိမ်အစပ်ကို ဖောက်ဖျက်သူဖြစ်သည်။

၇။ ရှေးဟောင်းကျောင်း၏ အရှေ့အရပ်၌ သရက်ပင်နှင့် သပြေပင်တို့ အချင်းချင်း အကိုင်အခက်ရောယှက်၍ ပေါက်နေကြ၏။ ထို ၂–ပင်တွင် သပြေပင်သည် သရက်ပင်၏ အနောက်ဖက်၌ ပေါက်၏။ ထိုကျောင်းဟောင်း၏သိမ်သည် သပြေပင်ကို အတွင်းထား၍ သရက်ပင်ကို နိမိတ်ကြားပြီး သမုတ်ထားသည်။

ထို့နောက် ထိုကျောင်း၏ အရှေ့အရပ်၌ ကျောင်းသစ်တည်သောအခါ သိမ်သမုတ်သော ရဟန်းတို့က သရက်ပင်ကို အတွင်းထား၍ သပြေပင်ကို နိမိတ်ကြားပြီး သမုတ်ကြ၏။ ယင်းသို့ သမုတ်လျှင် သိမ်ချင်း ရောယှက်သည်။

အရှက်မရှိပုံ လက္ခဏာပြဂါထာ–

သဒ္ဓိစ္ဆ အာပတ္တိ အာပဇ္ဇတိ– စေတနာနှင့် တကွ စေ့ဆော်၍ အာပတ်သင့်ခြင်း။
အာပတ္တိ ပရိဂူဟတိ– သင့်ပြီးသောအာပတ်ကို ဒေသနာမကြားဘဲ လျှို့ဝှက်ထားခြင်း။
အဂတိဂမနဉ္စ ဂစ္ဆတိ– အဂတိတရား ၄–ပါး လိုက်စားခြင်း။

၈။ ယုဝါ– လုလင်ပျိုသည်၊ ယုဝတီ– မိန်းမပျိုကို၊ ဩဘာသတိ ယထာ– ယုတ်ယုတ်မာမာ ပြောဆိုသကဲ့သို့။ (တံ– အနက်မဲ့)

အောင်သွယ်မြောက်ပုံ အင်္ဂါ–

၁။ ကိုယ်ဖြင့်ဖြစ်စေ, နှုတ်ဖြင့်ဖြစ်စေ, ကိုယ်နှုတ် ၂–ပါးစုံဖြင့် ဖြစ်စေ ဝန်ခံခြင်း။

http://www.dhammadownload.com

၂။ သတင်းစကား ဆောင်ယူ၍ ပြောကြား စုံစမ်းခြင်း။
၃။ လက်ခံကြောင်း, မခံကြောင်းကို ပြန်ပြောခြင်း။

၉။ (က) ပါသက္ကာအယူရှိသူကိုဖြစ်စေ, ထမင်းကိုဖြစ်စေ မရည်စူးဘဲ တည်ခိုရာဇရပ်စသည်၌ ကောင်းမွှေလိုလားသူတို့ ဝတ်တည်ထားသော ဘောဇဉ်။
(ခ) ပဗ္ဗဇိတ အမည်ခံသူ ၁-ဦးဦး၏ ဆွမ်းဖြင့် ဖိတ်မန်ရာအခါ။
(ဂ-ဃ) (ကယား ၄-ရှ)
(c) (မန္တလေး ၅-ရှ)

၁၀။ အနိဂ္ဂတရတနကေ-၌ ရတန အရ- မိဖုရား ရတနာကို ယူရမည်၊
ရတန် ၀ါ-၌ ရတန အရ-ပုလဲ, ပတ္တမြား-စသော ရတနာ ၁၀-ပါးကို ယူရမည်။
အဓိကရဏ ၄-ပါး-
၁။ ဓမ္မ, အဓမ္မ-စသည့် ၁၈-ပါးသော ဝတ္ထုတို့ဖြင့် ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏ်း မည်၏။
၂။ သီလဝိပတ္တိဖြင့် ဖြစ်စေ, အာစာရ ဒိဋ္ဌိ အာဇီဝဝိပတ္တိတို့ဖြင့် ဖြစ်စေ စွပ်စွဲခြင်းသည် အနုဝါဒါဓိကရဏ်းမည်၏။
၃။ ဒွေမာတိကာလာ အာပတ် ၅-ခု, ပဒဘာဇနီလာ အာပတ် ၂-ခု ဤအာပတ် ၇-ခုသည် အာပတ္တာဓိကရဏ်းမည်၏။
၄။ သံဃာ၏ အပလောကန-စသော ကံ ၄-မျိုးကို ပြုခြင်းသည် ကိစ္စာဓိကရဏ်း မည်၏။

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကချင်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ "သူအပြစ်ကိုမြင်လွယ် ကိုယ့်အပြစ်ကိုမြင်ခဲ ဒီလိုသာ ခရီးဆက်ပုံဖြင့် သုဂတိဘုံလွဲ" ဟူ၍ ရှင်တော်ဗုဒ္ဓဟောညွှန်ပြသော မလဝဂ်လာ ဂါထာကို ပါဠိသက်သက်ရေးခဲ့ပါ။

၂။ ရဟန်းကိစ္စ, အ.ကိစ္စ၌ ပြုလျှင်ကောင်းကျိုး မပြုဆိုးကျိုး ထိုနှစ်မျိုးတွင် မြတ်ဗုဒ္ဓဟော ဖော် ဒေသနာတော်အတိုင်း မပြုလျှင် ခံရမည့်ဆိုးကျိုးကိုသာ ပကိဏ္ဏကဝဂ်လာ ဂါထာ အတိုင်း အနက်မှန်စွာ ယောဇနာပါ။

http://www.dhammadownload.com

၃။ (က) လွန်ကဲသောအနာ၊ (ခ) လွန်ကဲသောဆင်းရဲ၊ (ဂ) လွန်ကဲသောလာဘ်၊ (ဃ) လွန်ကဲသောဥစ္စာ၊ (င) လွန်ကဲသောချမ်းသာတို့ကို သုခဝဂ်ကိုမှီး၍ ဖြေဆိုခဲ့ပါ။

၄။ အနုရဒ္ဓါမထေရ်၏နှမတော် နူနာသည်မင်းသမီးလေးအား နူနာလည်းပျောက် သောတာပန်အဖြစ်လည်း ရောက်စေနိုင်သော တရားကိုထုတ်ပြ၍၊ အောင်နိုင်ကြောင်းတရားလေးပါးတို့ကိုလည်း ကောဓဝဂ်လာအတိုင်း ထုတ်နှုတ်တင်ပြခဲ့ပါ။

၅။ ကာမဝိတက် လွန်နှိပ်စက်,၍ လူထွက်ရန်လာသော သာနုသာမဏေလေးအား ဗုဒ္ဓညွှန်ပြဆိုးဆုံးမ၍ စိတ်ကိုချုပ်ထိန်း သောကငြိမ်းရသော ဓမ္မဒေသနာတော်ကို သေချာစီစစ်ထုတ်ပြခဲ့ပါ။

[illegible]

၆။ စကားများစွာ ပြောဟောကာဖြင့် ပญ္ဍိတမည့်, မမည် ဓမ္မဒ္ဒဝဂ်လာဂါထာကိုမီး၍ ဖြေဆိုပြီး၊ [illegible] ဘိက္ခုဝဂ်လာ ကောကာလိကဝတ္ထုနှင့်အညီ ဖြေဆိုပါ။

[illegible]

၇။ ဘုရားအမှူးရှိသော သံဃတော်များအတွက် ဆွမ်းချက်နေစဉ် ထောပတ်ဆီပူဖြင့် လောင်းချခံရသော ဥတ္တရာ၏ မြတ်စွာဘုရားထံလျှောက်ကြားသော သီရိမာအပေါ်နှလုံးသွင်းပုံကို အဋ္ဌကထာလာအတိုင်း ဖြေဆိုခဲ့ပါ။

၈။ အဘယ်ကြောင့် မေဃကသူဌေးမည်ရခြင်း၏ အကြောင်းကို အဋ္ဌကထာလာအတိုင်း ဖြေဆိုခဲ့ပါ။

၉။ အဘယ်သို့ နေခြင်း အိပ်ခြင်းသည် ကောသန, ဇကသေယျမည်ပါသနည်း ပကိဏ္ဏဝဂ် ဇကဝိဟာရိတ္ထေရဝတ္ထု အဋ္ဌကထာလာအတိုင်း ဖြေဆိုခဲ့ပါ။

၁၀။ ဒီဝါ တပတိ အာဒိစ္စော– စသောဂါထာကို မြတ်စွာဘုရားသည်–

(က) အဘယ်သူအား အကြောင်းပြု၍၊

(ခ) အဘယ်အချိန်အခါ၊

(ဂ) အဘယ်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဟောတော်မူပါသနည်း ဖြေဆိုရ၍ ဗုဒ္ဓေါ တပတိ တေဇသာ၌ တေဇသရုပ်ကိုလည်း ထုတ်နုတ်ပြပါ။

http://www.dhammadownload.com

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၂၅၂။

၂။ ဂါထာ။ ၂၉၂။

၃။ (က) ဆာလောင်မွတ်သိပ်ခြင်း။
(ခ) သခါရဟုဆိုအပ်သော ခန္ဓာငါးပါး။
(ဂ) အနာရောဂါကင်းခြင်း။
(ဃ) ရောင့်ရဲခြင်း။
(င) နိဗ္ဗာန်။ (ဂါထာ- ၂၀၃/၂၀၄)

၄။ အမျက်ဒေါသနှင့် မာန်မာနကို ပယ်စွန့်လျက် သံယောဇဉ်အားလုံးကို လွန်ကာ နာမ်,ရူပ် တရားတို့၌ မငြိတွယ်ပဲ ကြောင့်ကြမှုမရှိသောပုဂ္ဂိုလ်သို့ ဆင်းရဲဒုက္ခတို့ မကျရောက်နိုင်။ (ဂါထာ- ၂၂၁)

အောင်နိုင်ကြောင်းတရား ၄-ပါး-
အမျက်ထွက်သောသူကို အမျက်မထွက်ခြင်းဖြင့် အောင်ရာ၏။
မကောင်းသောသူကို သူတော်ကောင်းပြုသဖြင့် အောင်ရာ၏။
ဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။
မဟုတ်မမှန်ပြောတတ်သူကို မှန်ကန်သောသစ္စာစကားဖြင့် အောင်ရာ၏။ (ဂါထာ- ၂၂၃)

၅။ ဤစိတ်သည် ရှေးဘဝများစွာ သံသရာ၌ အလိုရှိတိုင်း အလိုရှိရာ ကောင်းနိုးရာရာ ကျက်စား လှည့်လည်ခဲ့လေပြီ၊ ချုန်းကိုင်သော ဆင်ထိန်းသည် ချုန်းဖြင့် အမုန်ယစ်သော ဆင်ကို နိုပ်ကွပ်ဆုံးမသကဲ့သို့ ငါသည် ယနေ့ ထိုစိတ်ကို နိုပ်ကွပ်ဆုံးမအံ့၊ ဤသို့ အသင့် အားဖြင့် အားထုတ်ခြင်းကို ပြုအပ်၏။ (ဂါထာ-၃၂၆)

၆။ **စကားများစွာ ပြောတောကာဖြင့် ပရိယတ်မမည်ပါ။**
ဘေး, ရန်မရှိ၊ ကြောက်ရွံ့မှုမရှိသော (ဘေးကင်းအောင်ပြုတတ်သော) ပုဂ္ဂိုလ်သည် သာလျှင် ပရိယတ်မည်ပါသည်။ (ဂါထာ- ၂၅၈)

http://www.dhammadownload.com

အဂ်ါရပ်များ-

နှုတ်ကို စောင့်စည်းလေ့ရှိခြင်း။
ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိခြင်း။
မပျံ့လွင့်ပဲ ငြိမ်းအေးသောစိတ်ရှိခြင်း။
အနက်အဓိပ္ပါယ် နှင့် ပါဠိသဒ္ဒါ ကို ဟောပြတတ်ခြင်း။
ဤအဂ်ါတို့နှင့် ပြည့်စုံလျှင် စကားပြောခြင်း အနုပညာနှင့် ပြည့်စုံသူ မည်ပါသည်။

(ဝါဏ-၃၆၃)

၇။ မြတ်စွာဘုရား တပည့်တော်သည် "ဤစကြာဝဠာ တိုက်အဝန်းသည် အလွန်ကျဉ်းမြောင်းသေး၏။ အထက်ဖြတ်ကျော်ပြည်သည် အလွန်နိမ့်သေး၏။ ငါ၏သူငယ်ချင်းမဖြစ်သော သီရိမာ၏ ဝုဏ်ကျေးဇူးသည်သာလျှင် ထိုထက်ကြီးကျယ် မြင့်မြတ်၏။ ငါသည် သီရိမာကို အမှီပြု၍ လှူဒါန်းခြင်း, တရားနာခြင်းတို့ ရအပ်ပေပြီ၊ ငါသည် သီရိမာ၏ အပေါ်၌ အကယ်၍ အမျက်ထွက်ခဲ့သော် ဤထောပတ်ဆီပူသည် ငါ့ကို ပူလောင်ပါစေသတည်း။ အမျက်မထွက်ခဲ့ပါလျှင် ငါ့အား မပူလောင်ပါစေသတည်း" ဟု နလုံသွင်း၍ သီရိမာကို မေတ္တာဖြင့် ပျံ့နှံ့စေပါ သည် ဘုရားပဲ, ဘုရားရှင်အား လျှောက်ကြားပါသည်။

(ဓမ္မ၊ ၆-၂၊ ၂၀၂)

၈။ မေလ္လာကသူဌေး၏ အိမ်အနောက် ရှစ်ပယ်မျှလောက်သောအရပ်၌ ဆင်, မြင်း, နွားလား ဥသဘ ပမာဏရှိကုန်သော ရွှေဆိတ်ရုပ်တို့သည် မြေကိုခွဲ၍ ကျောက်ကုန်းတို့ဖြင့် ထိကုန်၍အိမ်အနောက်မှ ပေါ်ပေါက်ကုန်၏။ ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းတို့၌ ငါးပါးကုန်အဆင်းရှိကုန်သော ချည်လုံးတို့ကို ထည့်အပ်ကုန်၏။ ထောပတ်, ဆီ, ပျားရည်, တင်လဲ အစရှိသည်တို့ဖြင့်လည်းကောင်း အဝတ်, ငွေ, ရွှေအစရှိသည်တို့ဖြင့်လည်းကောင်း အလိုရှိခဲ့သော် ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းမှ ချည်လုံးတို့ကို ပယ်ထုတ်ကုန်၏။ တစ်ကောင်သော ဆိတ်ရုပ်၏ ခံတွင်းမှ ဇမ္ဗူဒီပ်ကျွန်း၌ နေကုန်သောသူတို့အား သုံးဆောင်ခြင်းဟာ လုံလောက်သော ထောပတ်, ဆီ, ပျားရည်, တင်လဲ, အဝတ်, ငွေ, ရွှေ စသည်တို့သည် အန်ထွက်ကုန်၏။ ထို့ကြောင့် မေလ္လာကသူဌေး -ဟုခေါ်ပါသည်။

(ဓမ္ဓ၊ ၆-၂၊ ၂၃၂)

၉။ ရဟန်းတစ်ထောင်တို့၏ အလယ်၌နေသော်လည်း နလုံးသွင်းမြဲဖြစ်သော ကမ္မဋ္ဌာန်းကို မစွန့်ပယ်မူ၍ နလုံးသွင်းလျက်သာ ထိုင်နေခြင်းသည် **ဓကာသနမည်၏။**

http://www.dhammadownload.com

ကြေးပြဿာဒ်နှင့်တူသော ပြဿာဒ်၌ ရဟန်းတစ်ထောင်အလယ်တွင် ဆန်းကြယ်စွာ ခင်းထားသော မြတ်သောအိပ်ရာ၌ အိပ်သော်လည်း သတိကိုဖြစ်စေ၍ မူလကမ္မဋ္ဌာန်း ကိုနလုံးသွင်းကာ လျောင်းသောရဟန်း၏ အိပ်ခြင်းသည် **ကောသေယျ** မည်၏။

(ဓမ္မ၊ ၆-၂၊ ၂၉၄)

၁၀။ (က) အာနန္ဒာမထေရ်၊

(ခ) သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၊

(ဂ) မိဂါရမာတုမည်သော ပြဿာဒ်။

တေဇသရုပ်-

သီလတေဇ၊ ဝုဏ္ဏတေဇ၊ ပညာတေဇ၊ ပုညတေဇ၊ ဓမ္မတေဇ။ (ဓမ္မ၊ ၆-၂၊ ၃၃၆)

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ (၂- ၄- ၂၀၀၉) ကြာသပတေးနေ့။

၁။ (က) ကာမကြောင့် သောကဖြစ်၏။ ကာမကြောင့် ဘေးဖြစ်၏။

(ခ) တဏှာကြောင့် သောကဖြစ်၏။ တဏှာကြောင့် ဘေးဖြစ်၏ဟု ဟောထားသော နှစ်ဂါထာကို အပြည့်အစုံ ရေးပြပါ။

၂။ လကုဏ္ဌလဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူအပ်သော ထေရ အမည်ရသော ပုဂ္ဂိုလ်တို့ရှိသင့် ရှိထိုက်သော ဂါထာပြပါဦးကို အပိုအလိုမရှိ အနက်ရေးပြခဲ့ပါ။

၃။ သိကြားမင်းကြီးက ဤနတ်သမီးကိုမှ မရလျှင် သေရပါလိမ့်မည်ဟု ပြောရလောက် အောင် လှပသော နတ်သမီး၏ အမည်ကို ရေးပြပါ။

၄။ ဓမ္မပဒ မလဝဂ် မေဏ္ဍကသူဌေးဝတ္ထုဒေသနာတော်၌ သူတစ်ပါးအပြစ်ကို မြင်သူနှင့် မိမိအပြစ်ကို မမြင်သူ နှစ်ယောက်တို့၏ ကွာခြားပုံကို ဥပမာနှင့်တကွ ဖြေဆိုပါ။

၅။ ဆဗ္ဗဂ္ဂိယဝတ္ထု၌ ပညာရှိသူ ပညာမရှိသူတို့၏ လက္ခဏာကို ဖော်ပြ၍၊ သမ္မဟုလဘိက္ခု ဝတ္ထုလာ ကောင်းမြတ်သော သဘောမရှိသူဟူသည် အဘယ်ပုဂ္ဂိုလ်ကို ခေါ်ပါသနည်း ကျမ်းရင်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၆။ ပဌမသတ္တိကျေဝတ္ထုလာ သေဒ္ဒေးလေးမျိုးကို ပြဆိုခ့ဲ၏။ ကိလေသာမှ စင်ကြယ်ရန် ခန္ဓာငါးပါးရှပ်နာမ်တရားတို့ကို မည်ကဲ့သို့ ရှုမြင်ရပါမည်နည်း လက္ခဏာဝတ္ထုလာအတိုင်း အကျဉ်းချုပ်မျှ ပြဆိုခ့ဲပါ။

၇။ အနာမျိုး ၉၆-ပါးရှိ၏ဟု ဆိုကြရာဝယ် အကြီးမားဆုံးရောဂါသည် မည်သည့်ရောဂါဖြစ်ပါသနည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။

၈။ အတုလဥပါသကဝတ္ထုဌ ဟောတော်မူသော နိန္ဒန္တိ တုဏ္ဏိ မာသီနံ-ဌ ဆိတ်ငြိမ်စွာ နေထိုင်သူအား ကဲ့ရဲ့ပုံကို အမ္ဗကထာနှင့်အညီ ဖြေဆိုခ့ဲပါ။

၉။ စူဠသုဘဒ္ဒါ၏ အဖေအမေနှင့် ယောကျ္မအမည်တို့ကို ရေးပြပါ။

၁၀။ နိရယဝဂ် ခေမကသူဌေးသားဝတ္ထုဌ မြတ်စွာရှင်ပင် ကျွန်းထိပ်တင်က ခေမကသူဌေးသားကို ဟောကြားရာတရားဒေသနာ၌ စတ္တာရိ ဌာနာနိ-ဟု ပါရှိရာ စတ္တာရိ ဌာနာနိ အရတို့ကိုလည်း ဖော်ထုတ်ဖြေဆိုပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ-၂၁၅၊ ဂါထာ-၂၁၆။

၂။ ဂါထာ- ၂၆၁။

၃။ **နတ်သမီး၏ အမည် -** ရောဟိနီနတ်သမီး ဖြစ်သည်။

၄။ **သူတစ်ပါးအပြစ်ကို မြင်သူသည်-**

သူတစ်ပါးအပြစ်ကို မြင်လွယ်၏။ ဖွဲ့ကို လွှင့်သကဲ့သို့ သူတစ်ပါးတို့၏ အပြစ်ကို လွှင့်၏။

မိမိအပြစ်ကို မမြင်သူသည်-

ငှက်မုဆိုးသည် သစ်ရွက်သစ်ခက်တို့ဖြင့် ဖုံးလွှမ်းအပ်သည်ဖြစ်၍ ပြစ်မှားခြင်းရှိသော မိမိကိုယ်ကို ဖုံးလွှမ်းသကဲ့သို့ မိမိ၏အပြစ်ကို ဖုံးလွှမ်း၏။

ဤသို့ ကွာခြားသည်။ (ဂါထာ-၂၅၂)

၅။ **ပညာမရှိသူတို့၏ လက္ခဏာ-** (ကချင် ၆-၇)

သဘောမရှိသောပုဂ္ဂိုလ်-

ငြူစူသော ဝန်တိုသော စဉ်းလဲတတ်သောပုဂ္ဂိုလ်သည် အပြောကောင်းကာမျှ ဖြင့်လည်းကောင်း၊ ရုပ်အဆင်းလှပကာမျှဖြင့်လည်းကောင်း၊ ကောင်းမြတ်သော သဘောရှိသူ မဟုတ်ပါ။ (ဝါဏာ-၂၆၂)

၆။ **သေဌေးလေးမျိုး-**

လမ်းတို့တွင် မဂ္ဂင်ရှစ်ပါးလမ်းသည် အမြတ်ဆုံးဖြစ်၏။

သစ္စာလေးပါးတို့တွင် အရိယာသစ္စာလေးပါးသည် အမြတ်ဆုံးဖြစ်၏။

တရားအပေါင်းတို့တွင် ရာဂကင်းရာ နိဗ္ဗာန်တရားသည် အမြတ်ဆုံးဖြစ်၏။

ခြေနှစ်ချောင်းရှိသောသူတို့တွင် ဉာဏ်မျက်စိရှိသော မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏။ (ဝါဏာ-၂၇၃)

ခန္ဓာငါးပါး, ရုပ်, နာမ်တရားကို ရှုမြင်ပုံ-

ကိုလေသာမှ စင်ကြယ်ရန် ခန္ဓာငါးပါး, ရုပ်, နာမ်တရားတို့သည် မမြဲကုန်ဟူ၍ လည်းကောင်း၊ ဆင်းရဲကုန်၏ဟူ၍လည်းကောင်း၊ အစိုးမရကုန်ဟူ၍ လည်းကောင်း ဉာဏ်ပညာဖြင့် ရှုမြင်ရပါမည်။ (ဝါဏာ-၂၇၇၊ ၂၇၉)

၇။ **အကြီးမားဆုံး ရောဂါ-**

အခြားသောရောဂါသည် တစ်ကြိမ်ဆေးကုလိုက်သော် အမြဲပျောက်ကင်းသောအားဖြင့် ဖြစ်စေ၊ ခဏသက်သာသောအားဖြင့်ဖြစ်စေ ပျောက်ကင်း၏။ ဆာလောင်မွတ်သိပ်ခြင်းရောဂါ သည်ကား နေ့စဉ်အမြဲ အစာစားခြင်းဟူသော ဆေးကုနေရသည်သာ ဖြစ်သော ကြောင့် အခြား သော ရောဂါတို့ထက် ဆာလောင်မွတ်သိပ်မှုရောဂါသည် လွန်ကဲသည် မည်၏။ (ဓမ္မ-၆၊ ၂၊ ၁၇၁)

၇။ ဣန္ဒြိယပုဂ္ဂိုလ်သည် အဘယ်သို့နည်း၊ အ-သူကဲ့သို့ နားပင်းသူကဲ့သို့ တစ်စုံတစ်ခု မသိသူကဲ့သို့ ဆိတ်ဆိတ်နေ၏ဟူ၍ ကဲ့ရဲ့ပါသည်။ (ဓမ္မ-၆၊ ၂၊ ၂၁၁)

၉။ **စူဠသုဘဒ္ဒါ၏ အဖေ-** အနာထပိဏ်၊

စူဠသုဘဒ္ဒါ၏ အမေ- ပုညလက္ခဏဒေဝီ၊

http://www.dhammadownload.com

ဗုဒ္ဓသုဘဒ္ဒါ၏ ယောကွမ- ဥဂ္ဂသူဌေး။ (ဓမ္မ-၆၊၂၂ ၂၇၀)

၁၀။ စတ္တာရိဗ္ဘာနာနိ အရ-

အကုသိုလ်ကိုရခြင်း။ အလိုရှိတိုင်း မအိပ်ရခြင်း။
ပညာရှိတို့ ကဲ့ရဲ့ခြင်း။ ငရဲသို့ ရောက်ရခြင်း။ (ဓမ္မ၊ ၆၊၂- ၃၀၁)

၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကရင်ပြည်နယ်) ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိ၊ အဋ္ဌကထာဘာသာ ၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂- ၄- ၂၀၀၉) ကြာသပတေးနေ့။

၁။ ချစ်မှုတစ်ခု, ဖြစ်ပေါ်မှု၊ တွယ်တာသမှု, ဖြစ်ပေါ်မှုကြောင့် သောက, ဘယ ကြုံတွေ့ကြသော အညတရကုဋ္ဌမ်ကသူကြွယ်နှင့် ဝိသာခါကျောင်းအမတ်တို့ကို သောက, ဘယငြိမ်းရန် ဟောကြားတော်မူခဲ့သည့် ပိယဝဂ်လာဂါထာတို့ကို ပါဠိရေးပြပါ။

၂။ ဘဝဟောင်းမှ မိဘတော်စပ်ခဲ့ကြသည့် ပုဏ္ဏားဇနီးမောင်နှံတို့ကို "ကိုယ်ကိုမညှင်း, စောင့်ရှောက်ခြင်း, သေခြင်းကင်းရာ, နိဗ္ဗာန်သာသို့ ရောက်ကြောင်းပြ" ကောဓဝဂ်၊ ဗုဒ္ဓ ဝိတုဖြတ္ခဏဝတ္ထုလာ ဂါထာကို အနက်ပေးပြပါ။

၃။ ကြမ္ဘာရဟတ်, တစ်ပတ်လည်၍, ဘဝမလန်း, အကြွေးပန်းမ, ရောဟိဏီ၏ အတိတ်ကံ ကြမ္ဘာအကြောင်း မကောင်းခဲ့ပုံကို မြတ်ဗုဒ္ဓက ရောဟိဏီအား ပြန်ပြောင်းဟောကြားခဲ့သည့် အတိတ်ဝတ္ထုကို ရေးသားဖြေဆိုပြီးလျှင်၊ အကြွေပန်းဘဝမှ ရွှေနန်းထိုက်ဘဝသို့ ရောက်သွားသော ရောဟိဏီနတ်သမီးကို တွေ့မြင်ရသော သိကြားမင်း၏ နလုံးသားမှ ဖွင့်ဟလာသော စကားရပ်တို့ကိုလည်း ထုတ်နှုတ်ရေးသားပြပါ။

၄။ နိဗ္ဗာန်ကို စိတ်အကြံ, ဓိဌာန်ရုံမှုဖြင့် မပြီး "နိဗ္ဗာန်ရောက်ရန် ကျင့်သုံးတန်"ကို ထုတ်ပြပြီးလျှင်၊ အသက်တစ်ရာ မနေရ အမှုတစ်ရာ ကြုံကြရမည့်ပုဂ္ဂိုလ်တို့အတွက် အားကိုးလောက်သည့် တရားသူကြီး၏ ရှိသင့်သည့် အင်္ဂါရပ်တို့ကိုလည်း ဖြေဆိုပါ။

၅။ ရန်အောင်လိုလျှင်, လုံ့ဆောင်၊ လုံ, မသုံး ရန်ရှုံးနိုင်-ဟု ဆိုကြသော်လည်း လုံ, မဆောင်လုံ, မသုံးဘဲ ရန်အောင်ကြောင်းတရားတို့ကို ဖြေဆိုပြီးလျှင်၊ ဥတ္တရာ၏ အဖေ နှစ်ဦးတို့၏ အမည်နှင့် ထိုအဖေနှစ်ဦးတို့၏ စွမ်းရည်မတူ ကွာဟချက်တို့ကိုလည်း ဖြေဆိုပါ။

http://www.dhammadownload.com

၆။ မြတ်ဗုဒ္ဓ၏ မိဘတော်စပ်ဖူးသော ပုဏ္ဏားလင်မယားတို့၏ (က) မိဘရင်း ဘဝမည်မျှ၊ (ခ) ဘကြီး, မိကြီး ဘဝမည်မျှ၊ (ဂ) ဘထွေး, မိထွေးဘဝမည်မျှ၊ (ဃ) စုစုပေါင်း တော်စပ်သည့် ဘဝအရေအတွက် မည်မျှရှိသည်တို့ကို ထုတ်နှုတ်ပြပြီးလျှင်၊ ယခုပစ္စုပ္ပန်ဘဝ၌ ပြန်လည်ဆုံတွေ့ရခြင်း အကြောင်းရင်း ၂-ပါးကိုလည်း ဖြေဆိုပါ။

၇။ လူသတ္တဝါ မျောက်က လာဟု အဆိုရှိခဲ့သော်လည်း ၃၁-ဘုံ, ဘဝစုံမှ လာခဲ့ကြသည်ကို ခိုင်လုံကြောင်း မြတ်ဗုဒ္ဓ၏ ဓမ္မသဘင်ပွဲလာ ဥပါသကာ ၄-ဦးတို့၏ မူရင်းလာခဲ့ရာ အတိတ်ဘဝဖြစ်စဉ်နှင့် ပစ္စုပ္ပန်ဘဝဖြစ်အင်တို့ကို ပေါင်းစပ်လျှက် ရေးသားဖြေဆိုပါ။

၈။ သူတစ်ပါးအပြစ်ကိုသာကြည့်၍ ကဲ့ရဲ့ရွတ်ချလေ့ရှိသောသူအား နီးလျှက်နှင့်ဝေး-ဟူသော စကားအရ ဝေးသွားရသောတရားတို့ကို ဖော်ပြပြီးလျှင်၊ ထိုကဲ့ရဲ့ရွတ်ချလေ့ရှိသော သူအား တိုးပွါးလာနိုင်သော တရားလေးပါးကို ဆိုင်ရာတစ်ပါးချင်း၏ တရားကိုယ်နှင့် တွဲစပ်ဖော်ပြပါ။

၉။ ဓမ္မကထိကအကျော် မဟုတ်သော်လည်း သစ္စာလေးပါးကိုသိ၍ ဟောနေကြ ဂါထာတစ်ပုဒ်ကို ဟောကြားရာ၌ နတ်, ဗြဟ္မာများ သာဓုအခေါ်ခံရသောမထေရ်၏ အမည်ကို ဖော်ပြပြီး၊ တဏှာဝဂ်လာ "အမြတ်ဆုံးတရား ၄-ပါး" ကိုလည်း ထုတ်ဖော်ရေးသားပြပါ။

၁၀။ တဏှာဝဂ်လာ အကုံရနတ်သားဝတ္ထု၌ အလှူအကျိုးကြီးလိုလျှင် အကင်း ၄-ကင်း ပုဂ္ဂိုလ်တို့ကိုလှူမှ အကျိုးကြီး၏ဟု ဟောတော်မူထားရာ "အကင်း ၄-ကင်း ပုဂ္ဂိုလ်" တို့ကို ဥပမာနှင့်တကွ ရှင်းလင်းဖြေဆိုပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိ၊ အဋ္ဌကထာဘာသာ

၁။ (ထင်ရှားပြီ)။

၂။ (ထင်ရှားပြီ)။

၃။ ဖျားလွန်လေပြီးသောအခါ ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်စဉ် မင်းကြီး ချစ်မြတ်နိုးသော ကခြေသည်မိန်းမငယ်တစ်ယောက်အား ရန်ပြိုးဖွဲ့၍ ယားယံခြင်းကို ဖြစ်စေတတ်

http://www.dhammadownload.com

သောအသီးတို့ဖြင့် ထိုမိန်းမငယ်၏ အိပ်ရာ, အဝတ်တို့အပေါ်၌ ထိုမိန်းမငယ် မသိအောင်ထားစေ၏။ ထိုမိန်းမငယ်၏ ခန္ဓာကိုယ်ပေါ်၌လည်း ပျက်ရယ်ပြုသကဲ့သို့ ကြဲချ၏။ ထိုခဏ၌ပင် ကခြေသည် မိန်းမငယ်၏ကိုယ်သည် ဖူးဖူးရောင်၍ ယားယံသောဝေဒနာကို ခံးစားရလေသည်။ ထိုကချေသည်မသည် ယားယံသည်ဖြစ်သည်၍ အိပ်ရာပေါ်၌ လူးလိမ့်သည်ရှိသော် ယားယံသော အမှုန့်တို့သည် ကိုက်ခဲပြန်သည်ဖြစ်၍ ပိုမိုပြင်းထန်ကြမ်းတမ်းသော ဝေဒနာကို ခံစားရလေသည်။ ထိုမိဖုရားကြီးသည် ယခုအခါ ရောဟိနီဖြစ်လာပါသည်။ (ဓမ္မ၊ ၆၊၂- ၁၉၃)

သိကြားမင်း၏ နလုံးသားမှ ဖွင့်ဟလာသော စကားရပ်-

သိကြားမင်းသည်- " အမောင်တို့- ဤနတ်သမီးကို တွေ့မြင်သောကာလမှစ၍ အသင်တို့၏စိတ်၌ ဤမျှလောက်သာ ဖြစ်ပေါ်လာရခြင်းသည် အသင်တို့၏စိတ်ကိုပင် နိပ်ကွပ် ဆုံးမ၍ သည်းခံနိုင်သော သဘောရှိကြလေကုန်၏။ ငါသည်ကား ဤနတ်သမီးကို ရသည်ရှိသော် အသက်ရှည်ရအံ့၊ မရခဲ့သည်ရှိသော် ငုံ့အား သေလွန်ခြင်း ဖြစ်ရတော့အံ့ " ဟု ပြောကြားပါသည်။ (ဓမ္ဓ၊ ၆၊၂- ၁၉၃)

၄။ အမြဲနိုးကြားခြင်း၊
နေ့, ညအမြဲ သိက္ခာသုံးပါးကို ကျင့်ခြင်း၊
နိဗ္ဗာန်သို့ ညွှတ်သောစိတ်ရှိခြင်း။ (ဝိဏာ- ၂၂၆)

တရားသူကြီး၏ အဂါရပ်များ-

ဟုတ်မှန်သောအကြောင်း,မဟုတ်မှန်သောအကြောင်း နှစ်ပါးစုံကို စီစစ်ဆုံးဖြတ်ခြင်း။ မချွတ်မယွင်း ဟုတ်မှန်သောအားဖြင့် ညီညီမျှမျှ အဂတိမလိုက်စားပဲ တရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင် အရှုံးသို့ ရောက်စေခြင်း။
တရားကို စောင့်ခြင်း၊
ပညာနှင့် ပြည့်စုံခြင်း တို့ဖြစ်ပါသည်။ (ဝိဏာ- ၂၅၆၊ ၂၅၇)

၅။ ရန်အောင်ကြောင်းတရား- (ကချင် ၄-ရ)

အဖေနှစ်ဦးတို့၏ အမည်များ-

ပုဏ္ဏသူဌေးနှင့် မြတ်စွာဘုရားတို့ ဖြစ်ကြသည်။

စွမ်းရည်မတူ ကွာဟချက်-

ပုဏ္ဏသူဌေးကြီးသည်- ဝဋ်ကိုဖြစ်စေတတ်သော ဖခင်ဖြစ်ပါသည်၊

http://www.dhammadownload.com

မြတ်စွာဘုရားသည်- ဝဋ်ကို ဖြတ်တောက်တတ်သော ဖခင်ဖြစ်ပါသည်။

(ဓမ္မ၊ ၆၊ ၂-၂၀၁)

၆။ မြတ်ဗုဒ္ဓ၏ မိဘတော်စပ်ဖူးသော ပုဏ္ဏားလင်မယားတို့၏-

(က) မိဘရင်းအဖြစ်ဖြင့် ဘဝ-၅၀၀၊

(ခ) ဘကြီး, မိကြီး အဖြစ်ဖြင့် ဘဝ-၅၀၀၊

(ဂ) ဘထွေး, မိထွေးအဖြစ်ဖြင့် ဘဝ-၅၀၀၊

(ဃ) စုစုပေါင်းတော်စပ်သည့် ဘဝအရေအတွက် ၁၅၀၀ ဖြင့် ဘဝ- ၃၀၀၀-တို့ ရှိသည်။ (ဓမ္မ၊ ၆၊ ၂-၂၀၅)

အကြောင်းရင်း ၂- ပါး-

ရှေးဘဝက အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ဖူးခြင်း။

ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွါး ဆောင်ရွက်ခြင်း။ (ဓမ္မ၊ ၆၊ ၂-၂၀၅)

၇။ ထိုင်လျှက်ငိုက်မြည်းနေသူသည် ဘဝ ၅၀၀- တို့ပတ်လုံး မြွေမျိုးဌာနဖြစ်ခဲ့သည်၊ လက်ချောင်းဖြင့် မြေကြီးကို ရေးခြစ်နေသူသည် ဘဝ ၅၀၀- တို့ပတ်လုံး တီမျိုးဌာန ဖြစ်ခဲ့သည်။

သစ်ပင်ကို လှုပ်လျှက်ထိုင်နေသူသည် ဘဝ ၅၀၀-တို့ပတ်လုံး မျောက်မျိုးဌာန ဖြစ်ခဲ့သည်။

ကောင်းကင်ကို မော့ကြည့်၍ ထိုင်နေသူသည် ဘဝ ၅၀၀- တို့ပတ်လုံး နက္ခတ်ကို ဖတ်သော နက္ခတ်ဆရာဖြစ်ခဲ့ပါသည်။ (ဓမ္မ၊ ၆၊ ၂-၂၃၀)

၈။ အရဟတ္တမဂ်-ဟုဆိုအပ်သော အာသဝေါကုန်ခြင်းမှ ဝေးဏ်။ (ဓမ္မ၊ ၆၊ ၂-၂၃၉)

တရားကိုယ်- ကာမသဝ - လောဘ၊ ဘဝါသဝ - လောဘ၊ ဒိဋ္ဌာသဝ - ဒိဋ္ဌိ၊ အဝိဇ္ဇာသဝ - မောဟ။ (ဓမ္မ၊ ၆၊ ၂-၂၃၉)

၉။ နတ်, ဗြာဟ္မာများ၏ သာဓုအခေါ်ခံရသော မထေရ်၏အမည်မှာ- ဧကဒါနမထေရ် ဖြစ်ပါသည်။ (ဓမ္မ၊ ၆၊ ၂-၂၄၃)

အမြတ်ဆုံးတရား ၄-ပါး-

အလှူဒါနအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏၊

အရသာအားလုံးတို့တွင် တရားအရသာသည် အမြတ်ဆုံးဖြစ်၏၊

မွေ့လျော်ခြင်းအားလုံးတို့တွင် တရား၌ မွေ့လျော်ခြင်းသည် အမြတ်ဆုံးဖြစ်၏၊

အရဟတ္တဖိုလ်သည် သံသရာဝဋ္ဋဒုက္ခအားလုံးကို နိုဝ်စက် ပယ်သတ်ခြင်းကြောင့် အားလုံးထက် ပိုမြတ်ပါသည်။ (ဓမ္မ၊ ၆၊၂-၃၅၂)

၁၀။ လယ်တို့သည် သမန်းစသောမြက်တို့ ထကြွပေါက်ကုန်လသော် ကောက်ပဲသီးနှံရှိသော လယ်တို့သည် ပျက်စီးကုန်၏။ ထို့ကြောင့် အသီးကြီးထွားမှု မဖြစ်ကုန်သကဲ့သို့ ဤအတူ သတ္တဝါတို့၏ ရာဂ, ဒေါသ, မောဟ, ဣဿာ ဖြစ်လသော် သတ္တဝါတို့ကို ဖျက်ဆီး၏။ ထိုရာဂ,ဒေါသ မောဟ, ဣဿာရှိသော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးမများချေ။ ရာဂ, ဒေါသ, မောဟ, ဣဿာကင်းသော အာသဝေါကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးများပါသည်။

ထို့ကြောင့် ရာဂ, ဒေါသ, မောဟ, ဣဿာကင်းသော ရဟန္တာပုဂ္ဂိုလ်သည် အကင်း ၄- ကင်း ပုဂ္ဂိုလ် မည်သည်။ (ဓမ္မ၊ ၆၊၂-၃၅၆)

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ချင်းပြည်နယ်)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ အမြတ်ဆုံးတရား အမျိုးမျိုးကို ပြဆိုထားသော သုခဝဂ်၊ ပသေနဒိကောသလဝတ္ထုလာ ဂါထာကို ပါဠိသက်သက်မျှသာ ရေးပြခဲ့ပါ။

၂။ အချစ်ကြောင့် သောကရောက်ရပုံ စသည်ကို ပြဆိုထားသော ပိယဝဂ်၊ ကုဋ္ဌမ္ဘိကဝတ္ထုလာ ဂါထာကို အနက်မှန်မှန် သမ္မန်ပြခဲ့ပါ။

၃။ အမျက်ဒေါသကို ထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ရှင်တော်မြတ်ဘုရားဟောကြားတော်မူထားပုံကို ကောဓဝဂ်၊ အညတြဘိက္ခုဝတ္ထုလာ ဂါထာတော်၏ အဆိုအမိန့်နှင့်အညီ ဖြေဆိုပြပါ။

၄။ သူတပါးတို့ကို အနိုင်ယူရမည့် အောင်ကြောင်းတရားတို့ကို ဗဟုသုတရရှိစေရန် ကောဓဝဂ် ဥတ္တရာဥပါသိကာဝတ္ထုလာ ဂါထာတော်မြတ်နှင့် အညီ ဖြေဆိုပြပါ။

၅။ မိမိ၏ သန္တာန်၌ရှိသော ကိလေသာအညစ်အကြေးကို ထုတ်ပယ်ရာ၌ နည်းယူဖွယ်ဖြစ်စေရန် မလဝဂ် အညတရဗြာဟ္မဏဝတ္ထုလာ ဂါထာအရ ဖြေဆိုပြခဲ့ပါ။

http://www.dhammadownload.com

၆။ လူပျင်းတို့၏ ရပိုင်ခွင့်ရှိသောအကျိုးကို သိသာထင်ရှားအောင် မဂ္ဂဝဂ် ပဓာနကမ္မိက တိသဿတ္ထေရဝတ္ထုလာဂါထာနှင့် အညီ ဖြေဆိုပြပါ။

၇။ ရောဟိဏီမြစ်သည် အဘယ်တိုင်းပြည်တို့၏ အကြားဌ် တည်ရှိပါသနည်း?ဖြေဆိုပြ၍ ကောသလမင်းကြီးသည် မိမိ၏ တူတော်မောင် အဇာတသတ်မင်းနှင့် စစ်တိုက်ကြရာ ဝယ် စစ်ရှုံးခဲ့သော အကြိမ်ပေါင်းကို မှန်ကန်စွာ ဖော်ပြခဲ့ပါ။

၈။ "ဤနေမှစ၍ လေးလ လွန်မြောက်လျှင် ငါဘုရား ပရိနိဗ္ဗာန်စံတော့မည်"ဟု ရှင်တော်ဘုရား မိန့်တော်မူလိုက်သော အခါဝယ် ရဟန်းအများတို့၏ ဖြစ်ပုံအခြင်းအရာတို့ကို သုခဝဂ် တိသဿတ္ထေရဝတ္ထုအဖွင့်ကို မှီး၍ အသီးအသီး မှတ်တမ်းတင်ပြပါ။

၉။ အတ္ထံ ဟိတွာ ပိယဂ္ဂါဟီ၌ (က) အတ္ထအရ၊ (ခ) ပိယအရတို့ကို အဋ္ဌကထာအဖွင့်နှင့် အညီ ပီပြင်စွာ ကောက်ပြခဲ့ပါ။

၁၀။ သားသေ၍ စိတ်ပျက်နေသော သူဌေးကြီးအား ရှင်တော်ဘုရားက စိတ်ချမ်းသာစေရန် အတွက် မိန့်မှာတော်မူထားသော စကားရပ်ကို ပိယဝဂ် အညတရကုဋုမ္ဗိကဝတ္ထုအဋ္ဌ ကထာ အာဘော်ကျ ဖြေဆိုပြပါ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (ထင်ရှားပြီ)။

၂။ (ထင်ရှားပြီ)။

၃။ အလွန်လျင်မြန်စွာသွားသောရထားကို ရထားထိန်းတားမြစ်သကဲ့သို့ စင်စစ် ဖြစ်ပေါ်လာ သော အမျက်ဒေါသကို တားမြစ်နိုင်သူကိုသာ (သာရထိ) ရထားထိန်းဟု ငါဘုရား ဟောတော်မူ၏။ ကြွင်းသော အမျက်ဒေါသကို မတားမြစ်နိုင်သော ရထားထိန်းအပေါင်း သည် ကြိုးကိုင် သာတည်း။

(ရပ်ထား-၂၂)

၄။ (ကချင် ၄-၍)။

http://www.dhammadownload.com

၅။ ပန်းတိမ်သည်သည် ရွှေ၏ အညစ်အကြေးကို ထပ်ကာထပ်ကာ တဖြည်းဖြည်း ထုတ်ပယ်သကဲ့သို့ ပညာရှိသည် အစဉ်အတိုင်း အနည်းငယ်အနည်းငယ် ခဏတိုင်း ခဏတိုင်း (ထပ်ကာထပ်ကာ ကုသိုလ်ကို ပြုလျက်) မိမိသန္တာန်၌ထင်ရှားရှိသော ကိလေသာ အညစ် အကြေးကို ထုတ်ပယ်ရပါမည်။ (ဝိဏာ၊ ၂၃၉၊ ဓမ္မ၊ ၆၊ ၂-၂၁ဝ)

၆။ ပို့ကြမ်စနတွား ခွန်အားနှင့်ပြည့်စုံပါသော်လည်း ထင်ကြွလုံ့လ ပြုသင့်သောအခါ၌ ထင်ကြွမှုလုံ့လမရှိ၍ ပျင်းရိထိုင်းမှိုင်းလျက် ဆုတ်နစ်သော စိတ်အကြံရှိ၍ ပျင်းရိသူသည် ပညာဖြင့် ရယူနိုင်သော အရိယာမဂ်ကို မရနိုင်ပါ။ (ဝိဏာ-၂၈ဝ)

၇။ ကပိလဝတ်နှင့် ကောလိယမြို့တို့၏ အကြားဌ၌ တည်ရှိပါသည်။ (ဓမ္မ၊ ၆၊ ၂- ၁၆၅)
စစ်ရှုံးခဲ့သည့် အကြိမ်ပေါင်း- ၃-ကြိမ် ဖြစ်ပါသည်။ (ဓမ္မ၊ ၆၊ ၂- ၁၆၈)

၈။ ဤနေ့မှစ၍ လေးလလွန်မြောက်လျှင် ငါဘုရား ပရိနိဗ္ဗာန်စံတော့မည် ဟု ရှင်တော်ဘုရား မိန့်တော်မူလိုက်သောအခါဝယ် -
ခုနှစ်ရာသောရဟန်းတို့သည် ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်ကြကုန်၏။
ရဟန္တာ အရှင်တို့သည် တရားသံဝေဂ ဖြစ်ကြကုန်၏။
ပုထုဇဉ်ရဟန်းတို့သည် မျက်ရည်တို့ကို သိမ်းဆည်းခြင်းငှာ မစွမ်းနိုင်ကြကုန်။
ရဟန်းတို့သည် အစု အစု ဖြစ်၍ "အဘယ်သို့ ပြုလုပ်ကြမည်နည်း" ဟု တိုင်ပင်လျက် လှည့်လည်ကြကုန်၏။
တိသမထေရ်တစ်ပါးတည်းသာလျှင် "မြတ်စွာဘုရားသည် လေးလလွန်လျှင် ပရိနိဗ္ဗာန် စံတော့မည်၊ ငါသည်လည်း ရာဂမကင်းသေး။ မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်ပင် ငါသည် အရဟတ္တဖိုလ်ကို ရယူခြင်းငှါ၊ သင့်၏" ဟု ကြံလျက် တစ်ပါးတည်း တရားအားထုတ်၏။ (ဓမ္မ၊ ၆၊ ၂- ၁ဂ၃/၁ဂ၄)

၉။ (က) အဓိသီလစသော သိက္ခာ၃-ပါး။
(ခ) ကာမဂုဏ်ငါးပါးဟူဆိုအပ်သော ချစ်ဖွယ်အာရုံ။ (ဓမ္မ၊ ၆၊ ၂-၁ဂ၉)

၁ဝ။ ရှင်တော်ဘုရားသည်- "ဥပါသက- မစိုးရိမ်လင့်၊ ဤသေခြင်းသဘောမည်သည် တစ်ခုတည်းသောအရေပ်၌ တစ်ယောက်တည်းသော ပုဂ္ဂိုလ်အားသာလျှင် ဖြစ်သည်မဟုတ်၊ သတ္တဝါတိုင်း ဘဝ ဖြစ်နေသမျှ သေရမည်သာ ဖြစ်၏၊ တစ်စုတစ်ခုသော သခါရမျှ မြ

http://www.dhammadownload.com

သောသဘောမရှိသောကြောင့် "" သေတတ်သောသဘောသည် သေ၍ ပျက်တတ်သော သဘောသည် ပျက်တတ်သည်"" ဟု သင့်တင့်သောအကြောင်းအားဖြင့် ထင်ရှားသိမြင်အောင် ဆင်ခြင်အပ်၏။ မစိုးရိမ် မကြောင့်ကြအပ် " ဟု မိန့်တော်မူပါသည်။

(ဓမ္မ၊ ၆၊ ၂- ၁၅၀)

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃- ၂၀၀၉) တနလာနေ့။

၁။ ဆန်တစ်စိတ်ချက် ကုန်အောင်နက်သည့် ဘုရင်ကောသလအတွက် ကိုယ်အမေးလေးချိန်ဝိတ်ကျကာ ချမ်းသာမှုပေးခဲ့သော ဘုရားအဆုံးအမ ဂါထာကို ပါဠိရေးပြပါ။

၂။ ဝမ်းဖြင့်လွယ်၍ မမွေးခဲ့ရပါဘဲလျက် အချို့သောမွေးစားမိဘတို့သည် သားသမီးအရင်းကဲ့သို့ ချစ်ခင်ကြခြင်းသည် အဘယ်အကြောင်းများကြောင့် ဖြစ်ရသည်ကို ပြဆိုသော ဂါထာကိုသာ အနက်ယောဇနာပါ။

၃။ "တပည့်မရှား တစ်ပြားမရှိ ပီတိကိုစား အားရှိပါ၏"ဟု ပြောကြရာဝယ် ပီတိကိုစား၍ ချမ်းသာပုံကို ဖြေဆိုပြ၊ တဏှာရှိသူနှင့် မရှိသူ ရရှိနိုင်သော အကျိုးတို့ကို အညတရ ဗြာဟ္မဏဝတ္ထုကို ဖတ်ရှု၍ ရေးသားဖြေဆိုပါ။

၄။ ပညာရှင်ပုဂ္ဂိုလ်တို့ အမြဲမပြတ် ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်ကို အတုလဉပါသကဝတ္ထုရှု၍ ဖြေဆိုကာ၊ အညစ်အကြေး ၄- မျိုးကိုလည်း ဖြေဆိုပြပါ။

၅။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့ လက်စွဲ- အနုမောဒနာတရားစကားတို့ကို ဖြေဆိုပြပါ။

၆။ ပရိယတ္တိပညာရှင် အရှင်ပေါ်ဠိလအတွက် မြတ်စွာဘုရားပေးတော်မူသော ပဋိပတ္တိကျင့်စဉ်ကို ဖြေဆိုပြ၊ အချင်းချင်းအမျက်ထား ရန်ပွားနေသူတို့အား မြတ်စွာဘုရား ပေးတော်မူသော ရန်ပြေ မာန်ပြေတရားစကားကိုလည်း ကုတ္တရဒ္ဓ အဏ္ဏာခါဒိကာဝတ္ထုရှု၍ ဖြေဆိုပါ။

[illegible]ားသတိတို့ကိုဖြေဆိုပြ၊ သီလရှိယောင်ဟန်ဆောင်ကာ အများပြည်သူတို့လှူသော

http://www.dhammadownload.com

၈။ မိမိကိုယ်ကို ကောင်းစွာယဉ်ကျေးအောင် ဆုံးမလိုသူသည် အဘယ်တို့ဖြင့် ဆုံးမရမည်ကို ရှေ့နောက် နှစ်ပိုင်းခွဲကာ ဖြေဆိုရ၏။ ပိတ်ကျဉ်သွားကာ ချမ်းချမ်းသာသာ ဖြစ်သွားသော ကောသလမင်းက မြတ်စွာဘုရားကို မည်ကဲ့သို့ ပြန်လည်၍ ကျေးဇူးဆပ်ခဲ့သည်ကိုလည်း ဖြေဆိုပါ။

၉။ သမ္ဘာနိ ပရိဿယာနိ–ဝယ် ပရိဿယတို့ကို ဖြေဆိုကာ၊ အဘယ့်ကြောင့် တုဋ္ဌိ သုခါ–ရောင့်ရဲခြင်းသည် ချမ်းသာရပါသနည်း? ဖြေဆိုပြပါ။

၁၀။ တဏှာအလျှဉ် ၃၆–ပါးကို ရေတွက်ပြကာ၊ ဥဂ္ဂသေနဝတ္ထုလာ ပုရေ, မဇ္ဈေ, ပစ္ဆာ–အရတို့ကိုလည်း ဖြေဆိုပါ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ **ဘုရားအဆုံးအမ ဂါထာတော်–**

မနုဇသ သဒါ သတီမတော၊ မတ္တံ ဇာနတော လဒ္ဓဘောဇနေ။
တနုကသ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလယ်။ (ဓမ္မ၊ ၆၊ ၂– ၁၇၂)

၂။ ပုဗ္ဗေဝ သန္ဓိဝါသေန –စသော (ဓမ္မ၊ ၆၊ ၂– ၂၀၅)လာ ဂါထာကို အနက်ယောဇနာပါ။

၃။ ငါတို့အား တစ်စုံတစ်ခုသော ကြောင့်ကြမ္မ မရှိပဲ ချမ်းချမ်းသာသာ အသက်ရှည် နေကြကုန်၏။ အာဘာသရာ ဗြာဟ္မာကြီးများသည် နှစ်သက်မှု ပီတိချမ်းသာလျှင် အစာရှိသည် ဖြစ်၍ ပီတိတည်းဟူသောချမ်းသာဖြင့်သာ အချိန်ကိုကုန်လွန်စေသကဲ့သို့ ဤအတူ ငါတို့သည်လည်း နှစ်သက်မှု ပီတိချမ်းသာလျှင် အစာရှိသည် ဖြစ်ကုန်၏။ (ဂါထာ–၂၀၀)

ရနိုင်သောအကျိုး–

တဏှာရှိသူသည် စိုးရိမ်မှုနှင့် ကြောင့်ကြမှု ဖြစ်ပါသည်။
တဏှာမရှိသူသည် စိုးရိမ်မှုနှင့် ကြောင့်ကြမှု မရှိပါ။ (ဂါထာ–၂၁၆)

[illegible] ကိမ္ဘေးမရှိသော [illegible]

http://www.dhammadownload.com

အညစ်အကြေး ၄-မျိုး-

ပညာရှိတို့၏ အညစ်အကြေးသည် မသရဏ္ဍာယ်ခြင်း။
အိမ်၏အညစ်အကြေးသည် မပြုပြင်မသုတ်သင်ခြင်း။
အဆင်း၏အညစ်အကြေးသည် ပျင်းရိခြင်း။
အစောင့်အရှောက်၏ အညစ်အကြေးသည် မေ့လျော့ခြင်း။ (ဝိဏာ-၂၄၁)

၅။ သင်၏အလိုရှိအပ် တောင့်တအပ်သော ဆုသည် လျင်မြန်စွာ ပြည့်စုံပါစေသတည်း။ အကြံအစည်ဟူသမျှတို့သည် လပြည့်ဝန်းကဲ့သို့လည်းကောင်း မဏိဖောတပတ္တမြား ကဲ့သို့လည်းကောင်း ပြည့်စုံပါစေသတည်း။ (ဓမ္မ၊ ၆၊ ၂-၂၃၆)

၆။ မြတ်စွာဘုရားသည်- အရှင်ပေါ်ဠိလအတွက် "ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှု လုံ့လ ပြုခြင်းကြောင့် ပညာဖြစ်ပွါး၏။ အားထုတ်မှု လုံ့လမရှိခြင်းကြောင့် ပညာကုန်ခမ်း၏။ ပညာပွါးခြင်း။ ပညာဆုတ်ယုတ်ခြင်း ဤအခြင်းအရာ နှစ်ပါးကိုသိ၍ ပညာတိုးပွါးသော အခြင်းအရာဖြင့် မိမိကိုယ်ကို သွင်းထားရာ၏ "ဟု ပဋိပတ္တိကျင့်စဉ်ကို ပေးတော်မူပါသည်။ (ဝိဏာ-၂၀၂။ ဓမ္မ၊ ၆၊ ၂-၂၆၄)

ရန်ပြေ မာန်ပြေတရား-

သူတစ်ပါးကို ဆင်းရဲစေခြင်းဖြင့် မိမိချမ်းသာကို အလိုရှိသူသည် ရန်သူနှင့် ရောယှက်ဆက်စပ်သူဖြစ်၍ ရန်အပေါင်းမှ မလွတ်မြောက်နိုင်ပါ။ (ဝိဏာ-၂၇၁)

၇။ **ကာယဝတာသတိ-ဟူသည်**

သုံးဆယ့်နှစ်ပါးသော အခြင်းအရာ၏ အစွမ်းအားဖြင့်လည်းကောင်း။ ကိုးပါးသော အသုဘ ရှုခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ စတုဓာတုဝဝတ္ထာန်၏ အစွမ်းအားဖြင့် လည်းကောင်း အဖျတ္တ နီလကသိုဏ်းအစရှိသော ရူပစျာန်၏ အစွမ်းအားဖြင့် လည်းကောင်း ဖြစ်သော သတိ-ဖြစ်ပါသည်။ (ဓမ္မ၊ ၆၊ ၂-၂၈၇)

မိန့်ဆိုရခြင်း အကြောင်း-

အလျှံတပြောင်ပြောင် တောက်လောင်နေသော သံတွေခဲတို့ကို စားခြင်းသည် တစ်ဘဝ သာလျှင်လောင်ကျွမ်းရာ၏။ သီလမရှိသူသည် သဒ္ဓါတရားဖြင့် အများပြည်သူတို့ လှူသော ဆွမ်းကို စား၍ များစွာသော ဘဝအရာတို့ပတ်လုံး ငရဲ၌ ကျရာ၏-ထို့ကြောင့် ဤသို့ မိန့်ဆိုရပါသည်။ (ဓမ္မ၊ ၆၊ ၂-၃၀၀)

http://www.dhammadownload.com

၈။ ရှေးဦးစွာ ကွန်ရှေ့တို့ကို ဆုံးမရမည်၊
နောက်အဖို့၌ အရိယာမဂ်ကို ပွါးများ၍ ကောင်းစွာဆုံးမရပါမည်။ (ဓမ္မ၊ ၌၊၂-၃၁၀)
ကျေးဇူးဆပ်ပုံ -
မြတ်စွာဘုရား၌ အကျွမ်းဝင်သည်ဖြစ်၍ ၇- ရက်ပတ်လုံး အတုမရှိသော အသဒိသဒါန အလှူကို ပေးလှူပါသည် ။ (ဓမ္မ၊ ၌၊၂-၃၁၆)

၉။ ခြသေ့, ကျားစသော ထင်ရှားသောဘေးရန်၊
ရာဂ, ဒေါသ, မောဟ အစရှိသော မထင်ရှားသော ဘေးရန်။ (ဓမ္မ၊ ၌၊၂-၃၂၃)
ချမ်းသာခြင်းဖြစ်ရပုံ -
လူတို့သည်လည်း မိမိဥစ္စာဖြင့် မရောင့်ရဲနိုင်ကြဘဲ အိမ်နံ့ရံဖောက်ထွင်းခြင်း စသည်တို့ကို အားထုတ်ကုန်၏။ ရဟန်းတို့သည်လည်း မတရားသော ရာမှီးခြင်း အမျိုးမျိုးတို့ကို အားထုတ်ကုန်၏၊ ထိုသို့ပင် အားထုတ်ကြပါသော်လည်း ချမ်းသာကို မရနိုင်ကြသော ကြောင့် နည်းနည်းများများသော မိမိ၏ ဥစ္စာစည်းစိမ်ဖြင့် ရောင့်ရဲခြင်းသည်သာ ချမ်းသာ၏။ (ဓမ္မ၊ ၌၊၂-၃၂၅)

၁၀။ အဗ္ဗုတ္တိကာယတန ၆-ပါး၌ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ အားဖြင့် (၆× ၃) ၁၈ ပါး။
ဗာဟိရာယတန ၆-ပါး၌ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ အားဖြင့် (၆× ၃) ၁၈ ပါး။ ပေါင်း (၃၆) ပါး ဖြစ်ပါသည်။ (ဓမ္မ၊ ၌၊၂-၃၃၃)
ပုရေ အရ- အတိတ်ခန္ဓာ၊
မဇ္ဈေ အရ- ပစ္စုပ္ပန်ခန္ဓာ၊
ပစ္ဆာ အရ- အနာဂတ်ခန္ဓာ၊ (ဓမ္မ၊ ၌၊၂-၃၄၃)

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (တနင်္သာရီတိုင်း)
ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ ကောင်းမှုရှိသူကို ကောင်းသောဂတိက ကြိုဆိုကြောင်း ဟောကြားထားသော နန္ဒိယဝတ္ထုလာ ဂါထာနှစ်ပုဒ်တို့ကို ပါဠိရေးပြပါ။

http://www.dhammadownload.com

၂။ ပသေနဒီကောသလမင်းကြီးအား ဟောကြားထားသည့် တုန္ဒိုင်းမမှီ တရားလေးပါးပြ ဂါထာကို အနက်ရေးပြပါ။

၃။ နတ်ပြည်ရောက်ကြောင်း အကျင့်ကောင်းသုံးခုကို မဟာမောဂ္ဂလာနဝတ္ထု ထောက်ရှု ဖြေဆိုပြီ။ ဇေတဝနကျောင်းတရားပွဲ၌ ဥပါသကာတကာငါးယောက်တို့အား ဟောကြား သည့် စကားလေးခွန်းကိုလည်း အစဉ်တကျ ရေးသားပြပါ။

၄။ ပဏ္ဍိတ–ဟူသည်အဘယ်နည်း? ဆမ္ဘဋ္ဌိယဝတ္ထု ထောက်ရှုဖြေဆိုပြီ။ အနိစ္စလက္ခဏာကို ရှုပွားကြသည့် ရဟန်းတော်များအား ဟောကြားသည့်တရားတော်ကိုလည်း ရေးသား ဖြေဆိုပါ။

၅။ ကျောင်းတကာ အနာထပိဏ်၏သမီး စူဠသုဘဒ္ဒါအား ဟောကြားသည့် တရားတော်ကို မြန်မာလို ရေးသားဖြေဆိုပြီ။ ဒုဂ္ဂတိနှင့်သုဂတိသို့ ရောက်ရိုကြမည့် ပုဂ္ဂိုလ်နှစ်ဦးတို့၏ ကွာဟမှုသဘောကို တိတ္ထိယသာတာဝတ္ထုအမြင်အရ ခွဲခြားဖော်ပြပါ။

၆။ ဆင်အိုတမ္ဘ ပမာယူကြ–ဟုဆုံးမသော ပါဝေယျကဟတ္ထိဝတ္ထုလာ ဂါထာကို မြန်မာဘာ သာပြန်ဆိုပြီ။ သက္ကပဉ္စဝတ္ထုလာ သိကြားအား ဖြေကြားထားသောတရားများကို ရေးသားပြပါ။

၇။ အရှက်အကြောက်နှင့် ပြည့်စုံသောရဟန်း၏ ဆင်းရဲစွာအသက်မွေးရပုံကို ရှင်းပြပြီ။ မေဏ္ဍကသူဌေးကတော်ကြီး၏ စန္ဒပဒုမာအမည်ရခြင်းအကြောင်းကိုလည်း ပြည့်စုံစွာ ဖော်ပြပါ။

၈။ ဘုရားရှင်ထံမှောက်သို့ တရားနာလာကြသော ဥပါသကာငါးဦးတို့၏ အလေ့အကျင့်များ ခဲ့သော အတိတ်ဘဝတို့ကို ဖော်ပြပြီ။ သတ္တဝါအများ တရားမနာနိုင်ခြင်း အကြောင်း တို့ကိုလည်း ဖြေဆိုပါ။

၉။ လှူပြီးနောက် အပရေစေတနာချို့ယွင်းမှု၏ အပြစ်တို့ကို ရှာဖွေဖော်ပြပြီ။ ပန္နဂနဂါးမင်း အား နိမ်နင်းသော ကိုရင်ငယ်၏ အမည်, အရည်အချင်း, ဇာတိဒေသတို့ကို ရေးသားပါ။

၁၀။ ခဏော ဝေါ ဥပစ္စဂါ–၌ ခဏလေးမျိုးကို ဖော်ပြပြီ။ ယသ ပါရံ အပါရံ ဝါ–၌ ပါရ– အရ အပါရ– အရတို့ကိုလည်း တိကျစွာ ကောက်ပြပါ။

http://www.dhammadownload.com

၆။ တနသံ်ရီတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၂၁၉/ ၂၂၀။

၂။ ဂါထာ- ၂၀၄။

၃။ မှန်သောစကားကို ပြောဆိုခြင်း။
အမျက်မထွက်ခြင်း။
တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုလည်း ပေးလှူခြင်းတို့ ဖြစ်ပါသည်။
(ဂါထာ- ၂၂၄)

တရားစကား ၄- ခွန်း-
ရာဂနှင့်တူသော မီးသည်မရှိ၊
ဒေါသနှင့်တူသော ဖမ်းယူတတ်သော သတ္တဝါသည်မရှိ၊
မောဟနှင့်တူသော ပိုက်ကွန်သည်မရှိ၊
တဏှာနှင့်တူသော မြစ်သည်မရှိ။ (ဂါထာ- ၂၅၁)

၄။ **ပရိတ်တမည်ပုံ- (ကချင် ၄-၅)။**
ဟောကြားသည့် တရားတော်-
အကြောင်းတရားလေးပါးတို့သည်ပြုပြင်အပ်ကုန်သော အလုံးစုံသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် အမြဲမရှိကုန်ဟု ဝိပဿနာဉာဏ်ပညာဖြင့် ရှုမြင်သောအခါ သံသရာ ဝဋ်ဆင်းရဲ၌ (ခန္ဓာလွယ်ရခြင်းဆင်းရဲ၌) ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာမှ စင်ကြယ်ခြင်း၏ လမ်းကြောင်းတည်း။ (ဂါထာ- ၂၇၇)

၅။ ဟိမဝန္တာတောင်သည် အဝေး၌ ထင်ရှားသကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ ထင်ရှားကုန်၏။ ညဉ့်အခါ ပစ်လွှတ်အပ်ကုန်သော မြှားတို့သည် မထင်ရှားကုန်သကဲ့သို့ သူယုတ်မာတို့သည် မြတ်စွာဘုရား၏ အနီး၌ ထိုင်နေကုန်သော်လည်း မထင်ရှားကုန်။
(ဂါထာ- ၃၀၄)

ပုဂ္ဂိုလ်နှစ်ဦးတို့၏ ကွာဟမှုသဘော-
အပြစ်မရှိသောတရား၌ အပြစ်ရှိ၏ဟူ၍လည်းကောင်း။ အပြစ်ရှိသောတရား၌ အပြစ်မရှိ

http://www.dhammadownload.com

ဟူ၍လည်းကောင်း ရှုလေ့ရှိကုန်သော မိစ္ဆာအယူရှိသူတို့သည် ဒုဂ္ဂတိသို့ လားရောက်ရကုန်၏။

အပြစ်ရှိသော တရားကိုလည်း အပြစ်ရှိ၏ဟုလည်းကောင်း။ အပြစ်မရှိသောတရားကိုလည်း အပြစ်မရှိ၏ ဟုလည်းကောင်း အမြင်မှန်ရှိသောသူတို့သည် သုဂတိဘဝသို့ လားရောက် ရကုန်၏။ ဤသို့ ကွာဟပါသည်။ (ဝိဘာ- ၃၁၈/၂၁၃)

၆။ မမေ့လျော့ခြင်း၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော့၊ ညွှန်ပြ ကျွန်စမ်းသောဆင်သည် ညွှန်ပျောင်းမှ မိမိကိုယ်ကို နှုတ်သကဲ့သို့ ဤအတူ သင်ချစ်သားတို့သည် ခက်ခဲသော ကိလေသာညွှန်ပျောင်းမှ မိမိကိုယ်ကို နှုတ်ကြကုန်လော့။

(ဝိဘာ- ၃၂၇)

ဖြေကြားထားသော တရားများ- (ကရင် ၉-၇)။

၇။ အရှက်အကြောက်နှင့် ပြည့်စုံသောရဟန်းသည် အမေမဟုတ်သူ စသည်ကို အမေ စသည် မပြောပဲ မတရားသဖြင့်ရသော လာဘ်ကို မစင်ကဲ့သို့ စက်ဆုပ်သည်ဖြစ်၍ တရားသဖြင့် အိမ်စဉ် အတိုင်း ဆွမ်းခံ၍ အသက်မွေးမှု ပြုသောကြောင့် ဆင်းရဲစွာ အသက်မွေးရသည်။ (ဓမ္မ၊ ၆၊ ၂-၂၂ပ)

စနှစ်ပဒုမာ မည်ရခြင်းအကြောင်း-

သူဌေးကတော်သည် ရှေးဘုရားရှင်တို့၏ ရဟန်းသံယာတော်အား လက်ဝဲလက်ဖြင့် ထမင်းအိုးကို လက်ယာလက်ဖြင့် ယောက်ချိုကိုကိုင်၍ သပိတ်ပြည့်အောင် ဆွမ်းကို ပေးလှူအပ်သည်၏ အဖြစ်ကြောင့် လက်ဝဲလက်အပြင် အပြည့် ပဒုမ္မာပန်း အမှတ်အသား, လက်ယာ လက်အပြင် အပြည့် လဝန်းအမှတ်အသား ဖြစ်ပေါ်၏။

ဓမ္မကရိဏ်းကိုယူ၍ ရဟန်းသံယာအား ရေကို စစ်ယူပေးလှူလျက် ထိုမှဤမှ လှည့်လည်ခဲ့သောကြောင့် သူဌေးကတော်အား လက်ယာခြေအပြင် အပြည့် လဝန်းအမှတ်အသား, လက်ဝဲခြေအပြင် အပြည့် ပဒုမ္မာပန်းအမှတ်အသား ဖြစ်ပေါ်၏။ ထိုကြောင့် စနှစ်ပဒုမာဟူသော အမည်ကိုရပါသည်။

(လက်ဝဲ လက်, ခြေ ၌ ပဒုမ္မာပန်းအမှတ်အသား, လက်ယာလက်, ခြေ ၌ **လဝန်း** အမှတ်အသား ပါသောကြောင့် **စနှစ်ပဒုမာ** အမည်ရပါသည်။) (ဓမ္မ၊ ၆၊ ၂-[illegible]ရ)

၈။ အလေ့အကျင့်များ- (ကရင် ၇- ၇)။

http://www.dhammadownload.com

ရှိသေစွာတရားနာသူသည် ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းရောက် တတ်မြောက် သရဏွာယ်တတ်သော ပုဏ္ဏားဖြစ်ခဲ့ဖူးပါသည်။

တရားမနာနိုင်ရခြင်း အကြောင်း-

သတ္တဝါများသည်- ဘုရားဟူ၍လည်းကောင်း၊ တရားဟူ၍လည်းကောင်း၊ သံဃာဟူ၍ လည်းကောင်း ရွတ်ဆိုအပ်သောပုဒ်ကို မျှားစွာသော ကမ္ဘာအသိန်းတို့၌ မကြားရဘူး လေသောကြောင့် တရားတော်ကို မနာယူနိုင်ပါ။ (ဓမ္မ၊ ၆၊၂-၂၃၁)

၉။ အပရစေတနာ ချိုယွင်းမှု၏ အပြစ်များမှာ- ကောင်းမြတ်သော ဘောဇဉ်ထမင်းကို သုံးဆောင်ခြင်းဟာ စိတ်မညွှတ်နိုင်၊ ကောင်းမြတ်သော အဝတ်, ပုဆိုး, ယာဉ်စသည် တို့ကို သုံးဆောင် ခြင်းဟာ စိတ်မညွှတ်နိုင်၊ ကောင်းမြတ်ကုန်သော ငါးပါးသော ကာမ ဂုဏ်တို့ကို သုံးဆောင်ခြင်းဟာ စိတ်မညွှတ်နိုင်ခြင်းတို့ ဖြစ်ပါသည်။ (ဓမ္မ၊ ၆၊၂-၃၅၄)

ကိုရင်၏အမည် - ကိုရင်သုမန၊

အရည်အချင်း

၇-နှစ်အရွယ် ဆံရိတ်ခြင်း၏အဆုံး၌ပင် ရဟန္တာဖြစ်ခြင်း။

အရှင်အနုရုဒ္ဓါ၏လေနာရောဂါပျောက်ကင်းစေရန်ဆေးအလိုင့်ါ အနောတတ်ရေအိုင်မှ ရေကို ပန္နဂနဂါးမင်းအား ဆုံးမ၍ ဆောင်ယူနိုင်ခြင်း။

မြတ်စွာဘုရားခြေဆေးတော်မူရန် အနောတတ်အိုင်မှ ရေကို ကောင်းကင်ခရီးဖြင့် ဆောင်ယူခြင်း။

၇-နှစ်အရွယ်ဖြင့် ရဟန်းအဖြစ်ကို ရခြင်း - တို့ဖြစ်သည်။

ဏတိဒေသ - ဝိဇ္ဇာဌဝီတောအုပ်တောင်ခြေ မုဏ္ဍနိုဝုံး။ (ဓမ္မ၊ ၆၊၂-၃ဃရ)

၁၀။ ဘုရားပွင့်ရာခဏ၊

မဏ္ဍိမဒေသ၌ ဖြစ်ရခြင်းခဏ၊

သမ္မာဒိဋ္ဌိကို ရခြင်းခဏ၊

အာယတန ၆-ပါး မချို့ခြင်းခဏတို့ ဖြစ်ကြပါသည်။ (ဓမ္မ၊ ၆၊၂-၃ဝ၄)

ပါရ အရ- အဖျတ္တိကာယတန (၆) ပါး ကို ရပါသည်၊

အပါရ အရ- ဟာဟိရာယတန (၆) ပါးကို ရပါသည်။ (ဓမ္မ၊ ၆၊၂-၃ဝ၅)

http://www.dhammadownload.com

၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ပဲခူးတိုင်း/ အနောက်ပိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိ၊ အဋ္ဌကထာဘာသာ
၁၃၇၀-ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ အောက်ဖော်ပြပါ ဂါထာများကို ပါဠိသက်သက်ရေးပြပါ။
(က) ဘုရားရှင်တို့သည် သံသရာချေတွင်တဘက်သောတရားမှ ကင်းကုန်၏ဟု မိန့်ဆိုပုံပြ ဂါထာ၊
(ခ) ပညာတိုးပွားရာလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏ဟု မိန့်ဆိုပုံပြ ဂါထာ။

၂။ အောက်ဖော်ပြပါ ဂါထာများကို အနက်မှန်မှန် ပေးပြပါ။
(က) ကိလေသာငြိမ်းပြီးသောသူသည် အနိုင်အရှုံးကိုစွန့်၍ ချမ်းသာစွာနေရ၏ဟု မိန့်ဆိုပုံပြ ဂါထာ၊
(ခ) လူအပေါင်း၏ ချစ်ခင်မြတ်နိုးမှုကို ခံယူနိုင်ခြင်း၏ ဂုဏ်အင်္ဂါပြဂါထာ။

၃။ ရောက်လေရာရာအရပ်တိုင်း၌ အပူဖော်ခံပုဂ္ဂိုလ်ဖြစ်နိုင်ရန် ပြည့်စုံရမည့် အင်္ဂါရပ်များကို ဖော်ပြပြီး၊ အဘယ်သို့သောပုဂ္ဂိုလ်တို့သည် တမလွန်ဘဝ၌ ငရဲခံရခြင်းတူသောပုဂ္ဂိုလ်များ ဖြစ်နိုင်သည်ကိုလည်း တိကျစွာ ဖော်ပြပ်။

၄။ တရားကျင့်ကြံအားထုတ်မှုနှင့်စပ်၍ ဘုရားရှင်မိန့်ဆိုတော်မူသော လိုက်နာဖွယ်ရာများကို ပါဠိတော်လာအတိုင်း ပြည့်စုံစွာ ဖော်ပြပါ။

၅။ အဖန်ဖန်ပဋိသန္ဓေနေခြင်း, အိုခြင်းဆင်းရဲသို့ မကပ်ရောက်နိုင်ရန် မည်သည့်တရားများကို ပယ်စွန့်ရမည်ကို ဖော်ပြပြီး၊ အလှူဒါနမ်ား အကျိုးကြီးနိုင်ရန် အဘယ်ပုဂ္ဂိုလ်တို့၌ ပေးလှူရမည်ကိုလည်း ဖော်ပြပါ။

၆။ နိဗ္ဗာန်ရနိုင်ရန် မည်သို့ကျင့်ကြံနေထိုင်ရမည့်ကို ဘိက္ခုဝဂ်ကို သုံးသပ်လျက် ဖော်ပြပြီး၊ မည်သို့သော ပီတိ, ပါမောဇ္ဇတို့သည် ပညာရှိများအတွက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သည်ကိုလည်း ဖော်ပြပါ။

၇။ အညတရကုဋ္ဌမ္ဘိကဝတ္ထု၌ သား သေဆုံးသဖြင့် စိုးရိမ်ပူဆွေးငိုကြွေးနေသောသူကြွယ်အား မြတ်စွာဘုရားဟောအပ်သော သောကဆင်းရဲငြိမ်းစေရန် ဆင်ခြင်နလုံးသွင်းရမည့် တရားတော်ကို မြန်မာစကားပြေဖြင့် ပြည့်စုံစွာ ဖော်ပြပါ။

http://www.dhammadownload.com

၈။ ကော တံ နိန္ဒိတု မရဟတိ အရ အဘယ်သို့သော ပုဂ္ဂိုလ်သည် ကဲ့ရဲ့ခံရခြင်းငှါ မထိုက်သောပုဂ္ဂိုလ်ဖြစ်သည်ကို အဋ္ဌကထာဖွင့်ဆိုချက်အတိုင်း ဥပမာနှင့်တကွ ထင်ရှားစွာ ဖော်ပြပါ။

၉။ ဝါသော တေ နတ္ထိ အန္တရာ- အရ တမလွန်ဘဝသို့သွားသူအား ခရီးအကြား၌ ရပ်နားနေရန် အခွင့်မရှိပုံကို ထင်ရှားစွာ ဖော်ပြပြီး။ တဏှာနှင့်တူသော မြစ်မရှိပုံကိုလည်း ထင်ရှားစွာ ဖော်ပြပါ။

၁၀။ အလုံးစုံသောသစ္စာတို့တွင် အရိယသစ္စာလေးပါးတို့သည်သာ အမြတ်ဆုံးဖြစ်ရခြင်း အကြောင်းများကို ပြည့်စုံစွာ ဖော်ပြပြီ။ သဗ္ဗေ ဓမ္မာ အနတ္တာ-၌ ဓမ္မာ အရနှင့် အနတ္တာ-မည်ပုံသဘောအဓိပ္ပါယ်ကို ပြည့်စုံစွာ ဖော်ပြပါ။

၇။ ပဲခူးတိုင်း/အနောက်ပိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိ၊ အဋ္ဌကထာဘာသာ

၁။ (က) ဂါထာ- ၂၅၄။ (ခ) ဂါထာ- ၂၈၂။

၂။ (က) ဂါထာ- ၂၀၁။ ဓမ္မ၊ ဌ၊ ၂- ၁၆၈။ (ခ) ဂါထာ- ၂၁၇။

၃။ သဒ္ဓါတရားနှင့် ပြည့်စုံခြင်း။ သီလတရားနှင့် ပြည့်စုံခြင်း။
အခြံအရံ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံခြင်း တို့ဖြစ်ပါသည်။ (ဂါထာ- ၃၀၃)
တူသောပုဂ္ဂိုလ်များ-
မဟုတ်မမှန်ပြောဆိုသူ၊
မိမိပြုလုပ်လျက် " မပြုလုပ် " ဟု ပြောသောသူ။ (ဂါထာ- ၃၀၆)

၄။ ရင့်ကျက်သောမည်ရာ, ကောင်းသောနေရာ, တည်ကြည်သောသမာဓိရှိသော အတူကျင့်ဖော်ဖြစ်ထိုက်သော အဆွေခင်ပွန်းကိုရခဲ့လျှင် အတူတကွ ဝမ်းမြောက်ဝမ်းသာ ထင်ရှားသော ဘေးရန် မထင်ရှားသောဘေးရန်တို့ကို သတိဖြင့် နှိပ်စက်၍ ကျင့်ရမည်။
ထိုသို့သော အဆွေခင်ပွန်းကို မရခဲ့လျှင် (အောင်အပ်ပြီးသောတိုင်းနိုင်ငံကို ပယ်စွန့်၍ တောထွက်သောမဟာဇနကစသောမင်းကဲ့သို့လည်းကောင်း။ မာတင်ိဆင်ကဲ့သို့လည်းကောင်း) တစ်ယောက်တည်း ကျင့်ရမည်။

http://www.dhammadownload.com

တစ်ယောက်တည်း ကျင့်ခြင်းသည်မြတ်၏။ သူမိုက်၌ အဆွေခင်ပွန်းပြုရသော သဘော သည်မရှိ၊ မာတင်ိဆင်ကဲ့သို့ ကြောင့်ကြမဲ့ တစ်ယောက်တည်း ကျင့်ရမည်။ မကောင်းမှု တို့ကို မပြုရာ။ (ဝါဃာ- ၃၂၈၊ ၃၃၀)

၅။ အတိတ်ဖြစ်သော ခန္ဓာ၊ အနာဂါတ်ဖြစ်သောခန္ဓာ၊ ပစ္စုပ္ပန်ဖြစ်သောခန္ဓာတို့၌ဖြစ်သော တဏှာတို့ကို ပယ်စွန့်ရပါမည်။ (ဝါဃာ- ၃၄၈)

ပေးလှူရမည့် ပုဂ္ဂိုလ်များ-

လယ်တို့သည် သမန်းစသောမြက်တို့ကြောင့် ပျက်စီးကုန်သကဲ့သို့ ဤအတူ သတ္တဝါ တို့သည် ရာဂ, ဒေါသ, မောဟ, ဣဿာတို့ကြောင့် ပျက်စီး၏။ ထို့ကြောင့် ရာဂ. ဒေါသ, မောဟ, ဣဿာကင်းသော အာသဝေါကုန်သော ရဟန္တာပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးများပါသည်။ (ဝါဃာ- ၃၅၆၊ ၃၅၉)

၆။ မေတ္တာဖြင့် နေလေ့ရှိ၍ မြတ်စွာဘုရား သာသနာတော်၌ ကြည်ညိုသောသူတို့သည် သခါရတို့၏ ငြိမ်းရာ ငြိမ်သက်ချမ်းသာသော နိဗ္ဗာန်ကို ရနိုင်ပါသည်။ (ဝါဃာ- ၃၆၈)

ပီတိ, ပါမောဇ္ဇများ-

နှစ်သက်ရာအချိန်, နှစ်သက်ရာကမ္မဋ္ဌာန်းကို အားထုတ်ရာအခါ၌ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို သုံးသပ်ဆင်ခြင်သည်ရှိသော် ဖြစ်ပေါ်လာသော နှစ်သက်ခြင်းပီတိ, ဝမ်းမြောက်ခြင်းပါမောဇ္ဇတို့သည် ပညာရှိများအတွက် နိဗ္ဗာန် ရောက်ကြောင်းဖြစ် ပါသည်။ (ဝါဃာ- ၃၇၄)

၇။ **သောကငြိမ်းကြောင်းတရား-** (ချင်း ၁၀-၌)။

၈။ မကျိုးပေါက်သော သီကွာ, မကျိုးပေါက်သော အသက်မွေးမှုနှင့် ပြည့်စုံသောကြောင့် လည်းကောင်း။ တရားတည်းဟူသော အဆီသြဒါရှိသော ပညာနှင့်ပြည့်စုံသောကြောင့် လည်း ကောင်း။ လောကီ, လောကုတ္တရာ ပညာနှင့်လည်းကောင်း၊ သီလလေးမျိုး စင်ကြယ်ခြင်းနှင့်လည်း ကောင်း ပြည့်စုံသောပုဂ္ဂိုလ်အား ကဲ့ရဲ့ခြင်းဟာ မထိုက်၊ ထိုပုဂ္ဂိုလ် သည် ရွှေ၏အပြစ်မျိုးမှ ကင်းစင်ကာ ထုရိုက်ပွတ်တိုက်ခံသော ဇမ္ဗူရစ်ရွှေစင်ကဲ့သို့ ကဲ့ရဲ့ခြင်းဟာ မထိုက်ပါ။ (ဓမ္မ၊ ၆၊ ၂-၂၁၁)

၉။ ,.သည်တို့သည်- ထိုထိုကိစ္စတို့ကို ပြုသည်ရှိသော် ခရီးအကြား၌ ရပ်နားနေကုန်၏။

http://www.dhammadownload.com

တမလွန်လောက သွားသူတို့သည်ကား ဤသို့မဟုတ်ကုန်၊ တမလွန်ကို သွားသောသူသည် နှစ်ရက်၊ သုံးရက်ဆိုင်းပါဦး အလှူလုပ်ပါရစေ၊ တရားနာပါရစေ ဤသို့စသည်တို့ကို ပြောဆိုခွင့်မရ၊ ဤဘဝမှ ရွှေ့လျောသည်ရှိသော် တမလွန်လောကဌ် ဖြစ်လေတော့၏။ (ဓမ္မ၊ ၆၊၂-၂၁၆)

တဏှာနှင့်တူသော မြစ်မရှိပုံ-

ဂင်္ဂါအစရှိကုန်သော မြစ်တို့၏ ပြည့်သောအခါ ယုတ်လျော့သောအခါ ခန်းခြောက်သော အခါသည်လည်း ထင်ရှားသိသာ၏။ တဏှာသည်ကား ပြည့်သောအခါ ခန်းခြောက်သောအခါ မည်သည်မရှိ၊ အမြဲယုတ်လျော့နေသည်သာလျှင် ထင်ရှားသောကြောင့် မပြည့်နိုင်သည်၏ အဖြစ်ဖြင့်ဖြစ်သော တဏှာမြစ် နှင့်တူသော မြစ်မရှိပါ။

(ဓမ္မ၊ ၆၊၂-၂၃၁)

၁၀။ အလုံးစုံသော သစ္စာတို့ကို ပိုင်းခြားသိခြင်း အနက်သဘောကြောင့်လည်းကောင်း၊ မျက်မှောက်ပြုထိုက်သော အနက်သဘောကြောင့်လည်းကောင်း၊ ပယ်ထိုက်သော အနက် သဘောကြောင့်လည်းကောင်း၊ ပွါးများထိုက်သော အနက်သဘောကြောင့်လည်းကောင်း၊ တစ်ခုတည်း ထိုးထွင်းသိခြင်း အနက်သဘောကြောင့်လည်းကောင်း၊ အမှန်အတိုင်း ထိုးထွင်းသိခြင်း အနက် သဘောကြောင့်လည်းကောင်း၊ အလုံးစုံသော သစ္စာတို့တွင် အရိယာသစ္စာ လေးပါးတို့သည်သာ အမြတ်ဆုံး ဖြစ်ရပါသည်။

(ဓမ္မ၊ ၆၊၂-၂၅၄)

ဓမ္မ အရ - ခန္ဓာငါးပါးတို့ကို ရသည်။

အနတ္တမည်ပုံ- မအိုပါကုန်လင့်, မသေပါကုန်လင့်ဟု အလိုမလိုက်နိုင်သည်၏ အနက်သဘောကြောင့် မမြဲကုန်၊ အတ္တမှ ကင်းကုန်၏။ မပိုင်ဆိုင်ကုန်၊ အစိုးမရကုန်။ ဤအနက်သဘောသည် အနတ္တမည်ပါသည်။ (ဓမ္မ၊ ၆၊၂-၂၅၆)

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/ အရှေ့ပိုင်း)

ပထမကြီးဟန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ အချင်းချင်း ဥတ္တရိမနုဿဓမ္မကို ပြောကြား၍အသက်မွေးဝမ်းကြောင်းမှု ပြုနေကြသော ဝဂ္ဂုမုဒါတိရိယရဟန်းတို့အား မြတ်စွာဘုရားဟောကြားအပ်သောဒေသနာကိုပါဠိရေးပါ။

http://www.dhammadownload.com

၂။ နတ်ပြည်သို့ ရောက်စေကြောင်း ကျင့်ဝတ်ကိုပြဆိုသော ကောဓဝဂ်–မဟာမောဂ္ဂလ္လာန ဣသိရ ပဉ္စဝတ္ထု ဂါထာပါဠိကို အနက်ယောဇနာပါ။

၃။ (က) မည်ကဲ့သို့သောသူသည် ချမ်းသားစွာ အသက်မွေးရ၍၊
(ခ) မည်ကဲ့သို့သောသူသည် ဆင်းရဲစွာအသက်မွေးရပါသနည်း မလဝဂ်၊ စူဠသာရိ ဝတ္ထုကို မှီး၍ ဖြေဆိုပါ။

၄။ (က) သမဏဟု မဆိုထိုက်သူ၊
(ခ) သမဏဟု ဆိုထိုက်သူတို့ကို ဓမ္မဋ္ဌဝဂ်–ဟတ္ထကဝတ္ထုလာအတိုင်း ဖြေဆိုပါ။

၅။ အဘယ့်ကြောင့် အဘယ်သူတို့နှင့် မပေါင်းဖော်ရပါသနည်း။ ပိယဝဂ်၊ တယောဇနပဗ္ဗဇိတ ဝတ္ထုလာအတိုင်း ဖြေဆိုပါ။

၆။ ရောက်လေရာအရပ်ဒေသတို့၌ ပူဇော်ခံရသော အကြောင်းတို့ကို ပကိဏ္ဏကဝဂ်–စိတ္တ ဂဟပတိဝတ္ထုလာအတိုင်း ဖြေဆိုပါ။

၇။ တိသမထေရ်နှင့်တကွ အပေါင်းပါရဟန်းတို့အား မြတ်စွာဘုရားမိန့်ကြားသော ပူဇော်ပုံ ပူဇော်နည်းကို ဖြေဆိုပါ။

၈။ လောကလူသားတိုင်း ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း ခံကြရမည်ဖြစ်ရာ ပမဏာပြုရမည့် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း ပမဏာမပြုရမည့် ချီးမွမ်းကဲ့ရဲ့ခြင်းကို အတုလဉ်ပါသကာအား မြတ်စွာဘုရား မိန့်ကြားပုံမှ ရှင်းလင်း ဖြေဆိုပါ။

၉။ အဘယ်ကြောင့် ရာဂနှင့် တူသောမီး မရှိပါသနည်း အကြောင်းသွင်း၍ ဖြေဆိုခဲ့ပါ။

၁၀။ မျှားစွာသင်ယူ မျှားစွာဟောပြောနေသူသည် "ဓမ္မဓရ"ပုဂ္ဂိုလ် မည်/မမည် ရှင်းလင်း ဖြေဆိုပါ။

၈။ ပဲခူးတိုင်း/အရှေ့ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ ဂါထာ– ၃၀၈။

http://www.dhammadownload.com

၂။ (ထင်ရှားပြီ)။

၃။ (က) အရှက်မရှိသူသည် ရဲတင်းသော ကျီးနှင့်တူသဖြင့်လည်းကောင်း။
သူတစ်ပါးဂုဏ်ကို ဖျက်ဆီးသဖြင့်လည်းကောင်း။
သူတစ်ပါးပြုသည်ကို မိမိပြုယောင်ဆောင်သဖြင့်လည်းကောင်း။
ကြမ်းကြုတ်သဖြင့်လည်းကောင်း။
ညစ်ညူးသော အကျင့်ဖြင့်လည်းကောင်း။
အသက်မွေးမှုပြုသော ပြုသောကြောင့် ချမ်းသာစွာ အသက်မွေးရသည်။
(ဝိဏာ- ၂၄၄)

(ခ) (တနသံ်ရီ ၇-၍)။

၄။ (က) ဦးပြည်းရိပ်ခါမျှဖြင့် သမဏာမမည်၊ သီလအကျင့်, ဓူတင်အကျင့်မှ ကင်းသော ချိုယွင်းသောစကားကို ပြောဆိုသော အလိုရမ္မက်ဆိုးနှင့် ပြည့်စုံသောသူသည် သမဏာဟု မဆိုထိုက်သူဖြစ်ပါသည်။ (ဝိဏာ- ၂၆၄)

(ခ) ကြီးကြီး, ငယ်ငယ်သော မကောင်းမှုတို့ကို အချင်းခပ်သိမ်း ငြိမ်းစေတတ်သူ ကိုသာ သမဏာဟု ဆိုထိုက်ပါသည်။ (ဝိဏာ- ၂၆၅)

၅။ ချစ်သောသူတို့ကို မမြင်ရခြင်းသည် ဆင်းရဲသောကြောင့် ချစ်သောသူတို့နှင့် မပေါင်းဖော်ရ၊
မုန်းသောသူတို့ကို မြင်ရခြင်းသည် ဆင်းရဲသောကြောင့် မုန်းသောသူတို့နှင့်လည်း တစ်ရံတစ်ဆစ်မျှ မပေါင်းဖော်ရပါ။ (ဝိဏာ- ၂၁၀)

၆။ **ပူဖော်ခံရသောအကြောင်း-** (ပဲခူးနောက် ၃-၍)။

၇။ **ပူဖော်ပုံ ပူဖော်နည်း-**
ချစ်သားရဟန်းတို့- ငါဘုရားရှင်၌ ချစ်ခင်နှစ်သက် မြတ်နိုးသော သူသည် တိသ ရဟန်းနှင့် တူသည်သာလျှင် ဖြစ်စေလော၊ ငါဘုရားရှင်ကို ပန်း, နံ့သာစသည်တို့ဖြင့် ပူဖော်လျှုဒါန်းလျှင် ပူဖော်သည် မမည်ကုန်၊ ကိုးဖြာသော လောကုတ္တရာတရာတော်အား သင့်လျော်လျောက်ပတ် သောအကျင့်မြတ်ကို အပတ်တကုတ် အားထုတ်၍ ကျင့်သော သူတို့သည်သာလျှင် စင်စစ် ငါဘုရားကို ပူဖော်သည်မည်၏""။ (ဓမ္မ။ဌ။ ၂။ ၁၇၄)

http://www.dhammadownload.com

၈။ ထက်မြန်လျင်မြန် စွမ်းနိုင်သည့် ပညာရှိသောသူ၏ ချီးမွမ်း, ကဲ့ရဲ့ခြင်းသည် ပမာဏ ပြုရမည့် ချီမွမ်း, ကဲ့ရဲ့ခြင်း ဖြစ်ပါသည်။

ပမာဏ မပြုရမည့် ချီးမွမ်းကဲ့ရဲခြင်း-

ပညာမျက်စိမရှိ၊ သူကန်းလူမိုက်တို့၏ချီးမွမ်း, ကဲ့ရဲခြင်းသည် ပမာဏ မပြုရမည့် ချီမွမ်း, ကဲ့ရဲ့ခြင်း ဖြစ်ပါသည်။ (ဓမ္မ၊ ၄၊ ၂- ၂၁၁)

၉။ မီးခိုးစသော တစ်စုံတစ်ခုကို မပြပဲ အတွင်း၌သာလျှင် ထင်ကြွ လောင်ကျွမ်းခြင်း၏ အစွမ်းဖြင့်ဖြစ်သောကြောင့် ရာဂနှင့်တူသော မီးမရှိပါ။ (ဓမ္မ၊ ၄၊ ၂- ၂၃၁)

၁၀။ မျှားစွာသင်ယူခြင်း။ ဆောင်ထားခြင်း။ ပို့ချခြင်းစသော အခြင်းအရာဖြင့် မျှားစွာပြောဟော နေသူသည် ဓမ္မဓရပုဂ္ဂိုလ် မမည်ပါ။ ""အနွယ်ကို အစဉ်စောင့်ရှောက်သူ, အစဉ်အဆက်ကို စောင့်ရှောက်သူ"" ဟုသာ မည်ပါသည်။ (ဓမ္မ၊ ၄၊ ၂- ၂၄၄)

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃-၃-၂၀၀၉) တနလာနေ့။

၁။ ချမ်းချမ်းသာသာ ရပ်ဝေးမှ ပြန်လာသူကို ဆွေဥာတိမိတ်မျှားက ကြိုဆိုကြသကဲ့သို့ကောင်းမှုပြုထားသူကိုလည်း ကောင်းကျိုးများက တမလွန်မှ ကြိုးဆိုနေကြသည်ဟုဟောတော်မူအပ်သော ဂါထာတို့ကို ပါဠိရေးခဲ့ပါ။

၂။ မြတ်စွာဘုရား၏တရားတော်များကို သင်ယူနာကြားမှု ပို့ချဟောပြောမှု မျှားစွာပြုရုံမျှဖြင့် ဓမ္မရေ မမည်နိုင်၊ သစ္စာလေးပြတ်ဓမ္မကိုနာမကာယဖြင့်သိအောင်ကျင့်ဆောင်ကြိုးကုတ်အားထုတ်ပါမှ ဓမ္မဝရမည်နိုင်သည်ဟု ဟောတော်မူအပ်သော ဓမ္မဌဝဂ်လာ ဂါထာကို အနက်ပေးခဲ့ပါ။

၃။ လူမိုက်တို့နှင့် ပေါင်းသင်းရခြင်း, ပညာရှိတို့နှင့်ပေါင်းသင်းရခြင်းတို့၏ အကျိုးဆက်များ အပေါင်းသင်းထိုက်သော ပညာရှိ၏ ဂုဏ်ရည်များကို သုခဝဂ်၊ သက္ကဝတ္ထုလာ ဒေသနာတော်များအရ ထုတ်နုတ်ဖော်ပြခဲ့ပါ။

၄။ အချောင်သမားတို့ အသက်မွေးလွယ်ကြောင်း နည်းလမ်းအပေါင်းကို အများသတိပြု

http://www.dhammadownload.com

ကြည့်ရှုဆင်ခြင် ရှောင်ကြဉ်နိုင်ရန် စူဠသာရိဝတ္ထုလာ ဂါထာတော်အရ ပါဠိ+မြန်မာ တွဲစပ် ဖော်ပြခဲ့ပါ။

၅။ အဘယ်သူတို့မှာ အာသဝတရားတိုးပွါး၍ အဘယ်သူတို့မှာ အာသဝတရားကင်းသွား ကြောင်း ပကိဏ္ဏကဝဂ်၊ ဘဒ္ဒိယဘိက္ခုဝတ္ထုဒေသနာတော်အရ ထုတ်ဖော်ပြပါ။

၆။ မြတ်စွာဘုရားမှာ မည်သည့်ဂုဏ်ထူးများရှိနေ၍ ဥပကတက္ကတွန်းအား "ငါသည် မည်သူကို ဆရာအဖြစ် ညွှန်ပြရမည်နည်း" ဟု မိန့်တော်မူကြောင်း ရှင်းလင်းဖြေဆိုခဲ့ပါ။

၇။ ကောသလမင်းကြီးသည် မူလက မည်မျှအစားကြူးခဲ့ကြောင်းနှင့် နောက်ဆုံး မည်မျှထိ အစားလျှော့ခဲ့ကြောင်း ဖြေဆိုရ၍၊ အစားလျှော့ပြီးနောက် ချမ်းသာသုခများ ရရှိမှု အကြောင်း မြတ်စွာဘုရားအား လျှောက်ထားပုံကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၈။ မလဝဂ်၊ အညတရဗြာဟ္မဏဝတ္ထုလာ ပုဏ္ဏားကြီး ပြုလုပ်သော ကုသိုလ်ကောင်းမှုတို့ကို အပြည့်အစုံ ဖော်ပြခဲ့ပါ။

၉။ ဘုရားအလောင်းတော် သခ်ပုဏ္ဏားကြီးသည် ဃားတော် သုသီမပစ္စေကဗုဒ္ဓါ၏ စေတီတော်၌ ပြုလုပ်ခဲ့သော ကောင်းမှုအမျိုးမျိုးနှင့် ဘုရားဖြစ်သောအခါ ရရှိသောအကျိုး တရားတို့ကို အစဉ်တကျ တွဲစပ်ဖော်ပြခဲ့ပါ။

၁၀။ စက္ခုနှာ သံဝရော သာဓု–ဒေသနာတော်အရ စက္ခုဒ္ဒါရ၌ ရှုပါရုံထင်လာသောအခါ အကုသိုလ်တရားများ ဝင်မလအောင် စောင့်ရှောက်ပုံကို ရှင်းလင်းဖော်ပြခဲ့ပါ။

၉။ မကွေးတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ– ၂၁၉၊ ၂၂၀။

၂။ ဂါထာ– ၂၅၉။

၃။ လူမိုက်တို့နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ရှည်မြင့်စွာသော ကာလပတ်လုံး စိုးရိမ်ပူပန်ရ၏။ ရန်သူနှင့် အတူနေရသကဲ့သို့ အမြဲဆင်းရဲရပါသည်။ (ဂါထာ– ၂၀၆)

http://www.dhammadownload.com

အကျိုးဆက်များ-

ပညာရှိတို့နှင့် ပေါင်းသင်းရခြင်းသည် ဆွေမျိုးတို့နှင့် ပေါင်းသင်းရသကဲ့သို့ အမြဲချမ်းသာ၏။ ပညာရှိတို့သည်သာလျှင် ချမ်းသာသော ပေါင်းသင်းဆက်ဆံရခြင်းရှိ၏။

ပညာရှိ၏ ဂုဏ်ရည်များ-

တည်ကြည်ခြင်း။

ပညာရှိခြင်း။

အကြားအမြင် များခြင်း။

မဂ်, ဖိုလ်တည်းဟူသော ဝန်ကို ဆောင်ခြင်း။

သီလ, ဓုတင် ဖြူစင်သောအကျင့်ရှိခြင်း- စသောဂုဏ်တို့နှင့်ပြည့်စုံသော မြတ်သော ကောင်းသောပညာရှိကို လမင်းသည် ကောင်းကင်ခရီးကို ဆည်းကပ်သကဲ့သို့ မှီဝဲ ဆည်းကပ် ရမည်။ (ဂါထာ- ၂၀၇/၂၀၈)

၄။ အဟိရိကေန- အရှက်မရှိခြင်းဖြင့်လည်းကောင်း။

ကာကသူရေန- ရဲတင်းသော ကျီးနှင့်တူစွာကျင့်ခြင်းဖြင့်လည်းကောင်း။

ဓံသိနာ- သူတစ်ပါးဂုဏ်ကို ဖျက်ဆီးခြင်းဖြင့်လည်းကောင်း။

ပဂ္ဂန္ဒိနာ- သူတစ်ပါးပြုသည်ကို မိမိပြုယောင်လုပ်၍ ပြုသဖြင့်လည်းကောင်း။

ပဂဗ္ဘေန- ကြမ်းကြုတ်ခြင်းဖြင့်လည်းကောင်း။

သံကိလိဋ္ဌေန- ညစ်ညူးသော အကျင့်ဖြင့်လည်းကောင်း။

အသက်မွေးမှုပြုသော ပြုသောကြောင့် အသက်မွေးလွယ်သည်။ (ဂါထာ- ၂၄၄)

၅။ တိုးပွါးသူများ-

သီလဆောက်တည်ခြင်း။ တောကျောင်းနေခြင်း။ဓုတင်ဆောင်ခြင်း။ ဘာဝနာ၌ မွေ့လျော်ခြင်း စသော ရဟန်း ကိစ္စကိုစွန့်၍ ထီး, ဖိနပ်, ယပ်, ကိုတန်ဆာဆင်ခြင်းစသော ရဟန်းကိစ္စမဟုတ်သည်ကို ပြုလုပ်၍ မာန်ဖြင့်ထောင်လွှားပြီး မေ့လျော့ကုန်သော ရဟန်းတို့အား အာသဝေါတရားတို့သည် တိုးပွါးကုန်၏။

အာသဝေါတရားကင်းသူများ-

ကာယဂတာသတိကို အမြဲအားထုတ်ကာ ရဟန်းကိစ္စမဟုတ်သည်ကို မမှီဝဲပဲ, ရဟန်းကိစ္စ၌သာ အမြဲမပြတ် ပြုကြကုန်သော သတိရှိ၍ အမြော်အမြင်ရှိကုန်သောရဟန်းတို့အား အာသဝေါတရားတို့သည် ကင်းကုန်၏။ (ဂါထာ- ၂၉၂၊ ၂၉၃)

http://www.dhammadownload.com

၆။ မြတ်စွာဘုရားသည် -

အလုံးစုံသော တေဘူမကတရားကို လွှမ်းမိုးနိုပ်နင်းလျက် တည်၏။
အလုံးစုံသောစတုဘူမကတရားတို့ကို သိ၏။
အလုံးစုံသော တေဘူမကတရားတို့၌ တဏှာ, ဒိဋ္ဌိတို့ဖြင့် မကပ်ငြိ, မလိမ်းကျံ့
အလုံးစုံသော တေဘူမကတရားတို့ကို စွန့်၍ တည်၏။
တဏှာကုန်ခန်းရာ အရဟတ္တဖိုလ်၌ ကိလေသာမှလွတ်၏။
မိမိအလိုလို ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် သိ၏။
ဤသို့သောဂုဏ်ထူးများရှိနေတော်မူ၍ ဥပကတဏ္ဍတွန်းအား ငါသည် မည်သူကို ဆရာအဖြစ် ညွှန်ပြရမည်နည်း"" ဟု မိန့်တော်မူခဲ့ပါသည် ။(ဝိ။ဃ- ၃၅၃)

၇။ အစားကြူးခဲ့ပုံ -

ကောသလမင်းကြီးသည် မူလက ဆန်တစ်စိတ်ချက်နှင့် ထိုထမင်းအား လျှောက်ပတ်သော ဟင်းလျှာတို့ကို စားပါသည်။

နောက်ဆုံးအစား လျှော့စားခဲ့ပုံ -

ကောသလမင်းကြီးသည် နောက်ဆုံးတစ်ကွမ်းစားမျှသော ထမင်းနှင့် ဟင်းလျှာကို စားပါသည်။

မြတ်စွာဘုရားအား လျှောက်ထားပုံ -

မြတ်စွာဘုရား ယခုအခါ၌ ဒကာတော်အား ချမ်းသာပါ၏။ သားသမင် နှင့် မြင်းတို့ကို အစဉ်၏တစိုက် မီအောင်လိုက်၍ဖမ်းယူခြင်းငှါ စွမ်းနိုင်ပါပြီ၊ သမီးတော်ဝဇိရ ကုမာရီ မင်းသမီးအား တူတော် အဇာတသတ်နှင့် လက်ထပ်ပေး၍ တူတော်နှင့် စစ်မထိုးရခြင်းသည်လည်း ချမ်းသာခြင်း ဖြစ်ပါ၏။ ပျောက်သွားသော နန်းစဉ်ပတ္တမြားအား ပြန်တွေ့ရသောကြောင့်လည်း ချမ်းသာခြင်း ဖြစ်ပါ၏။ မြတ်စွာဘုရာ၏တပည့်သာဝကများနှင့် အကျွမ်းဝင်လိုသောကြောင့် သာကီဝင်မင်းသမီး နှင့် ထိမ်းမြားရခြင်းသည်လည်း ချမ်းသာခြင်းဖြစ်ပါ၏"" ဟု လျှောက်ထားပါသည်။ (ဓမ္မ၊ ဌ၊ ၂၊ ၁၇၂/၁၇၃)

၈။ ပုဏ္ဏားကြီးနေ့စဉ် ပြုလုပ်သော ကုသိုလ်ကောင်းမှုများ

ရဟန်းတော်များ သင်္ကန်းရုံ့ရာအရပ်၌ -

သင်္ကန်းဝတ်ရုံ့သောရဟန်းတစ်ပါး၏ သင်္ကန်း အနားစွန်းသည် မြက်ပင်တို့နှင့် ထိ၍ ဆီးနှင်းဖြင့်စိုစွတ်သည်ကို မြင်သောကြောင့် ဤနေရာ၌ မြက်ပင်မရှိအောင် ပြုသင့်၏

http://www.dhammadownload.com

ဟုကြံ၍ ပေါက်တူးဖြင့်ဆွကာ ကောက်နယ်တလင်းကဲ့သို့ ပြုဏ္ဍာ။

နောက်နေ့၌ သင်္ကန်းဝတ်ရုံသောရဟန်းတစ်ပါး၏ သင်္ကန်းအနားစွန်းသည် မြေ၌ လျှောကျ၍ မြေမှုန့်လိမ်းကပ်သည်ကို တွေ့မြင်သောကြောင့် သန့်ပြန့်သောသဲကို ခင်းဏ္ဍာ။

တစ်နေ့သောအခါ ဆွမ်းခံချိန်အခါ နေပူ၍ သင်္ကန်းဝတ်ရုံကုန်သောရဟန်းတို့၏ ကိုယ်မှ ချွေးထွက်သည်တို့ကို မြင်၍ မဏ္ဍာပ်ကို ပြုလုပ်ဏ္ဍာ။

တစ်ဖန် မိုးရွာသောနေ့၌ မိုးစိုသောသင်္ကန်းရှိသောရဟန်းတို့ကိုမြင်၍ ဇရပ်ကို ဆောက်လုပ်လျှုဒါန်းဏ္ဍာ။ (ဓမ္မ၊ ၌၊ ၂၊ ၂၁၇)

၉။ **ဘုရား ဖြစ်သောအခါ ရရှိသောအကျိုး-**

ပေါင်းမြက်တို့ကို နှုတ်ပယ်သုတ်သင်ခဲ့သော ကောင်းမှုကံကြောင့် ရှစ်ယူဇနာခရီး၌ နှုတ်ပယ်အပ်သော သစ်ငုတ်, ဆူးငြောင့်ရှိသည်ဖြစ်၍ စင်ကြယ်ညီညွတ်သော မြေအပြင်သည် ဖြစ်ဏ္ဍာ။

စေတီရင်ပြင်၌ သဲတို့ကို ကြဲဖြန့်ခဲ့သော ကောင်းမှုကံကြောင့် ရှစ်ယူဇနာရှိသော ခရီးလမ်း၌ သဲတို့ကြဲဖြန့်ခင်းထားကုန်ဏ္ဍာ။

စေတီရင်ပြင်၌ တောပန်းတို့ဖြင့် ပူဇော်ခဲ့သော ကောင်းမှုကြောင့် ရှစ်ယူဇနာရှိသော ခရီးလမ်း၌ အထူးထူးသောအဆင်းရှိကုန်သောပန်းတို့ကို ဒူးဝန်းအထိ ကြဲဖြန့်ကုန်ဏ္ဍာ။

တစ်ယူဇနာ ဝေးကွာရာအရပ်၌ ဂဂ်ါမြစ်၏ ရေအပြင်ကို ငါးပါးသောအဆင်းရှိသော ပဒုမ္မာကြာပန်းတို့ဖြင့် ဖုံးလွှမ်းကုန်ဏ္ဍာ။

ရေကရားဖြင့် မြေကို ရေဆွတ်ဖျန်းခဲ့သော ကောင်းမှုကံကြောင့် ဝေသာလီပြည်၌ ပေါ်ကွေ့ရမိုး ရွာဏ္ဍာ။

တံခွန်, ထီးတို့ကို ကပ်လှူခဲ့သောကောင်းမှုကြောင့် အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် တံခွန်လုံး, တံခွန်ပြား, မုလေးပွါး အသီးသီး ထီးအဆင့်ဆင့်တို့ဖြင့် စကြာဝဠာတိုက် တစ်ခုလုံး တစ်ပြိုင်နက်သော ပွဲသဘင်ကဲ့သို့ ဖြစ်ကုန်ဏ္ဍာ။ (ဓမ္ဓ၊ ၌၊ ၂၊ ၂၇၉)

၁၀။ **အကုသိုလ်တရားများ ဝင်မလာအောင် စောင့်ရှောက်ပုံ-**

စက္ခုဒ္ဒါရ၌ ရှုပါရုံထင်လာသောအခါ ကောင်းသောအာရုံထင်ရာ၌ မတပ်မက် မနှစ်သက်အောင်, မကောင်းသောအာရုံထင်ရာ၌လည်း မပြစ်မှားမိအောင်, မညီမညွတ်ယှဉ်ခြင်း ဖြင့်လည်း မောဟကို မဖြစ်စေအောင် စောင့်ရှောက်ရပါမည်။(ဓမ္ဓ၊ ၌၊ ၂၊ ၃၅၅)

http://www.dhammadownload.com

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပါဠိအဋ္ဌကထာဘာသာ
၁၃၇၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃- ၂၀၀၉) တနလာနေ့။

၁။ အောက်ပါဂါထာတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

(က) "အကောင်းဆုံးလာဘ်, အမြတ်ဆုံးဥစ္စာ, အလှဆုံးဆွေညာ, အသာဆုံးချမ်းသာ" ဟု ပြသော ဂါထာ၊

(ခ) "မှန်ပြော စိတ်မတို, နည်းငယ်ကိုမျှ, လှူတုံက, ရောက်ရ ထက်နတ်ရွာ"ဟု ပြသော ဂါထာ။

၂။ အောက်ပါ ဂါထာပါဠိတို့ကို အနက်ပေးခဲ့ပါ။

(က) "ချစ်+ မုန်းပုဂ္ဂိုလ်, မပေါင်းလိုနှင့်, ချစ်မမြင်ရ, မုန်းမြင်ရ, ဒုက္ခရတတ်သည်"ဟု ပြသော ဂါထာ၊

(ခ) "ပန်းထိမ်အသွင်, ပညာရှင်တို့, အစဉ်နည်းငယ်, ညစ်ကြေးပယ်လော့" ဟု ပြသော ဂါထာ။

၃။ ကြိုးကိုင်ရုံမျှ မဟုတ်သော ရထားထိန်းနှင့် တူသည့်ပုဂ္ဂိုလ်ကို ဖော်ပြ၍၊ ပညာရှိတို့ နေ့စဉ်နေ့တိုင်း ချီးမွမ်းထိုက်သည့် ပုဂ္ဂိုလ်ကိုလည်း အတုလဉ်ပါသကဝတ္ထုရှုကာ ဖြေဆိုခဲ့ပါ။

၄။ "သံကိုသံဖျက် သံချေးတက်၏"ဟူသော စကားအဓိပ္ပါယ်ကို ဥပမာ + ဥပမေယျဖြင့် ပေါ်လွင်အောင်ရှင်းပြ၍၊ မကောင်းသောအသက်မွေးခြင်းကို ကောင်းသောမွေးခြင်း- ဟု မှတ်ထင်သည့်ရဟန်း၏ အဂ်ါရပ်တို့ကိုလည်း စူဠသာရိဝတ္ထုရှုကာ ဖော်ပြခဲ့ပါ။

၅။ "အဆိုဆုံးဖမ်းယူခြင်း"ကို ဖော်ပြ၍ တရားများစွာ ဟောပြတတ်ရုံမျှဖြင့် "ဓမ္မရေ"အမည် ခံယူထိုက်ပါသလော ဓမ္မဌဝဂ် လာသည့်အတိုင်း ဘုရားရှင်အလိုတော်ကျ ညွှန်ပြခဲ့ပါ။

၆။ ရောက်လေရာ အရပ်ဒေသတိုင်းမှာ ပူဇော်ခံရသည့်ပုဂ္ဂိုလ်ကို ဖော်ပြ၍၊ အလုပ်တစ်ခုကို လုပ်သင့်, မလုပ်သင့် သံသယဖြစ်နေပါက မည်သို့ဆုံးဖြတ်ရမည်ကို ဣသိပတတိတ္ထိ ဝတ္ထုရှုကာညွှန်ကြားခဲ့ပါ။

၇။ ပသေနဒိကောသလမင်းက ဘုရားရှင်အား လျှောက်ထားသော ချမ်းသာလေးမျိုးကို

http://www.dhammadownload.com

ဖော်ပြ၍၊ ကျောင်းဒကာနန္ဒ လှူဒါန်းသောကျောင်းနှင့် ကျောင်းအမရောဟိနီ လှူဒါန်း ကျောင်း တို့ကို ကွဲပြားအောင် ရေးသားခဲ့ပါ။

၈။ မောင်ပုဏ္ဏာတို့ဇနီးမောင်းနှံနှစ်ဦး အရှင်းသာရိပုတ္တရာအား လှူဒါန်းသည့် လှူဖွယ်ပစ္စည်း များနှင့်လှူ ရာဘုန်းတို့ကို ဖော်ပြ၍၊ မေဏ္ဍကသူဌေးကတော်အမည်ကို အမည်ရခြင်း အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

၉။ စေတီတော်ရင်ပြင်ဌ(က)မြက်နှုတ်သန့်ရှင်းခြင်း (ခ)ရေဖြန်းခြင်းကုသိုလ်များ ပြုလုပ် သင့်ကြောင်းကို အတ္တနောပုဗ္ဗကမ္မဝတ္ထု- အရ ဖြေဆိုပြီး ဥဂ္ဂမြို့သူ စဌာသုဘဒ္ဒါ၏ သာဝတ္ထိ မြို့ ဇေတဝန်ကျောင်းမှ ဘုရားရှင်အား ဆွမ်းစားပင့်ပုံကိုလည်း သရုပ်ပေါ်လွင်အောင် ရေးသားခဲ့ပါ။

၁၀။ ဘုရားရှင်လက်ထက်(၇)နှစ်အရွယ် ရဟန္တာကိုရင်ငယ်တို့၏ အမည်တို့ကို မမွေပဒမှ ရှာဖွေ တင်ပြ၍၊ အဇာတသတ်မင်း၏ ကာယဗလ အားအစွမ်းကိုလည်း ဖော်ပြပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ (က) ဂါထာ- ၂၀၄။ (ခ) ဂါထာ- ၂၂၄။

၂။ (က) ဂါထာ- ၂၁၀။ (ခ) ဂါထာ- ၂၃၉။

၃။ အရှိန်ပြင်းမွှာ ပြေးနေသောရထားကို ရုတ်တရက်ချက်ချင်း ရပ်တန့်သွားအောင် ထိန်း နိုင်သကဲ့သို့ အရှိန်ပြင်းစွာ ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားဆီးထိန်းချုပ်နိုင် သူသည်သာ ရထားထိန်းတူပါသည်။ (ဂါထာ-၂၂)

နေ့စဉ်ချီးမွမ်းထိုက်သော ပုဂ္ဂိုလ်- (စစ်ကိုင်း ၄-ရ)။

၄။ သံချေးသည် သံမှပင်ဖြစ်၍ ထိုသံကိုပင် ပြန်၍စားသကဲ့သို့ ထို့အတူ ပစ္စည်းလေးပါး၌ ပစ္စဝေက္ခဏာကို လွန်၍ ကျင့်သောရဟန်းကို မိမိအမှုအကုသိုလ်တရားတို့သည် ဒုဂ္ဂတိ ဘဝသို့ ခေါင်းကုန်၏။ (ဂါထာ-၂၄၀)

အဂ်ါရပ်များ- (ပဲခူးအရှေ့ ၃-ရ)

http://www.dhammadownload.com

၅။ **အဆိုးဆုံးဖမ်းယူခြင်းမှာ** - ဒေါသဖြစ်ပါသည်။ (ဝိဏာ-၂၅၁)
ဓမ္မဓရ အမည်ရသူ- (ပဲခူးအရှေ့ ၁၀-၌)။

၆။ **ပူဇော်ခံရသည့် ပုဂ္ဂိုလ်-** (ပဲခူးအနောက် ၃-၌)။
ဆုံးဖြတ်ပုံ-
မကောင်းမှုသည် နောင်တတဖန် ပူပန်စေတတ်သောကြောင့် မကောင်းမှုကို မပြုလုပ်ခြင်းသည် မြတ်၏။ ကောင်းမှုကုသိုလ်သည် နောင်တတဖန် မပူပန်ရသောကြောင့် ကောင်းမှုကို ပြုခြင်းသည်သာ မြတ်၏။
ထို့ကြောင့်နောင်တတဖန် ပူပန်စေတတ်သော(မကောင်းမှု)အလုပ်မျိုးကို မလုပ် သင့်ပါ။ နောင်တတဖန် မပူပန်ရသော(ကောင်းမှုကုသိုလ်) အလုပ်မျိုးကိုသာ လုပ်သင့်ပါသည်။
(ဝိဏာ-၃၁၅)

၇။ **ချမ်းသာခြင်း၄- မျိုး-** (မကွေး ၇-၌)
ကျောင်းဒကာ နန္ဒိယလှူဒါန်းသောကျောင်း-
ဣသိပတနကျောင်းတိုက်ကြီး၌ လေးခုသော တိုက်ခန်းတို့ဖြင့် ဆင်မြန်းတင့်တယ်ခြင်းရှိသော လေးဆောင်သော ကျောင်း ဖြစ်ပါသည်။ (ဓမ္မ- ၆၊ ၂၊ ၁၉၀)
ကျောင်းအမ ရောဟိနီလှူဒါန်းသောကျောင်း-
ဘုံနှစ်ဆင့်ရှိသော ဆွမ်းစားကျောင်း ဖြစ်ပါသည်။ (ဓမ္မ- ၆၊ ၂၊ ၁၉၃)

၈။ မောင်ပုဏ္ဏသည် အရှင်သာရိပုတ္တရာအား လယ်ထွန်ရာအရပ် ရေတွင်းနား၌ တံပူ, သောက်ရေ, သုံးရေတို့ကို လှူဒါန်း၍ ဇနီးမယ်ဥတ္တရာသည် လမ်းခရီးအကြား၌ ကြမ်းတမ်းသော ဆွမ်းကို လှူဒါန်းပါသည်။ (ဓမ္မ- ၆၊ ၂၊ ၁၉၅)
အမည် နှင့် အမည်ရခြင်းအကြောင်း- (တနသ်ာရီ ၇-၌)။

၉။ (က) မြက်နှုတ်သန့်ရှင်းခြင်းကိုပြုလုပ်ခဲ့သောကောင်းမှုကံကြောင့် ဘုရားရှင်အား ရှစ်ယူဇနာခရီး၌ နှုတ်ပယ်အပ်သော သစ်ငုတ်, ဆူးပြောင့်ရှိသည်ဖြစ်၍ စင်ကြယ်ညီညွတ်သော မြေအပြင် ဖြစ်ခဲ့၏။ ထို့ကြောင့် မြက်နှုတ် သန့်ရှင်းခြင်းကုသိုလ်ကို ပြုလုပ်သင့်ပါသည်။
(ခ) ရေဖြန်းခြင်း ကောင်းမှုကံကြောင့် ဝေသာလီပြည်၌ ပေါကွေရမိုး ရွာ၏။ ထို့ကြောင့် ရေဖြန်းခြင်းကုသိုလ်တို့ကို ပြုလုပ်သင့်ပါသည်။ (ဓမ္မ- ၆၊ ၂၊ ၂၇၉)

http://www.dhammadownload.com

ဘုရားရှင်အား ဆွမ်းစားပင့်ပုံ-

စူဠသုဘဒ္ဒါသည်- ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းဖွယ်ရာ ကြီးစွာသော အလှူဝတ်ကို ညီညွတ်အောင်စီရင်၍ အထက်ပြဿာဒ် အပြင်ထက်၌ တက်ရောက်တည်နေပြီးသော ဇေတဝန်ကျောင်းတော်ရှိရာသို့ ရှေ့ရှု၍ ရှိသေစွာ ထိခြင်း ငါးပါးဖြင့် ရှိခိုးဦးချ၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို အထူးဆင်ခြင်ပြီးလျှင် နံ့သာဖြင့် ထုံအပ်သော ပန်း, နံ့သာ, အခိုးတိုင်တို့ဖြင့် ပူဇော်ခြင်းကိုပြု၍ " ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား- တပည့်တော်မသည် နက်ဖြန် အလို့ဝှာ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့ကို ပင့်ဖိတ်ပါ၏။ တပည့်တော်မ၏ ဤအမှတ်သညာ ဖြင့် ပင့်ဖိတ်အပ်သော အဖြစ်ကို သိတော်မူပါလော့ " ဟု လျှောက်ထားပြီးလျှင် မြတ်လေးပန်း ရှစ်ဆုပ် တို့ကို ကောင်းကင်သို့ ပစ်လွှင့်၍ ပင့်ဖိတ်ပါသည်။ (ဓမ္မ- ၆၊ ၂၊ ၂၇၂)

၁၀။ ရဟန္တာကိုရင်တို့၏ အမည်များ-

သံကိစ္စသာမဏော၊ ပလ္လင်္ကတသာမဏော၊
သောပါကသာမဏော၊ ရေဝတသာမဏော။ (ဓမ္မ- ၆၊ ၂၊ ၄၁၆)

ကာယဗလ အားအစွမ်း-

အဇာတသတ်မင်းသားသည်- မြေကြီး၌ ဆောင့်ကြောင့်ထိုင်နေ၍ ခုနှစ်အပ်သည်ရှိသော် ၁၈- တောင်ရှိသော အမြင့်အရပ်သို့ တက်ရောက်ပါသည်၊ ရပ်တည်၍ ခုနှစ်သည်ရှိသော် အတောင် ၈၀- ရှိသော အနှိမ့်ရပ်သို့တက်ရောက်ပါသည်၊ ဤသို့ ကြီးကျယ်သော ခွန်အား ရှိသူဖြစ်ပါသည်။ (ဓမ္မ- ၆၊ ၂၊ ၄၄ပ၊ ၄၄ဂ)

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မွန်ပြည်နယ်)
ပထမကြီးတန်း ။ ။ ဓမ္မပဘာသာ

၁၃၇၀-ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ စစ်ရှုံးသော ကောသလမင်းကြီးအား ဘုရားရှင်ဟောကြားတော်မူသောဂါထာနှင့် မြေမလေး သေဆုံးခြင်းကြောင့် စိတ်ဒုက္ခရောက်နေသော ဝိသာခါအား ဟောကြားတော်မူသော ဂါထာတို့ကို ပါဠိရေးပြပါ။

၂။ မိမိသား လက်ပြတ်သွားသည့်အတွက် အမျက်ထွက်နေသော ရုက္ခစိုးနတ်သမီးအား ဘုရားရှင်ဟောကြားတော်မူသော အမျက်ဖြေဂါထာကို အနက်ပေးခဲ့ပါ။

http://www.dhammadownload.com

၃။ အကောင်းဆုံးလာဘ်၊ အမြတ်ဆုံးဥစ္စာ အသာဆုံးဆွေမျိုးတို့ကို ရေးပြပြီးလျှင်၊ ချစ်ခြင်း မုန်းခြင်း ပြုမိသူ/မပြုမိသူတို့၏ အပြစ်အကျိုးများကိုလည်း တယောဇနပမ္ဘဏိတဝတ္ထုလာ ဒေသနာတော်နှင့်အညီ ဖြေဆိုပြပါ။

၄။ နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းများကို မဟာမောဂ္ဂလ္လာနတ္ထေရပဉ္စဝတ္ထုလာအတိုင်း ရေးသားပြ၍၊ လူရှင်ရဟန်းတို့၏ လုပ်ငန်းဆောင်တာ ကိစ္စအဝဝတို့၌ ဆုတ်ယုတ်စေကြောင်းဖြစ်သော အညစ်အကြေးများကိုလည်း မလဝဂ် လာဠုဒါယိတ္ထေရဝတ္ထုလာအတိုင်း ဖော်ပြခဲ့ပါ။

၅။ "လာဘ်ပေးလာဘ်ယူ ဒိုရန်သူ" ဆိုကြသည်နှင့်အညီ လာဘ်လာဘအကျိုးမျှော်ကိုးပြီး တရားစီရင် ဆုံးဖြတ်သူသည် "ဓမ္မဋ္ဌ" တရားဌာနည်သူဟု ခေါ်ဆိုထိုက်/မထိုက်နှင့် ခေါ်ဆိုထိုက်အောင် မည်သို့ပုံမှီ ကျင့်ကြံရမည်ကို ဝိနိစ္ဆယမဟာမတ္တာဝတ္ထုလာအတိုင်း ရှင်းပြ၍၊ "ပဏ္ဍိတ" ပညာရှိပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်သူကိုလည်း ဓမ္မဋ္ဌဝဂ် ဆဗ္ဗဂ္ဂိယဝတ္ထုလာအတိုင်း ထုတ်နှုတ်တင်ပြပါ။

၆။ အဘယ်ပုဂ္ဂိုလ်မျိုးသည် အရိယာမဂ် မရနိုင်သည့် ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို ပဓာနကမ္မိကတိဿတ္ထေရဝတ္ထုလာအတိုင်းရေးသား၍၊ သွားလေရာအရပ်၌ ပူဇော်ခံထိုက်သူ ဖြစ်နိုင်သည့် အရည်အချင်းများကိုလည်း ပကိဏ္ဏ စိတ္တဂဟပတိဝတ္ထုနှင့်အညီ တင်ပြခဲ့ပါ။

၇။ ဆာလောင်မွတ်သိပ်ခြင်းကို အဘယ့်ကြောင့် အဆိုးဆုံးရောဂါဟု ခေါ်ဆိုရပါသနည်း? ဖြေဆို၍၊ သုခဝဂ်လာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခါနီးဝယ် ဘုရားရှင်အပေါ်၌ တိဿမထေရ်၏ ပူဇော်ရာ အစစ်အမှန် ရောက်ပုံကိုလည်း တင်ပြခဲ့ပါ။

၈။ အရှင်အနုရုဒ္ဓါ ၏ နှမတော် ရောဟိနီမင်းသမီးသည် အတိတ်ဘဝက မည်သည့်အကုသိုလ်ကံကို ပြုမိ၍ လူမသတီစရာ နှုနှာရောဂါ ရရှိသည်ကို ဖြေဆို၍၊ အဘယ်သို့ အဘယ်ပုံ ကုသ၍ အနာရောဂါသက်သွားသည်ကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

၉။ အကဲ့ရဲ့သန်သော အတုလအမျိုးကောင်းသားအား ဘုရားရှင်ကမည်သို့သောစကား မိန့်ကြားသည်ကို ဖြေဆို၍၊ မဂ္ဂဝဂ် မဟာလွကတ္ထေရဝတ္ထုလာ ဝန, ဝနထ အရကိုလည်း ပမာပမေခြားနားစွာ ခွဲဝေပြပါ။

http://www.dhammadownload.com

၁၀။ ဥဂ္ဂသေနဇနီးမောင်နှံတို့သည် အတိတ်ဘဝက မည်သို့သောအကုသိုလ်ကံကို လွန်ကျူးမိ၍ ကချေသည်ဖြစ်ရသည်ကို ဖြေဆိုပါ၊ ဘုရားရှင်တို့သည် မည်သည့်တန်ခိုးတော်တို့ဖြင့် နေ့ညဉ့်ပတ်လုံး ထာဝရတင့်တယ်တောက်ပသည်ကိုလည်း ရှင်းလင်းစွာ ရေးသားပြပါ။

၁၁။ မွန်ပြည်နယ် (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၂၀၁။ ဂါထာ။ ၂၁၃။

၂။ ဂါထာ- ၂၂၂။

၃။ **အကောင်းဆုံးလာဘ်** - ကျန်းမာခြင်း။
အမြတ်ဆုံးဥစ္စာ - ရောင့်ရဲခြင်း။
အသာဆုံးဆွေမျိုး - အကျွမ်းဝင်သူ။ (ဂါထာ- ၂၀၄)
အပြစ်အကျိုး- (ပဲခူးအရှေ့. ၅-၆)။
ချစ်ခြင်း, မုန်းခြင်းမပြုမိသူတို့၏ အပြစ်အကျိုး-
ချစ်ခြင်း, မုန်းခြင်းကို မပြုမိသောသူတို့အား အနောင် အဖွဲ့ဝန်ဆွဲတို့ မရှိကြကုန်။
(ဂါထာ- ၂၁၁)

၄။ **နည်းလမ်းကောင်းများ-** (တနင်္သာရီ ၃-၆)။
အညစ်အကြေးများ- (စစ်ကိုင်း ၄-၆)။

၅။ လာဘ်လာဘအကျိုးမျှော်ကိုးပြီး တရားစီရင်ဆုံးဖြတ်သူကို ဓမ္မဋ္ဌ-တရားဌ တည်သူဟု မခေါ်ဆိုထိုက်ပါ။
ဓမ္မဋ္ဌ- တရားဌတည်သူဟု ခေါ်ဆိုထိုက်အောင်- (ကရင် ၄-၆)
ပဏ္ဍိတ-ပညာရှိပုဂ္ဂိုလ်ဟု ခေါ်ဆိုထိုက်သူ- (ကချင် ၆-၆)။

၆။ **အရိယာမဂ် မရနိုင်သည့် ပုဂ္ဂိုလ် -**(ချင်း ၆-၆)။
အရည်အချင်းများ- (ပဲခူးအရှေ့. ၆-၆)။

၇။ **အဆိုးဆုံးရောဂါဟု ခေါ်ရပုံ-** (ကယား ၇-၆)။

http://www.dhamma download.com

တိဿမထေရ်၏ ပူဇော်ရာအစစ်အမှန်ရောက်ပုံ-

တိဿမထေရ်သည်- " နောက်လေးလလွန်လျှင် မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်တော်မူချေတော့မည်၊ ငါသည်လည်း တဏှာမကင်းသေး။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသောအခါ၌သာလျှင် ငါသည် အရဟတ္တဖိုလ်ကို ယူခြင်းဟာ သင့်လျော်၏ " ဟု ကြံပြီးလျှင် လျှောင်းခြင်း, ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်းဟု ဆိုအပ်သော လေးပါးကုန်သော ဣရိယာပုထ်တို့၌ အဖော်မမှီး တစ်ယောက်တည်းသာလျှင် တရားကိုအားထုတ်၍ နေလေ့ရှိ၏။ ဤသို့နေသော တိဿမထေရ်ကို မြတ်စွာဘုရားသည်-

ချစ်သားရဟန်းတို့- ငါဘုရားရှင်၌ ချစ်ခင်နှစ်သက် မြတ်နိုးသော သူသည် တိဿ ရဟန်းနှင့် တူသည်သာလျှင် ဖြစ်စေလော့၊ ငါဘုရားရှင်ကို ပန်း, နံ့သာစသည် တို့ဖြင့် ပူဇော်လျှုဒါန်းလျှင် ပူဇော်သည် မမည်ကုန်၊ ကိုးဖြာသော လောကုတ္တရာတရားတော်အား သင့်လျော်လျောက်ပတ်သောအကျင့်မြတ်ကို အပတ်တကုတ် အားထုတ်၍ ကျင့်သောသူတို့ သည်သာလျှင် စင်စစ် ငါဘုရားကို ပူဇော်သည်မည်၏"" ဟု မိန့်တော်မူပါသည်။ (ဓမ္မ- ၆၊ ၂၊ ၁၆၄)

၈။ အတိတ်ဘဝက ပြုခဲ့သောအကုသိုလ်- (ကရင် ၃- ၇)။

အနာရောဂါ သက်သာသွားပုံ-

ရောဟိနီမင်းသမီးသည်- အဆင်တန်ဆာအပေါင်းကို ရောင်းချစွန့်လွှတ်၍ ဘုံနှစ်ဆင့်ရှိသော ဆွမ်းစားဇရပ်ကို ဆောက်လုပ်ရာ အထက်၌ ပျဉ်ချပ်တို့ကို စီခင်းပြီးသောအခါမှ စ၍ ဆွမ်းစားဇရပ်၏ အောက်ထပ်၌ တံမြက်လှည်းခြင်း,နေရာခင်းခြင်း, သောက်ရေသုံးရေတို့ကို တည်ထားခြင်း စသည်တို့ကို နေ့စဉ် ပြုလုပ်၏။ အမြဲမပြတ် ရဟန်းတော်တို့ ထိုင်နေသီတင်း သုံးတော်မူကုန်၏။ ထိုကဲ့သို့ ဆွမ်းစာဇရပ်ကို အမြဲမပြတ် တံမြက်လှည်းခြင်းစသည်ပြုလုပ်စဉ်ပင်လျှင် ရောဟိနီအား ကိုယ်ရေအဆင်း ယားယံပေါက်ကွဲခြင်း ရောဂါဆိုးသည် ညှိုးနွမ်းကာ သက်သာသွား ပါသည်။ (ဓမ္မ- ၆၊ ၂၊ ၁၇၃)

၉။ ဘုရားရှင် မိန့်ကြားတော်မူသောစကား- (ပဲခူးအရှေ့ ၈- ၇)။

ဝန အရ -

ဥပမာန- ကြီးမားထူထဲသော သစ်ပင်၊ တနည်း- ရှေးဦးစွာပေါက်သောသစ်ပင်ရ၏။

ဥပမေယျ- ဘဝကို ဆွဲငင်တတ်ကုန်သော ကြီးကုန်ကြီးကုန်သော ကိလေသာတို့ရ၏။

http://www.dhammadownload.com

တနည်း- ရှေးဦးစွာဖြစ်သောကိလေသာ-ရဏ်။

ဝနထ အရ-

ဥပမာန- သစ်ပင်ငယ်၊ တနည်း-နောက်မှပေါက်သောသစ်ပင်- ရဏ်။

ဥပမေယျ- ယခုဖြစ်ပေါ်ဆဲ၌ ဖြစ်လာသော ပဝတ္တိအကျိုးကို ပေးတတ်သော ကိလေသာ-ရဏ်။ တနည်း- နောက်နောက်၌ဖြစ်သောကိလေသာ-ရဏ်။

(ဓမ္မ- ၆၊ ၂၊ ၂၆၅)

၁၀။ ဥဂ္ဂသေနဇနီးမောင်နှံတို့သည် အတိတ်ဘဝက- ဆွမ်းခံလာသော အာသဝေါကုန်ပြီးသော ရဟန္တာမထေရ် ပြုံးသည်ကိုမြင်၍ မိန်းမက ခင်ပွန်းအရှင်ကို " ငါတို့၏ အလှူခံအရှင်သည်- ပြုံးခြင်းကို ပြု၏။ တစ်ယောက်သော ကချေသည်သမားဖြစ်လတ္တံ့" ဟု ပြစ်မှားပြောဆို၏။ အရှင် လင်ကလည်း ထိုမိန်းမအား " ချစ်နှမ- ဤသို့ အသင်ပြောသည့်အတိုင်း ဖြစ်ပေလတ္တံ့" ဟု ပြောဆိုခြင်းဟူသော အကုသိုလ်ကံကို လွန်ကျူးမိ၍ ကချေသည်ဖြစ်ရပါသည်။ (ဓမ္မ- ၆၊ ၂၊ ၃၄၄)

ထာဝရ တင့်တယ်တောက်ပသော တန်ခိုးတော်-

ဘုရားရှင်တို့သည် သီလတေဇ၊ ဝုဏ္ဏတေဇ၊ ပညာတေဇ၊ ပုညတေဇ၊ ဓမ္မတေဇ တည်းဟူသော တန်ခိုးတော် (၅) ပါးဖြင့် နေ့ညဉ့်ပတ်လုံး အမြဲထာဝရ တင့်တယ်တောက်ပနေပါသည်။ (ဓမ္မ- ၆၊ ၂၊ ၃၉၆)

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရန်ကုန်တိုင်း)

ပထမကြီးတန်း ။ ။ ဓမ္မပဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနင်္လာနေ့။

၁။ အောက်ပါ ဓမ္မပဒဂါထာတို့ကို ပါဠိရေးသားပါ။

(က) ဒါယကာများ သဒ္ဓါတရားအားလျော်စွာ လှူဒါန်းထားသော ပစ္စည်းတို့၌ အမြဲကဲ့ရဲ့လေ့ရှိသော ပုဂ္ဂိုလ်များ သမာဓိတရား မရနိုင်ကြောင်းပြ ဂါထာ၊

(ခ) အဘယ်ပုဂ္ဂိုလ်အား အဘယ်သို့ပေးလှူပူဇော်လျှင် အကျိုးကြီးမားပါသနည်း?ဟု မေးမြန်းလျှောက်ထားသော ဒေဝဟိတပုဏ္ဏာအား ဟောကြားအပ်သော ဂါထာ။

၂။ ဒါဘ မောင် ခင်ပွန်း သားများ ကွယ်လွန်သွားသဖြင့် သောကပင်လယ်ဝေကာ အရှုံးဘဝသို့ ရောက်သွားရှာသော ပဋာစာရီကို သောကကင်းပျောက် သောတာပန်အဖြစ်သို့

http://www.dhammadownload.com

ရောက်စေနိုင်သော ဓမ္မဒေသနာဂါထာတို့ကို အနက်ယောဇနာပါ။

၃။ "ထေရ" ဟုခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်မျိုးကို လက္ခဏာဘဒ္ဒိယဝတ္ထုနှင့် ရေးသား၍၊ "မုနိ" ဟုခေါ်ဆိုနိုင်သောပုဂ္ဂိုလ်ကိုလည်း ဖြေဆိုပါ။

၄။ မည်သည့်ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အာသဝတရားတိုးပွားမှု၍ မည်သည့်ပုဂ္ဂိုလ်တို့၏သန္တာန်၌ အာသဝတရား ချုပ်ငြိမ်းသည်ကို ဘဒ္ဒိယဘိက္ခုဝတ္ထုနှင့်အညီ ဖြေဆိုပြီး၊ အိပ်ရာမှ ချမ်းသာစွာ နိုးထနိုင်သောပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြပါ။

၅။ တမလွန်ဘဝ၌ အကျိုးပေးတူသော ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍၊ ပရဒါရကံကျူးလွန်သူတို့ ရရှိမည့်အကျိုးတရားတို့ကိုလည်း ရေးသားပါ။

၆။ အပုတ္တကသူဌေးနှင့်စပ်၍ မြတ်စွာဘုရားဟောကြားအပ်သော တရားဒေသနာတော်ကို ရေးသား၍၊ "မြဟွဂ" ဟုခေါ်ဆိုနိုင်သောပုဂ္ဂိုလ်ကိုလည်း ဓမ္မဒိန္နတ္ထေရီဝတ္ထုနှင့်အညီ ဖြေဆိုပါ။

၇။ ရောဟိနီမင်းသမီးသည် မိမိရောဂါပျောက်ကင်းရန် မည်ကဲ့သို့ဆောင်ရွက်ခဲ့သည်ကို ဖြေဆိုပြီး၊ သတ္တဝါများတရားတော်ကို နာကြားဖို့ရန် ခက်ခဲခြင်းအကြောင်းကိုလည်း အဋ္ဌကထာလာအတိုင်း ရေးသားပါ။

၈။ မေဏ္ဍကသူဌေးလောင်း ဗာရာဏသီသူဌေးသည် ဆာတကဘေးဖြစ်စဉ် မိမိ၏ နောက်ဆုံးဘောဇဉ်ကို ကြွရောက်လာသော ပစ္စေကဗုဒ္ဓါအား မည်သို့စဉ်းစား၍ လှူဒါန်းပြီးလျှင် မည်ကဲ့သို့ ဆုတောင်းပန်ဆင်ခဲ့သည်ကို ရေးသားဖြေဆိုပါ။

၉။ စည်းလုံးညီညွတ်နေသော မထေရ်ကြီးနှစ်ပါးကို နေရရလိုမှုဖြင့် ချောပစ်ကုန်းတိုက်သော ဓမ္မကထိကရဟန်းသည် ယင်းကံကြောင့် မည်ကဲ့သို့ အကျိုးတရားခံစားရသည်ကို ဖြေဆိုပြီးလျှင်၊ သခီပုဏ္ဏားသည် စေတီရင်ပြင်၌ မည်သည့်ကောင်းမှုများပြုလုပ်ခဲ့၍ မည်သည့်ကောင်းကျိုးများ ရရှိသည်ကိုလည်း ရေးသားပါ။

၁၀။ "ကိုယ်လုပ်သည့်ကံ ကိုယ့်ထံပြန် ဇကန်မလွဲ တစ်ထပ်တည်း" ဆိုသည့်အတိုင်း ကပိလရဟန်းတော်သည် သုံးပုံပိဋကတ် နှံ့စပ်ကျွမ်းကျင် ပညာရှင်ဖြစ်ပါလျှက် ကွယ်လွန်သော အခါ ငရဲကျ၍ ရှေငါးဖြစ်ရခြင်း ခံတွင်းမှ မကောင်းသော အနံ့ထွက်ရခြင်းအကြောင်းကို

http://www.dhammadownload.com

ဖြေဆိုပြီ။ အပုတ္တာကသူဌေးသည် စည်းစိမ်ဥစ္စာနှင့် ပြည့်စုံပါလျှက် မသုံးဆောင် မခံစား ရက်ခြင်း အကြောင်းကိုလည်း ရေးသားပါ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ (က) ဂါထာ- ၂၄၉။ (ခ) ဂါထာ- ၄၂၃။

၂။ ဂါထာ- ၂၈၈၊ ၂၈၉။

၃။ ထေရ- ဟု ခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်-

သစ္စာကို သိခြင်း။ လောကုတ္တရာတရား ရှိခြင်း။ ညှဉ်းဆဲမှု မရှိခြင်း။ သီလစောင့်ခြင်း။ ဣန္ဒြေကို ဆုံးမခြင်း။ ကိုယ်ပျိုအန်ပြီးခြင်း။ တည်ကြည်ခြင်းဟူသော ခိုင်မြဲသော တရားတို့နှင့် ပြည့်စုံသောပညာရှိပုဂ္ဂိုလ်ကိုသာ ထေရဟုခေါ်ဆိုနိုင်ပါသည်။ (ဂါထာ- ၂၆၁)

မုနိ-ဟု ခေါ်ဆိုနိုင်သော ပုဂ္ဂိုလ်-

ချိန်ခွင်ကိုမြှောက်ချီ၍ တည်သူကဲ့သို့ သီလ, သမာဓိစသော မြတ်သော ဂုဏ်ကျေးဇူးကို ယူ၍ မကောင်းမှုတို့ကို ရှောင်ကြဉ်ကာ ခန္ဓာအစရှိသော လောကဌ် နှစ်ပါးသော အတ္တ ဟိတ,ပရဟိတ၊ ပစ္စုပ္ပန်,သံသရာ၊ လောကီ, လောကုတ္တရာအကျိုးတို့ကို သိသောပညာရှိ ပုဂ္ဂိုလ်ကိုသာ မုနိဟု ခေါ်ဆိုနိုင်ပါသည်။ (ဂါထာ- ၂၆၉)

၄။ တိုးပျိုးသောပုဂ္ဂိုလ်, ချုပ်ငြိမ်း သောပုဂ္ဂိုလ်- (မကွေး ၅-၇)။

အိပ်ရာမှ ချမ်းသာစွာ နိုးထနိုင်သောပုဂ္ဂိုလ်-

ဘုရားဂုဏ်ကို အမြဲအာရုံပြု၍ဖြစ်သော သတိရှိသောပုဂ္ဂိုလ်၊
တရားဂုဏ်ကို အမြဲအာရုံပြု၍ဖြစ်သော သတိရှိသောပုဂ္ဂိုလ်၊
သံဃာဂုဏ်ကို အမြဲအာရုံပြု၍ဖြစ်သော သတိရှိသောပုဂ္ဂိုလ်၊
ဆံပင်, မွေးညှင်းစသော ကိုယ်အစုကို မှီ၍ဖြစ်သော သတိအမြဲရှိသောပုဂ္ဂိုလ်၊
မညှဉ်းဆဲခြင်းဌ် မွေ့လျော်သောစိတ်ရှိသောပုဂ္ဂိုလ်၊
မေတ္တာဘာဝနာဌ် မွေ့လျော်သောစိတ်ရှိသောပုဂ္ဂိုလ် တို့ဖြစ်ကြပါသည်။

(ဂါထာ- ၂၇၆-မ ၃၀၁)

http://www.dhammadownload.com

၅။ အကျိုးပေးတူသော ပုဂ္ဂိုလ်များ- (ပဲခူးအနောက် ၃-၌)။
အကျိုးတရားများ- (ကယား ၁၀-၌)။

၆။ စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏။ နိဗ္ဗာန်တည်းဟူသော တစ်ဖက်ကမ်းကို ရှာမှီးသူတို့ကိုကား မဖျက်ဆီးနိုင်၊ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်းကြောင့် သူတစ်ပါးကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုလည်း ဖျက်ဆီးတတ်၏။

(ဓိဃာ- ၃၅၅)

မြတ္တမ- ဟု ခေါ်ဆိုနိုင်သောပုဂ္ဂိုလ်-
ရှေးအတိတ်ခန္ဓာတို့၌လည်းကောင်း နောက်အနာဂါတ်ခန္ဓာတို့၌လည်းကောင်း အလယ် ပစ္စုပ္ပန်ခန္ဓာတို့၌လည်းကောင်း တဏှာဖမ်းယူခြင်းဟူသော တစ်စုံတစ်ခုသော ကြောင့်ကြခြင်းမရှိ သော စွဲယူခြင်းမရှိသောပုဂ္ဂိုလ်ကို မြတ္တမ- ဟု ခေါ်အပ်၏။

(ဓိဃာ- ၄၂၁)

၇။ ဆောင်ရွက်ပုံ- (မွန် ၈-၌)။
ခက်ခဲခြင်းအကြောင်း- (တနင်္သာရီ ၈-၌)။

၈။ မေဏ္ဍကသူဌေးလောင်းလျှာ ဗာရာဏသီသူဌေးသည်- " ရှေး၌ ငါသည် အလှူဒါနကို မပေးလှူအပ်သည်၏အဖြစ်ကြောင့် ဤသို့သဘောရှိသော ဇော်မွတ်ခြင်းဘေးကို တွေ့ မြင်ရသည်၊ စင်စစ်အားဖြင့် ဤထမင်းသည် ငုံကို တစ်နေ့လောက်သာ စောင့်ရှောက်နိုင်၏။ အရှင်မြတ်ကို ပေးလှူအပ်သော အလှူသည် များစွာကုန်သော ကမ္ဘာကုဋေတို့၌ ငါ၏ချမ်းသာစီးပွါးကို ဆောင်သည် ဖြစ်လတ္တံ့." ဟု စဉ်းစား၍ လှူပါသည်။

ဆုတောင်းပန်ဆင်ခဲ့ပုံ-
မေဏ္ဍကသူဌေးလောင်းလျှာ ဗာရာဏသီသူဌေးသည်- " အရှင်မြတ်ဘုရား ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝအရာ၌ ဤသို့သဘောရှိသော ဇော်မွတ်ခြင်းဘေးကို မတွေ့မမြင်ရပါစေ သတည်း။ ဤအခါမှစ၍ အလုံးစုံသော ဖမ္ဗူဒီပ၌နေသူတို့အား မျိုးစေ့ထမင်းကို ပေးခြင်းဟာ စွမ်းနိုင်သူ ဖြစ်ရပါလို၏။ မိမိလက်ဖြင့် အမှုကို မပြုလုပ်ရသည် ဖြစ်ရပါလို၏။ နှစ်ရှာငါးဆယ်ကုန်သော ကျိုကြတို့ကို သုတ်သင်ရှင်းလင်းစေ၍ ဦးခေါင်းဆေးကြော ပြီးလျှင် ထိုကျိုတို့၏တံခါး၌နေ၍ အထက်သို့ကြည့်သော ခဏ၌သာလျှင် နီသော အဆင်းရှိသော သလေးမိုးအလျှဉ် ရွာသွန်း ကျရောက်၍ အလုံးစုံသော ကျိုကြတို့၌

http://www.dhammadownload.com

ပြည့်စေကုန်သတည်း။ ဖြစ်တိုင်းဖြစ်တိုင်းသော အရပ်ဌာန ဘုံဘဝတို့၌လည်း ဤ မယားသည်သာလျှင်, ဤသားသည်သာလျှင်, ဤချွေးမသည်သာလျှင်, ဤကျေး ကျွန်သည်သာလျှင် ဖြစ်ပါစေသတည်း" ဟု ဆုတောင်းပန်ဆင်ခဲ့ပါသည်။

(ဓမ္မ၊ ၆၊ ၂- ၂၃၇)

၉။ ခန္ဓာကိုယ်သည် သုံးဂါဝုတ်အတိုင်းအရှည်ရှိ၍ လူကိုယ်နှင့် ဝက်ဦးခေါင်းရှိပြီး ခံတွင်းမှ အမြီးပေါက်၍ ထိုခံတွင်းမှ ပိုးလောက်တို့ တဖွားဖွားကျနေသော ဝက်ပြိတ္တာဖြစ်ရသည်။

(ဓမ္မ၊ ၆၊ ၂- ၂၅၁)

ကောင်းမှုနှင့် ရရှိသောအကျိုးတရား - (မကွေး ၉- ၇)။

၁၀။ ကပိလရဟန်းသည် ကဿပဘုရားရှင်လက်ထက် ပိဋ္ဌကသုံးပုံကိုသင်ယူ၍ များသော အကြားအမြင် များသောအခြံအရံရှိသောကြောင့် မာန်ယစ်ခြင်းဖြင့် ယစ်မူးကာ ပြန့်ပြော လာဘ်၌ တပ်မက်သောတဏှာနိပ်စက်သည် ဖြစ်၍ မိမိစကားကို မနာယူသူတို့အား ဆဲရေးရေရွတ်လျက် မြတ်စွာဘုရားအဆုံးအမသာသနာတော်ကို ဆုတ်နှစ်စေ၏။ ဤ အကုသိုလ်ကံကြောင့် အဝီစိငရဲ၌ဖြစ်၍ ကံအကျိုးအကြွင်းဖြင့် ငါးဘဝ၌ ဖြစ်ရပါသည်။ ကပိလရဟန်းသည်- ကြာမြင့်စွာသော နေ့ညဉ့်ပတ်လုံး မြတ်စွာဘုရားစကားတော်ကို ပို့ချ၏။ မြတ်စွာဘုရားဂုဏ်ကျေးဇူးတော်ကို ဟောပြော၏။ ထိုကံကြောင့်ရှေ့!ဖြစ်ရပါသည်။

မကောင်းသောအနှီ ထွက်ရခြင်းအကြောင်း-

ကပိလသည်- ရဟန်းတို့အား ဆဲရေးရေရွတ်သော မကောင်းမှုကံကြောင့် ခံတွင်းမှ မကောင်းသော အနှီထွက်ရပါသည်။ (ဓမ္မ၊ ၆၊ ၂- ၃၂၉)

မသုံးဆောင် မခံစားရခြင်းအကြောင်း-

အပုတ္တကသူဌေးသည်- တဂရသိခီပစ္စေကဗုဒ္ဓါကို ဆွမ်းပေးလှူပြီး၍ နောင်အခါ၌ "ဤ ဆွမ်းကို ကျွန်တို့သည်လည်းကောင်း အမှူလုပ်တို့သည်လည်းကောင်း သုံးဆောင်ရကုန် မူကား မြတ်ပေ၏" ဟု နလုံးမသာယာခြင်း ဖြစ်သောကြောင့် ထိုမကောင်းမှုကံ၏ အကျိုးဖြင့် စည်းစိမ်ဥစ္စာ နှင့် ပြည့်စုံပါလျှက် မသုံးဆောင် မခံစားပါ။

(ဓမ္မ၊ ၆၊ ၂- ၃၅၄)

http://www.dhammadownload.com

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရခိုင်ပြည်နယ်) ပထမကြီးတန်း ။ ။ ဓမ္မပဒါသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ အချင်းချင်းငြင်းခုံနေကြသော ဆွေမျိုးတို့၏အလယ်၌ ဗုဒ္ဓဆုံးမတော်မူအပ်သော ဥာတိကလဟဝူပသမဏဝတ္ထုလာ ပထမ, ဒုတိယနှစ်ဂါထာကိုသာ ပါဠိသက်သက်ရေးပြပါ။

၂။ သိက္ခာသုံးပါးမြတ်တရားကို နေ့ညမပြတ်ကျင့်ကြံအားထုတ်၍ နေလေ့ရှိသောသူအား အာသဝေါတရားလေးပါးချုပ်ငြိမ်းနိုင်၏ ဟုပြဆိုသောဂါထာကို ပုဏ္ဏဒါသီဝတ္ထုလာသည့် အတိုင်း အနက်ပေးပြခဲ့ပါ။

၃။ နန္ဒိယသတို့သား၏မိခင်သည် ရေဝတီအမျိုးသမီးအား သံယဝေယျာဝစ္စပြုလုပ်ရန်အတွက် သွန်သင်ဆုံးမပုံကို အဋ္ဌကထာအလိုကျ ဖြေဆိုရ၍၊ ရောဟိနီနတ်သမီးအား နတ်သားလေးယောက် ချစ်ပုံပြ စကားရပ်ကိုလည်း အဓိပ္ပါယ်မပျက်စေမူ၍ အသီးအသီး ရေးသားဖြေဆိုပါ။

၄။ မြတ်ဗုဒ္ဓတရားဟောနေစဉ် တရားတော်၌ရှိသေခြင်းမရှိကြကုန်သော ပဉ္စဝဂ္ဂဥပါသကဒါယကာတို့ တရားနာနေသော အခြင်းအရားကို တိကျစွာ ဖြေဆိုရ၍၊ မေဏ္ဍကသူဌေးမှာရာဏသီပြည်၌ဖြစ်စဉ်အခါက ပစ္စေကဗုဒ္ဓါကိုမြင်၍ ဒါနဝတ္ထုကိုလှူဒါန်းရန်နှလုံးသွင်းခြင်းကို အပိုအလိုမရှိ အဋ္ဌကထာလာအတိုင်း ဖြေဆိုခဲ့ပါ။

၅။ သုဘဒ္ဒပရိဗိုဇ် မြတ်စွာဘုရားရှင်အား ပဌမမဟာမိ, မဇ္ဈိမဟာမိတို့၌ ဖူးမြော်ခွင့်မရရှိ အပ်သောအကြောင်းကို ဖြေဆိုရ၍၊ ဘုရားရှင်နှင့် သုံးကျိပ်သောရဟန်းတို့ အပြန်အလှန်မေးလျှောက်ကြောင်းအခြင်းအရားတို့ကိုညလုံး လကုလ္လာက ဘဒ္ဒိယတ္ထေရဝတ္ထုကို မှီ၍ ရေးသားဖြေခဲ့ပါ။

၆။ အောက်ပါဂါထာတို့ကို မြမန်မာဘာသာသို့ အဓိပ္ပါယ်ပေါ်လွင်အောင် ပြန်ဆိုရေးသားပါ။

(က) ယော ပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ။
ဝရ္ဏာကဋ္ဌ ဘဏ္ဍောဝ၊ သာ ပစ္ဆာ မနုတပ္ပတိ။

(ခ) တံ ပုတ္တ ပသုသမ္ဘတ္တံ၊ ဗျာသတ္တ မနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

http://www.dhammadownload.com

၇။ အလှမာန်တက်ကြွနေသေ ခေမာမိဖုရားအား ဗုဒ္ဓဟောတော်မူအပ်သော ဒေသနာတော်၏အဆုံး သောတာပတ္တိဖိုလ်၌ တည်ရခြင်းကိုသာ အဋ္ဌကထာအလိုကျ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖြေဆိုခဲ့ပါ။

၈။ ဗုဒ္ဓဘာသာဝင်သူတော်စင်တိုင်း အလှူရေစက်လက်နှင့်မကွာ–ဟုဆိုရာ၌ အဦးအလှူငါးမျိုးကို ပဋ္ဌဂ္ဂဒါယက ဗြာဟ္မဏဝတ္ထုကိုမှီ၍ ဖြေဆိုပြီး မြတ်စွာဘုရား၏ ရူပကာယကို ဖူးမြော်နေသော ဝတ္ထလိရဟန်းအား ဆုံးမတော်မူခြင်းကိုသာ ရေးသားဖြေဆိုခဲ့ပါ။

၉။ ပဒုမုတ္တရမြတ်စွာဘုရားရှင်သည် အမျိုးကောင်းသားတစ်ယောက်အား အနုရုဒ္ဓါအမည်ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကားမိန့်ကြားခြင်းကို သုမနသာမဏေဝတ္ထုမှီ၍ ရေးသားဖြေဆိုပြီး။ ဘုရားရှင်သည် သာဝကတို့အား ဗြာဟ္မဏဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း အညတရ ဗြာဟ္မဏဝတ္ထုကိုမှီ၍ ရှင်းလင်းဖြေဆိုပါ။

၁၀။ ပုဏ္ဏားအိမ်သို့ ဆွမ်းဘုဉ်းပေးရန် ကြွတော်မူကြကုန်သော သာမဏေ အမည်များကို ဖော်ပြ၍ သုပ္ပဝါသကောလိယမိတာ အမျိုးသမီး သားဖွားခါးနီး၌ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ သည်းခံနေခြင်းကို သီဝလိတ္ထေရဝတ္ထုကိုမှီ၍ ရှင်းလင်းဖြေဆိုခဲ့ပါ။

၁၃။ ရခိုင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ (ထင်ရှားပြီ။)

၂။ (ထင်ရှားပြီ။)

၃။ **ချစ်သမီး–** သင်သည် ဤအိမ်၌ ရဟန်းသံဃာတော်အား ထိုင်နေရာကို ကောင်းစွာလိမ်းကျံ၍ နေရာတို့ကို ခင်းပါလော့၊ သပိတ်ခြေတို့ကို ထားပါလော့၊ ရဟန်းတော်တို့ကြွလာသောအခါ၌ သပိတ်ကိုယူပြီးသော် ကောင်းစွာထိုင်စေ၍ ရေစစ်ဖြင့် သောက်ရေကိုခပ်၍ ပေးပြီးလျှင် ဆွမ်းစားပြီးသောအခါ၌ သပိတ်တို့ကို ဆေးပါလော့၊ ဤသို့ပြုသည်ရှိသော် ငါ၏သားအား နှစ်သက်ခြင်း ဖြစ်လတံ့ " ဟု သွန်သင်ဆုံးမပါသည်။

(ဓမ္မ၊ ၆၊ ၂– ၁၈၇)

http://www.dhammadownload.com

နတ်သားလေးယောက် ချစ်ပုံပြ စကားရပ်-

ပထမနတ်သားသည်- " အရှင်သိကြားမင်း ဤနတ်သမီးကို မြင်သောကာလမှစ၍ ကျွန်တော်မျိုး၏သန္တာန်၌ ဖြစ်သောစိတ်သည် စစ်မြေပြင်မှတီးသော စည်ကြီးကဲ့သို့ ငြိမ်သက်ခြင်းဟာ မတတ်နိုင်ပါဟု ဆိုပါသည်။

ဒုတိယနတ်သားသည်- " ကျွန်တော်မျိုး၏စိတ်သည် တောင်ကျမြစ်ကဲ့သို့ လျှင်မြန်စွာ ဖြစ်လျက် ရှိနေပါသည် " ဟုဆိုပါသည်။

တတိယနတ်သားသည်- " ကျွန်တော်မျိုး၏မျက်စိတို့သည် ရောဟိနီနတ်သမီးကို မြင်ရ သောအခါမှစ၍ ပုဇွန်၏မျက်စိကဲ့သို့ ပြူးထွက်ကုန်ပါသည် " ဟုဆိုပါသည်။

စတုတ္ထနတ်သားသည်- " ကျွန်တော်မျိုး၏စိတ်သည် စေတီ၌စိုက်အပ်သော တံခွန်ကဲ့သို့ မတုန်မလှုပ် တည်တံ့ခြင်းဟာ မတတ်နိုင်ပါ " ဟု ဆိုပါသည်။ (ဓမ္မ၊ ဌ၊ ၂- ၁၃၄)

၄။ **တရားနာနေသော အခြင်းအရာ-** (ကရင် ၇- ၍)။

မေဏ္ဍကသူဌေး နှလုံးသွင်းပုံ- (ရန်ကုန် ၈- ၍)။

၅။ သုဘဒ္ဒပရိဗိုဓိသည်- ရှေးဘဝ၌ညီငယ် ကောလ္လာညမထေရ်လောင်းလျှာသည် တစ်ခုသော ကောက်၌ ကိုးကြိမ်တိုင်တိုင် အဦးအလှူကို ပေးလှူသည်ရှိသော် အလှူဒါနကို ပေးလှူခြင်းဟာ အလိုမရှိဘဲ တွန့်တိုဆုတ်နစ်၍ အမှုကိစ္စ ပြီးဆုံးသောအခါ၌သာ ပေးလှူသောကြောင့် မြတ်စွာဘုရား၏ ဝါတော်တစ်ဆယ့်ငါးဝါ အတွင်းဖြစ်သော ပဌမဗောဓိ, ဝါတော်သုံးဆယ် အတွင်းကျသော မဇ္ဈိမဗောဓိတို့၌ မြတ်စွာဘုရားကို ဖူးမြင်ခွင့်မရပါ။

အပြန်အလှန်မေးလျောက်ကြောင်းအခြင်းအရာ-

မြတ်စွာဘုရားသည် သုံးကျပ်သောရဟန်းတို့၏ အရဟတ္တဖိုလ်သို့ရောက်ကြောင်း ဥပနိဿယရှိသည်ကို မြင်တော်မူ၍ ထိုရဟန်းတို့ကို "ဤအရပ်မှ ထသွားသော မထေရ်တစ်ပါးကို တွေ့မြင်လိုက်ကြကုန်၏လော" ဟု မေးတော်မူ၏။ "မြတ်စွာဘုရား မမြင်လိုက်ပါဘုရား" ဟု ဖြေကြားကြ၏။ "" ချစ်သားရဟန်းတို့ သင်တို့ မြင်သည်မဟုတ်ကုန်လော" ဟု ထပ်၍မေးတော် မူသောအခါ " မြတ်စွာဘုရား သာမဏေငယ်ကို မြင်လိုက်ပါကုန်၏"ဟု လျောက်ထားကြ၏။

ချစ်သားရဟန်းတို့ ဤသူကား သာမဏေငယ်မဟုတ်, မထေရ်ကြီးသာလျှင်ဖြစ်ပေ၏" ဟုမိန့်တော်မူ၏။ " မြတ်စွာဘုရား အလွန်လျှင်သေးငယ်လှပါတကား" ဟု ကြားလျှောက်ကုန်သည် ရှိသော် " ချစ်သားရဟန်း အရွယ်အတွေ့ဘောကြီးသောအဖြစ်ဖြင့် မထေရ်၏

http://www.dhammadownload.com

နေရာ၌ ထိုင်နေကာ မျှဖြင့် ထေရမည်သည်ဟု ငါဘုရားမဟော၊ သစ္စာလေးပါးတို့ကို ထိုးထွင်သိမြင်၍ လူအပေါင်းအား မည်ရွေ့ဆဲသောအဖြစ်၌တည်သောသူသည်သာ ထေရမည်၏" ဟု မိန့်တော်မူသည်။ (ဓမ္မ၊ ၆၊ ၂- ၂၄၅)

၆။ (က) ရှေးဦးစွာပြုလုပ်သင့်သောအမှုတို့ကို နောက်မှပြုလုပ်သောသူသည် ရေခဲတက်ထင်းကို ချိုးဖဲ့သောလုလင်၏ အဖန်တလဲလဲ ပူပန်ရသကဲ့သို့ အဖန်တလဲလဲ အမြဲပူပန်ရ၏။ (ဓမ္မ၊ ၆၊ ၂- ၂၅၃)

(ခ) အိပ်မောကျနေသော တစ်ရွာလုံးကို ကြီးစွာသော မိုးရေအလျှဉ်သည် သယ်ဆောင် တိုက်စား၍ သွားသကဲ့သို့ သား, သမီး, ကျွဲ, နွားစသော သတ္တဝါတို့ကို ယစ်မူးစွဲလန်းလျက် ရွှေ, ငွေအသုံးအဆောင် အာရုံအမျိုးမျိုးကို ကပ်ငြိတွယ်တာ နေကြကုန်သော သတ္တဝါအပေါင်းကို သေမင်းသည် သယ်ဆောင်၍ သွား၏။ (ဝိဏာ- ၂၀၃)

၇။ ခေမာမိဖုရားကြီး ထွက်လာသည်ကို သိတော်မူသော မြတ်စွာဘုရားသည် ပရိသတ်အလယ် တရားဟောတော်မူလျက်သာလျှင် မိမိနံပါး၌ ယပ်ဝန်းကိုကိုင်လျက် ယပ်လေခတ် နေသော အလွန်အဆင်းလှသော မိန်းမငယ်ရုပ်ကို ဖန်ဆင်းထားတော်မူ၏။ ခေမာမိဖုရားကြီးသည် မြတ်စွာဘုရားထံရောက်၍ အလွန်လှပချောမောသော ထိုမိန်းမငယ်ကို မြင်လျှင် "" မြတ်စွာဘုရား သည် ရှေးအခါက အဆင်းလှခြင်း၏အပြစ်ကို ပြော၏ဟု ကြားဘူး၏။ယခုအခါ ငါ၏အလှသည် ဤမိန်းမငယ်၏ အလှကို တစ်ဆယ့်ခြောက်စိတ်စိတ်၍တစ်စိတ်ကိုမျှမမီနိုင်၊ ဤကဲ့သို့ အလွန်အဆင်းလှသော မိန်းမငယ်ကို ရှေးက မမြင်ဘူး ဟု ကြံ၍ အံ့သြငေးမောကာကြည့်ရှုနေ၏။

မြတ်စွာဘုရားသည် ခေမာမိဖုရား၏ အဆင်းလှပမှု၌ မာန်ယစ်သည်၏အဖြစ်ကို သိတော် မူသဖြင့် ဖန်ဆင်းထားတော်မူသော မိန်းမငယ်ကို (၁၆) နှစ်အရွယ်မှစ၍ နောက်ဆုံး၌ အရိုးမျှ ကြွင်းကျန်သည့်တိုင်အောင် အစဉ်အတိုင်း ဖန်ဆင်းပြတော်မူ၏။ ခေမာမိဖုရားကြီးသည် ထိုမိန်းမငယ်၏ဖြစ်ပုံကို မြင်လျှင် ဤရုပ်အဆင်းသည် တစ်မုဟုတ်ချင်းမျှဖြင့် ကုန်ခြင်း ပျက်ခြင်းသို့ရောက်၏။ ဤရုပ်အဆင်း၌ အနှစ်သာရမရှိ" ဟု ကြံ၏။ မြတ်စွာဘုရားသည် ခေမာမိဖုရား၏စိတ်အကြံကိုသိတော်မူ၍ " ခေမာမိဖုရား ဤရုပ် အဆင်း၌ အနှစ်သာရရှိ၏ဟု သင်ထင်မှတ်ဘိ၏။ ယခု ထိုရုပ်အဆင်း၏ အနှစ်သာရမရှိသည်၏ အဖြစ်ကို ကြည့်လော့ ဟု မိန့်တော်မူ၍ -

http://www.dhammadownload.com

"နာကျင်တတ်သော မစင်မကြယ် ပုပ်ဟောင်နေသော အရိုးများစွာစိုက်ထောင်အပ်သော ပျိုအန်တတ်၍ အောက်သို့ယိုစီးထွက်ကြတတ်သော ဤကိုယ်ကာယကို ကြည့်ရှုလော့၊ လူမိုက်တို့သည် အလွန်လိုချင်တောင့်တအပ်၏။" ဟုဟောတော်မူသောအခါ ခေမာမိဖုရားသည် သောတာပတ္တိဖိုလ်ရှိတည်း။ (ဓမ္မ၊ ၆၊ ၂- ၃၃၉၊ ၃၄၀)

၈။ လယ်တို့ကို ရိတ်သိမ်းသောအခါ၌ လယ်ဦးအလှူ။
ကောက်တို့ကို နယ်သောအခါ၌ နယ်ဦးအလှူ။
ကောက်တို့ကို တလင်း၌စုပုံသောအခါ၌ တလင်းဘက္ကာဦးအလှူ။
အိုးခွက်တို့၌ သိုမှီးသောအခါ အိုးခွက်ဦးအလှူ။
ထမင်းခွက်တို့၌ ခူးဆွထည့်သောအခါ ခွက်ဦးအလှူ။ (ဓမ္ဓ၊ ၆၊ ၂- ၃၆၇)

ဝက္ကလိရဟန်းအား ဆုံးမတော်မူပုံ-

မြတ်စွာဘုရားသည်- ဝက္ကလိရဟန်းအား " အို ဝက္ကလိ- ငါဘုရား၏ အကောင်ပုပ်တည်း ဟူသောကိုယ်ကို ကြည့်နေခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အို ဝက္ကလိ- ငါဘုရားဟောကြား တရားတော်ကို မြင်သောပုဂ္ဂိုလ်သည် ငါဘုရားကို မြင်သည်မည်၏။ ငါဘုရားကိုမြင်သောပုဂ္ဂိုလ် သည် တရားတော်ကို မြင်သည်မည်၏ " ဟု ဆုံးမတော်မူပါသည်။

၉။ ပဒုမုတ္တရမြတ်စွာဘုရားလက်ထက် အမျိုးကောင်းသား တစ်ယောက်သည် ဒီဗွစက္ခု အဘိညာဉ် ဇတဒဂ်ရာထူးကို လိုလားတောင့်တသည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းတော် အပေါင်းအား (၇) ရက်ပတ်လုံး ကြီးစွာသောအလှူကို ပေးလှူပြီး ဆုတောင်း၏။ ပဒုမုတ္တရဘုရား ရှင်သည် ထိုအမျိုးကောင်းသားအား " ဤကမ္ဘာမှ နောက်ကမ္ဘာ တစ်သိန်းထက်ဝယ် ဂေါတမ မြတ်စွာဘုရား သာသနာတော်၌ ဒီဗွစက္ခု အဘိညာဉ်ကို ရကုန်သောပုဂ္ဂိုလ်တို့တွင် အထွင့်အမြတ် ဖြစ်သော အနရဒ္ဓါမထေရ်မည်သည် ဖြစ်လတ္တံ့. " ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူပါသည်။ (ဓမ္ဓ၊ ၆၊ ၂- ၃၀၂)

ဗြာဟ္မဏ- ဟု ခေါ်ရခြင်းအကြောင်း-

(စျာန်ဝင်စား၍ ကိလသာမြူကင်းအောင်နေလေ့ရှိသော ပြုအပ်ပြီးသော ရဟန်းကိစ္စရှိ၍ အာသဝေါကင်းသော) အရဟတ္တဖိုလ်တည်းဟူသောမြတ်သည်၏အဖြစ်သို့ ရောက်သော ကြောင့်သာ သာဝကတို့အား ဗြာဟ္မဏ ဟု ခေါ်ဆိုရ၏။(ဝိဒ္ဓာ-၃၀၆၊ ဓမ္ဓ၊ ၆၊ ၃၃၅)

http://www.dhammadownload.com

၁၀။ **သာမဏေကမျှား-** (မန္တလေး ၁၀- ၇)။

သုပ္ပဝါသာ ကောလိယဓီတာ အမျိုးသမီး သည်းခံနေပုံ-

သုပ္ပဝါသာ ကောလိယဓီတာ အမျိုးသမီးသည် သားဖွားခါနီးဌ-

"ဤသို့သဘောရှိသော လွန်ကဲသောဆင်းရဲကို ပယ်စွန့်ခြင်းဟာ တရားတော်ကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် ဥာဏ်ကျမ်းတရားအားလုံးကို ကိုယ်တော်တိုင် သိတော် မူပေစွာ့တကား။

ဤသို့သဘောရှိသော လွန်ကဲသောဆင်းရဲကိုပယ်စွန့်ခြင်းဟာ အားထုတ်သဖြင့် ဖြည့်ကျင့်တော်မူသော ဘုရားရှင်၏ တပည့်သားသံဃာတော်သည် ကောင်းမြတ်သော အကျင့်ရှိသည် ဖြစ်ပေစွာ့တကား။

နိရောဓမည်သော နိဗ္ဗာန်သည်ဤသို့သဘောရှိသော လွန်ကဲသော ဆင်းရဲစုသည် မရှိပေ၊ နိရောဓမည်သော ဤနိဗ္ဗာန်သည် ချမ်းသာအပေါင်းထက် အလွန်ချမ်းသာ ပေစွတကားဟု ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ သည်းခံနေပါသည်။

(ဓမ္မ၊ ၆၊ ၂- ၄၂ပ)

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/တောင်ပိုင်း)

ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ မာရ်မင်း၏ အနှောင်အဖွဲ့ကို ဖြတ်တောက်နိုင်သည့် ပုဂ္ဂိုလ်ကိုပြဆိုသော ဂါထာကို စူဠဓနဂ္ဂဟာပဏ္ဍိတဝတ္ထုလာသည့်အတိုင်း ပါဠိသက်သက် ရေးသားဖြေဆိုပြပါ။

၂။ တိုင်းစွန်ပြည်နှာင့် ဖြစ်သောမြို့ကို အတွင်းအပြင်လုံခြုံအောင် စောင့်ရှောက်ရသလို မိမိကိုယ်ကို လုံခြုံအောင် စောင့်ရှောက်ရပုံကို ပြဆိုသည့် သမ္မဟုလဘိက္ခုဝတ္ထုလာ ဂါထာကို အနက်ပေးပြပါ။

၃။ အဘယ်သူသည် ပူပန်မှုနှင့် ယုတ်မာမှု မရှိပါသနည်း? တိသဿထေရဝတ္ထုလာဂါထာအရ ဖြေဆိုပြီ၊ ကျွမ်းကျင်သော ရထားမောင်းသမားဖြစ်အောင် အဘယ်ကဲ့သို့ ပြုကျင့်ရမည်ကိုလည်း အညတရဘိက္ခုဝတ္ထုလာသည့်အတိုင်း ရေးသားဖြေဆိုပြပါ။

၄။ အသက်မွေးရလွယ်သော ရဟန်း၏ အကျင့်များနှင့် အသက်မွေးရခက်သော ရဟန်း၏ အကျင့်များကို စူဠသာရိဝတ္ထုလာသည့် အတိုင်း ခွဲခြားဖြေဆိုပြပါ။

http://www.dhammadownload.com

၅။ ကောင်းသောသဘောမရှိသောသူနှင့် ကောင်းသောသဘောရှိသောသူများ အကြောင်းကို ဓမ္မဠ္ဌဝဂ်၊ သမ္မဟုလဘိကျွဝတ္ထု လာသည့်အတိုင်း ဖြေဆိုပြပါ။

၆။ ခဲယဉ်းသောတရားနှင့် ဆင်းရဲသောတရားများကို ဝန္ဒိပုတ္တကဘိကျွဝတ္ထု လာသည့်အတိုင်း ဖြေဆိုရ၏၊ ရဟန်းဟု ခေါ်ဆိုထိုက်အောင် မည်သည့်အင်္ဂါများနှင့် ပြည့်စုံရမည်ကိုလည်း ဟံသယာတကဘိကျွဝတ္ထုလာသည့်အတိုင်း ဖြေဆိုပြပါ။

၇။ ယော ပါဏမတိပါတေတိ– စသောဂါထာ ဖြစ်ပေါ်လာပုံ ဝတ္ထုကို ပြည့်စုံအောင် ဖြေဆိုရ၏၊ ယော ပါဏမတိပါတေတိ– ၏ အဓိပ္ပါယ်ကိုလည်း အဋ္ဌကထာဆရာအလိုကျ ဖြေဆိုပြပါ။

၈။ မိဘမလုပ်ကျွေးသော ပုဏ္ဏားလေးယောက်အား မြတ်စွာဘုရားဟောကြားတော်မူသော ဇာတ်ကိုအမည်မှည့်ဖြေဆိုရ၏၊ လက္ခဏာကအတိမ္မရ အမတ်ကတော်သည် အဘယ်ဘိက္ခုနီမ၏ အထံ၌ ရဟန်းပြုပါသနည်း ? အဘယ်ကျောင်း၌ အဘယ်သုတ္တန်ကို နာရ၍ အဘယ်တရားများ ရသွားသည်ကိုလည်း ခွဲခြား ဖြေဆိုပြပါ။

၉။ အပုတ္တကသူဌေးသည် အဘယ်ပစ္စေကဗုဒ္ဓါအား အဘယ်ကိုလျှ၍, အဘယ်အကျိုးရကာ, အဘယ်သို့ အပရစေတနာရှိုတ်သောကြောင့် အဘယ်အကျိုးရပါသနည်း? အသီးသီး ဖြေဆိုပါ။

၁၀။ ကောလိယမင်းသမီး သုပ္ပဝါသာ သားဖွားခန်း၌ ဒုက္ခဝေဒနာကို ခံစားနေရစဉ် ကြံစည်မိသော အကြောင်းသုံးမျိုးကို ဖြေဆိုရ၏၊ ဒေဝဟိတပုဏ္ဏားသည် တရားဒေသနာအဆုံး၌ ရရှိသွားသော အကျိုးတရားကိုလည်း ဖြေဆိုပြပါ။

၁၄။ ရှမ်းပြည်နယ်/တောင်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ (ထင်ရှားပြီ)။

၂။ ဂါထာ– ၃၁၅။

၃။ **ပူပန်မှုနှင့် ယုတ်မာမှုမရှိသူ–**
ဆိတ်ငြိမ်မှု အရသာကိုလည်းကောင်း ငြိမ်းအေးသော အရသာကိုလည်းကောင်း

http://www.dhammadownload.com

သောက်သုံး၍ လောကုတ္တရာတရား ကိုးပါးကြောင့်ဖြစ်သော ပီတိအရသာကို သောက်သုံးသော သူသည် ပူပန်မှုနှင့် ယုတ်မာမှုမရှိသူ ဖြစ်ပါသည်။ (ဂါထာ- ၂၀၅)

ရထားမောင်းသမားဖြစ်အောင် ပြုကျင့်ပုံ-(ချင်း ၃- ၆)

၄။ **ရဟန်း၏အကျင့်များ-** (ပဲခူးအရှေ့. ၃- ၆)။

၅။ **ကောင်းသောသဘောမရှိသောသူ-**

အပြောကောင်း, ရုပ်ချောသော်လည်း ငြူစူတတ်၍ ဝန်တို, စဉ်းလဲသောပုဂ္ဂိုလ်သည် ကောင်းသောသဘောမရှိသူ ဖြစ်ပါသည်။

ကောင်းသောသဘောရှိသူ-

ငြူစူခြင်း၊ ဝန်တိုခြင်း၊ စဉ်းလဲခြင်းဟူသော သဘောကို အကြွင်းမဲ့ဖြတ်၍ အမြစ်ပြတ် ပယ်နုတ်ပြီးသော ကိလေသာကိုထွေးအန်ပြီးသောပညာရှိသည် ကောင်းသော သဘောရှိသူ ဖြစ်ပါသည်။ (ဂါထာ- ၂၆၂၊ ၂၆၃)

၆။ **ခဲယဉ်းသောတရားများ-**

ရဟန်းအဖြစ်ကိုရခြင်း၊ ရဟန်းဘဝ၌ မွေ့လျော်ခြင်း တို့ဖြစ်ကြပါသည်။

ဆင်းရဲသောတရားများ-

အိမ်၌ ချို့တဲ့စွာ နေရခြင်း၊

မည်မည္ဟုတ်သူတို့နှင့် အတူပေါင်းဖော်ရခြင်း၊

ဝဋ္ဌဆင်းရဲဟူသော အခွန်ခရီးသို့ သွားရခြင်းတို့ ဖြစ်ကြပါသည်။ (ဂါထာ- ၃၀၂)

ပြည့်စုံရမည့်တရားများ-

လက်, ခြေတို့ကို စောင့်စည်းခြင်း၊

နှုတ်ကို စောင့်စည်းခြင်း၊

တစ်ကိုယ်လုံးကို စောင့်စည်းခြင်း၊

ဂေါစရဏ္ဍတ္ဟုဖြစ်သော ကမ္မဋ္ဌာန်း၌ မွေ့လျော်ခြင်း၊

တည်ကြည်သောစိတ်ရှိခြင်း၊

တစ်ယောက်တည်းနေလေ့ရှိခြင်း၊

ရောင့်ရဲတတ်ခြင်း ဟူသောအင်္ဂါတို့နှင့် ပြည့်စုံရပါမည်။ (ဂါထာ- ၃၆၂)

http://www.dhammadownload.com

၇။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ငါးပါး သီလတို့တွင် တစ်ပါးပါးကိုသာ စောင့်ထိန်းကြပြီးလျှင် မိမိစောင့်ထိန်းသော သီလသည်သာ ပြုနိုင်ခဲ့၏ ဟု အငြင်းအခုံဖြစ်ကာ ဘုရားထံသို့ သွားကြသော ဥပါသကာငါးယောက်တို့ကို "တစ်ခုသော သိက္ခာပုဒ် သီလကိုလည်း သေးငယ်သည်ကို မပြုမူ၍ အလုံးစုံလည်း ဖြစ်ကုန်သော သိက္ခာပုဒ်သီလတို့သည် စောင့်ရှောက်နိုင်ခဲကုန်၏" ဟု မိန့်တော်မူကာ "ယော ပါဏမတိပါတေတိ" စသော ဂါထာ ကို ဟောတော်မူပါသည်။

(ဓမ္မ၊ ၌၊ ၂- ၂၂၆)

ယော ပါဏမတိပါတေတိ- ၏ အဓိပ္ပါယ်-

ကိုယ်တိုင်ပြုလုပ်ခြင်း အစရှိကုန်သော ခြောက်ပါးသော ပယောဂတို့တွင် တစ်ပါးပါးသော ပယောဂဖြင့်သော်လည်း သူတစ်ပါး၏အသက်ကို သတ်ဖြတ်ခြင်းတည်း။

(ဓမ္မ၊ ၌၊ ၂- ၂၂၇)

၈။ **ဇာတ်အမည်မှာ-** မာတုပေါသကဇာတ် ဖြစ်သည်။ (ဓမ္မ၊ ၌၊ ၂- ၃၁၄)

ဘိက္ခုနီမ၏ အမည်မှာ- ပဋ္ဌမလကထေရီ၊

တိသမဟာဝိဟာရ၌ မဟာသတိပဋ္ဌာန်သုတ်ကို နာရ၍ သောတာပတ္တိဖိုလ်ကိုရသည်။ ဘောဂ္ဂန္တ ရှာ၊ ကလ္လမဟာဝိဟာရ၌ အာသီဝိသောပမသုတ္တန်ကို နာရ၍ အရဟတ္တဖိုလ်သို့ရောက်၏။

(ဓမ္ဓ၊ ၌၊ ၂- ၃၃၅)

၉။ အပုတ္တကသူဌေးသည်- တဂရသိခီပစ္စေကဗုဒ္ဓါကို ဆွမ်းလှူဒါန်း၍ ထိုကောင်းမှုကံအကျိုးဖြင့် ၇- ကြိမ်တိုင်တိုင် ကောင်းမှုရှိသူတို့၏ လားရာနတ်ပြည်သို့ ရောက်ကာ ကံအကြွင်းဖြင့် သာဝတ္ထိပြည်၌သာလျှင် ၇- ကြိမ်တိုင်တိုင် သူဌေးအဖြစ်ကို ရပါသည်။ (ဓမ္ဓ၊ ၌၊ ၂- ၃၁၄)

ရရှိသောအကျိုး- (ရန်ကုန် ၁၀-ရှု)

၁၀။ **အကြောင်း ၃-မျိုး-** (ရခိုင် ၁၀-ရှု)

ရရှိသွားသော အကျိုးတရား-

ဒေဝဟိတပုဏ္ဏားသည်- ဒေသနာတော်အဆုံး၌ သရဏဂုံတည်သော ဥပသကာဖြစ်ခြင်းဟူသော အကျိုးတရားကို ရရှိပါသည်။ (ဓမ္ဓ၊ ၌၊ ၂- ၄၅၄)

http://www.dhammadownload.com

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/မြောက်ပိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ
၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၈)ရက်၊ (၂-၄-၂၀၀၉) ကြာသပတေးနေ့။

၁။ သုံးကြိမ်တိုင်အောင် စစ်ရှုံးသဖြင့် အစာမစားဘဲနေသော ကောသလမင်းကို ဟောကြားသော ဂါထာကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ "တစ်ကြိမ်တစ်ခါမျှ မရောက်ဘူးသေးသော နိဗ္ဗာန်သို့ ရောက်လိုလျှင် မိမိကိုယ်ကို ဆုံးမပြီး၍သာ ရောက်အောင်သွားသင့်၏" ဟု ပြဆိုသောဂါထာကို အနက်ပေးခဲ့ပါ။

၃။ နွားပျောက်ရှာရာမှ ပြန်ရောက်လာသောအမျိုးသားကို ယာဂုခဲဖွယ်ဘောဇဉ်တို့ဖြင့် ဗုဒ္ဓကိုယ်တော်တိုင် ကျွေးမွေးရန် စီရင်ခြင်းအကြောင်းကို ဖော်ပြ၍၊ ဆာလောင်မွတ်သိပ်ခြင်း၏ အဆိုးဆုံးရောဂါဖြစ်ရခြင်း အကြောင်းကိုလည်း အဋ္ဌကထာနှင့်အညီ ဖြေဆိုခဲ့ပါ။

၄။ "ရောဟိနီ" နတ်သမီးလေးကို မြင်မြင်ခြင်း ချစ်ခင်စွဲလမ်းကြသော နတ်သားလေးယောက်နှင့် သိကြားမင်းတို့၏ ရင်တွင်းခံစားချက်တို့ကို ပြည့်စုံအောင် ဖြေဆိုပါ။

၅။ တရားတော်ကို ဒုဿသဝဏ်ယဖြစ်ခြင်း (နာနိုင်ခဲခြင်း၏) အကြောင်းကို ဖော်ပြ၍ ရာဂမီးနှင့်တူသော မီးမရှိခြင်း အကြောင်းကိုလည်း ပါဠိတော်လာအတိုင်း ဖြေဆိုပါ။

၆။ သုဘဒ္ဒပရိဗိုဇ်၏ ပဌမဗောဓိ မဇ္ဈိမဗောဓိ (ဝါတော်လေးဆယ်အတွင်း) ဗုဒ္ဓမြတ်စွာကို ဖူးမျှော်ခွင့်မရခြင်းအကြောင်းကို ဖော်ပြ၍၊ "နတ္ထိ ဗုဒ္ဓါ နမိဗ္ဗုတံ"ဌ "ဣဒ္ဓိတ"သရုပ်ကို အကဋ္ဌကထာနှင့်အညီ ထုတ်ပြပါ။

၇။ ကမ္မဋ္ဌာန်းတရားကို သင်ယူ၍ တရားအားထုတ်သော်လည်း တရားထူးမရသဖြင့် ပြန်လာကြသော ရဟန်းငါးရားတို့အား "သမ္မေ သခါရာ အနိစ္စာတိ" အစရှိသောဂါထာကို ဟောကြားတော်မူရခြင်းအကြောင်းကို ဖြေဆိုပြီ၊ "အနိစ္စ ဒုက္ခ အနတ္တ"မည်ခြင်းအကြောင်းကိုလည်း သိသာရုံ ဖြေဆိုခဲ့ပါ။

၈။ မိမိဘဝလုံခြုံစေရန်အတွက် ကာကွယ်စောင့်ရှောက်ပေးနိုင်သော တရား ၆-ပါးတို့ကို "ဒါရသာဒ္ဓိကဝတ္ထု"ကိုထောက်၍ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၉။ ရောက်လေရာ အရပ်ဒေသတိုင်း အခြံအရံနှင့် လာဘသက္ကာရ တိုးပွားစေရန်အတွက် ပြည့်စုံရမည့် တရား ၃-ပါးကို "စိတ္တဂဟပတိဝတ္ထု" လာသည့်အတိုင်း ဖြေဆိုပါ။

၁၀။ "စတ္တာရိ ဗ္ဘာနာနိ နရော ပမတ္တော"၌ စတ္တာရိသရုပ်ကို ထုတ်ပြ၍ ခေမကသူဌေးသား၏ ရှေးကောင်းမှု ဆုတောင်းကိုလည်း ဖြေဆိုခဲ့ပါ။

၁၅။ ရှမ်းပြည်နယ်/မြောက်ပိုင်း (အဖြေ)
ပထမကြိုးတန်း ။ ။ ဓမ္မပဒပါဠိအဋ္ဌကထာဘာသာ

၁။ ဂါထာ- ၂၀၁။ ကောသလရညောပရာဇယဝတ္ထု။

၂။ ဂါထာ- ၃၂၃။

၃။ ဆာလောင်ငတ်မွတ် ဆင်းရဲခြင်းဒုက္ခဖြင့် တရားတော်ကို နာသည်ရှိသော် ပိုင်းခြား ထိုးထွင်း၍ သိမြင်ခြင်းဟာ မစွမ်းနိုင်သောကြောင့် ဖြစ်ပါသည်။ (ဓမ္မ၊ ၌၊ ၂- ၁၇၁)
အဆိုးဆုံးရောဂါ ဖြစ်ရခြင်းအကြောင်း- (ကယား ၇-ရှု)

၄။ **ရင်တွင်းခံစားချက်များ-** (ရခိုင် ၃-ရှု)
သိကြားမင်း၏ ရင်တွင်းခံစားချက်- (ကရင် ၃-ရှု)

၅။ **ဒုဿဝနိယဖြစ်ခြင်း (နှာနိုင်ခဲခြင်း၏) အကြောင်း-**(တနသ်ာရီ ၈-ရှု)
ရာဂမီးနှင့်တူသော မီးမရှိခြင်း- (ပဲခူးအရှေ့ ၉-ရှု)

၆။ **ဖူးမျှော်ခွင့် မရခြင်း အကြောင်း-** (ရခိုင် ၅-ရှု)
ဣဒ္ဓိတ- သရုပ်- တဏှာဣဒ္ဓိတ, မာနဣဒ္ဓိတ -စသည်။ (ဓမ္မ၊ ၌၊ ၂- ၂၄၀)

၇။ ကမ္မဋ္ဌာန်းတရားကို သင်ယူ၍ တရားအားထုတ်သော်လည်း တရားထူးမရသဖြင့် ပြန်လာကြသော ရဟန်းငါးရာတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ အနှစ်နှစ်သောင်း ကာလပတ်လုံး အနိစ္စလက္ခဏာ ဝိပဿနာကိုသာ အားထုတ်ခဲ့လေသောကြောင့် အနိစ္စလက္ခဏာ ဖြင့်သာလျှင် ဂါထာကိုဟောခြင်းဟာ သင့်လျော်သည်ဟု ကြံစည်တော်မူ၍ " သဗ္ဗေ သခါ အနိစ္စာ" စသောဂါထာကို ဘုရားရှင်သည် ရဟန်းငါးရာတို့အား ဟောတော်မူပါသည်။ (ဓမ္မ၊ ၌၊ ၂- ၂၅၅)

http://www.dhammadownload.com

အနိစ္စ- ဖြစ်ပြီး၍ ကာလမြင့်ရှည် မတည်မနေတတ်သောအနက်သဘောကြောင့် **အနိစ္စ**၊

ဒုက္ခ- အဓနိတလဲလဲ နှိပ်စက်တတ်သောကြောင့် **ဒုက္ခ**၊

အနတ္တ- "မအို မသေ ပါကုန်လင့် " ဟု အလိုသို့ မလိုက်ပါတတ်သောကြောင့် (အတ္တမှ ကင်းကုန်၏, မပိုင်ဆိုင်ကုန်, အစိုးမရကုန်သောကြောင့်) **အနတ္တ**။

(ဓမ္မ၊ ၈၊ ၂- ၂၅၅-၂၅၆)

၈။ **တရားမ-ပါး-** (ရန်ကုန် ၄-၌)

၉။ **ပြည့်စုံရမည့် တရား၃- ပါး-** (ပဲခူးအနောက် ၃-၌)

၁၀။ **စတ္တာရီ သရုပ်-** (ကယား ၁၀-၌)

ခေမကသူဌေးသား၏ တောင်းမှု-

ခေမကသူဌေးသားသည် ကဿပမြတ်စွာဘုရားလက်ထက် ထူးချွန်သောလက်ဝှေ့သမားဖြစ်စဉ် ရွှေတံခွန်နှစ်ခုကို မြတ်စွာဘုရား၏ ရွှေစေတီ၌ တင်လှူပူဇော်ခဲ့ပါသည်။

တောင်းဆု-

"ဆွေမျိုးသားချင်းမှတပါး ကြွင်းသောမိန်းမဟို့သည် ကျွန်ုပ်ကိုမြင်လျှင် စွဲလမ်းတပ်မက်စေကုန်သတည်း"ဟု ဆုတောင်းခဲ့ပါသည်။ (ဓမ္မ၊ ၆၊ ၂- ၃၀၁)

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရောဝတီတိုင်း)
ပထမကြီးတန်း ။ ။ ဓမ္မပဒာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၃)ရက်၊ (၂၃- ၃-၂၀၀၉) တနလာနေ့။

၁။ ဝိယဝဂ် တယောဇနပဗ္ဗဇိတဝတ္ထု၌ သားအဖ, သားအမိ ရဟန်းသုံးယောက်တို့ကို အကြောင်းပြု၍ ချစ်ခြင်း မုန်းခြင်းနှင့်စပ်၍ ဟောကြားအပ်သောပါဠိတော်ဂါထာတို့ကို ကုန်စင်အောင်ရေးသားပါ။

၂။ ဆေးကုခြင်းစသော နှစ်ဆယ့်တစ်ပါးသော အနေသနဖြင့် ပစ္စည်းလာဘ်လာဘတို့ကို ရှာမိုး၍ အသက်မွေးလေ့ရှိသော စူဠသာရိရဟန်းကို အကြောင်းပြု၍ လွယ်ကူသော အသက်မွေးခြင်း, ခဲယဉ်းသောအသက်မွေးခြင်းကို ပြုဆိုသော ပါဠိတော်ဂါထာတို့ကို အနက်ယောဇနာပါ။

http://www.dhammadownload.com

၃။ လောကဌ် လက်နက်ဖြင့်အနိုင်ရသော အောင်မြင်မှု, အာဏာပါဝါဖြင့် အနိုင်ရသော အောင်မြင်မှုမျိုးစသည်တို့ကို မြတ်ဗုဒ္ဓသည် လက်ခံပါသလော? အဘယ်ကဲ့သို့အနိုင်ရသော အောင်မြင်မှုဖြင့် အောင်မြင်သူကို စစ်မှန်သောအောင်မြင်သူဟု ခေါ်ဆိုထိုက်ကြောင်းကို ဥတ္တရာဥပါသိကာဝတ္ထုပါဠိတော်ကိုရှု၍ ရေးသားပါ။

၄။ အညစ်အကြေးနှင့်ပတ်သက်၍ ဟောတော်မူထားသောဗုဒ္ဓဝစနတို့ကို လာဠုဒါယီထေရ်ဝတ္ထု, အညတရ ကုလပုတ္တဝတ္ထုတို့ကို ရှု၍ ရေးသားတင်ပြပါ။

၅။ တံစိုးလက်ဆောင်စား၍ မရိုးမဖြောင့် တရားစီးရင်သော အမတ်ကြီးကို အကြောင်းပြု၍ ဟောကြားအပ်သော "တရားဌ်တည်သူ" "တရားဌ်မတည်သူ" တို့ကိုပါဠိတော်ဂါထာတို့ကိုရှု၍ ရေးသားတင်ပြပါ။

၆။ အဘယ်ပုဂ္ဂိုလ်မျိုးတို့အားလျှုဒါန်းသောအလျှုဒါနသည် ကြီးကျယ်မြင့်မြတ်သောအကျိုးကိုပေးပါသနည်း အကုံရဝတ္ထုလာပါဠိတော်တို့ကို ရှု၍ပြည့်စုံအောင်ရေးသားပါ။

၇။ အညတရကုဋုမ္ဗိကဝတ္ထု အဋ္ဌကထာအဖွင့်ဌ် သားသေဆုံး၍ သိကြားမင်းက မိခင်ဖခင်တို့ကို အဘယ့်ကြောင့် မငိုကြွေးကြပါသနည်း?ဟု မေးသောအခါ ဖခင်၏ ပြောကြားချက်, မိခင်၏ ပြောကြားချက် ဓမ္မကထာတို့ကို ရေးသားပါ။

၈။ ရောဟိနီမင်းသမီးဘဝမှ စုတေ၍ တာ၀တိ$ သာနတ်ပြည် နတ်သားလေးယောက်တို့၏ ပိုင်နက်အတွင်းသို့ ရောက်ရှိလာသော ရောဟိနီနတ်သမီးအပေါ်ဌ် နတ်သားလေးယောက်နှင့် သိကြားမင်းတို့၏ "ချစ်ခြင်းမေတ္တာစကား ပြောကြားချက်"တို့ကို ဖော်ပြပါ။

၉။ "နတ္ထိ ဒေါသသမော ဂဟော" ဒေါသနှင့်တူသော ဖမ်းစားခြင်း မရှိပုံနှင့် "နတ္ထိ တဏှာ သမာ နဒီ" တဏှာနှင့် တူသောမြစ် မရှိပုံတို့ကို အဋ္ဌကထာဖွင့်ဆိုသည့်အတိုင်း ရေးသားတင်ပြပါ။

၁၀။ ပဌမဟာလ္လကမထေရ်ဝတ္ထုဌ် ဟောကြားအပ်သော ဒေသနာပါဠိဂါထာဝယ် "ဝနဿ ဝန ထဿ"ဌ် ဝန, ဝနထ– တို့၏ အဓိပ္ပါယ်တို့ကို အဋ္ဌကထာဖွင့်ဆိုထားသည့်အတိုင်း ဥပမာန, ဥပမေယျဘက်တို့ဖြင့် ခွဲခြား၍ ရေးသားပါ။

http://www.dhammadownload.com

၁၇။ ရောဝတီတိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၂၀၉ မှ ၂၁၁။

၂။ ဂါထာ- ၂၄၄၊ ၂၄၅။

၃။ လောကဌ် လက်နက်ဖြင့်အနိုင်ရသော အောင်မြင်မှု၊ အာဏာပါဝါဖြင့် အနိုင်ရသော အောင်မြင်မှုမျိုးစသည်တို့ကို မြတ်ဗုဒ္ဓသည် လက်မခံပါ။
စစ်မှန်သော အောင်မြင်သူ- (ကချင် ၄-၌)

၄။ စာပေကျမ်းဂန် အတတ်ပညာတို့သည် မရွတ်ဖတ်, မသရဇ္ဈာယ်ခြင်းလျှင် အညစ်အကြေး ရှိကုန်၏။ အိမ်ဌ်နေသူတို့သည် ထကြွလုံလ မရှိခြင်းလျှင် အညစ်အကြေးရှိကုန်၏။ ပျင်းရိခြင်းသည် အဆင်း၏ အညစ်အကြေးမည်၏။ မေ့လျော့ခြင်းသည် စောင့်ရှောက်ခြင်း၏ အညစ်အကြေးမည်၏။ (ဂါထာ- ၂၄၁)
အညတရကုလပုတ္တဝတ္ထု-လာ အညစ်အကြေးနှင့် ပတ်သတ်သော ဗုဒ္ဓဝစန
လင်ကိုကျူးလွန်၍ ကျင့်ခြင်းသည် မိန်းမ၏ အညစ်အကြေးမည်၏။ ဝန်တိုခြင်းသည် ပေးကမ်းခြင်း၏ အညစ်အကြေးမည်၏။ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဤဘဝဌ်လည်းကောင်း၊ တမလွန်ဘဝဌ်လည်းကောင်း စင်စစ် အညစ်အကြေးမည်ကုန်၏။ ထိုအညစ်အကြေး တရားတို့ထက် အဝိဇ္ဇာသည် အလွန်ကဲဆုံး အညစ်အကြေးမည်၏။ ထိုအဝိဇ္ဇာအညစ်အကြေးကို သတ်ကုန်၍ အညစ်အကြေးကင်းစင်သည် ဖြစ်ကုန်လော့။ (ဂါထာ- ၂၄၂၊ ၂၄၃)

၅။ **တရားဌ်တည်သူ, တရားဌ်မတည်သူ-** (မွန် ၅-၌)

၆။ **အကျိုးကိုပေးသော အလှူဒါန-** (ကရင် ၁၀-၌)

၇။ ဖခင်သည်- " မြွေသည် အရေဟောင်းကို စွန့်သွားသကဲ့သို့ ကျွန်ုပ်တို့၏သားသည်လည်း သူ့ခန္ဓာကိုယ်ကို စွန့်လွှတ်၍ သွားခြင်းဖြစ်ပါသည်၊ သေသူသည် အဆွေအမျိုးတို့ ငိုကြွေး မြည်တမ်းခြင်းကို မသိပါ။ သူ၏လားရာ ဂတိအတိုင်း သွားခြင်းဖြစ်၍ ကျွန်တို့ မစိုးရိမ်ပါ ဟု ပြောကြားပါသည်။

http://www.dhammadownload.com

မိခင်၏ ပြောကြားချက်-

မိခင်သည်- " အကျွန်ုပ်၏သားသည် သူ့အားမခေါ်ပါဘဲနှင့် ကျွန်ုပ်တို့ထံသို့ ရောက်သ ကဲ့သို့ ယခုတစ်ဖန် ကျွန်ုပ်တို့ ခွင့်မပြုဘဲလျက် ဘဝတစ်ပါးသို့ ထွက်ခွါသွားခဲ့ပါပြီ၊ အလို အလျောက်လာခဲ့ပြီး အလိုအလျောက် ပြန်ထွက်သွားခဲ့ပါ၏။ ငိုကြွေးမြည်တမ်းသဖြင့် အဘယ်အကျိုးရှိအုံ့နည်း။ ကျွန်တို့၏သားသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကိုမသိ၊ သူ၏ လားရာဂတိအတိုင်း သွားခြင်းဖြစ်၍ ကျွန်တို့ မစိုးရိမ်ပါ "ဟု ပြောကြားပါသည်။

(ဓမ္မ၊ ဌ၊ ၂- ၁၈၁)

၈။ ချစ်ခြင်းမေတ္တာ ပြောကြားချက်-(ကရင် ၃-၅။)

၉။ ဘီလူးဖမ်းစားခြင်း။ စပါးကြီးမြွေကိုက်မျိုခြင်း။ မိကျောင်းကိုက်စားခြင်း စသည်တို့ သည် ဤတစ်ဘဝ ခန္ဓာကိုယ်အတွေ့ဘောကိုသာလျှင် ဖမ်းယူစားသောက်ခြင်းတာ စွမ်းနိုင်၏။ ဒေါသဖမ်းစားခြင်းသည်ကား ဘဝအားလုံးတို့၌ ဇကန်မုချသာလျှင် ဖမ်းစားတတ်သော ကြောင့် ဒေါသဖမ်းစားခြင်းနှင့်တူသော ဖမ်းစားခြင်းမရှိပါ။

နတ္ထိ တဏှာသမာ နဒီ- တဏှာနှင့်တူသော မြစ်မရှိပုံ-

ဂဂါအစရှိသောမြစ်တို့၏ ပြည့်သောအခါ ယုတ်လျော့သောအခါ ခန်းခြောက် သောအခါ သည်လည်း ထင်ရှားသိသာ၏။ တဏှာသည်ကား ပြည့်သောအခါ ခန်းခြောက်သော အခါ မရှိ၊ အမြဲယုတ်လျော့နေသည်သာလျှင် ထင်ရှားသောကြောင့် မပြည့်နိုင်သည်၏ အဖြစ်ဖြင့် ဖြစ်သောကြောင့် တဏှာနှင့်တူသော မြစ်မည်သည်မရှိ။

၁၀။ ဝန, ဝနထ- တို့၏ အဓိပ္ပါယ်- (မွန် ၉-၅။)

၁၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့. (အထူးအောင်)
ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ
၁၃၇၁-ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၁၃)ရက်၊ (၂၀-၆-၂၀၀၉) စနေနေ့။

၁။ ကလျာဏမိတ္တသည် အပြစ်ကင်းသောအလုပ်ကိစ္စ အောင်မြင်ရေးအတွက် ရာခိုင်နှုန်း ပြည့် လိုအပ်သည်- ဟူသော ဗုဒ္ဓအဆုံးအမနှင့်အညီ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းခွင့် ရမှု/မရမှုတို့၌ လိုက်လျောညီထွေ ကျင့်သုံးသင့်သည်ကိုပြဆိုသည့် သြဝါဒစကားတော် တို့ကို ပါဠိသက်သက် ခွဲခြားဖြေဆိုပါ။

http://www.dhammadownload.com

၂။ ဥပကတရားတွေ့ကြုံ၊ ဘုရားရှင်မိန့်ကြားသည့်စကားကို နှစ်သက်မှု, ကန့်ကွက်မှု မပြုဘဲ ဦးခေါင်းကိုညွှတ် လျှောကိုထုတ်ပြီး လမ်းရှောင်ပေးကာ ထွက်သွားပါသည်– ဟုဆိုရာ ဥပကအား ဗုဒ္ဓမိန့်ကြားသည့်စကားရပ်ကို အဖွင့်နှင့်အညီ ပိပြင်အောင် အနက်ပေးပြပါ။

၃။ အရှင်မြတ် မဟာကဿပနှင့်တူစွာ နတ် လူအများ အချစ်ပွား လေးစားမှုကို ခံယူရရှိနိုင်ရန် ပြည့်စုံရမည့် အင်္ဂါရပ်တို့ကို ထုတ်ပြ၍ ဒုစရိုက်တရားကို အလေးထားလျက် ဆွမ်းခံစား နေသူသည် ဘိက္ခုမမည်ဟု အဆိုရှိရာ "ဘိက္ခု" အမည် ထိုက်တန်စွာ ခံယူခွင့်ရှိရန် ပြည့်စုံ ရမည့် အင်္ဂါရပ်တို့ကို ဖြေဆိုပါ။

၄။ မိဘနှစ်ပါးနှင့် ခတ္တိယနွယ်ဝင် ရှင်ဘုရင်ကို သတ်ရမည်– ဟု ပရိယာယ်ပြုဟောကြားချက် အရ သိသာရုံမျှ အမိပ္ပါယ်ရှင်းပြ၍ မာရ်နတ်မင်းကိုအကြောင်းပြု ဟောကြားအပ်သည့် ချမ်းသာကြောင်းတရား များစွာတို့တွင် နောက်ဆုံး ၄– ချက်ကို ပြည့်စုံစွာ ဖြေဆိုပါ။

၅။ ခိုင်မြဲသောအနှောင်အဖွဲ့တို့၏ စွမ်းရည်သတ္တိ ထူးခြားချက်တို့ကို တိကျစွာ ဖြေဆို၍ အရှင် ရာဟုလာထေရ်၏ ပြည့်နေသော ဂုဏ်ထူးများကို ထုတ်ပြပါ။

၆။ ဘဉ်းကံနည်းပါး လာဘ်ရှားပါးသူများ စိတ်အားမငယ် သတိကြွယ်စေဖို့ ဘရားရှင်၏ လမ်းညွှန်ချက်သြဝါဒတော်ကို ဖြေဆို၍ အသက်အရွယ်ငယ်ငယ်ဖြင့် ဗုဒ္ဓသာသနာတော် တွင်း ကျင့်ကြံအားထုတ်မှု ပြည့်ဝစွာရှိသူကို ဘုရားရှင်က ချီးမွမ်းစကား အဘယ်သို့ပြော ကြားခဲ့သည်ကို ဥပမာနှင့်တကွ ဖြေဆိုပါ။

၇။ သုံးဆယ့်တစ်ဘုံ လောကတွင်းဝယ် အလွန်ဆိုးဝါးလှသည့် ရောဂါကြီး၏အမည်ကို အကြောင်းနှင့်တကွ ဖြေဆို၍ ကုသိုလ်ပြုသူကို ကုသိုလ်ကကြိုဆိုသည်– ဟုဆိုရိုးရှိရာ မည်သည့်အရာဝတ္ထုတို့ဖြင့် ကြိုဆိုနေသည်ကို ထုတ်ဖော်ပြပါ။

၈။ သစ္စာနံ စတုရော ပဒါ– ၌ စတုသရုပ်ကို ထုတ်ပြ၍ မခုရပါစိကာ ဒါယိကာမကွယ်လွန် သဖြင့် ငိုကွေးမည်တမ်း ပင်ပန်း ဆင်းရဲနေမှု အကြောင်းပြု၍ ဟောကြားအပ်သည့် ဇာတ်တော်နှင့် ယင်းဇာတ်၏ ဝတ္ထုအကျဉ်းချုပ်ကို ထုတ်နုတ်ရေးသားပြပါ။

၉။ သာနုမာတာ ပြောကြားသည့် ငိုကွေးမည်တမ်းခြင်း၏ အကြောင်းခြင်းရာအချက်တို့ကို ဖြေဆို၍ ကပိလရဟန်း အတိတ်ဘဝက တော်စပ်ခဲ့ကြသည့် အမေ, အကို, နှမတို့၏ အမည်နှင့် ဖြစ်ရာဘဝဌာနတို့ကို တွဲစပ်ပြပါ။

http://www.dhammadownload.com

၁၀။ သောဏမာတာ ဥပါသိကာမကြီး တရားနာနေစဉ် အိမ်စောင့်ကျွန်မ သတင်းပို့လာသည့် အိမ်ဖောက်ထွင်းမှုသတင်း ကြားသိရချိန်၌ ပြန်လည်ပြောကြားခဲ့သည့် စကားရပ်တို့ကို အစဉ်ကျကျ ဖြေဆိုရ၏။ အရှင်အနုရုဒ္ဓါ၏ ခမည်းတော်အမည်, ဆုထူးပန်ဆင်ခဲ့ရာ ဌာနတို့ကို ဖြေဆိုပါ။

၁၈။ အထူးအောင် (အဖြေ)

ပထမကြီးတန်း ။ ။ ဓမ္မပဒဘာသာ

၁။ ဂါထာ- ၃၂၈၊ ၃၂၉။

၂။ ဂါထာ- ၃၅၃။ (သင်ဏာနိသယအတိုင်း ရေးပါ။)

၃။ စတုပါရိသုဒ္ဓိသီလနှင့်လည်းကောင်း မဂ်, ဖိုလ်နှင့်ယှဉ်သော ဉာဏ်အမြင်နှင့်လည်းကောင်း ပြည့်စုံခြင်း။
လောကုတ္တရာတရားကိုးပါးဌ် တည်ခြင်း။
သစ္စာလေးပါးတရားကို သိခြင်း။
မိမိအမှုဖြစ်သော သိက္ခာသုံးပါးကို ပြည့်စုံစေခြင်း တို့ဖြစ်ကြပါသည်။ (ဂါထာ- ၂၁၇)
ပြည့်စုံရမည့် အင်္ဂါရပ်များ-
ကောင်းမှုကိုလည်းကောင်း မကောင်းမှုကိုလည်းကောင်း မဂ်ဟူသော အကျင့်မြတ်ဖြင့် မျှော်၍ မြတ်သောအကျင့်ကို ဆင်ခြင်၍ ကျင့်ခြင်းဖြစ်ပါသည်။ (ဂါထာ- ၂၆၇)

၄။ ဘုံသုံးပါးဌ် သတ္တဝါတို့ကို ဖြစ်စေတတ်သောကြောင့် တဏှာသည်အမိမည်၏။ " ငါသည် ဤမင်း, ဤအမတ်၏သား " ဟူ၍ အဖ-ကို မှီ၍ ငါဟူသော မာနသည်ဖြစ်ခြင်းကြောင့် မာနသည် အဖမည်၏။ လောကဌ် လူအပေါင်းသည် ရှင်ဘုရင်သို့ ချဉ်းကပ်သကဲ့သို့ အယူမှားသော သူတို့သည် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိသို့ ကပ်ရောက်ကုန်ခြင်းကြောင့် သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိသည် ရှင်ဘုရင်မည်၏။ ထို့ကြောင့် အမိနှင့်တူသော တဏှာ၊ အဖနှင့်တူသော မာန၊ ရှင်ဘုရင်နှင့်တူသော သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့ကို သတ်ရမည်ဟု ပရိယာယ်ပြု ဟောကြားခဲ့ပါသည်။ (ဓမ္မ၊ ၆၊ ၂- ၂၁၃)
ချမ်းသာကြောင်းတရားတို့တွင် နောက်ဆုံး၄- ချက်-
သီလသည် အိုသည့်တိုင်အောင် ချမ်းသာ၏။

http://www.dhammadownload.com

မတုန်မလှုပ်သော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။
ပညာကို ရခြင်းသည် ချမ်းသာ၏။
မကောင်းမှုတို့ကို မပြုရခြင်းသည် ချမ်းသာ၏။ (ဝါဃာ- ၃၃၃)

၅။ ပတ္တာမြား, နားတောင်း, သား, မယားတို့၌ တပ်မက်ခြင်းဟုဆိုအပ်သော ခိုင်မြဲသော အနှောင်အဖွဲ့သည်-
အပါယ်လေးပါးတည်းဟူသော ယုတ်နိမ့်ရာသို့ ဆောင်တတ်ခြင်း။
အရေအသားတို့ကို မဖျက်, သွေးမထွက်စေဘဲ, နှောင်ဖွဲ့မှုန်းမသိ, ပကတိနေမြဲ နေရသောကြောင့် လျော့ခြင်း။
လိပ်ခဲတင်းလင်း စွဲလန်းခြင်းဖြင့် လွတ်နိုင်ခဲခြင်း တို့ဖြစ်ကြပါသည်။
(ဝါဃာ- ၃၄၆၊ ဓမ္မ၊ ဌ၊ ၂- ၃၃၈)

ရာဟုလာထေရ် ပြည့်ဝနေသော ဂုဏ်ထူးများ-
တုန်လှုပ်မှု မရှိခြင်း။
တဏှာမှ ကင်းခြင်း။
ကြီးမြတ်သော ဝိရိယရှိခြင်း။
ကြီးမြတ်သော ပညာရှိခြင်း တို့ဖြစ်ကြပါသည်။ (ဓမ္မ၊ ဌ၊ ၂- ၃၄၈)

၆။ ဘုန်းကံနည်းပါး လာဘ်ရှားပါးသော်လည်း မိမိလာဘ်ကို နည်းပါးသည်ဟူ၍ မထီမဲ့မြင် မအောက်မေ့သင့် (စိတ်အားမငယ်သင့်)၊ စင်ကြယ်သော အသက်မွေးခြင်းရှိသော မပျင်းရိသော ရဟန်းကို နတ်တို့သည် ချီးမွမ်းကုန်၏- ဟူ၍ လမ်းညွှန်ညြွှတ်ဒကို ပေးတော်မူပါသည်။ (ဝါဃာ- ၃၆၆)
အသက်ငယ်ရွယ်သော်လည်း ဘုရားရှင်၏ သာသနာတော်၌ ကျင့်ကြံအားထုတ်မှု ပြည့်ဝစွာ ရှိသောရဟန်းသည်- တိမ်ကင်းစင်သောလသည် လောကကို ထွန်းလင်းတောက်ပစေ သကဲ့သို့ အရဟတ္တမဂ်ဉာဏ်ဖြင့် ခန္ဓာစသောလောကကို ထွန်းလင်းတောက်ပစေပါသည်။ (ဝါဃာ- ၃၈၂)

၇။ အလွန်ဆိုးဝါးသည့် ရောဂါ၏အမည်- (ကယား ၇-ရှ။)
ကြိုဆိုသော အရာဝတ္ထုများ-
တမလွန်လောကသို့ ပြောင်းသွားသော ကောင်းမှုရှင်ကို မိဘအရာ၌တည်သော ကောင်းမှုတို့သည် နတ်၌ဖြစ်သော အာယု, ဝဏ္ဏ, သုခ, ယသ, အာဓိပတေယျ, ရူပ,

http://www.dhammadownload.com

သဒ္ဒ, ဂန္ဓ, ရသ, ဖောट္ဌဗ္ဗဟူသော ဆယ်ပါးသော လက်ဆောင်တို့ဖြင့် ကြိုဆိုနေကြပါသည်။ (ဓမ္မ၊ ဌ၊ ၂- ၁၉၁)

၈။ စတုသရုပ်-

ဝစီသစ္စာ၊ သမုတိသစ္စာ၊ ဒိဋ္ဌိသစ္စာ၊ ပရမတ္ထသစ္စာ တို့ဖြစ်ကြပါသည်။ (ဓမ္မ၊ ဌ၊ ၂- ၂၅၄)

ဏတ်တော်မှာ- " ကာကဏတ် " ဖြစ်ပါသည်။

ကာကဏတ် ဝတ္ထုအကျဉ်းချုပ်-

ရှေးအခါက ရဟန်းကြီးတို့သည် ကျီးတိရစ္ဆာန်အပေါ်ဦးဦ့ဖြစ်၍ သမုဒ္ဒရာကမ်းဌ ကျက်စားလှည့်လည်သည်ရှိသော် သမုဒ္ဒရာလှိုင်းတံပိုး၏ အဟုန်ကြောင့် သမုဒ္ဒရာသို့ ကျဆင်းဝင်ရောက် သေရရှာသော ကျီးမကြောင့် ငိုကျွေးမြည်တမ်းကြကုန်၍ ထိုကျီးမကို ထုတ်ဆောင်ကုန်အံ့ဟု နှုတ်သီးဖြင့် သမုဒ္ဒရာရေကို ယူငင်သွန်းလောင်းကြကုန်လျှက် ပင်ပန်းကြဖူးကုန်ပြီ။ (ဓမ္မ၊ ဌ၊ ၂- ၂၆၅)

၉။ ငိုကြွေးမြည်တမ်းခြင်း၏ အကြောင်း-

သေသူကို အကြောင်းပြု၍ မိဘဆွေမျိုးတို့၏ ငိုကြွေးခြင်း။

အသက်ရှင်ပါသော်လည်း သေသူကဲ့သို့ ကာမဂုဏ်တို့ကိုစွန့်၍ ရဟန်းပြုပြီးမှ ပြန်၍ လူထွက်လိုသောသူကို အကြောင်းပြု၍ မိဘဆွေမျိုးတို့၏ ငိုကြွေးခြင်း။ (ဓမ္မ၊ ဌ၊ ၂- ၃၁၉)

ကပိလရဟန်း အတိတ်ဘဝက တော်စပ်ခဲ့ကြသည်-

အမေ၏အမည်- သာမိနီ၊	**ဖြစ်ရာဘဝ- အဝီစိငရဲ၊**
အစ်ကို၏အမည်- သာဂတ၊	**ဖြစ်ရာဘဝ- ရဟန္တာ၊**
နှမ၏အမည် - တာပနာ၊	**ဖြစ်ရာဘဝ- အဝီစိငရဲ။** (ဓမ္မ၊ ဌ၊ ၂- ၃၂၇)

၁၀။ စကားရပ်အစဉ်-

တရားနာနေစဉ် ကျွန်မက အသပြာတိုက်ခန်း ဖွင့်လှစ်ပြီးဖြစ်ကြောင်း လာပြောသောအခါ. "ခိုးသူတို့ တွေ့မြင်သမျှ အသပြာတို့ကို ယူဆောင်သွားပါစေ၊ ငါ၏သား ဟောကြားသော တရားတို့ကို ငါနာအံ့၊ တရားတော်၏ အန္တရာယ်ကို မပြုလင့်၊ အိမ်သို့သာ ပြန်သွားပါ " ဟု ပြော၏။

အသပြာတို့ကိုယူပြီး၍ ဌေတိုက်ခန်း ဖွင့်လှစ်ပြီဟု လာပြောသောအခါ-

ယူရမည့် အသူရာ- ဒေဝအသူရာကို တာဝတိံသာတို့၌ ယူအပ်သောကြောင့် အသုရကာယော-၌ ပေတအသူရာကိုသာ ယူရသည်။

၁၀။ (က) အနာဂတ် ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ပစ္စုပ္ပန်စေတနာသည် ကမ္မဘဝ၊ ဤဘဝ ပဋိသန္ဓေ၏ အကြောင်းဖြစ်သော အတီတ်ဘဝ စေတနာသည် သခါရ၊ ဤသို့ ထူးသည်။

(ခ) ချစ်နှစ်သက်တတ်သောကြောင့် မေတ္တာ-မည်သည်။

(တစ်နည်း) မိတ်ဆွေတို့၌ ဖြစ်တတ်သောကြောင့် မေတ္တာ-မည်သည်။

၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.၌ (ချင်းပြည်နယ်) ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၀)ရက်၊ (၄- ၄-၂၀၀၉) စနေနေ့။

၁။ ဝိရတိစေတသိက်တို့၏ ယှဉ်ရာ စိတ်သံရုပ်ပြ သင်္ဂဟစုဏ္ဏိယပါဠိကို ပြည့်စုံစွာ ရေးပြပါ။

၂။ မရဏာသန္နဝီထိပြ သင်္ဂဟစုဏ္ဏိယပါဠိကို မှန်ကန်စွာ အနက်ပေးပြပါ။

http://www.dhammadownload.com

၃။ သဗ္ဗာကုသလယောဂီစေတသိက်သရုပ်ကို မှန်ကန်စွာ ရေတွက်ပြ၍၊ ရှင်တော်မြတ်ဘုရား ပြုံးတော်မူသော အဟိတ်စိတ်ကို အတိအကျ ဖော်ပြပြီးလျှင်၊ ယင်းစိတ်ကိုလည်း ဝေဒနာ, ကိစ္စ, ဒ္ဒါရတို့ဖြင့် ဝေဘန်ပြပါ။

၄။ သောတာပတ္တိမဂ္ဂဌာန်ပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်နိုင်ခွင့်ရှိသောစိတ်ကို မှန်ကန်စွာ ရေးသားပြ၍၊ (က) နာမ် မရှိသောဘုံ၊ (ခ) ရုပ် မရှိသောဘုံတို့ကိုလည်း တိကျစွာ ရေးသားဖြေဆိုပြပါ။

၅။ နမြောခြင်းသဘောတရားသည် လောဘလော? ဒေါသလော? သင်ဟသာဓက အထောက်အထားပြ၍ ဖြေဆိုပြီးလျှင်၊ လောဘမူလေ တယော ဂတာ–၌ တယော–ဝယ် "တိ" သရုပ်ကို မှန်ကန်စွာ ဖော်ထုတ်ပြပါ။

၆။ လူသေလျှင် လူသာဖြစ် ဟူသော စကားရပ်ကို လက်ခံသင့်/မခံသင့် သင်ဟသာဓက အထောက်အထားပြ၍ ဖြေဆိုပြီးလျှင်၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့၏ သန္တာန်၌ အမြဲတမ်း ရသင့်ရထိုက်သော ရုပ်ကလာပ်များကိုလည်း မှန်ကန်စွာ ရေးသား ဖြေဆိုပြပါ။

၇။ လောဘစိတ်, ဒေါသစိတ်, မောဟစိတ်ဟူဆိုအပ်သော အကုသိုလ်စိတ် သုံးမျိုးတို့တွင် လောဘစိတ်ကို ရှေးဦးစွာ မိန့်ဆိုရခြင်း၏ အကြောင်းရင်းကို ဦးကာကျော် အာဘော်ကျ ရေးသား ဖြေဆိုပြပါ။

၈။ ,အရိယာပုဂ္ဂိုလ်အပေါင်းတို့တွင် သကဒါဂါမ်ပုဂ္ဂိုလ် ၅–မျိုးသရုပ်ကို ဦးကာကျော် အဖွင့်နှင့် အညီ ပီပြင်စွာ ရေးသားဖြေဆိုပြ၍၊ ရှုပဗြဟ္မာတို့၏ သန္တာန်တို့၌ တဒါရုံ ကျ/မကျ အကြောင်းပြ၍ ဆုံးဖြတ်ချက်ချခဲ့ပါ။

၉။ (က)ယာမာ၊ (ခ) တုသိတာ မည်ခြင်းအကြောင်းတို့ကို ဦးကာကျော်နှင့်အညီ ဖြေဆိုပြပါ။

၁၀။ ဟဒယဝတ္ထုဟူသော စကားရပ်၌ ဝတ္ထု မည်ခြင်း၏ အကြောင်းရင်းကို ဦးကာအလိုကျ ဖြေဆိုပြ၍၊ ရဟန္တာအရှင်မြတ်ကို အဘယ့်ကြောင့် "အဂ္ဂဒက္ခိဏေယျ"ဟု ခေါ်ဆိုရပါသနည်း? ဦးကာကျော်အဖွင့်နှင့် မဆန့်ကျင်အောင် ရေးသားဖြေဆိုပြပါ။

http://www.dhammadownload.com

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ဝိရတိယော ပန တိသော်ပိ-စသော ပါဠိကိုရေးလေ။

၂။ ပစ္စာသန္နမရဏာသ တသ-စသော ပါဠိကို အနက်ရေးလေ။

၃။ **သမ္ဘာကုသလယောဂီ-**
မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ-၄၊ သမ္ပစိတ္တသာဓারณ ၇၊ ဝိတက်, ဝိစာရ, ဝိရယ- ပေါင်း ၁၄။
ရှင်တော်ဘုရား ပြုံးသောစိတ်- ဟသိတုပ္ပါဒ်စိတ်။
ဝေဒနာ, ကိစ္စ, ဒ္ဒါရ-
သောမနဿဝေဒနာ၊ ဇောကိစ္စ၊ ၆-ဒ္ဒါရ။

၄။ **ဖြစ်နိုင်သောစိတ်-** သောတာပတ္တိမဂ်စိတ်။
(က) အသညသတ်ဘုံ။
(ခ) အရူပဘုံ။

၅။ ဒေါသ-ဖြစ်ပါသည်။
သာဓက- ဒေါသော ဣဿာ မစ္ဆရိယံ ကုက္ကုစ္စဉ္စာတိ ဒ္ဒီသု ပဋိယသမ္ပယုတ္တစိတ္တေသု။
တိ-သရုပ်- လောဘ, ဒိဋ္ဌိ, မာန။

၆။ လူသေလျှင် လူသာဖြစ်-ဟူသော စကားရပ်ကို လက်မခံနိုင်ပါ။
သာဓက- သမ္ဘာ ကာမတိဟေတုမှာ၊ ကာမေသွေဝ ပနေတရာ။
ရှုပ်ကလာပ်- ကာယဒသက, ဝတ္ထုဒသက။

၇။ ဘဝ၌ ပဋိသန္ဓေယူသောသတ္တဝါအား ဖောဝီထိစိတ်၏ အစွမ်းအားဖြင့် လောဘမူစိတ်သာ ရှေးဦးစွာ ဖြစ်သင့်သောကြောင့် လောဘမူစိတ်ကို ရှေးဦးစွာ မိန့်ဆိုရသည်။

၈။ ဣဒ ပတ္တာ ဣဒ ပရိနိဗ္ဗာယိ၊ တတ္ထ ပတ္တာ တတ္ထ ပရိနိဗ္ဗာယိ၊ ဣဒ ပတ္တာ တတ္ထ ပရိနိဗ္ဗာယိ၊ တတ္ထ ပတ္တာ ဣဒ ပရိနိဗ္ဗာယိ၊ ဣဒ ပတ္တာ တတ္ထ နိဗ္ဗတ္တိတ္တာ ဣဒ ပရိနိဗ္ဗာယိ။

http://www.dhammadownload.com

တဒါရံ ကျ/မကျ-

တဒါရံ၏ အားကြီးသော မီရာဖြစ်သော ကာမာဝစရပဋိသန္ဓေဟူသော မျိုးစေ့မရှိသော ကြောင့် ရှုပဗြဟ္မာတို့၏ သန္တာန်၌ တဒါရံ မကျပါ။

၉။ (က) ဆင်းရဲမှု ကင်းသော နတ်များဖြစ်သောကြောင့် ယာမာ။

(ခ) မိမိ၏ အသရေ၏ ပြည့်စုံခြင်းအားဖြင့် နှစ်သက်ခြင်းသို့ရောက်သော နတ်များ ဖြစ်သောကြောင့် တုသိတာ။

၁၀။ မနောမာတ်, မနောဝိညာဏမာတ်တို့၏ မီရာဖြစ်သောကြောင့် ဝတ္ထု- မည်သည်။

အဂ္ဂဒကွီဏေယျ- ဟုခေါ်ဆိုပုံ -

အလှူကို ခံထိုက်သောပုဂ္ဂိုလ်တို့တွင် အမြတ်ဆုံးဖြစ်သောကြောင့် အဂ္ဂဒကွီဏေယျ- ဟု ခေါ်ဆိုရသည်။

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (စစ်ကိုင်းတိုင်း)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၂၅- ၃- ၂၀၀၉) ဗုဒ္ဓဟူးနေ့။

၁။ ဝိပဿနာတရား ကြီးစားအားထုတ်နေသော ယောဂီသူတော်စင်၏ သန္တာန်ဝယ် ဂေါတြဘု စိတ်၏ အခြားမဲ့၌ သောတာပတ္တိမဂ်စိတ် ဖြစ်ပေါ်လာပုံပြ သင်္ဂဟာစုဏ္ဏိယပါဠိတို့ကို မမှားရအောင် ရေးသားပြပါ။

၂။ နာမ်တရားမဖက် ရူပ်တရားသက်သက်မျှသာရှိသော အသည်သတ်ဘုံနှင့် ပတ်သက်၍ ရူပ်ဖြစ်စဉ်ကို ပြဆိုထားသော ရှုပသင်္ဂဟာလာ စုဏ္ဏိယပါဠိတို့ကို မှန်ကန်စွာ အနက် ယောဇနာပြပါ။

၃။ ဝမ်းမြောက်ဉာဏ်ယှဉ် သူတော်စင်၏ သန္တာန်၌ ဖြစ်ပေါ်နေသော မဟာကုသိုလ်စိတ်ဝယ် အများဆုံးယှဉ်နိုင်ခွင့်ရှိသော စေတသိက်တို့ကို မှန်ကန်စွာ ရေတွက်ပြပြီးလျှင်၊ ဓနမာန, ပညာမာန တက်ကြွနေသော မာနရှင်တို့၏ သန္တာန်၌ ဖြစ်နိုင်ခွင့်ရှိသော စိတ်ကိုလည်း သင်္ဂဟာသာဓက အထောက်အထားပြ၍ မှန်ကန်စွာ ရေးသား ဖြေဆိုပြပါ။

၄။ ဟဒယဝတ္ထု (နလုံးသား) ပိုင်ရှင်တို့၏ သန္တာန်၌ နလုံးသားကို အမြဲတမ်း မှီခိုမှီ ဖြစ်ပေါ်လာရသော (က) ကုသိုလ်စိတ်၊ (ခ) အကုသိုလ်စိတ်တို့ကို အတိအကျ ခွဲခြားဖော်ပြ၍၊

http://www.dhammadownload.com

စက္ခုဒ္ဓါရ အတိမဟန္တရုံဝိထိ၌ စက္ခုဝိညာဏ်စိတ်နှင့် ဇောစိတ်တို့၏ ကြားကာလဝယ် အမှန်တကယ် ဖြစ်ပေါ်ရမည့် စိတ်အမည်နာမတို့ကိုလည်း သင်ဟသာဓကနှင့် တကွ ဖြေဆိုပြပါ။

၅။ "သက်ရှိပုဂ္ဂလ, မှန်သမျှ, မုချ သေရမည်" ဟူသော စကားရပ်နှင့် ပတ်သက်၍ သိသင့်သိထိုက်သော သေခြင်းတရား လေးပါးကို ပါဠိ, မြန်မာ နှစ်ဘာသာဖြင့် မှန်ကန်စွာ ယှဉ်တွဲဖော်ပြ၍၊ သတိပဋ္ဌာန်တရား လေးပါးတို့၏ တရားကိုယ်ကိုလည်း သာဓက ထောက်၍ ကောက်ပြခဲ့ပါ။

၆။ အမြဲမပြတ် လည်ပတ်နေသော ပဋ္ဌိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီး လည်ပတ်မှု ရပ်စဲသွားအောင် အဘယ်တရားများကို အမြစ်ပြတ် ချေမှုန်းပစ်ရပါမည်နည်း? သာဓကနှင့်တကွ ဖြေဆိုပြ၍၊ ဆဓာ နာမ် တု နာမသ–ဟူသော စကားရပ်၌ အကျုံးဝင်သော ပစ္စယသတ္တိ ၆–မျိုးကိုလည်း ဖော်ထုတ်ပြပါ။

၇။ အထ ဝါ ဗုဓောတုသ ဇာဂရဏာဝိကာသနတ္ထောသုပိ–ဟူသောစကားအရ ဗုဓ–ဓာတ်ကို ဝိကာသနတ္ထ ကြံ့ဆလျက် သမ္မာသမ္ဗုဒ္ဓမတုလ်–၌ သမ္မာသမ္ဗုဒ္ဓ–၏ သဘောအဓိပ္ပါယ်ကို ဋီကာရှင် အမြင်အရ ပြည့်စုံစွာ ဖြေဆိုပြပါ။

၈။ ဥပေက္ခာသဟဂတေသု ပနေတ္ထ ကရုဏာမုဒိတာ နာ သန္တိတိ ကေစိ ဝဒန္တိ–၌ ကေစိဝါဒ မိန့်ဆိုရပုံကို ဥပမာန, ဥပမေယျတို့ဖြင့် တန်ဆာဆင်လျက် ဋီကာကျော် အာဘော်ကျ ဖြေဆိုပြပါ။

၉။ စက္ခု သောတံ ဃာနံ ဇိဝှါ ကာယော ပသာဒရူပံ နာမ–ဟူသော အဘိဓမ္မတ္ထသင်္ဂဟပါဠိ စကားရပ်၌ "ပသာဒရူပ"မည်ရခြင်း၏ အကြောင်းရင်းကို ဋီကာကျော် အလိုကျ ဖြေဆိုပြ၍၊ ဇာတိဇရာမရဏ အနာဂတော အဒ္ဓါ–၌ ဇာတိဇရာမရဏ သဘောတရားတို့၏ "အနာဂတ"အမည်နာမရခြင်း၏ အကြောင်းရင်းကိုလည်း မှန်ကန်စွာ ဖြေဆိုပြပါ။

၁၀။ အဘိညာဝသေန ပဝတ္တမာနံ ပန–၌ အဘိညာဉ်မည်ခြင်း၏ အကြောင်းရင်းကို မှန်ကန်စွာ ဖြေဆိုပြ၍၊ အဓိဋ္ဌေယျာဒိက မာဝဇ္ဇေတ္ထာ–ဟူသော စကားအရ ဣဒ္ဓိဝိဓ အဘိညာဉ်၏ ပရိကမ်ပြုရာအခါဝယ် ဆင်ခြင်ထိုက်သော အာရုံတို့ကိုလည်း ဋီကာကျော်အဖွင့်နှင့် အညီ ဖြေဆိုပြပါ။

http://www.dhammadownload.com

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တဿာနန္တရမေဝ မဂ္ဂေါ-စသော ပါဠိကို ရေးလေ။

၂။ အသညသတ္တာနံ ပန စက္ခုသောတဝတ္ထုသဒ္ဒါပိ-စသော ပါဠိကို အနက်ရေးလေ။

၃။ **အများဆုံး ယှဉ်နိုင်သော စေတသိက်**- အညသမာန်း ၁၃၊ သောဘန ၂၅၊ ပေါင်း ၃၈။
ဖြစ်နိုင်ခွင့်ရှိသော စေတသိက်- ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄။
အထောက်အထား- မာနော စတ္ထသု ဒိဋ္ဌိဂတဝိပ္ပယုတ္တေသု။

၄။ (က) ရူပကုသိုလ် ၅၊ သောတာပတ္တိမဂ်စိတ်-၁၊ ပေါင်း ၆။
(ခ) ဒေါသမူ-၂။
စိတ်အမည်နာမ- သမ္ပဋိစ္ဆိန်။ သန္တီရဏ၊ ဝုဋ္ဌော၊ ပေါင်း ၃-ပါး။
သာဓက- သမ္ပဋိစ္ဆန်နဲ့ သမ္ပဋိစ္ဆနစိတ်တွဲ, သန္တီရယမာန် သန္တီရဏစိတ်တွဲ, ဝဝတ္ထပေနဲ့ ဝေါဋ္ဌဗ္ဗနစိတ်ဆွေတို ယထာက္ကမံ ဥပ္ပဇ္ဇိတ္တာ နိရုဇ္ဈန္တိ။

၅။ အာယုကွယေန- အသက်တမ်းကုန်၍ သေခြင်း။
ကမ္မကွယေန- ကံကုန်၍ သေခြင်း။
ဥဘယကွယေန- အသက်, ကံ နှစ်ပါးစုံကုန်၍ သေခြင်း။
ဥပစ္ဆေဒကကမ္မုနာ- ကံဆိုးဖြတ်ခြွေ၍ လတ်တလော သေခြင်း။
သတိပဋ္ဌာန်တရားကိုယ်- (သောဘနဇော ၄၂-ခု၌ ရှိသော)သတိစေတသိက်။
သာဓက- ဇော်ဌ ပန စတ္တာရော သတိပဋ္ဌာနာတိ သမ္မာသတိ ဇောဝ ပဝုစ္စတိ။

၆။ **အမြစ်ပြတ် ချေမှုန်းပစ်ရမည့်တရားများ**- အဝိဇ္ဇာ,တဏှာ။
သာဓက- အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ။
တေသမေဝ စ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ။
ပစ္စယသတ္တိ ၆-မျိုး အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အာသေဝန, သမ္ပယုတ္တ။

၇။ နေရောင်ခြည်နှင့် ပေါင်းမိုခြင်းကြောင့် အလွန်နှစ်သက်ဖွယ် အသရေဖြင့် တင့်တယ်

http://www.dhammadownload.com

ခြင်းသို့ ရောက်သောအားဖြင့် ပွင့်သော ပဒုမ္မာကြာပန်းကဲ့သို့ မနှိုင်းယှဉ်အပ်သော ဂုဏ်တော် အပေါင်းဖြင့် တန် ဆာဆင်အပ်သော သဗ္ဗညုတညာဏ်တော်သို့ ရောက်ခြင်း အားဖြင့် ကောင်းစွာ ကိုယ်တော်တိုင်သာလျှင် ပွင့်တော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ။

၈။ အဝါးဝစွာ လေ့လာအပ်ပြီးသော ကျမ်းဂန်ကို တစ်ရံတစ်ခါ နလုံးမသွင်းဘဲလည်း ဆိုနိုင်သကဲ့သို့လည်းကောင်။ အဝါးဝစွာ လေ့လာအပ်ပြီးသော ဝိပဿနာဖြင့် သခါရ တရားတို့ကို ဉာဏဝိပွယုတ်စိတ်ဖြင့်လည်း သုံးသပ်နိုင်သကဲ့သို့လည်းကောင်။ အလေ့ ကျက်ရသဖြင့် ဥပေက္ခာသဟဂုတ်စိတ်တို့ဖြင့်လည်း ပရိကမ္မဘာဝနာပြုနိုင်သော ကြောင့် ဥပေက္ခာသဟဂတေသု-စသော ဝါဒကို ကေစိဝါဒဟု ဆိုသည်။

၉။ မဟာဘုတ်တို့ကို ကြည်လင်စေတတ်သောကြောင့် ပသာဒရူပ-မည်၏။
အမည်နာမ ရခြင်းအကြောင်းရင်း-
ပစ္စုပ္ပန်အကြောင်းကြောင့် နောင်အခါ၌ ဖြစ်ရခြင်းကြောင့် အနာဂတဒ္ဓါ-မည်၏။

၁၀။ အထူးအားဖြင့် သိတတ်သောကြောင့် အဘိညာဉ် မည်၏။
ဆင်ခြင်ထိုက်သော အာရုံ- အထူးထူး ပြုစီမံထိုက်သော တစ်ရာအစရှိသော အာရုံ, သတ္တိသား၏ အဆင်းအစရှိ သော အာရုံ။

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (တနင်္သာရီတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁၀)ရက်၊ (၄-၄-၂၀၀၉) စနေနေ့။

၁။ အရိယာပုဂ္ဂိုလ်တို့တွင် ကာမဂုဏ် (ကာမရာဂတရား)ခံစားမှုရှိသေးသော အရိယာဟု ပြဆိုအပ်သော သင်္ဂဟပါဠိတို့ကို ရေးသားပြပါ။

၂။ ပစ္စည်းပိုင်းလာ အာဟာရတရားကိုယ်လေးပါးဟူသော အကြောင်းတရားကြောင့် ဖြစ်ပေါ် လာသော အကျိုးတရားပြ သင်္ဂဟပါဠိကို အနက်မှန်ကန်စွာ ယောဇနာခဲ့ပါ။

၃။ ဒုက္ခိတသတ္တဝါကို သနားမှုရှိမှ မဂ်,ဖိုလ်ရနိုင်သည်ဆိုသောစကား မှန်/မမှန်ကို သင်္ဂဟ သာဓကထောက်ဆဖြေဆိုပြ။ အဘိညာဉ်ဒွေစိတ်ကို၏ ဆိုင်ရာအာရုံတို့ကို ခွဲခြားကောက် ပြခဲ့ပါ။

http://www.dhammadownload.com

၄။ အောက်ပါတို့၏ သရုပ်တို့ကို တိကျစွာ ကောက်ပြခဲ့ပါ။
(က) ရုပ်တရားသက်သက်ကိုသာ အာရုံပြုသောစိတ်၊
(ခ) ကာလဝိမုတ်တရားသက်သက်ကိုသာ အာရုံပြုသောစိတ်၊
(ဂ) ရဟန္တာပုဂ္ဂိုလ်တို့၏ သောမနဿသဟဂတ်ဖောနှစ်ခုနောင် နောင်းနိုင်သော အပွန်နာဖောစိတ်၊
(ဃ) နေဝသညာနာသညာယတနဘုံသား ရဟန္တာသန္တာန်၌ဖြစ်သောစိတ်။

၅။ သောမနဿနှင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ်၏ ဒေါသဖောအဆုံး၌ (က) ဖြစ်သင့်သောစိတ်၊ (ခ) အာရုံ၊ (ဂ) ကိစ္စတို့ကို ဖော်ပြပြီးလျှင်၊ နလုံးသား၌ အမှန်းတရားမထားသော ပုဂ္ဂိုလ်ကိုလည်း အရကောက်ပြခဲ့ပါ။

၆။ ရူပဿ လဟုတာ, ရူပဿ ဥပစယော– တို့၌ ရူပဿအရတို့ကို ကောက်ပြပြီးလျှင်၊ ရုပ်ဣရိယာပုတ်ဝိညတ်အပြင် ရယ်ရှင်ခြင်းကိုလည်း ဖြစ်စေနိုင်သောစိတ်တို့ကို သင်ဟ သာဓကထောက်၍ ကောက်ပြခဲ့ပါ။

၇။ အဘယ်ကြောင့် ဥပါဒိန္နရုပ်မည်သည်ကို ဖြေဆိုရ၍ ဟဒယရုပ် ဣန္ဒြိယရုပ်တို့သည် အဘယ်ကြောင့် ကမ္မဇရုပ်မည်သည်ကိုလည်း (ဋီ)အလိုကျ ဖြေဆိုပြပါ။

၈။ အဟိတ်စိတ် ၁၈– ပါးတို့၌ အဘယ်ကြောင့် မဂ္ဂင်တို့ကို မရအပ်ပါသနည်း ရှင်းလင်းပြ၍၊ သမ္မပ္ပဓာန်သည် ဝီရိယစေတသိက်တစ်ပါးသာဖြစ်လျက် လေးပါးပြားရခြင်းကိုလည်း ဖြေဆိုခဲ့ပါ။

၉။ နာမရူပပစ္စယာ သဠာတယနံ– ၌ နာမအရ သဠာယတနအရတို့ကို အသီးသီးကောက်ပြ၍ သဟဇာတာစေတနာ သဟဇာတာနံ နာမရူပါနံ– ၌ စေတနာအပြား နာမ်ရုပ်အပြားတို့ကိုလည်း ခွဲခြားပြခဲ့ပါ။

၁၀။ နိရောဓသစ္စံ သစ္ဆိကရောန္တော– ၌ အဘယ်သို့ပြုသည်ကို သစ္ဆိကရောန္တောဟုဆိုသည်ကို ဖော်ပြ၍ သမထ, ဝိပဿနာ နှစ်ပါးကိုအားထုတ်ခြင်းကြောင့် ရရှိနိုင်သောအကျိုးတရားများကိုလည်း (ဋီ)အလိုကျ ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၆။ တနသီးရီတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ သကဒါဂါမိမဂ္ဂံ ဘာဝေတွာ–စသော ပါဠိကိုရေးလေ။

၂။ ကဗဠီကာရော အာဟာရော–စသော ပါဠိကို အနက်ရေးလေ။

၃။ ဆိုသောစကား မမှန်ပါ။

သာဓက– မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ။

ဆိုင်ရာအာရုံ–

ကုသိုလ်အဘိညာဉ်သည် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ် အလုံးစုံကို အာရုံပြုသည်၊ ကြိယာအဘိညာဉ်သည် အလုံးစုံကို အကုန်စင်အာရုံပြုသည်။

၄။ (က) ဒွေးပဋ္ဌိဝိညာဏ် ၁၀၊ မနောဓာတ် ၃–ခု။

(ခ) အဘိညာဉ်ဒွေးမှကြွင်းသော ရူပစိတ် ၁၅–ခု၊ အာကာ, အာကိဉ် ၆–ခု၊ ၂၁–ခုသည် ပညတ်ကာလဝိမုတ်သက်သက်ကိုသာ အာရုံပြုသည်။
လောကုတ္တရာစိတ် ၈–ခုသည် နိဗ္ဗာန်ကာလဝိမုတ်သက်သက်ကို အာရုံပြုသည်။

(ဂ) မဟဂ္ဂုတ်ကြိယာ သောမနဿ ၄–ခု၊ အရဟတ္တဖိုလ်သောမနဿ ၄–ခု၊ ပေါင်း ၈–ခု။

(ဃ) မနောဒ္ဓါရာဝဇ္ဇန်။ မဟာကြိယာစိတ် ၈–ခု၊ နေဝသညာနာသညာယတနဝိပါက် ၁–ခု၊ ကြိယာ ၁–ခု၊ အရဟတ္တဖိုလ် ၁–ခု၊ ပေါင်း ၁၂–ခု။

၅။ (က) ဥပေက္ခာသန္တီရဏ ၂–ခု။

(ခ) ရှေ့၌ လေ့ကျက်အပ်ဖူးသော ကာမအာရုံ။

(ဂ) ဘဝင်ကိစ္စ။

နလုံးသား၌ အမှန်းတရား မထားသော ပုဂ္ဂိုလ်– အနာဂါမ်ရဟန္တာပုဂ္ဂိုလ်။

၆။ ရူပသ လဟုတာ–၌ နိပ္ပန္နရုပ် အဌာရသ၊
ရူပသ ဥပစယော–၌ စက္ခု–အစရှိသော ရုပ်။

ရယ်ရွယ်ခြင်းကို ဖြစ်စေသော စိတ်–

လောဘမူသောမနဿ ၄၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်သောမနဿ ၄၊ မဟာကြိယာ

http://www.dhammadownload.com

သောမနဿ ၄၊ ပေါင်း ၁၃-ခု။

သာဓက- သောမနဿဇဝနာနိ ပနေတ္တ တေရသ ဟသနမ္ပိ ဇနေန္တိ။

၇။ ဥပါဒိန္နရုပ်- အာရုံပြုသောအားဖြင့် တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောကြောင့် ဥပါဒိန္နရုပ်မည်၏။

ကမ္မဇရုပ်မည်ပုံ-

ကံကြောင့် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့,ဖြစ်သောကြောင့် ကမ္မဇရုပ်မည်သည်။

၈။ ဟိတ်ကင်းသောကြောင့် အဟိတ်စိတ် ၁၈-ပါးတို့၌ မဂ္ဂင် မရအပ်ပါ။

လေးပါးပြားရခြင်း-

ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ အားထုတ်ခြင်း။

မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ အားထုတ်ခြင်း။

မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်းငှါ အားထုတ်ခြင်း။

ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို တိုးပွါးစေခြင်းငှါ အားထုတ်ခြင်း- ဟူသော ကိစ္စ ၄-မျိုး ပြားသောကြောင့် သမ္မပ္ပဓာန် ၄-ပါး ပြားရသည်။

၉။ **နာမ အရ-** ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော ဝေဒနာ-စသော ခန္ဓာ ၃-ပါး အပေါင်း။

ရူပ အရ- ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်သော ဘူတရုပ်, ဥပါဒါရုပ် အားဖြင့် ၂-ပါး ပြားသော ကမ္မဇရုပ်။

သင်္ခါယတနအရ- အဖျတ္တိကာယတန ၆-ပါး။

စေတနာအပြား- စိတ်တခုယုတ် ၉၀-၌ရှိသော စေတနာ တခုယုတ် ၉၀။

နာမ်ရုပ်အပြား- စိတ်တခုယုတ် ၉၀၊ စေတနာကြဉ်သော စေတသိက် ဇကေပညာသ, စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်။

၁၀။ အာရုံပြုသည်၏ အစွမ်းအားဖြင့် မျက်မှောက်ပြုသည်ကို သစ္စိကရောန္တော-ဟုဆိုသည်။

အကျိုးတရားများ-

သမထကို အားထုတ်လျှင် စျာနသုခကို ရသည်၊ ဝိပဿနာကို အားထုတ်လျှင် ဖလသုခ စသည်ကို ရသည်။

http://www.dhammadownload.com

၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း) ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလဆုတ် (၁၅)ရက်၊ (၂၅-၃-၂၀၀၉) ဗုဒ္ဓဟူးနေ့။

၁။ ဝိပဿနာဉာဏ် ရင့်ကျက်ခြင်းသို့ရောက်သော ယောဂီပုဂ္ဂိုလ်အား မဂ်ဆိုက်ခါနီး စိတ်အစဉ်ဖြစ်ပုံပြ သင်္ဂဟပါဠိကို မှန်ကန်အောင်ရေးပြပါ။

၂။ ဝဋ္ဋအမြဲ, ငရဲအပ ဆိုရိုးစကားအရ လူဘဝခံစားရသမျှ ကြုံဆုံလာရမည့် ဝဋ္ဋတရားများပြ သင်္ဂဟပါဠိကို အနက်မှန်မှန် ယောဇနာပါ။

၃။ အာရမ္မဏသင်္ဂဟလာ ကမ္မ, ကမ္မနိမိတ္တ, ဂတိနိမိတ္တသမ္ဘတံအရ ကမ္မနိမိတ်၏သဘောကို အထောက်သာဓကဖြင့် ရေးပြီးလျှင်၊ ထင်းကမ္မနိမိတ်သက်သက်ကိုသာ အာရုံပြုနိုင်သော စိတ်များကိုလည်း အထောက်သာဓကဖြင့် ကောက်ပြပါ။

၄။ အဘိဓမ္မာသင်ကြီးဟ်ကျမ်းဌ်ပါရှိသော ဝိသယပွဝတ္တိ ၉-မျိုးကို ရေတွက်၍ နာမ်မရှိသော သတ္တဝါ၊ နာမ်သာရှိ၍ ရုပ်မရှိသောသတ္တဝါ၊ နာမ်, ရုပ်နှစ်ပါးစုံရှိသောသတ္တဝါတို့ကို အဘိဓမ္မာကျမ်းလာအတိုင်း ဖော်ပြပါ။

၅။ အနုပါဒိန္နသာဖြစ်၍ ဥပါဒိန္နမဖြစ်သော ရုပ်များနှင့် အနုပါဒိန္နနှင့် ဥပါဒိန္နနှစ်ပါးစုံ မဖြစ်နိုင်သော ရုပ်များကို သင်္ဂဟသာဓကဖြင့် ဖော်ပြပါ။

၆။ အာသဝါဒီသု ပနေတ္ထ ကာမဘဝနာမေနတမ္ဘတ္ထုကာတဏှာအဓိပ္ပေတာဟူသောပါဌ်ဖြင့် အဘယ်ကိုသိစေလို၍ သင်္ဂဟဆရာ အမှာအထားပြုသည်ကို ဖြေ၍၊ တထာပဝတ္တံ ဒိဋ္ဌိ ဂတမေဝ ပဝုစ္စတိ-ဌ် တထာ ပဝတ္တံဖြင့် သိစေအပ်သော အဓိပ္ပါယ်ကိုလည်း အကျယ်နည်းဖြင့် ဖော်ပြပါ။

၇။ ယောဂီပုဂ္ဂိုလ်၏ သန္တာန်ဌ် ဈာန်မဂ်ဖိုလ်တရားများ ဖြစ်ပေါ်ခွင့်မရအောင် တားဆီးပိတ်ပင်တတ်သော တရားများကို ဖော်ပြ၍၊ တဏှာလောဘ၏ ကာမစ္ဆန္ဒနီဝရဏမည်ပုံ သဘောအဓိပ္ပါယ်ကိုလည်း ရေးပါ။

၈။ မဂ္ဂင်တရားများသည် သတ္တဝါများကို အပါယ်ဘုံသို့လည်း ပို့ဆောင်နိုင်သည်ဟုဆိုလျှင်

http://www.dhammadownload.com

လက်ခံမည်လော အကြောင်းပြရှင်းပြီးလျှင်၊ စိတ်စေတသိက်တို့သည် အတူတကွဖြစ်ကြသော ရုပ်တရားများအား အဘယ့်ကြောင့် သမ္မယုတ္တပစ္စည်း မတပ်ပါသနည်း ဖြေပါ။

၉။ ပဿဒ္ဓိ, အဓိမောက္ခ, ပဂ္ဂဟ, ဉာဏ, ဥပဋ္ဌာနတို့၏ တရားကိုယ်များကို အဓိပ္ပါယ်နှင့် တကွ ပြည့်စုံစွာ ဖော်ပြပါ။

၁၀။ ပစ္စဝေက္ခဏာငါးဝီထိသရုပ်ကို ရေတွက်ပြ၍ ရဟန္တာပုဂ္ဂိုလ်၌ မရနိုင်သော ပစ္စဝေက္ခဏာ ဝီထိကိုလည်း အကြောင်းနှင့်တကွ ဖော်ပြပါ။

၇။ ပဲခူးတိုင်း/ အနောက်ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တဿေဝ ပဋိပဒ္ဓန္တသ-စသော ၃-ပုဒ်ကိုရေးလေ။

၂။ အဝိဇ္ဇာ တဏှာပါဒါနာ စ ကိလေသာ ဝဋ္ဋ-စသောပါဠိကို အနက်ရေးလေ။

၃။ ကမ္မနိမိတ်၏ သဘော

(က) ကံပြုစဉ်က တွေ့ကြုံရသော ကျောင်း, ကံ, ဘုရား, စေတီ, သား, ငါး, သူဉစ္စာ, သူအိမ်ရာ-စသော ဥပလဒ္ဓ (တိုက်ရိုက်ရအပ်သော ပဓာန) အာရုံများ။

(ခ) ဆွမ်း, သင်္ကန်း, ပန်း, လက်နက်, လှံ, ကန်-စသော ဥပကရဏ (ကံပြီးမြောက်ဖို့ရန် အဆောက်အဦ အခြံအရာမ်များဖြစ်သော အပဓာန)အာရုံများ။

သာဓက-

တံ ကမ္မကရဏကာလေ ရူပါဒိကမုပလဒ္ဓပုဗ္ဗမုပကရဏဘူတဉ္စ ကမ္မနိမိတ္တံ ဝါ။

အာရုံပြုနိုင်သောစိတ်- ရူပပဋိသန္ဓေ, အရူပပဋိသန္ဓေ။

သာဓက- ရူပါဝစရပဋိသန္ဓိယာ ပန ပညတ္တိဘူတံ ကမ္မနိမိတ္တမေဝါရမ္မဏံ ဟောတိ။ တထာ အရူပပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဉ္စ ကမ္မနိမိတ္တမေဝ ယထာရဟ မာရမ္မဏံ ဟောတိ။

၄။ အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တ-အားဖြင့် ပဉ္စဒ္ဒါရ-၌ ၄-ပါး။
ဘူတ, အဝိဘူတ-အားဖြင့် မနောဒ္ဒါရ-၌ ၂-ပါး။
ကမ္မ, ကမ္မနိမိတ္တ, ဂတိနိမိတ္တ-အားဖြင့် ဝီထိမုတ္တအတွက် ၃-ပါး။ ပေါင်း ၉-ပါး။

http://www.dhammadownload.com

နာမ်မရှိသော သတ္တဝါ- အသညသတ်၊
ရူပ်မရှိသော သတ္တဝါ- အရူပ၊
နှစ်ပါးစုံရှိသောသတ္တဝါ- ကာမ၊ အသညသတ်ကြဉ်သော ရူပ။

၅။ **အနုပါဒိန္နသာဖြစ်၍ ဥပါဒိန္နမဖြစ်သောရူပ်-**
ဝိညတ် ၂၊ သဒ္ဒ၊ လဟုတာဒိတ္တယ ၃၊ ပေါင်း ၆။
နှစ်ပါးစုံ မဖြစ်သောရူပ်- လက္ခဏရူပ် ၄-ခု။
သာဓက- ကမ္မဇ ဥပါဒိန္နရူပ်၊ ဣတရံ အနုပါဒိန္နရူပ်၊ လက္ခဏရူပ် နှ ကုတောစိ ဇာယန္တိ။

၆။ ကာမအရ, ဘဝအရ ထိုကာမ, ဘဝလျှင် အာရုံရှိသော တဏှာ,လောဘကို အရကောက်မည်ဟု သိစေလိုမှ သင်ဟာဆရာ ဆိုသည်။
အဓိပ္ပါယ်-
ဒိဋ္ဌိစေတသိက် တစ်ခုတည်းကိုပင်-
၁။ သီလဗ္ဗတပရာမာသ အခြင်းအရာအားဖြင့် ဖြစ်သောအခါ သီလဗ္ဗတပရာမာသ ဟုလည်းကောင်း။
၂။ ဣဒံ သစ္စာဘိနိဝေသ အခြင်းအရာဖြင့် ဖြစ်သောအခါ ဣဒံ သစ္စာဘိနိဝေသ-ဟုလည်းကောင်း။
၃။ အတ္တဝါဒုပါဒ အခြင်းအရာအားဖြင့် ဖြစ်သောအခါ အတ္တဝါဒုပါဒ-ဟုလည်းကောင်း ဆိုသည်ဟု သိစေသည်။

၇။ ကာမစ္ဆန္ဒနိဝရဏ၊ ဗျာပါဒနိဝရဏ၊ ထိန,မိဒ္ဓနိဝရဏ၊ ဥဒ္ဓစ္စ, ကုက္ကုစ္စနိဝရဏ၊ ဝိစိကိစ္ဆာနိဝရဏ၊ အဝိဇ္ဇာနိဝရဏတို့ဖြစ်သည်။
သဘောအဓိပ္ပါယ်-
ကာမဂုဏ် ၅-ပါးတို့၌ လွန်ကဲသောရာဂဟုဆိုအပ်သော ကာမသည်ပင်လျှင် လိုလားတောင့်တတတ်သောအနက်ကြောင့် ကာမစ္ဆန္ဒမည်သည်၊ ထိုကာမစ္ဆန္ဒသည်ပင်လျှင် ဈာန်-စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်လတ္တံ့သော ကုသိုလ်စိတ်ကို တားမြစ်တတ် ဖြစ်ခွင့်ကို မပေးတတ်သောကြောင့် နိဝရဏမည်သည်၊ ဝါ-ပညာစက္ခုကန်းအောင် ပြုတတ်သောကြောင့် နိဝရဏမည်သည်။

၈။ မိစ္ဆာဒိဋ္ဌိစသော မိစ္ဆာမဂ္ဂင် ၄-ပါးသည် သတ္တဝါများကို အပါယ်ဘုံသို့ ပို့ဆောင်နိုင်သည်။

http://www.dhammadownload.com

သမ္ဘယုတ္တပစ္စည်း မတပ်ကြောင်း-

ဧကုပ္ပါဒအစရှိသော သမ္ဘယောဂလက္ခဏာ ၄-ပါး မရှိသောကြောင့် တက္ခဏဖြစ်ဖက် ရှပ်တရားတို့အား သမ္ဘယုတ္တပစ္စည်း မတပ်ပါ။

၉။ **တရားကိုယ်များ-**

ပဿဒ္ဓိ- ကိုယ်စိတ်တို့၏ ပူပန်ခြင်းမှ ငြိမ်းခြင်းလက္ခဏာရှိသော ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ၏ အစွမ်းဖြင့် ၂-ပါး အပြားရှိသော ငြိမ်းခြင်း။

အဓိမောက္ခ- အားကြီးသော သဒ္ဓါနှေးဟုဆိုအပ်သော သဒ္ဓါ ယုံကြည်ခြင်း။

ပဂ္ဂဟ- သမ္ဘပွဓာန်ကိစ္စကို ပြီးစေတတ်သော ဝီရိယသမ္ဟောဇ္ဈင်ဟုဆိုအပ်သော ထောက်ပံ့ခိုင်စေခြင်း။

ဉာဏ- သိကြားမင်းသည် လွှတ်အပ်သော ဝရဖိန်မိုးကြိုးစက်နှင့်တူသော လက္ခဏာယာဉ် ၃-ပါးကို ရှုသည်ဖြစ်၍ဖြစ်သော ဉာဏ်။

ဥပဋ္ဌာန- သတိပဋ္ဌာန်ဖြစ်၍ဖြစ်သော ကြာမြင့်စွာပြုအပ်ပြီးသော အမှုစသည်ကို အဖန်တလဲလဲ အောက်မေ့ခြင်းငါ့ စွမ်းနိုင်သော ထင်ခြင်းဟုဆိုအပ်သော သတိ။

၁၀။ မဂ္ဂပစ္စယေဝေ့ဏာ၊ ဖလပစ္စယေဝေ့ဏာ၊ နိဗ္ဗာနပစ္စယေဝေ့ဏာ၊ ပဟီနကိလေသပစ္စယေဝေ့ဏာ၊ သေသကိလေသပစ္စယေဝေ့ဏာ။

ဝိထိနှင့်အကြောင်း-

ရဟန္တာပုဂ္ဂိုလ်၌ ကြွင်းသောကိလေသာ မရှိသောကြောင့် သေသကိလေသပစ္စယေဝေ့ဏာ မရှိပါ။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၂၅-၃-၂၀၀၉) ဗုဒ္ဓဟူးနေ့။

၁။ ဆူညံမရှိ တောအတိပြီးသား စမ်းချောင်းနားဌ ပကတိငြိမ်းအေးခြင်းကို ခံစားရသော စာဖြေရှင်အား ကျေးဇူးပြုသော ပစ္စည်း၏ အကြောင်းအကျိုးပြ စုဏ္ဏိယပါဠိကို ပါဠိ ရေးပြပါ။

၂။ ပရိယတ္တိသာသနာပြုရုံမျှဖြင့် အားရမနေကြဘဲ စျာနသုခ, ဖလသုခ-တို့၏ အရသာကို

http://www.dhammadownload.com

ခံစားစေရန် ပဋိပတ္တိသာသနာကိုပါ ကြိုးစားအားထုတ်သင့်ကြောင်းပြ သင်ဟဂါထာကို အနက်ရေးပြပါ။

၃။ သူတစ်ပါးကုသိုလ်ကောင်းမှုပြုလုပ်နေသည်ကို မြင်ရသဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်နေသော ကလေးငယ်တစ်ဦး၏ သန္တာန်၌ ဖြစ်သောစိတ်ကို စေတသိက်နှင့် ယှဉ်တွဲဖော်ပြ၍ ၎င်းစိတ်၏ (က) ကိစ္စ၊ (ခ) ဒ္ဒါရ၊ (ဂ) အာရုံ-တို့ကို ဖော်ပြပါ။

၄။ အာရုံ ၆-ပါးတို့တွင် အရာကျယ်ဆုံးဖြစ်သော အာရုံကို သင်ဟသာဓကဖြင့် ဖော်ပြ၍ ဒေဝီသတိဝေါဟာရေ-၌ "ဝေါဟာရ" အရ ပညတ် အာရုံများကိုလည်း စုံလင်စွာ ကောက်ပြခဲ့ပါ။

၅။ ရူပါရုံကို မြင်ရာ၌ စက္ခုပသာဒဖြင့် မြင်သလော, စက္ခုဝိညာဉ်ဖြင့် မြင်သလော, သင်ဟသာဓကဖြင့် ဖော်ပြ၍ နိရောဓသမာပတ်ဝင်စားနေသော ပုဂ္ဂိုလ်၌ဖြစ်သော ပရမတ်တရားတို့ကို ဖော်ပြပါ။

၆။ ဘာဝနာမယ ကာမကုသိုလ် မနောကံနှင့် ဘာဝနာမယ ရူပကုသိုလ် မနောကံတို့၏ ထူးခြားချက်ကို ဖော်ပြ၍ ဒါန, သီလကုသိုလ်မှုဖြင့် မြတ္တာဘုံသို့ ရောက်နိုင်/မရောက်နိုင် အကြောင်းပြ ဖြေဆိုပါ။

၇။ ဝိညတ္တိဒ္ဒယ် စိတ္တဇမေဝ-၌ စိတ္တ- အရနှင့် လေတိုက်နေသော သစ်ပင်၌ ဖြစ်နိုင်သည့် ရုပ်တို့ကို ထုတ်ပြ၍ စတုမဟာဘူတကောနသစ္ဆိကာတဗ္ဗံပါဠိဖြင့် ပြဆိုသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာအလိုကျ ဖော်ပြပါ။

၈။ ဥပေက္ခာစျာနင်နှင့် ဥပေက္ခာသမ္ဗောဇ္ဈင်တို့၏ အထူးကို ရေးသားဖြေဆို၍ ကမ္မဝဋ်၌ ပါဝင်သော ဘဝနှင့် သခါရတို့သည် တူညီမှုရှိ/မရှိ ရှင်းလင်းဖြေဆိုပါ။

၉။ မဂ္ဂင်တရားများသည် သတ္တိပါများကို အပါယ်ဘုံသို့လည်း ပို့ဆောင်နိုင်သည်ဟု ဆိုလျှင် လက်ခံမည်လော? အကြောင်းပြရှင်းလင်းပြီး "ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိဇကောဝ လဗ္ဘတိ"၌ "ယထာသမ္ဘဝံနှင့် ဇကောပ"တို့၏ အဓိပ္ပါယ်ကို ဋီကာ ဆရာအလိုကျ ရှင်းလင်းပြပါ။

http://www.dhammadownload.com

၁၀။ မည်ကဲ့သို့ ဆင်ခြင်အောက်မေ့နေမှုကို ဒေဝတာနုဿတိ-ဟုခေါ်ဆိုပါသနည်း ဦးကာ အလိုကျ ရှင်းပြ၍၊ လူတို့၏ ပေါင်းကူးသဖွယ်ဖြစ်သော မေတ္တာ၏ အဓိပ္ပါယ်နှင့် သဘော လက္ခဏာတို့ကိုလည်း ဖြေဆိုပါ။

၈။ ပဲခူးတိုင်း/ အရှေ့ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ရာဂါဒယော ပန-စသော ပကတူပနိဿယ ပါဠိကို ရေးလေ။

၂။ ဘာဝေတမ္ဗံ ပနိစ္ဆေဝံ-စသော ဂါထာကို အနက်ရေးလေ။

၃။ **စိတ်**-သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်။
စေတသိက်- အညသမာန်းစေတသိက် ၁၃-ခု၊ ဉာဏ်ကြဉ်သော သောဘန စေတသိက် ၂၄-ခု၊ ပေါင်း ၃၇-ခု။
(က) ဖောကိစ္စ၊ (ခ) ၆-ဒ္ဒါရ၊
(ဂ) လောကုတ္တရာကြဉ် အလုံးစုံအာရုံ။

၄။ မ္မောရုံ။
သာဓက- ဓမ္မာရမ္မဏ် ပန ပသာဒသုခုမရူပစိတ္တစေတသိကနိဗ္ဗာနပညတ္တိဝသေန ဆဓာ သင်္ဂယှတိ။
ပညတ် အာရုံများ-
ကသိဏ်းပညတ် ၁၀-ပါး၊ အသုဘပညတ် ၁၀-ပါး၊ ဈာန်-အစရှိသော ကာယ အစု ပညတ်၊ ထွက်သက် ဝင်သက်ပညတ်၊ အပွမညာ၏ အာရုံဖြစ်သော သတ္တဝါပညတ်၊ ကောင်းကင်ပညတ်၊ နတ္ထိဘောပညတ်။

၅။ စက္ခုဝိညာဏ်ဖြင့် မြင်ပါသည်။
သာဓက- တမေဝရူပံ ပဿန္တံ စက္ခုဝိညာဏံ။
ပရမတ်တရား- ကမ္မဇရုပ်, ဥတုဇရုပ်။

၆။ ဘာဝနာမယကုသိုလ်ကံသည် အပွနာအပတ္တ၊
ဘာဝနာမယ ရူပကုသိုလ်ကံသည် အပွနာပတ္တ၊ ဣဋ္ဌာသို့ ထူးသည်။

http://www.dhammadownload.com

မြတ္တာ့ဘုံ ရောက်/မရောက်-
ဒါန, သီလကံသည် ကာမာဝစရကုသိုလ်ကံသာ ဖြစ်သည်၊ ကာမာဝစရကုသိုလ်ကံသည် ကာမသုဂတိပဋိသန္ဓေအကျိုးကိုသာ ပေးသည်၊ မြတ္တာ့ဘုံဟူသော မဟဂ္ဂုတ်အကျိုးကို မပေးနိုင်ပါ။ ထို့ကြောင့် မြတ္တာ့သို့ မရောက်နိုင်။

၇။ **စိတ္တ-** အရ ဝုဋ္ဌော, ကာမဇော ၂၉, အဘိညာဉ်ဒွေး- ပေါင်း ၃၂။
ဖြစ်နိုင်သည့်ရှစ်- ဥတုဇဖြစ်သော အဝိနိဗ္ဘောဂရှစ် ၈, သဒ္ဒ- ပေါင်း ၉။
စတုမဟာဘူတကောန သဒ္ဓိကာတမ္ပံ-ဖြင့် အရိယာပုဂ္ဂိုလ်နိဗ္ဗာန်ကို ပစ္စက္ခသိဒ္ဓအဖြစ်ကို ပြသည်။

၈။ **ဥပေက္ခာစျာနင် အရ-** ဥပေက္ခာဝေဒနာ။
ဥပေက္ခာသမ္ဘောဇ္ဈင် အရ- တတြမဇ္ဈတ္တတာ။
ဘဝနှင့် သခ်ါရအထူး - (ကရင် ၁၀-က-ရ)

၉။ အပါယ်လားကြောင်း မဂ္ဂင်- (ပဲခူး/အနောက် ၈-ရ)
ယထာသမ္ဘဝံ- ဝိမံသာမိပတိ၏ ဒ္ဒိဟိတ်ဖောတို့၌ မဖြစ်သင့်ခြင်းကြောင့်လည်းကောင်း, စိတ်ကို ပြုစီမံခြင်းဟူသော ဥပနိဿယရှိသော တရား၏ ဖြစ်သင့်သည်အားလျော်စွာ လည်းကောင်း ရထိုက်သည်ကို "ယထာသမ္ဘဝံ"ဟု ဆိုသည်။
ဧကောဝ- အဓိပတိသည် တစ်ပါးသာ ဖြစ်သင့်သည်၊ နှစ်ပါး သုံးပါး မဖြစ်သင့်သော ကြောင့် "ဧကောဝ"ဟု ဆိုသည်။

၁၀။ **ဒေဝတာနုဿတိ-**
သဒ္ဓါအစရှိသော ဂုဏ်နှင့် ပြည့်စုံသော နတ်တို့သည် နတ်အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဓါအစရှိသော ဂုဏ်တို့သည် ငါ၌လည်း ရှိကုန်၏ ဟု နတ်တို့ကို သက်သေအရာ ထား၍ နတ် တို့၏ သဒ္ဓါအစရှိသော ဂုဏ်နှင့်တူသော မိမိ၏ သဒ္ဓါအစရှိသောဂုဏ်ကို အဖန်တလဲလဲ အောက် မေ့ခြင်း။
အမိပ္ပါယ်- ချစ်နှစ်သက်တတ်သောကြောင့်, မိတ်ဆွေတို့၌ ဖြစ်တတ်သောကြောင့် လည်းကောင်း မေတ္တာ မည်၏
လက္ခဏာ- သတ္တဝါတို့၏ စီးပွါးချမ်းသာကို ဆောင်ခြင်းလက္ခဏာရှိသည်။

http://www.dhammadownload.com

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မကွေးတိုင်း)
ပထမကြီးတန်း။ ။ အဘိဓမ္မတ္ထသင်္ဂဟာသာ

ခုနှစ်-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၂၅- ၃-၂၀၀၉) ဗုဒ္ဓဟူးနေ့။

၁။ အာဝုံအရာတွင် ကျေးပွန်စွာ ကျက်မှတ်ထားသော ဓမ္မာစရိယလောင်းလျှာများပီပီ ကမ္ဘာန်းပိုင်းလာ မင်ရခါနီး စိတ်အစဉ်ဖြစ်ပုံပြပါ့ဌ်ကို မှန်ကန်စွာရေးခဲ့ပါ။

၂။ ပုထုဇဉ်တို့အတွက် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးသည် အဓိကဖြစ်ရာ ဝဋ်ပြတ်ပုံ ဝဋ်လည်ပုံပြ ဂါထာကို မှန်ကန်စွာ အနက်ပေးခဲ့ပါ။

၃။ နှစ်သက်မှုပီတိသာရှိ၍ ကြံစည်မှု ဝိတက်မရှိသော စိတ်တို့ကို ဖော်ပြပြီးလျှင်၊ ပီတိ, ဝိတက် ၂-ပါးစုံမဖြစ်သော ကာမစိတ်တို့၏ လုပ်ဆောင်ရာ ကိစ္စတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ တိဟိတ်ပုဂ္ဂိုလ်၏ မဟာကုသိုလ်သောမနုဿသဟဂုတ် ဉာဏသမ္ပယုတ်ဈာ ၂-ခုနောင် ဖြစ်နိုင်သော အပွနာဈောတို့ကို ဖော်ပြပြီးလျှင်၊ ယင်းတိဟိတ်ပုထုဇဉ်၏ လာရောက်ရာဂတိကိုလည်း ပါဠိသာဓကပြ ဖြေဆိုပါ။

၅။ "လျှပ်စစ်မီးရောင်၌ ဩဇာဓာတ်ရှိ၏" ဟူသောစကားသည် အဘိဓမ္မာသဘာဝနှင့် ကိုက်ညီမှု ရှိ/မရှိ အကြောင်းပြကာ ဆုံးဖြတ်ချက်ချ၍၊ မိဿကသင်္ဂီဟလာ သမာဓိမိုလ်နှင့် သမာဓိန္ဒြေတို့၏ အရကိုလည်း ကောက်ပြခဲ့ပါ။

၆။ ဗုဒ္ဓဘာသာတို့ မျှော်မှန်းရာ နိဗ္ဗာန်သည် အကြောင်းအကျိုး နှစ်မျိုးတို့တွင် မည်သည့်တရား၌ ပါဝင်သည်ကို ပစ္စည်းပိုင်းအမြင်ဖြင့် တင်ပြ၍၊ အသုဘကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်အား ရရှိနိုင်သောအကျိုးတရားတို့ကိုလည်း ပါဠိသာဓကနှင့်တကွ ဖော်ပြခဲ့ပါ။

၇။ ရုပ်ကို မဖြစ်စေနိုင်သော စိတ်တို့တွင် ဒွေးပဋ္ဌိဝိညာဉ် ၁၀-တို့၏ ရုပ်ကို မဖြစ်စေနိုင်ခြင်း၏ အကြောင်းကိုရေး၍၊ ရုပ်ကလာပ်လက္ခဏာလေးပါးတို့တွင် သဟဝုတ္တိနောကို ထပ်၍ ဆိုရခြင်း အကြောင်းကိုလည်း ရေးပါ။

၈။ ခန္ဓာငါးပါး၏ အိုးခွက်စသည်နှင့်တူပုံကို အကြောင်းနှင့်တကွ ရေးပါ။

၉။ ဈာတိ ဇရာ မရဏ-သည် အဘယ့်ကြောင့် အနာဂတ်ဖြစ်သော ကာလမည်သည်ကို

http://www.dhammadownload.com

ရေး၍၊ ဏတိ ဏရာ မရဏကို ယူသဖြင့် ဝိညာဉ်စသော အကျိုးငါးပါးအပေါင်းကို ယူရခြင်းအကြောင်းကိုလည်း ဦးကာအလိုကျရေးပါ။

၁၀။ လောကဌ် အထူးလိုအပ်လျက်ရှိသော မေတ္တာ၏ အမိပ္ပါယ်, မေတ္တာ၏သဘောလက္ခဏာတို့ကို ရေးသား၍၊ မေတ္တာစသော တရားလေးပါးတို့ကို ဗြဟ္မဝိဟာရဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း ရေးပါ။

၉။ မကွေးတိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တသော်ဝ ပဋ္ဌိပဒ္ဓန္တသ–စသော ၃–ပုဒ်ကို ရေးလေ။

၂။ တေသမေဝ မူလာနံ– ပ– အဝိဇ္ဇာ စ ပဝတ္တတိ–ဟူသော ဂါထာကို အနက်ရေးလေ။

၃။ ဒုတိယစျာန်, တတိယစျာန်စိတ်။
ကိစ္စ–စက္ခုဝိညာဏ်ဒွေသည် ဒဿနကိစ္စ။
သောတဝိညာဏ်ဒွေသည် သဝနကိစ္စ။
ဃာနဝိညာဏ်ဒွေသည် ဃာယနကိစ္စ။
ဇိဝှါဝိညာဏ်ဒွေသည် သာယနကိစ္စ။
ကာယဝိညာဏ်ဒွေသည် ဖုသနကိစ္စ။

၄။ **ဖြစ်နိုင်သော အပွန်အဇော**– မဟဂ္ဂုတ်ကုသိုလ် သောမနဿ ၄၊ မဂ်သောမနဿ ၁၆၊ အောက်ဖိုလ် ၃–ခု သောမနဿ ၁၂၊ ပေါင်း ၃၂–ခု။
လားရောက်ရာဂတိ–
တိဟိတ်ပုထုဇဉ်သည်ကာမ,ရူပ, အရူပ ဂတိအားလုံး လားရောက်နိုင်သည်။
(တစ်နည်း) ဒေဝ, မနုဿ, နိရယ, ပေတ, တိရစ္ဆာန–ဟူသော ဂတိ ၅–မျိုးသို့ ရောက်နိုင်သည်။

၅။ ဝဏ္ဏ, ဂန္ဓ, ရသ, သြဇာ, ဘူတရုပ် ၄–အားဖြင့် ၈–ခုသည် ခွဲမရသော အဝိနိဗ္ဘောဂရုပ်ဖြစ်သောကြောင့် "လျှပ်စစ်မီးရောင်၌ သြဇာမတ်ရှိ၏"–ဟူသော စကား အဘိဓမ္မာသဘာဝနှင့် ကိုက်ညီပါသည်။

http://www.dhammadownload.com

သမာဓိဗိုလ်, သမာဓိနွေ့-
ဝိရိယမဖြစ်သော စိတ် ၁၆-ခုနှင့် ဝိစိကိစ္ဆာသဟဂုတ်စိတ် ပေါင်း ၁၇-ခုကြဉ်သော ၇၂-ခုဌ ရှိသော ဇကဂ္ဂတာသည် သမာဓိဗိုလ်, သမာဓိနွေ့မည်သည်။

၆။ နိဗ္ဗာန်သည် အကြောင်းပစ္စည်းဌ ပါဝင်သည်။
အကျိုးတရား- ပထမဈာန်ရရှိနိုင်သည်။
သာဓက- ဒသ အသုဘာ, ကာယဂတာသတိ စ ပထမဈာနိကာ။

၇။ ရုပ်ကို ဖြစ်စေခြင်းဌ ထူးသော အကြောင်းဖြစ်ကုန်သော စျာနင်တို့နှင့် မယှဉ်သော ကြောင့် ဒွေပဋ္ဌဝိညာဏ် ၁၀-သည် ရုပ်ကို မဖြစ်စေနိုင်။
ထပ်ဆိုရကြောင်း-
အသီးအသီးသော ကလာပ်ဌဖြစ်သော ရုပ်တို့၏ အစွမ်းအားဖြင့် တကွဖြစ်ခြင်းဟူသော ကလာပ်သဘောကို ပြလိုသောကြောင့် "သဟဝုတ္တိနော"ကို ထပ်ဆိုသည်။

၈။ ရုပ်သည် ဝေဒနာ၏ မှီရာဖြစ်သောကြောင့် ခွက်နှင့်တူသည်။
ဝေဒနာသည် ခံစားထိုက်သောကြောင့် ဘောဇဉ်နှင့်တူသည်။
သညာသည် ဝေဒနာဌ သာယာခြင်းကို ရကြောင်းဖြစ်သောကြောင့် ဟင်းလျာနှင့် တူသည်။
သင်္ခါရသည် ပြုစီမံတတ်သောကြောင့် ထမင်းချက်သမားနှင့် တူသည်။
ဝိညာဏ်သည် သုံးဆောင်ခံစားတတ်သောကြောင့် စားတတ်သူနှင့် တူသည်။

၉။ **အနာဂတ်ကာလ မည်ကြောင်း-** (စစ်ကိုင်း ၉-ရ)
ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာတို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းတို့ကို သာလျှင် ဇာတိ, ဇရာ, မရဏ-ဟု ဆိုအပ်သောကြောင့် ဇာတိ, ဇရာ, မရဏ ကို + + ယူသဖြင့် ဝိညာဉ် စသော အကျိုး ငါးပါးကိုလည်း ယူရသည်။

၁၀။ **မေတ္တာ အဓိပ္ပါယ်နှင့် လက္ခဏာ** (ပဲခူး/အရှေ့ ၁၀-ရ)
ဖြတ္ခဝိဟာရ- မြတ်သော နေခြင်းဖြစ်သောကြောင့်လည်းကောင်း, မြတ်သူတို့၏ နေခြင်းဖြစ်သောကြောင့်လည်းကောင်း ဖြတ္ခဝိဟာရ-မည်သည်။

http://www.dhammadownload.com

၁၀။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (မန္တလေးတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၀-ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၂၅- ၃-၂၀၀၉) ဗုဒ္ဓဟူးနေ့။

၁။ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ သက်တမ်းပြ သင်္ဂဟဂါထာနှင့်၊ မဟာဂ္ဂျတ်ကုသိုလ်ဂံတို့၏ အကျိုးပေးပုံပြ သင်္ဂဟဂါထာတို့ကို ပါဠိရေးခဲ့ပါ။

၂။ အဘိညာဉ်များ ဖြစ်ပေါ်လာအောင် အဆင့်ဆင့်စီးဖြန်းပွားများရမည့် အစီအစဉ်များကို ပြဆိုသည့် သင်္ဂဟစုလ္လိယပါဠိကို အနက်ပေးပြခဲ့ပါ။

၃။ သဘာဝအားဖြင့် ဝိတက်မပါဘဲ အာရုံယူနိုင်သောစိတ်, ဘာဝနာအစွမ်းဖြင့် ဝိတက်ကင်းလျက် အာရုံယူနိုင်သောစိတ်တို့ကို သရုပ်ထုတ်ပြ၍ သမ္ပယောဂနည်း ၁၆-ပါး နိဒါန်းဂါထာလာ စိတ္တာဝိယုတ္တာ- အရနှင့် စိတ္တာပ္ပါဒ- အရတို့ကို ဌာနာနုရူပအားလျော်စွာ ကောက်ပြခဲ့ပါ။

၄။ အာသဝတရားတို့က ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် အာရုံပြုနိုင်ပုံကို သင်္ဂဟ အထောက်ပြ ဖြေဆိုရ၍ ချစ်သူကောင်လေးကို စေ့စေ့ကြည့်ပြီး စိတ်ကောက်နေသော သောမနဿပဋိသန္ဓေပိုင်ရှင် အပျိုကြီး၏ ဒေါသစိတ်ကလေးများနောက်ဝယ် တဒါရုံ ကျရောက်ခွင့် မရှိနိုင်ပုံကို တဒါရမ္မဏနိယမအမြင်ဖြင့် သုံးသပ်ပြခဲ့ပါ။

၅။ "မရဏာသန္နအခါ အာရုံများသည် ၁၇- ချက် အသက်ရှည်လျှင် စုတိနောက်က ပဋိသန္ဓေနှင့် ဘဝင်အနည်းငယ်တို့ ပစ္စုပ္ပန်ဖြစ်နိုင်ကြောင်း" ပြဆိုရာ အာရုံသည် ဂံအာရုံဖြစ်ပါက နောက်ဘဝ ပဋိသန္ဓေသည် ပစ္စုပ္ပန်ဖြစ်နိုင်/ မဖြစ်နိုင် သာဓကဖြင့် ဖြေဆိုရ၍ ဘဝတစ်ခုတွင် စုတိစိတ်လည်း မကျ, ဝိထိစိတ်လည်း မဖြစ်ပါက ဖြစ်ပေါ်လာနိုင်သော စိတ်များကို ဖြစ်ပုံအခြင်းအရာနှင့်တကွ ပြဆိုခဲ့ပါ။

၆။ "လောကိယေပိ ယထာယောဂံ"ဝယ် လောကိယေ-၌ မပါသောစိတ်ကို အကြောင်းပြ ဖြေဆိုရ၍ စီးပွားရေး ကြပ်တည်း၍ လူမှုဒုက္ခ ကြုံတွေ့နေရသူများ ထွက်ပေါက်ရလိုစိတ်ဖြင့် ဗေဒင်မေး၍ ယတြာချေတတ်ကြသည်ကို ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အကြောင်းအကျိုးဆက်စပ်ပြပြီးလျှင် အဝိဇ္ဇာ ဖြစ်ခြင်း၏ အကြောင်းတရားကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၇။ ပဋ္ဌမစျာန်၌ယှဉ်သော ဥက္ကောကို စျာန်အင်္ဂါငါးပါး၌ အကြောင်းနှင့်တကွ ထည့်သွင်းပြု၍ ဝိညတ်ဒွေးသည် စိတ်နှင့်အတူ ဖြစ်ပါလျက် (ဖြစ်ချိန်, ချုပ်ချိန်တူပါလျက် စေတသိက် အမည် မရခြင်းအကြောင်းနှင့် ကာမဘုံ၌ ဝတ္ထုရုပ်ခြောက်ပါးလုံး ရနိုင်ခြင်း အကြောင်း တို့ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ ဇာတိရုပ်ကို ဥပစယရုပ်,သန္တတိရုပ်အားဖြင့် ခွဲခြားသတ်မှတ်ပြု၍ ဣန္ဒြေ ၂၂-ပါးတို့တွင် ဝေဒနိန္ဒြေငါးပါးကို မနိန္ဒြေ၏နောက်၌ ဟောရခြင်းအကြောင်းနှင့် ဝေဒနာ, သညာတို့ကို ခန္ဓာသီးခြားထုတ်၍ ဟောရခြင်းအကြောင်းတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၉။ ဝိပါကပစ္စည်းထိုက်သောတရားတို့၏ ငြိမ်သက်ခြင်းသည် ဥဿာဟ မရှိခြင်းကြောင့်လော ? ကိလေသာ ငြိမ်းခြင်းကြောင့်လော ? အကြောင်းပြ ဖြေဆို၍ ဝိပွယုတ္တပစ္စည်းဟု သတ်မှတ်ထိုက်သော တရားဟူသည် အဘယ်ကဲ့သို့တရားမျိုး ဖြစ်ထိုက်ပါသနည်း? ဖြေဆိုခဲ့ပါ။

၁၀။ စရိတသင်္ကေတ-ဟူသောပါဠိဖြင့် စရိုက်, စရိုက်ရှိသူ နှစ်မျိုးတို့တွင် အဘယ်ကို ဆိုလိုပါသနည်း ? ဖြေဆို၍ ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာတို့၏ အရတရားကို ပိုင်းခြားသတ်မှတ်ပြပြီးလျှင်၊ သကဒါဂါမ်ပုဂ္ဂိုလ်ခေါင်းပါးအောင်းပြုအပ်သော မောဟကို တိကျစွာ ဖြေဆိုခဲ့ပါ။

၁၀။ မန္တလေးတိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ကေတဘာသာ

၁။ နဝသတဒ္ဓေကဝိသ-စသောဂါထာနှင့် ဣတ္ထံ မဟဂ္ဂတံ ပုညံ-စသော ဂါထာတို့ကို ရေးလေ။

၂။ အဘိညာဝသေန ပဝတ္တမာနံ-စသော ကမ္မဋ္ဌာန်းပိုင်း ပါဠိကို အနက်ရေးလေ။

၃။ **သဘာဝအဝိတတ္တာ-** ဒ္ဒေပဋ္ဌဝိညာဏ် ၁၀။
ဘာဝနာဗလအဝိတတ္တာ- ဒုတိယစျာန် စသည်။
စိတ္တာဝိယုတ္တာ- အရ စေတသိက်။
စိတ္တာပ္ပါဒ- အရ စိတ်။

http://www.dhammadownload.com

၄။ အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တကာမာဝစရဏဝနာနိ စေတိ လောကုတ္တရဝဇ္ဇိတသဗ္ဗာ ရမ္မဏာနိ- ဟူသော ပါဠိကို ထောက်၍ အာသဝတရားတို့ ဓမ္မအားဖြင့် ဂေါ်တြဘူတိုင်အောင် အာရုံ ပြုနိုင်ပါသည်။
(**မှတ်ချက်-** အာဂန္တုက ဘဝင်ဆိုင်ရာ၌ တဒါရုံမဖြစ်ခဲ့သော်- ဟူ၍သာ သင်္ဂဟ၌ လာသည်၊ တဒါရုံ မဖြစ်နိုင်ဟု သင်္ဂဟ၌ မလာ)

၅။ ကံအာရုံဖြစ်လျှင် ပစ္စုပ္ပန် မဖြစ်နိုင်ပါ။
သာဓက- ကမ္မံ ပန အတီတမေဝ။
ဖြစ်ပေါ်လာနိုင်သော စိတ်- (ကချင် ၄- ခ-၇)
ဖြစ်ပုံအခြင်းအရာ- ဥပပတ္တိဘဝ၏ မပြတ်စဲကြောင်းအဖြစ်ဖြင့် မြစ်ရေအယဉ်ကဲ့သို့ မပြတ် ဖြစ်နေသည်။

၆။ ၆-ပါးသော ဝိသုဒ္ဓိတို့ မဖြစ်နိုင်သောကြောင့် အသောဘနစိတ်နှင့် လောကီ သောဘန ဝိပါက်စိတ်များ မပါဝင်။
ပဋိစ္စသမုပ္ပါဒ် ဆက်စပ်ပုံ-
အမှန် မသိမှု အဝိဇ္ဇာကြောင့် ဗေဒင်မေးပြီး, ယတြာချေမှုဟူသော သခ်ၨါရများ ဖြစ်ပေါ်ကာ ဝိညာဉ်-စသော အကျိုးဆက်များ ဆက်လက် ဖြစ်ပေါ်ရသည်။
အဝိဇ္ဇာအကြောင်း- အာသဝ။

၇။ ဥပေက္ခာသည် ငြိမ်သက်သော သဘောရှိသဖြင့် သုခ-ဟု ဆိုနိုင်သောကြောင့် သုခ-စျာနင်၌ ထည့်သွင်းရမည်။
စေတသိက်အမည်မရကြောင်း- တူသောအာရုံမရှိသောကြောင့် ဝိညတ်ဒွေ စေတသိက် အမည်မရ။
ဝတ္ထုရှစ် ၆-ပါးလုံး ရနိုင်ကြောင်း-
ပြည့်စုံသော ဣန္ဒြေရှိသောပုဂ္ဂိုလ်ကို ကာမဘုံ၌သာ ရနိုင်သောကြောင့် ကာမဘုံ၌ ဝတ္ထုရှစ် ၆-ပါးလုံး ရသည်။

၈။ ပဋိသန္ဓေမှ စ၍ စကျ-စသော ဒသကတို့၏ ဖြစ်သည့်တိုင်အောင် ကာလအတွင်း ရှစ်တို့၏ ဖြစ်ခြင်းသည် ဥပစယ။
ထိုမှ နောက်၌ ရှစ်တို့၏ ဖြစ်ခြင်းသည် သန္တတိ။

http://www.dhammadownload.com

မနိုင်ရှေ့နောင် ဟောရကြောင်း-

သတ္တ ဟုသမုတ်အပ်သော တရားအစုသည် ပဗန္ဓအစွမ်းဖြင့် ဖြစ်လတ်သော် ဤဝေဒနာ တို့ကြောင့် ညစ်နွမ်းရ၏-ဟူသော အနက်အဓိပ္ပါယ်ကို ပြလိုသောကြောင့် ဝေဒနိုင်ရှေ့ ၅-ပါးကို မနိုင်ရှေ့နောင် ဟောသည်။

သီးခြား ခန္ဓာ ဟောရကြောင်း- (ကယား ၉-၇)

၉။ ပယောဂဗျာပါရဖြင့် မပြီးစေထိုက်သည့်အတွက် ကံကို ပြုခဲ့သဖြင့် ပြီးစီးရသော အကျိုး တရားမျှ ဖြစ်သောကြောင့် ဥဿာဟ မရှိ၊ ထို့ကြောင့် ဝိုမ်သက်သည်၊ ကိလေသာ ငြိမ်း ခြင်းကြောင့် မဟုတ်။

ဝိပ္ပယုတ္တာ- အချင်းချင်း ဆက်သွယ်ခြင်းရှိကုန်သည်၏ အဖြစ်ဖြင့် ယှဉ်ကုန်သော်လည်း မယှဉ်ကုန်သည်၏ အဖြစ်ဖြင့် မရောနှောကုန်သည်၏ အဖြစ်ကြောင့် အသီးအသီးသော သဘောသို့ ကပ်ရောက်ခြင်းဖြင့် ကျေးဇူးပြုတတ်ကုန်သော ဝတ္ထုရုပ် ၆-ပါး, စိတ်, စေတသိက်တို့ သည် ဝိပ္ပယုတ္တာပစ္စည်းဟု သတ်မှတ်ထိုက်သော တရားများ ဖြစ်သည်။

၁၀။ စရိတသင်္ဂဟော-ပါဠိဖြင့် စရိုက်ရှိသူကို ဆိုလိုသည်။

ဥပစာရဘာဝနာ- တဒင်္ဂပဟာန်ဖြင့် နီဝရဏတို့ကို ပယ်ခွါသည်မှစ၍ ဂေါတြဘူအဆုံး ရှိသော ကာမာဝစရဘာဝနာ၊ ဝါ- အပွနာ၏ အနီးဖြစ်သော ဘာဝနာ။

အပွနာဘာဝနာ- မဟဂ္ဂုတ်(လောကုတ္တရာ)အဖြစ်သို့ ရောက်သောဘာဝနာ။

မောဟ- ရာဂ, ဒေါသတို့နှင့်တကွ တစ်ခုတည်းသော စိတ်၌ တည်သော မောဟ။

၁၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မွန်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၀)ရက်၊ (၄-၄-၂၀၀၉) စနေနေ့။

၁။ အာကာသ, နိမိတ္တာပညတ်မည်ပုံပြ အတ္တာပညတ်အကျယ် ပါဠိတို့ကို ကုန်စင်အောင် ရေးပြပါ။

၂။ ဂေါတြဘုစိတ် ဖြစ်ပုံပြပါဠိကို အနက်ယောဇနာပြပါ။

၃။ ၃-နှင့် ၄-ပမာ ဝိစိကိစ္ဆာ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သော စေတသိက်ကို ဖော်ပြပြီး ယင်းစေတသိက်၏ မယှဉ်ရာစိတ်တို့ကိုလည်း ရေးတွက်ပြပါ။

http://www.dhammadownload.com

၄။ အမည်နှစ်မျိုးဖြင့် ဟောကြားထားသောရှစ်ကို ဖော်ပြပြီး။ ဓာတ် ၁၈-ပါးပြားခြင်းအ ကြောင်းကို ရေးကာ၊ ဇာတိ-၏ အကျိုးရင်း အကျိုးဆက်တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

၅။ ဆဓာ နာမ် တု နာမသ-ဌ ဆ-သရှစ်ကို ဖော်ပြပြီး။ မင်း၏သား (ရာဇပုတ္တ)ကို အဘယ် ကြောင့် အဘယ်ပညတ်ဟု ခေါ်ပါသနည်း? ဖြေဆိုပါ။

၆။ အတွေးအခေါ် ပညာရှင်တို့အား လျှောက်ပတ်သော ကမ္မဋ္ဌာန်းကို ဖော်ပြပြီး။ အရဟံ-စသောဂုဏ်တော်များကို ပွားများရုံမျှဖြင့် စျာန်, မဂ်, ဖိုလ် ရနိုင်ခြင်း ရှိ/မရှိကိုလည်း သင်ဟသာဓက ကိုကား၍ ရေးပြပါ။

၇။ အရိယာပုဂ္ဂိုလ်တို့သည် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိ/မသိ သင်ဟအဆိုနှင့်အညီ ရေးပြ၍၊ နိရောဓသမာပတ် ဝင်စားနိုင်သောပုဂ္ဂိုလ်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

၈။ ဟဒယဝတ္ထု-ရှစ်၏ ဖြစ်ရာအရပ်နှင့် ဇိဝိတိန္ဒြိယ-ရှစ်၏ဖြစ်ရာအရပ်တို့ကို တိတိကျကျ ညွှန်ပြပါ။

၉။ ဘုံအားဖြင့် ဘဝင်, ဓမ္မအားဖြင့် ဂေါတြဘု-တိုင်အောင် ဖြစ်တတ်သော မာန-စသော တရားများစွာရှိပါလျက်အဘယ်ကြောင့် လောဘ,ဒိဋ္ဌိ,မောဟ-တရားသုံးပါကိုသာ အာ သဝ-ဟု ဆိုရပါသနည်း? ဋီကာရှင် ဆန္ဒအတိုင်း ရေးပြပါ။

၁၀။ အဘယ်တရားတို့သည် အဘယ့်ကြောင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ-မည်ပါသနည်း? ရေးပြခဲ့ပါ။

၁၁။ မွန်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်ဟဘာသာ

၁။ အသမ္ဘဇ္ဇာကာရမုပါဒါယ ကူပဂုဟာဒိကာ, တံတံဘူတနိမိတ္တं ဘာဝနာဝိသေသဉ္စ ဥပါဒါယ ကသိဏနိမိတ္တာဒိကာ။

၂။ တတော ပရံ ဂေါတြဘုစိတ္တं -ပ- မဘိသမ္ဘောန္တိ ပဝတ္တတိ-ဟူသော ပါဠိကို အနက်ရေးလေ။

http://www.dhammadownload.com

၃။ ဝိစာရ စေတသိက်ဖြစ်သည်။
မယှဉ်ရာစိတ်- ဒွေပဉ္စဝိညာဉ် ၁၀၊ တတိယဈာန် ၁၁၊ စတုတ္ထဈာန် ၁၁၊ ပဉ္စမဈာန် ၂၃၊ ပေါင်း- ၅၅။

၄။ ပထဝီ, တေဇော, ဝါယော၊ (ဘူတ+ ဂေါစရ)
ကာယဝိညတ်, ဝစီဝိညတ်၊ (ဝိညတ်+ ဝိကာရ)
ဓာတ် ၁၈-ပါး ပြားရကြောင်း-
ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ထို ဒွါရ အာရုံကို မှီ၍ဖြစ်သော ဝိညာဉ် ၆-ပါး ပြားခြင်းကြောင့် ဓာတ် ၁၈-ပါး ပြားသည်။
အကျိုးရင်း- ဇရာ, မရဏ။
အကျိုးဆက်- သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။

၅။ **ပစ္စယသတ္တိ ၆-မျိုး (စစ်ကိုင်း ၆-၅)**
မင်းသား- မင်းလည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ မင်းလည်း ပရမတ္ထအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။

၆။ အာနာပါနကမ္မဋ္ဌာန်း။
အရဟံ စသည်နှင့် ဈာန်, မဂ်, ဖိုလ်
ဈာန်, မဂ်, ဖိုလ် ရနိုင်ခြင်း မရှိ။
သာဓက- ဗုဒ္ဓါနုဿတိအာဒီသု အဌသု သညာဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ဘဇ္ဇတိ၊ နတ္ထိ အပ္ပနာ။

၇။ အရိယာပုဂ္ဂိုလ်တို့သည် မိမိရပြီးသော မဂ်, ဖိုလ်ကို အမြဲ ဆင်ခြင်လေ့ရှိကြသောကြောင့် မိမိကိုယ်ကို အရိယာဖြစ်မှန်း သိသည်။
နိရောဓသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်-
(ကာမဘုံ, ရူပဘုံ၌ တည်သော သမာပတ် ၈-ပါးနှင့် ပြည့်စုံသည့်) အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်။

၈။ ဟဒယဝတ္ထု- နလုံးအိမ်အတွင်း တစ်လက်ဖက်မျှလောက်သော သွေး။
ဇီဝိတိန္ဒြေ- ပါစကဝမ်းမီးနှင့်တကွ ဥပါဒိန္နကတစ်ကိုယ်လုံး။

http://www.dhammadownload.com

၉။ **အာသဝ-** အတ္တ, အတ္တနိယကို ယူခြင်း၏ အစွမ်းဖြင့် အလွန်ပျံ့နှံ့တတ်သောကြောင့်လည်းကောင်း, မူးယစ်ခြင်းကို ပြုတတ်သဖြင့် စိမ်ရည်အရက်-နှင့်တူသောကြောင့်လည်းကောင်း လောဘ,ဒိဋ္ဌိ,မောဟ တရား ၃-ပါးကိုသာ အာသဝ-ဟုဆိုသည်။

၁၀။ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမတိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးတို့သည် မဂ်တရားတည်းဟူသော ဉာဏဒဿနဝိသုဒ္ဓိ၏ ရောက်ကြောင်းအကျင့်ဖြစ်သောကြောင့်လည်းကောင်း, လက္ခဏာ သုံးပါးကို သိတတ်သောကြောင့်လည်းကောင်း, မျက်မှောက်အားဖြင့် မြင် တတ်သောကြောင့်လည်းကောင်း, ဆန့်ကျင်ဘက်ကိလေသာ စင်ကြယ်တတ်သောကြောင့်လည်း ကောင်း ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။

၁၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရန်ကုန်တိုင်း) ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

၁၃၇၀-ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် (၁၅)ရက်၊ (၂၅- ၃-၂၀၀၉) ဗုဒ္ဓဟူးနေ့။

၁။ သံသရာဝဋ်ဆင်းရဲ၌ အဖန်ဖန်ကျင်လည်ရသည်ကို စက်ဆုပ်ရွံရှာ၍ ဝိပဿနာဘာဝနာကို ပွားများသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်၏ သန္တာန်၌ မဂ်ရခါနီးစိတ်အစဉ်ဖြစ်ပုံကို ပြဆိုသော သင်္ဂဟပါဠိတို့ကို မှန်ကန်တိကျစွာရေးပါ။

၂။ အာရမ္မဏာဓိပတိသတ္တိ၏ ပစ္စည်း, ပစ္စယုပ္ပန်တို့ကို ရှုမျှော်၍ "ယေသံ သခ်ိတ ဓမ္မာနံ၊ ယေ ဓမ္မာ ပစ္ဆယာ ယထာ"ဟူသော ပါဠိကို မှန်ကန်စွာ အနက်ယောဇနာပါ။

၃။ အာဘဿရာဘုံသား ပုထုဇဉ်ပုဂ္ဂိုလ်၏သန္တာန်၌ မရနိုင်သော အကုသိုလ်စိတ်တို့ကို သာဓကထောက်၍ ကောက်ပြပြီးလျှင်၊ ပကိဏ်းစေတသိက်အားလုံးနှင့် ယှဉ်သော စိတ်/ မယှဉ်သောစိတ်တို့ကိုလည်း ခွဲခြား ဖြေဆိုပါ။

၄။ ဝိပဿနာဘာဝနာကိုမည်မျှပင်ပွားများစေကာမူ ယခုဘဝ၌ စျာနလာဘီအရိယာပုဂ္ဂိုလ်မဖြစ်နိုင်သော ပုဂ္ဂိုလ်တို့ကို ပဋိသန္ဓေစိတ်နှင့်တကွတွဲစပ် ဖြေဆို၍၊ ၎င်းပဋိသန္ဓေစိတ်တို့၏ (က) ဟိတ်၊ (ခ) ကိစ္စ၊ (ဂ) အာရုံ၊ (ဃ) ဝတ္ထုတို့ကိုလည်း စိစစ်၍ ဖြေဆိုပါ။

၅။ အဝိဟာဘုံသို့ ရောက်နေသော သေက္ခဖလဋ္ဌာန်ပုဂ္ဂိုလ်၏ (က) ရနိုင်သောဝိထိစိတ်များ၊ (ခ) စုတိနောင် နောင်းနိုင်သော ပဋိသန္ဓေ၊ (ဂ) ရောက်နိုင်သော ဘုံတို့ကို တိကျစွာ ဖြေဆိုပါ။

http://www.dhammadownload.com

၆။ ကမ္ဘစတုက္ကတွင် မပါဝင်သော ဂ၀်တို့ကို အကြောင်းနှင့်တကွ ဖြေဆိုရ၏၊ အောက်ပါတို့ကို လည်း မှန်ကန်စွာ ကောက်ပြပါ။

(က) ဥပါဒိန္နသာမည်၍ အနုပါဒိန္နမမည်သော ရုပ်၊

(ခ) အနုပါဒိန္နသာမည်၍ ဥပါဒိန္နမမည်သော ရုပ်၊

(ဂ) နှစ်ပါးစုံမည်သော ရုပ်၊

(ဃ) နှစ်ပါးစုံ မမည်သော ရုပ်။

၇။ အရှုပဘုံသား တိဟိတ်ပုထုဇဉ်များသည် ထိုဘုံ၌ အရိယာဖြစ်နိုင်/မဖြစ်နိုင်ကို ခိုင်လုံ သော သာဓကပြ၍ ဖြေဆိုပြီးလျှင်၊ အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပနိဿယတို့၏ အထူးကိုလည်း ဖြေဆိုပါ။

၈။ "နာဂစ်မုန်တိုင်းသည် မြန်မာတို့၏ စိတ်ရင်းကို ပေါ်လွင်စေသည်"ဟု ပြောဆိုကြရာ သူတစ်ပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ဖျောက်တတ်သော စေတသိက်၏ လက္ခဏာကို ဦးကာကျော်နှင့်အညီ ဖြေဆိုရ၏၊ (က) သံယောဇဉ်၊ (ခ) ကိလေသာ၊ (ဂ) ဏာတိ၊ (ဃ) မရဏ–တို့၏ အဓိပ္ပါယ်ကိုလည်း ဦးကာကျော်နှင့်အညီ ဖြေဆိုပါ။

၉။ "ရုပ်နာမ်ခမ္မ, သခါရကား, မုချမလွဲ, ပျက်မြဲမှန်စွာ, ဓမ္မတာတည်း"ဟုဆိုရာ ထိုသခါရ တရားတို့၏ (က) ခယဋ္ဌ၊ (ခ) ဘယဋ္ဌ၊ (ဂ) အသာရကဋ္ဌ–တို့ အဓိပ္ပါယ်ကို ဖြေဆိုရ၏၊ ယံ ကိဉ္စိ ကသိဏ် ဥဋ္ဌါဒေတွာ–၌ ကသိဏ– အရကိုလည်း ကောက်ပြပါ။

၁၀။ ဝိပဿနာ၏ သဘောအဓိပ္ပါယ်ကို ရေးသားဖြေဆိုရ၏၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ–ဟု ခေါ်ဆိုရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၁၂။ ရန်ကုန်တိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တဿေဝ ပဋိပဒ္ဓန္တသ–စသော ၃–ပုဒ်ကို ပါဠိရေးလေ။

၂။ ယေသံ– အကြင်သို့ သဘောရှိကုန်သော၊ သခံတမ္ဘောနံ– အလေးအမြတ် ပြုတတ် လောဘမူစိတ် ၈–ခု, မဟာကုသိုလ်စိတ် ၈–ခု, မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄–ခု, လောကုတ္တရာစိတ် ၈–ခု, ဒေါသ ဣဿာ မစ္ဆရိယ ဝိစိကိစ္ဆာ အပွမညာကြဉ်သော

http://www.dhammadownload.com

စေတသိက် ၄၅-ခု နာမကွန္ဓာ သခ်ိတတရားတို့အား၊ ယေ ဓမ္မာ- အကြင် အလေးအမြတ်ပြုအပ်သော ဣဋ္ဌ ဖြစ်သော နိပ္ပန္နရူပ် ၁၈, ဒေါသမူ ဒွေ မောဟမူ ဒွေ ဒုက္ခသဟဂတ် ကာယဝိညာဏ်ကြဉ်သော စိတ် ၈၄-ခု, ဒေါသ ဣသာ မစ္ဆရိယ ဝိစိကိစ္ဆာ အပွမညာကြဉ်သော စေတသိက် ၄၅-ခု နာမကွန္ဓာ ပစ္စည်းတရားတို့သည်၊ ယထာ- ယေန ပကာရေန- အကြင် အာရမ္မဏာဓိပတိ သတ္တိအပြားဖြင့်၊ ပစ္စယာ ဥပကာရကာ- ကျေးဇူးပြုတတ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

၃။ ဒေါသမူစိတ် ၂။

သာဓက- ရူပါဝစရဘူမိယဲ ပဋိဃဇဝနတဒါရမ္မဏဝဇ္ဇိတာနိ။

ယှဉ်သောစိတ်- လောဘမူ သောမနဿ-၄၊ ကာမာဝစရ သောဘန သောမနဿ ၁၂၊ ပထမစျာန် ၁၁၊ ပေါင်း- ၂၇။

မယှဉ်သော စိတ်- ဒွေပဋ္ဌိဝိညာဏ် ၁၀။

၄။ အကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြင့် ပဋိသန္ဓေနေသော ဒုဂ္ဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်။

အဟိတ်ကုသလဝိပါက် ဥပေက္ခာသန္တီရဏဖြင့် ပဋိသန္ဓေနေသော သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်။

မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေနေသော ဒွိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်။

(က) ဥပေက္ခာသန္တီရဏစိတ်သည် အဟိတ်၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုသည် ဒွိဟိတ်။

(ခ) ဥပေက္ခာသန္တီရဏစိတ်သည် ပဋိသန္ဓိ(ဘဝဂ်, စုတိ, သန္တီရဏ, တဒါရမ္မဏ)၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုသည် ပဋိသန္ဓိ(ဘဝဂ်, စုတိ, တဒါရမ္မဏ)၊

(ဂ) ဥပေက္ခာသန္တီရဏစိတ်, မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်တို့သည် ကာမဂေါန် အာရုံ။

(ဃ) ဥပေက္ခာသန္တီရဏစိတ်, ၊ဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ်တို့သည် ဟဒယဝတ္ထုကို အမြဲမှီသည်။

၅။ (က) ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄၊ မောဟမူ ဒွေ၊ ဃာနာဒိတ္တယ, ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် ၁၁၊ မဟာကုသိုလ်စိတ် ၈၊ မဟာဂ္ဂုတ်ကုသိုလ် ၉၊ အနာဂါမိဖိုလ် ၁၊ ပေါင်း- ၃၅။

http://www.dhammadownload.com

(ခ) ရှုပဘဋ္ဌမစျာန် ပဋ္ဌိသန္ဓေ ၁။
(ဂ) သုဒ္ဓါဝါသ ၅။

၆။ လောကုတ္တရာကံသည် ဝဋ်ကိုဖျက်ဆီးတတ်သောကြောင့် ကမ္မစတုက္ကတွင် မပါဝင်ပါ။
(က) ဟဒယရုပ်၊ ကွန္ဒြိယရုပ်။
(ခ) ဝိညတ်ရုပ် ၂-ခု၊ သဒ္ဒ၊ လဟုတာဒိတ္တယ ၃-ခု။
(ဂ) အဝိနိဗ္ဘောဂရုပ် ၈-ခု၊ အာကာသ။
(ဃ) လက္ခဏရုပ် ၄-ခု။

၇။ အရှုပဘုံသား တိဟိတ်ပုထုဇဉ်များသည် ထိုဘုံ၌ အရိယာ မဖြစ်နိုင်ပါ။
သာဓက-အရှုပါဝစရဘုံမိယ် ပဌမမဂ္ဂရှုပါဝစရဟသနဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာနိ စ လဗ္ဘန္တိ။
အထူး-
အလေးပြုအပ်ကာမျှသည် အာရမ္မဏာဓိပတိ၊
အလေးပြုအပ်သည်သာမက အားကြီးသောအကြောင်း၏ အဖြစ်သည် အာရမ္မဏူပနိဿယ၊ ဤသို့ထူးသည်။

၈။ **လက္ခဏာ**- သူတစ်ပါးဒုက္ခကို ပယ်ရှားလိုခြင်းလက္ခဏာ။
(က) နှောင်းဖွဲ့တတ်သောကြောင့် သံယောဇဉ်၊
(ခ) စိတ်ကို လောင်ကြောင်းဖြစ်သောကြောင့် ကိလေသာ၊
(တစ်နည်း)စိတ်ကို နှိပ်စက်ကြောင့်ဖြစ်သောကြောင့် ကိလေသာ။
(ဂ) ထိုထိုသတ္တဝါတို့၏ ထိုထိုဂတိ-စသည်တို့၌ အတ္တဘောကို ရခြင်းသည် ဇာတိ၊
(ဃ) တစ်ခုသောဘဝဖြင့် ပိုင်းခြားအပ်သော အတ္တဘောဟု ပြီးဆုံးခြင်းသည် မရဏာ။

၉။ (က) ကုန်ခန်းခြင်းသဘော, ကုန်ခြင်းသို့ရောက်ခြင်းသဘောသည် ခယဋ္ဌ၊
(ခ) ဘေးဟူသောသဘော, ဘေးကိုပြုတတ်သောသဘောကို ဘယဋ္ဌ၊
(ဂ) အနစ်သာရမရှိသောသဘော,အတ္တဟူသောအနစ်အစရှိသည်တို့၏ မရှိခြင်းသဘောသည် အသာရကဋ္ဌ။
ကသိဏ အရ- ကသိဏ်းပဋ္ဌိဘာဂနိမိတ်။

၁၀။ အနိစ္စအစရှိသောအထူးထူးသောအခြင်းအရာအားဖြင့် ရှုတတ်သောကြောင့် ဝိပဿနာ။

http://www.dhammadownload.com

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ-ဟု ခေါ်ဆိုရကြောင်း-
လမ်းမှန် လမ်းမမှန်ကို သိတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ မြင်တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ လမ်းမှန်မဟုတ်သော ဝိပဿနုပက္ကိလေသ၌ လမ်းမှန်ဟု ဖြစ်သော သညာကို သုတ်သင်တတ်သောကြောင့်လည်းကောင်း မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ-မည်၏။

၁၃။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရခိုင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက် (၄- ၄-၂၀၀၉) စနေနေ့။

၁။ သဏ္ဌာနပညတ်, သမူဟပညတ်, အာကာသပညတ်, နိမိတ်ပညတ်တို့ကို ပြဆိုသည့်ပါဠိ ရပ်တို့ကို ရေးသားဖြေဆိုခဲ့ပါ။

၂။ ပထမစျာန်ရရှိရန်ပွါးများအားထုတ်နိုင်သည် ကမ္မဋ္ဌာန်းတို့ကိုပြဆိုသော ပါဠိရပ်တို့ကို အနက်ယောဇနာပြပါ။

၃။ အဟိတ်စိတ်၌မယှဉ်သောပကိဏ်းစေတသိက်ကို ကောက်ပြ၍၊ ယင်းစေတသိက်နှင့် မယှဉ်သောစိတ်တို့တွင် သဟိတ်စိတ်ကိုသာ ကိစ္စ, ဒ္ဒါရ, အာရုံတို့ဖြင့် ဝေဖန်ပြခဲ့ပါ။

၄။ ပရိတ္တာရုံဝိထိ၌ပါသော ဝိထိစိတ်နှင့် ဝိထိစိတ္တုပ္ပါဒ်တို့ကို ကောက်ပြ၍၊ ရူပဗြဟ္မာများ သန္တာန်၌ ရနိုင်သော ကာမဇောတို့ကိုလည်း ကောက်ပြခဲ့ပါ။

၅။ မြစ်ရေအလျှည်နှင့်တူသောစိတ်ကို ကောက်ပြ၍၊ ဘဝတစ်ခု၌ ဥတုရုပ်၏ စ ဖြစ်ရာကာလ ကိုလည်း တိကျစွာ ညွှန်ပြခဲ့ပါ။

၆။ ပဋ္ဌာန်းကျမ်း၌ဟောအပ်သောတရားတို့၏ အကျဉ်းချုပ်ကို ကောက်ပြ၍၊ ပရိကံ, ဥပစာ, အနုလုံတို့ ပြုသောအာရုံနှင့် ဂေါ်တြဘုစိတ်နိုပ်စက်အပ်သောအမျိုး။ တိုးပွါးစေအပ်သော အမျိုးတို့ကိုလည်း သင်ဟလာအတိုင်း ရေးသားခဲ့ပါ။

၇။ သဘာဝအဝိတက္ကစိတ်တို့ကို ကောက်ပြ၍၊ နိဗ္ဗာန်နှင့် ပညတ်တို့၏ ကာလသုံးပါးမှလွတ် ရခြင်း အကြောင်းကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၈။ ဖောခုနစ်ကြိမ်ရှိရာတွင် လေးကြိမ်အတွင်း၌လည်းကောင်း ငါးကြိမ်မြောက်အထက်၌ လည်းကောင်း အပွနာဖောများ မစောနိုင်ခြင်းအကြောင်းကို ခွဲခြားဖြေဆိုရ၍ သုဒ္ဓါဝါသ၌ သုဒ္ဓအရကိုလည်း ဦးကာလာအတိုင်း ပြည့်စုံစွာ ကောက်ပြခဲ့ပါ။

၉။ တဏှာကို ဒုက္ခ၏ထူးသောအကြောင်းဟု အဘယ်ကြောင့် ဆိုရပါသနည်း ဖြေဆိုရ၍ နိရောဓသမာပတ်မှ ထခါစပုဂ္ဂိုလ်၏သန္တာန်၌ဖြစ်သော အနာဂါမိဖိုလ်စိတ်၏ အနန္တရပစ္စည်း ဖြစ်သောတရားကိုလည်း ကောက်ပြခဲ့ပါ။

၁၀။ အပွမညာလေးပါးကို ဖြတ္စွဝိဟာရတရားဟု ခေါ်ရခြင်းအကြောင်းကို ရေး၍ ဣန္ဒြိယ သံဝရသီလ၌ ဣန္ဒြိယအရကိုလည်း ကောက်ပြခဲ့ပါ။

၁၃။ ရခိုင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ **သဏ္ဌာနပညတ်-** ကထံ တံ တံဘူတဝိပရိဏာမာကာရမုပါဒါယ တထာ တထာ ပညတ္တာ ဘူမိပဗ္ဗတာဒိကာ၊
သမူဟပညတ်- သမ္ဘာရ သန္နိဝေသာကာရ မုပါဒါယ ဂေဟထရသကဋာဒိကာ၊
အာကာသပညတ်- အသမ္ဖုဋ္ဌာကာရမုပါဒါယ ကူပဂုဟာဒိကာ၊
နိမိတ်ပညတ်- တံ တံ ဘူတနိမိတ္တံ ဘာဝနာဝိသေသဉ္စ ဥပါဒါယ ကသိဏနိမိတ္တာဒိကာ။

၂။ ဒသ အသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ-ကို အနက်ရေးလေ။

၃။ **ပကိဏ်းစေတသိက်-** ဆန္ဒ၊
သဟိတ်စိတ်- မောဟမူဒ္ဒေ။
ကိစ္စ- ဖောကိစ္စ၊
ဒ္ဒါရ- ၆-ဒ္ဒါရ၊
အာရုံ- လောကုတ္တရာကြဉ် အလုံးစုံအာရုံ။

၄။ **ဝိထိစိတ်-** ပဉ္စဒ္ဒါရာဝဇ္ဇန်း၊ ပဉ္စဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း။ သန္တီရဏ၊ ဝုဋ္ဌော။
ဝိထိစိတ္တုပ္ပါဒ်- ပဉ္စဒ္ဒါရာဝဇ္ဇန်း ၁-ကြိမ်၊ ပဉ္စဝိညာဏ် ၁-ကြိမ်၊ သမ္ပဋိစ္ဆိုင်း ၁-ကြိမ်၊

http://www.dhammadownload.com

သန္ဓိရဏ ၁-ကြိမ်၊ ဝုဋ္ဌော ၂-ကြိမ်, ၃-ကြိမ်။
ကာမဇော- လောဘမူ၊ မောဟမူ၊ ဟသိတုပ္ပါဒ်၊ မဟာကုသိုလ်၊ မဟာကြိယာ။

၅။ ဖြစ်ရေအလျှင်နှင့် တူသောစိတ်- ဘဝင်စိတ်။
ကာလ-ပဋိသန္ဓေစိတ်၏ ဌီကာလ။

၆။ အကျဉ်းချုပ်- ပညတ်, နာမ်, ရူပ်။
ပြုသောအာရုံ- အနိစ္စအစရှိသော အာရုံ၊ ဝါ- တေဘူမကသင်္ခါရ အာရုံ။
နိုက်စက်အပ်သော အမျိုး- ပုထုဇဉ်နဂေါတ္တ။
တိုးပွါးစေအပ်သော အမျိုး- အရိယာဂေါတ္တ။

၇။ သဘာဝအဝိတဂ္ဂစိတ်- ဒွေးပဋ္ဌာဝိညာဏ် ၁၀။
လွတ်ရကြောင်း- ပျက်စည်းခြင်းသဘောမရှိသည်အတွက် အတိတ်စသော ကာလ၏ အစွမ်းအားဖြင့် မဆိုအပ်သောကြောင့် ကာလသုံးပါးမှ လွတ်ရသည်။

၈။ အာသေဝနပစ္စည်းကို မရသော အနုလုံသည် ဂေါ်တြဘူကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ အာသေဝနပစ္စည်းကို ရသော်လည်း ၆-ကြိမ်မြောက်, ၇-ကြိမ်မြောက်၌ ဘဝင်နှင့် နီးသောကြောင့် ချောက်ကမ်းပါးနှင့် နီးကပ်သောယောက်ျားသည် တည်တံ့ခြင်းငှါ မစွမ်းနိုင်သကဲ့သို့ အပွနာ၏ အစွမ်းဖြင့် တည်ခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် လေးကြိမ်အတွင်း၌လည်းကောင်း။ ငါးကြိမ်အထက်၌လည်းကောင်း အပွနာဇောများ မဖြစ်နိုင်ပါ။
သုဒ္ဓ အရ- စင်ကြယ်ကုန်သော အနာဂါမ်ရဟန္တာပုဂ္ဂိုလ်များ။
(တစ်နည်း) အနနယ(ချစ်ခြင်း) ပဋိယ(မုန်းခြင်း) မရှိသဖြင့် စင်ကြယ်သော နေခြင်း။

၉။ ပဓာနအကြောင်းဖြစ်သောကြောင့် တဏှာကို ဒုက္ခ၏ ထူးသောအကြောင်းဟုဆိုသည်။
အနန္တရပစ္စည်းတရား-
နိရောဓသမာသိ၏ ရှေ့၌ဖြစ်သော နေဝသညာနာသညာယတန ကုသိုလ်ဈာန်ဇော။

၁၀။ ဗြဟ္မဝိဟာရ-ခေါ်ကြောင်း- (မကွေး ၁၀-ရ)
ဣန္ဒြိယ အရ- မနိန္ဒြေ-လျှင် ၆-ခုမြောက်ရှိသော ဣန္ဒြေ။

http://www.dhammadownload.com

၁၄။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/ တောင်ပိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက် (၄- ၄-၂၀၀၉) စနေနေ့။

၁။ ပဋ္ဌာန်း ၂၄-ပစ္စည်းတို့တွင် ဝတ္ထုပုရေဏတ, အာရမ္မဏပုရေဏတပစ္စည်းတို့ကို ပြဆိုထားသည့် သင်္ဂဟစုက္ကိယပါဠိကို ပစ္စည်း ပစ္စယုပ္ပန် ပေါ်လွင်အောင် အနက်ပေးပြပါ။

၂။ ဝိပဿနာ၏ ဘေးရန်မှ လွန်မြောက်ပြီးသော ယောဂီပုဂ္ဂိုလ်၏သန္တာန်၌ ဖြစ်ပေါ်နိုင်သော ဉာဏ်ကို ပြဆိုသည့် သင်္ဂဟစုက္ကိယကို ပါဠိသက်သက် ရေးပြပါ။

၃။ အပါယ်သို့ မကျနိုင်သော အကုသိုလ်စိတ်ကို ယှဉ်ဘက်စေတသိက်နှင့်တကွ ဖော်ပြ၍ ယင်းစေတသိက်တို့တွင် ဇကဒေသာဟေတုကယောဂီ စေတသိက်တို့ကိုလည်း ဖော်ပြပါ။

၄။ နိပ္ပဒေသသဗ္ဗာရမ္မဏစိတ်ကို ဖော်ပြ၍ ဇောအတုကို ဖော်ပြပြီး ရဟန္တာပုဂ္ဂိုလ်၏ အာဝေဏိကဇောများကိုလည်း ပါဠိထောက်ကာ ဖြေဆိုပြပါ။

၅။ မနုဿတ္တဘာဝေါ ဒုလ္လဘော-ဟူသောပါဠိအရ ရခဲသော လူဘဝရခြင်း အကြောင်းကံကို သင်္ဂဟသာဓကပြ ဖြေဆို၍ စျာန်မရသောရဟန္တာရှိသကဲ့သို့ စျာန်မရသော အနာဂါမ်ရှိနိုင်/မရှိနိုင် ပါဠိထောက်ကာ ဖြေဆိုပြပါ။

၆။ (က) လူနှင့်အတူသေသောရုပ်၊ (ခ) လူသေသော်လည်း ခဏမျှကျန်ခဲ့သောရုပ်၊ (ဂ) အချိန်ကြာမြင့်စွာ ဆက်လက်ဖြစ်နေသောရုပ်တို့ကို ဖော်ပြပြီးလျှင်၊ ရုပ် ၂၈-ပါးကို ရုပ်အစစ်, ရုပ်အတုအားဖြင့် ခွဲခြားဝေဖန်ပြီး၊ အာဟာရဇရုပ်၏ နောက်ဆုံးချုပ်ရာအခါကိုလည်း တိကျစွာ ဖြေဆိုပြပါ။

၇။ လူပျင်းများ ဗိုလ်ဖြစ်နိုင်/မဖြစ်နိုင် ပါဠိထောက်ကာ ဖြေဆို၍၊ (က) ရထား၊ (ခ) နံနက်ခင်းအချိန်တို့၏ အတ္ထပညတ်အမည်များကို ဖော်ပြကာ၊ ကမ္မဋ္ဌာန်း ၄၀-တို့ကို ပညတ်ကမ္မဋ္ဌာန်း, ပရမတ်ကမ္မဋ္ဌာန်းအားဖြင့် ခွဲခြားဖြေဆိုပြပါ။

၈။ မြဟွာတို့အား တဒါရုံ မဖြစ်ခြင်း အကြောင်းကို ရေး၍၊ အနာဂါမ်ပုဂ္ဂိုလ်တို့၏ ကာမဘုံ၌ မဖြစ်ခြင်းအကြောင်းကိုလည်း ရေးပြပါ။

http://www.dhammadownload.com

၉။ ဟဒယဝတ္ထု၏ ဖြစ်ရာအရပ်ကို ညွှန်ပြ၍၊ မဂ်ဖြင့် မပယ်ရသေးသော ကိလေသာဟူသမျှ ကို အနုသယဟု ဆိုနိုင်/မဆိုနိုင် အကြောင်းနှင့်တကွ ဦးကာဆရာအလိုကျ ဖြေဆိုခဲ့ပါ။

၁၀။ အလုံးစုံသောပစ္စည်းတို့ကို ဥပနိဿယပစ္စည်း၌ သွင်းယူရခြင်းအကြောင်းကို ရေး၍၊ ဗုဒ္ဓါနုဿတိစသော ၆-ပါးတို့ကို သဒ္ဓါစရိုက်ရှိသူအား လျှောက်ပတ်ခြင်းအကြောင်းကို ရေးပြီး၊ အသုဘဘာဝနာ ၁၀-ပါးသည် အဘယ်ကြောင့် ပထမဈာနိက ဖြစ်ရသည်ကို လည်း ဦးကာဆရာအလိုကျ ဖြေဆိုပြပါ။

၁၄။ ရှမ်းပြည်နယ်/ တောင်ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ ဆ ဝတ္ထုနှိ ပဝတ္တိယံ-ပါဠိကို နိသျှအတိုင်း ရေးလေ။

၂။ တထာ ပရိဗန္ဓဝိမုတ္တာသ-စသော ပါဠိကိုရေးလေ။

၃။ **အကုသိုလ်စိတ်**-ဥဒ္ဓစ္စသဟဂုတ်စိတ်။
ယှဉ်ဘက်-ဆန္ဒ, ပီတိ-ကြဉ်သော အညသမာန်းစေတသိက် ၁၁-ခု၊ အကုသလ သာဓारณ ၄-ခု၊ ပေါင်း ၁၅-ခု။
ဟေတုဒေသာဟေတုကယောဂီ-ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ။

၄။ မနောဒ္ဒါရာဝဇ္ဇန်။ မဟာကြိယာဉာဏသမ္ပယုတ်စိတ် ၄-ခု၊ ကြိယာအဘိညာဉ်။
အာဝေဇ္ဇိတဇော- ကြိယာဇော ၁၈-ခု၊ အရဟတ္တဖိုလ် ၁-ခု။
အထောက်- တထာ သေက္ခပုထုဇ္ဇနာနံ ကိရိယဇဝနာနိ။
လောကုတ္တရာ ဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တိ။

၅။ **အကြောင်းက်**- ကာမာဝစရကုသိုလ်က်။
သာဓက- ကာမာဝစရကုသလမ္ပိ ကာမသုဂတိယမေဝ ပဋိသန္ဓိ ဇနေတိ။
ဈာန်မရ အနာဂါမ် ရှိ/မရှိ-
(သမာဓိ၏ အခြေခံ ကာမရာဂဗျာပါဒကို ပယ်ပြီးဖြစ်သောကြောင့်)သုက္ခဝိပဿက အနာဂါမ် မရှိနိုင်ပါ။
အထောက်- အနာဂါမ်မဂ္ဂံ ဘာဝေတွာ ကာမရာဂဗျာပါဒါနိ မနဝသေသပ္ပဟာနေန

http://www.dhammadownload.com

အနာဂါမိ ဟောတိ အနာဂန္တာ ဣတ္ထတ္တံ။
အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ။

၆။ (က) ကမ္မဇရုပ်၊
(ခ) စိတ္တဇရုပ်၊ အာဟာရဇရုပ်။
(ဂ) ဥတုဇရုပ်။
ရုပ်အစစ်- နိပ္ပန္နရုပ်။
ရုပ်အတု- အနိပ္ပန္နရုပ်။
နောက်ဆုံးရှုပ်ရာအခါ- စုတိပြီးနောက် ခဏငယ် ၅၀-ခန့်ကျမှ ရှုပ်သည်။

၇။ လူပျင်းများ ဝိုလ်မဖြစ်နိုင်ပါ။
အထောက်- အဝီရိယေသု ဗလာနိ နာ လဗ္ဘန္တိ။
(က) သမ္ဘဟပညတ်၊
(ခ) ကာလပညတ်။
ပညတ်ကမ္မဋ္ဌာန်း-
ကသိဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ၊ အာနာပါန၊ အပ္ပမညာ ၄၊ အာကာသ၊ အာကိဉ္စညာယတန။
ပရမတ်ကမ္မဋ္ဌာန်း-
ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး။ သညာ၊ ဝေဒတ္ထာန်၊ ဝိညာဏဌာယတန၊ နေဝသညာနာသညာယတန။

၈။ **တဒါရုံ မကျကြောင်း- (ချင်း ၈-၌)**
ကာမဘုံ၌ မဖြစ်ကြောင်း-
ကာမရာဂကို ပယ်ပြီးဖြစ်သောကြောင့် ကာမဘုံ၌ မဖြစ်ပါ။

၉။ **ဟဒယဝတ္ထု ဖြစ်ရာအရပ်- (မွန် ၈-၌)**
အနုသယ-ဟု ဆိုနိုင်/မဆိုနိုင်-
အနုသယဟူသော အမည်သည် ထာမဂတ ကိလေသာ-တို့၏ အမည်သာ ဖြစ်သော ကြောင့် မဂ်ဖြင့် မပယ်ရသေးသော ကိလေသာဟူသမျှကို **အနုသယမှာ** မဆိုထိုက်ပါ။

http://www.dhammadownload.com

၁၀။ မိမိမိမိ ပစ္စယုပ္ပန်တရား၏ ဥပနိဿယအဖြစ်သို့ မရောက်သော တစ်စုံတစ်ခုသော ပစ္စည်းမည်သည် မရှိသောကြောင့် အလုံးစုံသော ပစ္စည်းတို့ကို ဥပနိဿပစ္စည်း၌ သွင်းယူရသည်။

လျောက်ပတ်ကြောင်း-

သဒ္ဒါတိုးပွားကြောင်း ဖြစ်သောကြောင့် ဗုဒ္ဓါနုဿတိ-စသော ၆-ပါးသည် သဒ္ဒါစရိုက်ရှိသူနှင့် လျောက်ပတ်သည်။

ပထမဈာနိကဖြစ်ရခြင်း-

အသုဘသည် စက်ဆုပ်ဖွယ်အာရုံရှိသည်ဖြစ်၍ ဝိတက်နှင့်ကင်း၍ မတည်တံ့နိုင်သောကြောင့် အသုဘဘာဝနာ ၁၀-ပါးသည် ပထမဈာနိက ဖြစ်ရသည်။

၁၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ရှမ်းပြည်နယ်/ မြောက်ပိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၀-ခုနှစ်၊ တန်ခူးလဆန်း (၁၀) ရက် (၄- ၄-၂၀၀၉) စနေနေ့။

၁။ ပရမတ္ထအားဖြင့် ထင်ရှားမရှိသော်လည်း ပရမတ္ထတရားတို့၏ အရိပ်အရောင် အခြင်းအရာအားဖြင့် စိတ်, စေတသိက်တို့၏ အာရုံဖြစ်သော တ်ရားများကို အတ္ထပညတ်ဟု ခေါ်ဆိုကြောင်းပြ စုဏ္ဏိယပါဠိတို့ကို ကုန်စင်အောင် ဖြေဆိုပါ။

၂။ "မြတ်ဗုဒ္ဓ၏ဂုဏ်တော်ကိုးပါးတို့ကို အဖန်ဖန်အထပ်ထပ် စီးဖြန်းပွားများခြင်းသည် စိတ်တည်ကြည်ခြင်းကို ဖြစ်စေနိုင်၏" ဟု ပြဆိုသော သင်္ဂဟပါဠိကို အနက်မှန်ကန်စွာ ပေးခဲ့ပါ။

၃။ မနောဓာတ်အမည်ရသော ပရမတ္ထတရားတို့ကို သင်္ဂဟပါဠိ အထောက်အထားနှင့်တကွ ဖေါ်ပြပြီးလျှင်၊ (က) ယှဉ်ဖက်တရား။ (ခ) ဒ္ဒါရ၊ (ဂ) အာရုံတို့ကိုလည်း သာဓကအသီးသီးပြ၍ ဖော်ပြခဲ့ပါ။

၄။ မိမိနှစ်သက်သောအာဟာရ၌ မက်မောနေသူ၏သန္တာန်ဝယ် စောနိုင်သောဇော, ၎င်းဇောနောင်ဖြစ်နိုင်သည့် တဒါရုံနှင့် ဘဝင်တို့ကို ဖော်ပြ၍ လက်ရှိပစ္စုပ္ပန်ဘဝနှင့် နီးစပ်နေသော ဘဝကို သာဓကနှင့်တကွ သရုံအားဖြင့် ထုတ်ပြပြီး သရေ်ယျကို ကိစ္စအားဖြင့် ဝေဖန်ပြပါ။

၅။ ရူပကုသိုလ်ကံနှင့် အရူပကုသိုလ်ကံတို့သည် "ကာယကံ, ဝစီကံ, မနောကံ" သုံးပါးတို့

http://www.dhammadownload.com

တွင် မည်သည့်ကံအမျိုးအစားဖြစ်၍ "ဒါန, သီလ, ဘာဝနာ" သုံးပါးတို့တွင် အဘယ်တရား မျိုးနှင့် ပါဝင်သည်ကို သင်ဟုပါဦးထောက်၍ ဖြေပါ။

၆။ စကားမပြောတတ်သူနှစ်ယောက် "လက်ဟန် ခြေဟန်ဖြင့်" စကားပြောရာဝယ် မည်သည့် "ရှပ်"ဖြစ်နိုင်သည်ကို ဖော်ပြ၍၊ ၎င်းရှပ်တရားကို ဖြစ်စေနိုင်သော စိတ်တို့ကိုလည်း ရေတွက်ပြပါ။

၇။ "သမ္ဘတ္တာပိ ကာမာဝစရာရမ္မဏာနေဝ"၌ (က) သမ္ဘတ္တာပိအရ၊ (ခ) ကာမာဝစရာရမ္မဏ အရတို့ကို ပေါ်လွင်ထင်ရှားအောင် ကောက်ပြပြီးလျှင်၊ "ပရိစိတပုဗ္ဗ"၏ အဓိပ္ပါယ်ကိုလည်း ဦးကာဆရာအလိုကျ ဖြေဆိုပါ။

၈။ "လူသာလျှင်အမြတ်ဆုံး" ဟူသော ဆိုရိုးစကားရှိရာ အမြတ်ဆုံးလူသားတစ်ယောက်ဖြစ်ရန် လိုအပ်သောအချက်အလက်တို့များကို ဦးကာကျော် မနုဿအဖွင့်မှ ထုတ်နုတ်တင်ပြပြီး လျှင်၊ ၎င်းလူသားများ၏ ဘဝအစဖြစ်သော ကလလရုပ်၏ ပမာဏနှင့် အရောင်အဆင်း တို့ကိုလည်း တိကျစွာ ညွှန်ပြပါ။

၉။ ဗောဓိပက္ခိယပုဒ်၌ (က) ဗောဓိ၊ (ခ) ဗောဓိပက္ခ၊ (ဂ) ဗောဓိပက္ခိယအရတို့ကို အသီးသီး ကောက်ပြပြီးလျှင်၊ "ကိလေသာကာမအမှောင်ကြီးကျလျှင် ဘာကိုမျှမမြင်" ဟု ပြောဆို ကြရာ ထိုစကားမှန်/မမှန်ကိုလည်း အဘိဓမ္မာအမြင်ဖြင့် ဝေဖန်သုံးသပ်ပြခဲ့ပါ။

၁၀။ သခါရအပြားသုံးပါးကို သက်ဆိုင်သောတရားကိုယ်များနှင့်တကွ တွဲစပ်ဖော်ပြပြီးလျှင်၊ ဟေတုပစ္စည်းအဖွင့်ကို ရှု၍ (က)ရေသောက်မြစ်နှစ်တူသောအရာ၊ (ခ) သစ်ပင်နှင့်တူ သောအရာတို့ကိုလည်း ဖော်ပြခဲ့ပါ။

၁၅။ ရှမ်းပြည်နယ်/ မြောက်ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်ဟာဘာသာ

၁။ ဇေမာဒိပ္ပဘေဒါ ပန ပရမတ္ထတော အဝိဇ္ဇမာနာပိ ။ပ။ ပညာပိယတ္တာ ပညတ္တိနာမ – ကို ပါဦးရေးလေ။

၂။ အဝသေသေသု စ ပန ဒသသု ကမ္မဋ္ဌာနေသု – ပ – သမာဓိယတိ၊ ဥပစာရော သမ္ဘဇ္ဇတိ– ကို အနက်ရေးလေ။

http://www.dhammadownload.com

၃။ ပဠဒ္ဓါရာဝဇ္ဇန်း, သမ္ဘင္ဇိတ္ဆိန်း ဒွေ။

သာဓက- ပဠဒ္ဓါရာဝဇ္ဇနသမ္ဘင္ဇိတ္ဆနသခ်ါတာ ပန မနောဓာတု စ ဟဒယ် နိဿိတာယေဝ ပဝတ္တန္တိ။

(က) ဆန္ဒ, ဝိတိ, ဝီရိယကြည်သော အညသမာန်း စေတသိက် ၁၀။

(ခ) ပဠဒ္ဓါရ။

(ဂ) ပဋ္ဌာရုံ။

၄။ ဇော- လောဘဇော။

တဒါရုံ- တဒါရုံ ၁၁။

ဘဝင်- ဘဝင် ၁၉။

ဘဝ- နောက်ဘဝ။

သာဓက- ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသခ်ါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိ ဋ္ဌာတိ ဘဝန္တရေ၊

(တစ်နည်း) စုတိစိတ် ၁၉။

သာဓက- ပစ္စုပ္ပန္နဘဝပရိယောသာနဘူတံ စုတိစိတ္တံ။

ကိစ္စ- ဥပေက္ခာသန္တီရဏ ၂- ခုသည် ပဋိသန္ဓိ, ဘဝင်, စုတိ, သန္တီရဏ, တဒါရမ္မဏ အားဖြင့် ၅- ကိစ္စ။

မဟာဝိပါက်စိတ် ၈- ခုသည် ပဋိသန္ဓိ, ဘဝင်, စုတိ, တဒါရမ္မဏ- အားဖြင့် ၄- ကိစ္စ။

မဟာဂ္ဂုတ်ဝိပါက် ၉- ခုသည် ပဋိသန္ဓိ, ဘဝင်, စုတိ- အားဖြင့် ၃- ကိစ္စ။

၅။ မနောက်၊ ဘာဝနာ။

သာဓက- ရူပါဝစရကုသလံ ပန မနောကမ္မမေဝ၊ တဿ ဘာဝနာမယံ။

တထာ အရူပါဝစရကုသလဿ မနောကမ္မံ၊ တမ္မိ ဘာဝနာမယံ။

၆။ ကာယဝိညတ် ရှစ်။

ဖြစ်စေနိုင်သော စိတ်- ဝုဋ္ဌော, ကာမဇော ၂၉, အဘိညာဉ် ၂။

၇။ (က) ဆဒ္ဒါရိက, ဒ္ဒါရဝိမုတ္တ, ဆဋ္ဌာရမ္မဏတို့၏ အစွမ်းအားဖြင့် ဖြစ်သောအခြင်းအရာ။

(ခ) အဆိုပါ အခြင်းအရာအားဖြင့် ဖြစ်ကုန်သော ဇောန် ကာမာဝစရသဘာဝ အာရုံ- ၆။

http://www.dhammadownload.com

ပရိစိတပုဗ္ဗ- ထိုဘဝ များသောအားဖြင့် ရှေးဘ၌ ယူအပ်ဖူးသော အာရုံ။

၈။ **အချက်အလက်များ-** ၁။ သတိ ၂။ သူရဘာဝ ၃။ ဗြဟ္မစရိယယောဂ စသည်။
ပမာဏ- မွေးခါစ သိုးကလေး၏ အမွေး တစ်မျှင်ကို ဆီကြည်၌ နှစ်၍ ဆယ်ပြီးသော အခါ ယိုစီး၍ အဖျားဘက်တည်နေသော ဆီပေါက် ပမာဏရှိသည်။
အရောင်အဆင်း- အထူး ကြည်လင်သော အရောင် ရှိသည်။

၉။ (က) သစ္စာဘိသမ္မောဓိ-ဟုဆိုအပ်သော အရိယာမဂ်။
(ခ) အရိယာမဂ်၏ အသင်းအပင်း
(ဂ) သတိပဋ္ဌာန်စသော တရား
ဘာကိုမျှ မမြင်-ဟူသော စကားမှန်ပါသည်။
အဝိဇ္ဇာကိလေသာ အမှောင်ကျလျှင် သစ္စာ ၄-ပါး, ပုဗ္ဗန္တ-စသည် ၄-ပါးတို့၌ အမှန်ကို မမြင်နိုင်။

၁၀။ ၁။ ပုညာဘိသင်္ခါရ- ကာမကုသိုလ်စေတနာ ၈, ရူပကုသိုလ်စေတနာ ၅၊ ပေါင်း ၁၃။
၂။ အပုညာဘိသင်္ခါရ- အကုသိုလ် စေတနာ ၁၂။
၃။ အာနေဉ္ဇာဘိသင်္ခါရ- အရူပကုသိုလ် စေတနာ ၄။
(က) ဟိတ် ၆-ပါး ပစ္စည်းတရား။
(ခ) သဟိတ်စိတ် ၇၁, မောဟမူဒ္ဒေ၌ မောဟကြဉ်သော စေတသိက် ၅၂၊ သဟိတ်စိတ္တဇရုပ်, သဟိတ်ပဋိသန္ဓေကမ္မဇရုပ်။

၁၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.၌ (ရှမ်းပြည်နယ်/ အရှေ့ပိုင်း) ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟာဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၀) ရက် (၄- ၄-၂၀၀၉) စနေနေ့။

၁။ "ဒွယသ နဝဓာ စေတိ"ဝယ် နဝအရ ကိုးပါးသောပစ္စည်းတရားတို့တွင် သတ္တမမြောက် ပစ္စည်တရားကိုပြသည့် စုဏ္ဏိယပါဠိကို ပါဠိသက်သက် ရေးခဲ့ပါ။

၂။ "ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ"မည်ပုံပြ သင်္ဂဟပါဠိကို အနက်ပေးပြပါ။

၃။ "မနောဒ္ဓါရ"၌ဖြစ်သော စိတ်သရုပ်ကို ရေတွက်ပြ၍ "တေစတ္တာလီသ နိဿာယ၊ ဒွေ

http://www.dhammadownload.com

စတ္တာလီသ ဇာယရေ"ဌ (က) တေစတ္တာလီသ အရ၊ (ခ) ဒွေစတ္တာလီသ အရတို့ကို လည်း တိကျစွာ ကောက်ပြခဲ့ပါ။

၄။ ဘုရား, ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ မရနိုင်သော အပွနာဇောတို့ကို တိကျစွာ ကောက်ပြ လျက်၊ ကုသိုလ်ကောင်းမှုရှိသူများက သေခါနီးကာလ နတ်ပန်းရထားကို မြင်ရသည်၊ နှတ်သား, နတ်သမီးတို့ကို မြင်ရသည်ဟု ပြောဆိုလျှင် ယုတ္တိရှိ/မရှိ သင်ဟာပါဠိထောက် ၍ ဖြေဆိုပါ။

၅။ ကံတရားကြောင့် သတ္တဝါအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိရာ မည်သည့်ကံကြောင့် "လူ"ဟူ သော သတ္တဝါများ ဖြစ်လာရပါသနည်း သင်ဟာသာဓကဖြင့် ဖြေဆိုပြီး၊ ရှုပ်ဖြစ်ကြောင်း တရားလေးပါးတို့တွင် ကမ္မဇရုပ်တို့ စတင်ဖြစ်ပေါ်ရာကာလကိုလည်း ခိုင်လုံသော အထောက်အထားဖြင့် ဖြေဆိုခဲ့ပါ။

၆။ ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ဈာန်, မဂ်, ဖိုလ်ရခါနီးတွင် ရှေ့အဖို့ဌာဖြစ်သော (က) စိတ်တို့၏ တရားကိုယ်၊ (ခ) ထိုစိတ်တို့အမည်၊ (ဂ) ထိုစိတ်တို့၏ အာရုံတို့ကို တိကျစွာ ဖြေဆိုခဲ့ပါ။

၇။ တစ်ဘဝ၌ တူမြဲတရား သုံးပါးကို တူပုံအခြင်းအရာနှင့်တကွ ဖြေဆိုပြီ၊ ဝေဒနာကြောင့် တဏှာဖြစ်ရပုံကိုလည်း ဋီကာကျမ်းလာအတိုင်း ဖြေဆိုခဲ့ပါ။

၈။ (က) ဈာန်ဖြစ်နိုင်ရန်၊ (ခ) ဖိုလ်ဖြစ်နိုင်ရန်၊ (ဂ) မဂ္ဂင်ဖြစ်နိုင်ရန် အရေးအကြီးဆုံး အဓိက ကျသော တရားတို့ကို ထုတ်ပြပြီ၊ ဝိစိကိစ္ဆာနှင့်ယှဉ်သော ဇကဂ္ဂတာသည် အဘယ့် ကြောင့် မဂ္ဂင်, ဣန္ဒြေ, ဖိုလ် မထိုက်ပါသနည်း ဋီကာနှင့်အညီ ဖြေဆိုပါ။

၉။ ဝိပါက်တရားတို့သည် အဘယ့်ကြောင့် ဇြိမ်သက်စွာ ဖြစ်ရပါသနည်း ကိလေသာဇြိမ်း သောကြောင့် ဇြိမ်သက်မှု ဖြစ်ရပါသလော? ဋီကာအလိုကျ ရှင်းလင်းပြခဲ့ပါ။

၁၀။ အာနာပါနသတိကမ္မဋ္ဌာန်းသည် မောဟစရိုက်ရှိသူ, ဝိတက်စရိုက်ရှိသူတို့နှင့် အဘယ့် ကြောင့် သင့်လျော်ပါသနည်း ဋီကာနှင့်အညီ ဖြေဆိုပြီး၊ (က) သောတာပန်ဂုဏ်ရည်သုံး ပါး၊ ရဟန္တာဂုဏ်ရည်သုံးပါးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

၁၂။ ရှမ်းပြည်နယ်/ အရှေ့ပိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ သြက္ကန္တိကွေကော ဝတ္ထု–စသော ပါဠိကို ရေးလေ။

၂။ တထာ ပဋိဗန္ဓဝိမုတ္တသ–စသော ပါဠိကို အနက်ရေးလေ။

၃။ မနောဒ္ဓါရာဝဇ္ဇန်း၊ ဇော ၅၅၊ တဒါရုံ ၁၁၊ ပေါင်း ၆၇။
(က) ဒွေပဉ္စဝိညာဏ် ၁၀၊ မနောဓာတ် ၃၊ တဒါရုံ ၁၁၊ ဒေါသမူ ၂၊ သောတာပတ္တိမဂ်၊ ဟသိတုပ္ပါဒ်၊ ရူပစိတ် ၁၅၊ ပေါင်း ၄၃။
(ခ) လောဘမူ ၈၊ မောဟမူ ၂၊ မဟာကု ၈၊ မဟာကြီ ၈၊ အရူပကုသိုလ် ၄၊ အရူပကြီယာ ၄၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာစိတ် ၇၊ ပေါင်း ၄၂။

၄။ မဟဂ္ဂုတ်ကုသိုလ် ၉၊ မဂ် ၄၊ အောက်ဖိုလ် ၃၊ ပေါင်း ၁၆။
ယုတ္တိ–
နတ်ပန်းရထား, နတ်သား နတ်သီးကို မြင်ရသည်ဟု ဆိုလျှင် ယုတ္တိရှိပါသည်။
သာဓက– အနန္တရမုပ္ပဇ္ဇမာနဘဝေ ဥပလဘိတမ္ဘမုပဘောဂဘူတဉ္စ ဂတိနိမိတ္တံ ဝါ။

၅။ **လွှဘဝအကြောင်းကံ–** (ရှမ်း/တောင် ၅–ရ)
ကာလ– ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ စ၍ ဖြစ်သည်။
အထောက်– ဣရေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ။

၆။ (က) မဟာကုသိုလ် မဟာကြီယာ ဉာဏသမ္ပယုတ်စိတ် ၈။
(ခ) ပရိကမ်, ဥပစာ, အနုလုံ, ဂေါတြဘူ။
(ဂ) ဈာန်ရခါနီးဖြစ်က ကသိုဏ်းပညတ်စသော အာရုံ။
မဂ်ရခါနီးဖြစ်က ပရိကမ်, ဥပစာ, အနုလုံတို့သည် အနိစ္စ–စသော တောဘူမက သင်္ခါရအာရုံ, ဂေါတြဘူသည် နိဗ္ဗာန်အာရုံ။

၇။ **တူမြီတရား ၃–ပါး** ပဋိသန္ဓေ, ဘဝင်, စုတိ။
အခြင်းအရာ– ဘူမိ, ဇာတိ, သမ္ပယောဂ, သင်္ခါရ, အာရုံ။
ဝေဒနာကြောင့် တရား–
ခံစားအပ်သော အာရုံတရားတို့၌ သာယာဖွယ်ဟု အဖန်ဖန်ရှုလေ့ရှိသော ပုဂ္ဂိုလ်၏

http://www.dhammadownload.com

သန္တာန်၌ ဝေဒနာဟူသော အကြောင်းရှိသော တဏှာဖြစ်သည်။

၈။ (က) ဝိတက်။
(ခ) ဝိရိယ။
(ဂ) ဟိတ်။
ဝိတက္ကပစ္စိမက် ဟိ ဈာနဂ်၊ ဝီရိယပစ္စိမက် ဟိ ဗလ၊ ဟေတုပစ္စိမက် မဂ္ဂဂ်။ (အဘိ-၅-၁၊ ၃၀၄)။ မှတ်ချက်။ ။ ပုစ္ဆာ၌ "ဖိုလ်" ဟုဖြစ်နေသည်။
ဇောဂွတာနှင့် မဂ္ဂင် စသည်-
အမိမောဂွကင်းခြင်းကြောင့် ဝိစိကိစ္ဆာစိတ်၌ ဇောဂွတာသည် စိတ်တည်တံ့ရုံမျှသာ ဖြစ်သည်၊ ထို့ကြောင့် ဝိစိကိစ္ဆာနှင့် ယှဉ်သော ဇောဂွတာသည် မဂ္ဂင်, ဣန္ဒြေ, ဖိုလ် မထိုက်။

၉။ ဝိပါက် ဩမ်သက်ကြောင်း- (မန္တလေး ၉-၆)

၁၀။ ပညာအာရုံအဖြစ်ဖြင့် မောဟ၏ ဆန့်ကျင်ဘက်လည်းဖြစ်, ဝိတက် ပြေးသွားမှုကို တားမြစ်တတ်သည်လည်း ဖြစ်သောကြောင့် အာနာပါနဿတိကမ္မဋ္ဌာန်းသည် မောဟစရိုက်ရှိသူ, ဝိတက်စရိုက်ရှိသူတို့နှင့် သင့်လျော်ပါသည်။
(က) ဒိဋ္ဌိ ဝိစိကိစ္ဆာကို ပယ်ပြီးခြင်း။ အပါယ်လားကြောင်းကို ပယ်ပြီးခြင်း။ ဂ-ကြိမ်သာ ပဋိသန္ဓေ နေရခြင်း။
(ခ) ကိလေသာ အားလုံးကို ပယ်ပြီးခြင်း၊ အာသဝေါ ကုန်ပြီခြင်း၊ လောကဌ် အဂ္ဂဒက္ခိဏေယျဖြစ်ခြင်း။

၁၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ရောဝတီတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၀-ပြည့်နှစ်၊ တပေါင်းလကွယ်နေ့ (၂၅- ၃-၂၀၀၉) ဗုဒ္ဓဟူးနေ့။

၁။ မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကို ဝိပဿနာ မရှုကောင်းဟု ပြဆိုသော သင်္ဂီဟပါဠိကို မှန်ကန်စွာ ရေးပါ။

၂။ ရဟန်းတစ်ပါးကို ခင်မင်သော (ရာဂ)စိတ်ဖြင့် ဆွမ်းလောင်းလျှင် ကုသိုလ်ရနိုင်ပုံပြ ပစ္စည်းပိုင်းလာ သင်္ဂီဟပါဠိကို အနက်ယောဇနာပါ။

http://www.dhammadownload.com

၃။ အလိုရှိအပ် တောင့်တအပ်သော ကောင်းမြတ်သော ရှုပါရုံတစ်ခုကို ရှုမြင်ရသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖောက်ဖြစ်နိုင်သော စိတ်ကို ယှဉ်ရာ စေတသိက်နှင့် တွဲဖက်ဖော်ပြ၍ ၎င်းစိတ်ကိုပင် ပကိဏ္ဏကပိုင်းလာ သင်္ဂဟ ၆-ပါးဖြင့် ဝေဖန်ပြပါ။

၄။ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေယူနိုင်သော ပုဂ္ဂိုလ်ကို ပဋိသန္ဓေစိတ်နှင့်တကွ ဖော်ပြ၍ ယနေ့ကမ္ဘာတစ်ဝှန်း၌ တိုက်ခိုက်ဆင်နွှဲနေသော စစ်ပွဲများ၏ ဖြစ်ပွားရခြင်း အကြောင်းရင်းမှန်လက်သည်တရားခံကို အဘိဓမ္မတ္ထသင်္ဂဟပါဠိ အထောက်ပြဖြေဆိုပြီးလျှင်၊ လျှပ်စစ်မီးအလင်းရောင်၌ ရရှိနိုင်သော ရုပ်ကလာပ်တို့ကိုလည်း အဘိဓမ္မာဉာဏ်အမြင်ဖြင့် ရှုမြင်ကာ ဖြေဆိုပါ။

၅။ အောက်ပါစကားရပ်များ အဘိဓမ္မာသဘာဝနှင့် ညီ/မညီ သင်္ဂဟသာဓက ဖော်ပြ၍ ရှင်းလင်းဖြေဆိုခဲ့ပါ။
(က) မဂ်စိတ်ပေါ်ထြား တဖွားဖွား။
(ခ) လောက်လန်းသဖွယ် ဝိညာဉ်တွယ်။

၆။ ရုပ်ဖြစ်ပေါ်ကြောင်းတရား ၄-ပါးတို့ကြောင့် မဖြစ်သောရုပ်များ ရှိနိုင်ပါက အကြောင်းနှင့်တကွ ဖော်ပြ၍ အရိယာပုဂ္ဂိုလ်တို့သာ ရနိုင်သော ဣရိယာပုထ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

၇။ ပဌာန်းဆက်ဟု အသုံးတွင်ကျယ်နေသော ကာလ၌ အဘယ်ကို ပဌာန်းဆက်ဟု ခေါ်သနည်း ဖြေဆို၍၊ အနုလောမဉာဏ် အမည်ရသော တရားစုကိုလည်း အာရုံနှင့်တကွ ဖော်ပြပါ။

၈။ ဂရုက်စသော ကံလေးပါးတို့၏ အကျိုးပေးပုံအစဉ်ကို ဋီကာလာတိုင်းရေး၍၊ မိဏ္ဍာဒိဋ္ဌိ၏ လောဘမူလကြောင့် ဖြစ်ရခြင်းကိုလည်း ရေးသားပါ။

၉။ လဟုတာဒိတ္တယ ရုပ်သုံးခုအပေါင်းသည် အဘယ်ကြောင့် ကမ္မဇရုပ် မဖြစ်နိုင်ပါသနည်း ဋီကာဆရာအလိုကျ ဖြေဆို၍၊ ကာယဂန္ထ, သီလဗေဒတပရာမာသတို့၏ အဓိပ္ပါယ်ကိုလည်း ဋီကာအလိုကျ ရှင်းပြပါ။

၁၀။ အလုံးစုံသောပစ္စည်းတို့သည် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ ပစ္စည်းတို့၌ ပေါင်းခြင်းသို့ ရောက်ပုံကို ဋီကာဆရာအလိုကျ ဖြေဆိုပြ၍၊ ရာဂ-စသော စရိုက် ၆-ပါးကို

http://www.dhammadownload.com

မူလစရိုက်အစွမ်းဖြင့် ပုဂ္ဂိုလ်ကို ရေတွက်ပြဆိုထားခြင်းဖြစ်ရာ ရောနှောရ၍ (သံသဂ္ဂ) အစွမ်းဖြင့် စရိုက်ပေါင်း မည်မျှရှိသည်ကို ဋီကာဆရာအလိုကျ သရုံးမျှ ပြဆိုခဲ့ပါ။

၁၇။ ရောဝတီတိုင်း (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ

၁။ တတော ပရံ ပန တထာပရိဂ္ဂဟိတေသု -ပ- အနတ္တာ အသာရကဒ္ဌေနာတိ- ကို ပါဠိ ရေးလေ။

၂။ ရာဂါဒယော ပန-စသော ပါဠိကို အနက်ရေးလေ။

၃။ ကုသလဝိပါက် စက္ခုဝိညာဏ်။
ယုဇ္ဇိရာ စေတသိက်- သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ခု၊
သင်္ဂဟ ၆-ပါး
ဥပေက္ခာဝေဒနာ, အဟိတ်, ဒဿနကိစ္စ, စက္ခုဒ္ဒါရ, ပစ္စုပ္ပန် ရူပါရုံ, စက္ခုဝတ္ထု။

၄။ အနာဂါမ်ပုဂ္ဂိုလ်၊
ရူပါဝစရပဌမဈာန် ပဋိသန္ဓေစိတ်။
အကြောင်းရင်း- ဒေါသ။
တေသု ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါ စ ဒေါသမူလေန ဏယန္တိ။
ရုပ်ကလာပ်- ဥတုဇ သုဒ္ဓဋ္ဌကကလာပ်။

၅။ (က) မင်စိတ်သည် ၁-ကြိမ်သာ ဖြစ်သောကြောင့် မည်ပါ။
သာဓက- စတ္တာရော ပန မဂ္ဂုပ္ပါဒါ ဇောစိတ္တာကွဏိကာ။
(ခ) ဘဝသစ်၌ ဥပါဒ်လျှင် ဥပါဒ်ချင်း ပဋိသန္ဓေစိတ်ဖြစ်သောကြောင့် မည်ပါ။
သာဓက- ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။

၆။ ဖြစ်ဆဲအစရှိသော ရုပ်တို့၏ သဘောမျှသာ ဖြစ်သောကြောင့် လက္ခဏရုပ် ၄-ခုသည် ရုပ်ဖြစ်ကြောင်းတရား ၄-ပါးတို့ကြောင့် မဖြစ်ပါ။
ကျန်ရှိ- အနည္ဓာတည္ဓာမိတိရှိ, အည္ဓိရှိ, အည္ဓာတာဝိရှိ။

http://www.dhammadownload.com

၇။ လောကဌ် ဖြစ်ပေါ်သမျှ အရာခပ်သိမ်းသည် ပဌာန်းနည်း အကြောင်းအကျိုး ဆက်စပ်ရှိသာ ဖြစ်ကြရသည်ကို ပဌာန်းဆက်–ဟု ခေါ်သည်။
အနုလောမဉာဏ်– ပရိကမ်, ဥပစာ, အနုလုံ။
အာရုံ– အနိစ္စအစရှိသော တေဘူမကသင်္ခါရအာရုံ။

၈။ ဂရုက်စသော ကံ ၄–ပါးတို့တွင် ဂရုက်သည် အကြီးလေးဆုံးဖြစ်၍ ပထမဆုံး အကျိုးပေးသည်၊ ထိုဂရုက် မရှိခဲ့သော် အပေါက်ဝ၌ နီးကပ်သော နွားအိုက ပထမဆုံး ထွက်ရသကဲ့သို့ နီးကပ်သော အာသန္နက်က ပထမ အကျိုးပေးသည်၊ ထိုအာသန္နက်မရှိခဲ့သော် အာစိဏ္ဏက်က ပထမ အကျိုးပေးသည်၊ ထိုအာစိဏ္ဏက်မရှိခဲ့သော် ကဋတ္တာက် အကျိုးပေးသည်။
လောဘမူလဖြစ်ရကြောင်း–
မိစ္ဆာဒိဋ္ဌိ၏ မှားမှားယွင်းယွင်း နလုံးသွင်းထိုက်သော ဝတ္ထုတို့၌ လောဘရှေ့သွား လျက်သာလျှင် နလုံးသွင်းခြင်းကြောင့် မိစ္ဆာဒိဋ္ဌိသည် လောဘမူလကြောင့် ဖြစ်ရသည်။

၉။ ပစ္စုပ္ပန်အကြောင်းကို ငဲ့သောကြောင့် လဟုတာဒိတ္တယသည် ကမ္မဇရုပ် မဖြစ်ပါ။
ကာယဂန္ထ– နာမကာယနှင့် ရူပကာယကိုလည်းကောင်း, ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကိုလည်းကောင်း ဖြေ၍ မရလောက်အောင် ထုံးဖွဲ့ရစ်ပတ်တတ်သောကြောင့် ကာယဂန္ထ။
သီလမ္ဗတပရာမာသ– နွားတို့အလေ့အစရှိသော အလေ့ဖြင့်လည်းကောင်း, အကျင့်ဖြင့်လည်းကောင်း, ထိုနှစ်ပါးစုံဖြင့်လည်းကောင်း ကိလေသာ(သံသရာ)မှ စင်ကြယ်နိုင်သည်ဟု မှားသောအားဖြင့် အစစ်အမှန်မဟုတ်သောအားဖြင့် သုံးသပ်ကြောင်း ဒိဋ္ဌိဖြစ်သောကြောင့် သီလမ္ဗတပရာမာသ –ဟု ခေါ်သည်။

၁၀။ အာရုံအဖြစ်, ဥပနိဿယအဖြစ်သို့ မရောက်သော ပစ္စည်းမရှိသောကြောင့်လည်းကောင်း, ပစ္စည်းအားလုံး ကမ္မသဘောကို မလွန်ဆန်နိုင်ဘဲ ပရမ်တ္တအားဖြင့်ဖြစ်စေ, လောကသမ္မုတိအားဖြင့်ဖြစ်စေ, ထင်ရှားရှိနေသောကြောင့်လည်းကောင်း အလုံးစုံသော ပစ္စည်းတို့သည် အာရမ္မဏ ဥပနိဿယ ကမ္မ အတ္တိ–ပစ္စည်းတို့၌ ဝင်ကုန်၏။
သင်္ချာ– ၆၃။

http://www.dhammadownload.com

၁၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ (အထူးအောင်)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်္ဂဟဘာသာ
၁၃၇၁-ခုနှစ်၊ နယုန်လပြည့်ကျော် (၁၄) ရက် (၂၁-၆-၂၀၀၉) တနင်္ဂနွေနေ့။

၁။ အရှင်အနုရုဒ္ဓါဆရာသည် အဘယ်ကိုပြခြင်းငှါ "သမ္မာသမ္ဗုဒ္ဓ" စသောဂါထာကို ဆိုရပါသနည်း? ဖြေဆိုလော့။ သမာဓိသည် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက် ဖြစ်ရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။

၂။ အဘယ်စျာန်သည် ပါဒကစျာန်မည်ပါသနည်း? ဖော်ပြ၍ ထိုစျာန်၏ ပါဒကစျာန်မည်ခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

၃။ ထိန, မိဒ္ဓတို့၏အထူးကို ဖော်ပြ၍ ရဟန္တာပုဂ္ဂိုလ်တို့၏ အိပ်ပျော်ခြင်းသည် ထိန မိဒ္ဓနှင့် ဆက်စပ်မှုရှိ/မရှိ အကြောင်းပြ၍ ဖြေဆိုပါ။

၄။ ဧကဟိတ် စေတသိက်များကို ရေတွက်ပြ၍ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်နှင့် မဟာဝိပါက်စိတ်တို့သည် အဘယ်အခါ ၆-ဒွါရ၌ဖြစ်၍, အဘယ်အခါ ၆-ဒွါရမှ လွတ်ပါသနည်း? ဖြေဆိုပါ။

၅။ ဒွတ္တိသ သုခပုညမှာ-စသောဂါထာ၌ (က) ဒွါဒသအရနှင့်၊ (ခ) အဋ္ဌအရတို့ကို သင်္ဂဟပါဠိ အထောက်ပြ၍ ကောက်ပြပါ။

၆။ နိမ္မာနရတိနတ်တို့၏သက်တမ်းကို (က) တာဝတိံသာနတ်တို့၏ တွက်ကိန်း။ (ခ) လူတို့၏ တွက်ကိန်းတို့ဖြင့် ကျနစွာ ရေတွက်ပြပါ။

၇။ ရုပ်မှလွတ်သော ဣရိယာပုထ်ဝိညတ်မည်သည် မရှိပါဘဲလျက် အဘယ်အကျိုးငှါ ရုပ်မှ ဣရိယာပုထ်ဝိညတ်တို့ကို သီးခြားယူရပါသနည်း? ဖြေဆိုပါ။

၈။ သမ္ဘပွဓာန်လေးပါး၌လာသော (က) ဥပ္ပန္နပါပက၊ (ခ) အနုပ္ပန္နပါပက ဖြစ်ထိုက်သောတရားများကို ဖော်ပြ၍၊ နဝါ သင်္ခါပ္ပပီတိယော-စကားအရ ပီတိတို့သည် အဘယ်လောကုတ္တရာစိတ်၌ မဖြစ်ပါသနည်း? ဖြေဆိုပါ။

၉။ ရုပ်သည် နာမ်အား ကျေးဇူးပြုပုံ သင်္ဂဟပါဠိစကားရပ်ကို သိသာရုံမျှ အနက်ပေးပြပါ။

http://www.dhammadownload.com

၁၀။ ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာပုံပြ သင်ဟပါဠိစကားရပ်ကို မှန်ကန်စွာ ရေးပြပါ။

၁၈။ အထူးအောင် (အဖြေ)
ပထမကြီးတန်း ။ ။ အဘိဓမ္မတ္ထသင်ဟဘာသာ

၁။ ရတနတ္တယပဏာမ, အဘိဓေယျ, ကရဏာပွကာရ, ပကရဏာဘိဓာန, ပယောဇနတို့ကို ပြခြင်းငါ သမ္မာသမ္မုဒ္ဓ-စသောဂါထာကို အရှင်အနုရုဒ္ဓါဆိုသည်။
အကြောင်း-
ရာဂပဏိဓိ၏ ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သမာဓိသည် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်ဖြစ်ရသည်။

၂။ လောကီပထမစျာန်စသည်တို့တွင် ဝင်စားတိုင်းသော စျာန်မှ ထ၍ တေဘူမကသင်္ခါရတို့ကို အနိစ္စစသည်ဖြင့် သုံးသပ်သော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြစ်သော စျာန်သည် ပါဒကစျာန်။
အကြောင်း- ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ နီးစွာသော အကြောင်းဖြစ်သောကြောင့်တည်း။

၃။ စိတ်၏ မခုံခြင်းသည် ထိန၊ စေတသိက်၏ မခုံခြင်းသည် မိဒ္ဓ၊ ဤသို့ ထူးသည်။
ရဟန္တာအိပ်ခြင်းနှင့် ထိနမိဒ္ဓ-
ရဟန္တာတို့၏ အိပ်ခြင်းသည် ထိနမိဒ္ဓကြောင့် မဟုတ်၊ ကာယဂေလညကြောင့်ဖြစ်သည်။

၄။ **ကေဟိတ် စေတသိက်-** လောဘ,ဒေါသ, ဝိစိကိစ္ဆာ-ပေါင်း ၃။
ဥပေက္ခာသန္တီရဏာ ၂-ခုသည် ပဋ္ဌဒ္ဓါရတို့၌ သန္တီရဏာ တဒါရုံတို့၏ အစွမ်းအားဖြင့်ဖြစ်သောအခါ, မနောဒ္ဓါရ၌ တဒါရုံ၏ အစွမ်းအားဖြင့်ဖြစ်သောအခါ ၆-ဒ္ဓါရ၌ဖြစ်သည်၊ ပဋိသန္ဓေ စသည်တို့၏ အစွမ်းဖြင့်ဖြစ်သောအခါ ၆-ဒ္ဓါရမှ လွတ်သည်။

၅။ (က) မဟာဂ္ဂုတ်ကုသိုလ် ဥပေက္ခာ ၅၊ မဂ် ဥပေက္ခာ ၄၊ အောက်ဖိုလ် ဥပေက္ခာ ၃၊ ပေါင်း ၁၂။
အထောက်- ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာဝ၊ တတ္ထာပိ ကုသလဇဝနာနန္တရံ ကုသလဇဝနဿေဝ ဟေဋ္ဌိမဏ္ဍ ဖလတ္တယမပ္ပေတိ။
(ခ) မဟာဂ္ဂုတ်ကြိယာ သောမနဿ ၄၊ အရဟတ္တဖိုလ် သောမနဿ ၄၊ ပေါင်း ၈။
အထောက်- သောမနဿသဟဂတဇဝနာနန္တရံ အပ္ပနာပိ သောမနဿသဟဂ

http://www.dhammadownload.com

တာဝ ပါဠိကဘိတမ္ဘာ၊
ကိရိယဇဝနာနန္တရံ ကိရိယဇဝနံ အရဟတ္တဖလဿာတိ။

၆။ (က) ၆၄၀၀၀။
(ခ) ၁၄၇၄၅၅၆၀၀၀၀၀
(တစ်သောင်းလေးထောင်ခုနစ်ရာလေးဆယ့်ငါးကုဋေခြောက်သန်း)

၇။ ဣရိယာပုထ်ကို ထောက်ပံ့နိုင်သော စိတ်သည်လည်း ရုပ်သာမည်ကို ဖြစ်စေနိုင်၏-ဟူသော အထူးကို ပြခြင်းငှါ ဣရိယာပုထ်, ဝိညတ်တို့ကို သီးခြားယူရသည်။

၈။ (က) မိမိသန္တာန်၌ ဇောန်ဖြစ်ပြီး အကုသိုလ်, ထိုအကုသိုလ်နှင့် အလားတူ အကုသိုလ်။
(ခ) ခဏတ္တယသို့ မရောက်သေးသော အကုသိုလ်။
န ဝါ သက်ပွဿပီတိယော-
သက်ပွသည် ဒုတိယစျာန်စသည်၌ မဖြစ်၊
ပီတိသည် စတုတ္ထစျာန်စသည်၌ မဖြစ်။

၉။ ဆ ဝတ္ထူနိ ပဝတ္တိယံ-စသော ပစ္စည်းပိုင်းလာ ပါဠိကို အနက်ရေးလေ။

၁၀။ တထာ သမာဟိတသ -ပ- ပဋိဘာဂနိမိတ္တံ သမုပ္ပန္နန္တိ ပဝုစ္စတိ-ဟူသော ပါဠိကို အနက်ရေးလေ။

၁။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကချင်ပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ
၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၂)ရက်၊ (၆-၄-၂၀၀၉) တနလာနေ့။

အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို မြန်မာဝေါဟာရ ပြန်ဆိုပါ။
၁။ (က) နိပုဏာ၊ (ခ) မဟိန္ဒ၊ (ဂ) ယုဂန္ဓ၊ (ဃ) ဘာနုမာ၊ (င) ဂန္ဓဝါဟ၊
(စ) ဝိဇ္ဇု၊ (ဆ) မရီစိ၊ (ဇ) မရိစ၊ (ဈ) ဘာဂျ၊ (ည) ဟဒယဂိမ။

အောက်ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရပြန်ဆိုပါ။
၂။ (က) နတ်သို့။ (ခ) နတ်သြဇာ၊ (ဂ) နတ်သစ်ပင်၊ (ဃ) မီးပွား။ (င) အဟုန်၊
(စ) မိုးတိမ်၊ (ဆ) မိုးပေါက်၊ (ဇ) တန်ခူးလ၊ (ဈ) နွေဥတု၊ (ည) ဥစ္စာ။

http://www.dhammadownload.com

၃။ အမိုက်မှောင် ၄–မျိုးကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြ၍ ဝါကျနှင့် အာမေဋိတ် သဘောတို့ကိုလည်း ရေးသားခဲ့ပါ။

၄။ အဘိဓာန်ကျမ်းလာ ဥပါယ ဥပါယိ ၄–မျိုးကို ပါဠိ+မြန်မာနှစ်ဘာသာဖြင့် ဖော်ပြ၍ ဥပုသ်သုံးခြင်း၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ အတ္ထဗျတ္တိဂုဏ်မြောက်သော ပုံစံပြ ဂါထာတို့ကို ပါဠိသက်သက် ရေးခဲ့ပါ။

၆။ မဒုရတာဂုဏ်မည်ပုံပြ ဂါထာကို အနက်ယောဇနာပြခဲ့ပါ။

၇။ အောက်ပါလင်္ကာစကားတို့၌ (က) သင့်ရောက်သောဒေါသ၊ (ခ) လွတ်မြောက်နိုင်သော ဒေါသ၊ (ဂ) ရောက်သောဂုဏ်တို့ကို အကြောင်းပြ ဖြေဆိုပါ။
(က) စိတ်ပုတီးရယ်နှင့်၊ ရိပ်မိုးတဲ့ထွင့်ခေါင်၊ ဦးရွှေညို့ သီလချောရယ်နှင့်၊ တောခိုသည့် ချောင်။
(ခ) ဤအမျိုးသွီးသည် ဖိုးလမင်းကဲ့သို့ မြင်သူအားလုံး၏ စိတ်ကိုချမ်းမြေ့စေသည်။
(ဂ) ချစ်သူစကား၊ တမာလိုခါးပေမဲ့၊ ပျားသကာပင်၊ စိတ်မှာထင်၊ နားဝင်ချိုသတဲ့။

၈။ အလင်္ကာကျမ်းလာ ပြုံးပျော်ရယ်ရွှင်ခြင်း အပြားတို့ကို မြန်မာဘာသာဖြင့် ဖော်ပြ၍ အောက်ပါ ကဗျာလင်္ကာကို ရွှ၍ ဘာဝါလင်္ကာရစသည်ကိုလည်း ထုတ်ပြခဲ့ပါ။
သူမလှပေမဲ့၊ တူမ္ပျစွာ သွေမပျက်ပါဘူး။ ရေစက်ကယ် အတူဆုံလို့၊
အမှုပုံ မဒီအလှကိုလ၊ ကြည်မြစွာ ချစ်ပင်ပျိုးခဲတယ်၊ မြတ်နိုးတစ်သက်။

၉။ ဂရုဖြစ်လျက် လဟုကဲ့သို့ မှတ်ရမည့်ပုံစံကို ပြဆိုသောဂါထာကို ပါဠိရေး၍၊ ဆန်းနှင့် ဂါထာအထူးကိုလည်း ရေးသားဖြေဆိုခဲ့ပါ။

၁၀။ ပန်းသဖွယ် ဆန်းကြယ်သောဂါထာ၏ အင်္ဂါလက္ခဏာတို့ကို ဖြေဆို၍၊ ဆန်းကျမ်းလာ လက္ခဏာရပ်များနှင့် မည်ညွှတ်သော အက္ခရာပါဒရှိသော ဂါထာများကို သာမညဂါထာ ဟု အမည်ပေးပါရန် ညွှန်ပြထားသော ဂါထာကိုလည်း အနက်ပေးခဲ့ပါ။

http://www.dhammadownload.com

၁။ ကချင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ

၁။ (က) နိမ္မာန်၊ (ခ) သိကြားနတ်မင်း၊ (ဂ) ယုဂန္ဓရတောင်၊ (ဃ) မီး၊ (င) လေ၊ (စ) လျှပ်စစ်၊ (ဆ) အရောင် (တံလျှပ်) (ဇ) ပြုတ်၊ (ဈ) ကံကြမ္မာ၊ (ည) ကြင်နာစကား။

၂။ (က) အစ္ဆရာ၊ (ခ) ဝိယူသ၊ (ဂ) သန္တာန၊ (ဃ) ဝိပ္ပုလိဂီ၊ (င) ဝေဂ၊ (စ) မေဃ၊ (ဆ) သီကရ၊ (ဇ) ရမ္ဘက၊ (ဈ) ဂိမှ၊ (ည) ဓန။

၃။ ၁။ ကာဌပကွစာတုဒ္ဒသီ- လဆုတ်ပကွ လကွယ်နေ့၊
၂။ ဃနဝနသဏ္ဌာ- တခဲနက်သော တောအုပ်တောနက်၊
၃။ မေဃပဋ္ဌလ- မိုးတိမ်အုံခြင်း။ (မိုးမှောင်ကျခြင်း)
၄။ အမုရတ္တိ- သန်းခေါင်။

ဝါကျ-

တစ်ခုသော အာချာတ်ပုဒ်ရှိသော ကာရကနှင့်တကွဖြစ်သော ပုဒ်အပေါင်းသည် ဝါကျ။

အာမေဋိတ်- နှစ်ကြိမ်, သုံးကြိမ် ရွတ်ဆိုခြင်းသည် အာမေဋိတ်-မည်၏။

၄။ ၁။ ဘောဒ- ရန်သူတို့၏ အသင်းအပင်း၌ အချင်းချင်း ကွဲပြားစေခြင်း-ဟူသော ဘေဒဥပါယ်၊
၂။ ဒဏ္ဍ- ဖိစီးနှိပ်ကွပ် ဒဏ်တပ်ခြင်းဟူသော ဒဏ္ဍဥပါယ်၊
၃။ သာမ- စိတ်ကျေချမ်းအောင်ပြုခြင်း, စကားပြေပြောခြင်းဟူသော သာမဥပါယ်။
၄။ ဒါန- လက်ဆောင်ပဏ္ဏာစသည်ပေးခြင်းဟူသော ဒါနဥပါယ်။

ဥပုသ်သုံးခြင်း-

မကောင်းမှုတို့မှ ကင်းသည်၊ အလုံးစုံသောစည်းစိမ်တို့ကို ကြဉ်သည်ဖြစ်၍ သီလစသော ဂုဏ်တို့နှင့် တကွနေခြင်းသည် (ဥပဝါသ) ဥပုသ်သုံးခြင်း မည်၏။

၅။ အလင်္ကာ ဂါထာနံပါတ် ၈၁၊ ၈၂၊ ၁၄၈-တို့ကို ပါဠိရေးလေ။

၆။ အလင်္ကာ ဂါထာနံပါတ် ၁၂၇-ကို အနက်ရေးလေ။

၇။ (က) သီလချော-ဟူသော စကားသည် ကိုယ်ကျင့်တရားဟူသော သီလ၊ သီလရှင်

http://www.dhammadownload.com

ဟူသော သီလဟု နစ်မျိုးရှိ၍ ယုံမှားသံသယဖြစ်စရာရှိသောကြောင့် သသံသယ ဒေါသ သင့်သည်။

(တစ်နည်း) အလိုရှိအပ်သော ကိုယ်ကျင့်သီလဟူသော အနက်၌ အလိုမရှိအပ်သော သီလရှင်ဟူသော အနက်တစ်ပါး ပါဝင်နေခြင်းကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်သည်။

(ခ) အမျိုးသမီး လှကြောင်း တိုက်ရိုက် မပါသော်လည်း မြင်သူအားလုံး၏ စိတ်ကို ချမ်းမြေ့စေခြင်းသည် လှပချောမောခြင်း, တည်ကြည်ခြင်း, အကျင့်ကောင်းခြင်းကို သိနိုင်သောကြောင့် သာမတ္ထိယနေယျဒေါသမှ လွတ်သည်။

(ဂ) ခါးခြင်းအရသာသဘောရှိသော တမာကို ခါးခြင်းအရသာ သဘောမရှိသော စကား၌ တင်စား၍ ဆိုသောကြောင့် နိရသေသရသသမာဓိဂုဏ် မြောက်သည်။

၈။ ၁။ မျက်စိဖွင့်ရုံ ရယ်ခြင်း။ ၂။ သွားပေါ်ရုံ ရယ်ခြင်း။
၃။ ဖြေးညှင်းချိုသာ အသံထွက်ရုံမျှ ရယ်ခြင်း။ ၄။ ပခုံးဦးခေါင်းလှုပ်အောင် ရယ်ခြင်း။
၅။ မျက်ရည်ထွက်အောင်ရယ်ခြင်း။
၆။ တစ်ကိုယ်လုံး သိမ့်သိမ့်ခါ ကိုယ်ကို ပစ်လဲ၍ ရယ်ခြင်း။

ဘာဝ, ဝိဘာဝ–

၁။ ချစ်ခင်နှစ်သက်သော ပုဂ္ဂိုလ်၏သန္တာန်၌ ချစ်ကြိုက်သော အခြင်းအရာအားဖြင့်ဖြစ်သော လောဘ, ဝိတိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ, ကာမသိဂါရရသ၊

၂။ ချစ်အပ်သော မိန်းကလေးသည် အာလမ္ဗဏဝိဘာဝ၊

၃။ မိန်းကလေးနှင့် ရှေးရေစက်ကံရှိခြင်း စသည်သည် ဥဒ္ဒီပနဝိဘာဝ၊

၄။ ချစ်ကြိုက်ခြင်းကြောင့် ကိုယ်လက်သုံးသပ်ခြင်း, ဖက်ရမ်းနမ်းရှုတ်ခြင်း–စသော အကျိုးအဆက်ဆက်သည် အနုဘာဝ၊

၅။ ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝ–တို့ဖြင့် သာယာအပ်သည်၏ အဖြစ်သို့ရောက်သော ထိုရတိဌာယီဘာဝသည်ပင် ကာမသိဂါရရသ။

၉။ ဆန်းပထမပိုင်း ဂါထာနံပါတ် ၉–ကို ပါဠိရေးလေ။

ဆန်းနှင့် ဂါထာ–

အကွာရာလုံးရေကို မှတ်သားခြင်းသည် ဆန်းမည်၏။

http://www.dhammadownload.com

ဂိုဏ်း, ဂရ, လဟုကို မှတ်သားခြင်းသည် ဂါထာမည်၏။

၁၀။ ပါဒတိုင်း နှ-ဂိုဏ်း, ယ-ဂိုဏ်း, နှ-ဂိုဏ်း, ယ-ဂိုဏ်း ရှိခြင်း။
အနက်ပေး-
ဆန်းဂါထာနံပါတ် ၁၂၈-ကို အနက်ရေးလေ။
မှတ်ချက်- ဆန်းဂါထာနံပါတ် ၁၅-ကိုလည်း ရေးနိုင်သည်။

၂။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ကယားပြည်နယ်)
ပထမကြိုးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်းဘာသာ
၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၂)ရက်၊ (၆-၄-၂၀၀၉) တနလာနေ့။

၁။ အောက်ပါ မြန်မာဝေါဟာရများကို ပါဠိဝေါဟာရတစ်ခုစီ ထုတ်ပြပါ။
(က) လိုက်လျောခြင်း။ (ခ) စာဆိုတော်၊ (ဂ) ခရီးသွားသူ၊ (ဃ) ရေကရား။ (င) ခြင်း, တောင်း, ပလုံး။

၂။ အောက်ပါ ပါဠိဝေါဟာရများကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပါ။
(က) သိင်္ဂီ၊ (ခ) ကန္ဓရ၊ (ဂ) ဣဏ္ဍ၊ (ဃ) ပလဝင်္ဂ၊ (င) လုလာယ။

၃။ ဗေဒင် ၃-ပုံတို့၏ နာမည်တို့ကို အစဉ်အတိုင်း ဖော်ပြ၍ နံ့သာမျိုး ၄-ပါးကို ပါဠိ+မြန်မာ နှစ်ဘာသာတွဲစပ်၍ ဖြေဆိုပါ။

၄။ ဟတ္ထိနခ သဒ္ဒါလည်း ပြဿာဒ်ကို ဟောပါသည်၊ ပါသာဒ သဒ္ဒါလည်း ပြဿာဒ်ကို ဟော ပါသည်၊ ပြဿာဒ်ခြင်း တူ/မတူကို အဘိဓာန်အလိုကျ ဖော်ပြ၍ ခန္ဓာကိုယ်အင်္ဂါပြ စကား ရပ်တို့၌ ကမ္မဂိုဏိ-ဟုပြဆိုရာ အဘယ်ကို "ကမ္မဂိုဏိ"ဟု ခေါ်ပါသနည်း ဖြေဆိုပါ။

၅။ ဝိရုဒ္ဓတ္ထနှုရဒေါသမည်ပုံကို ရေးပြ၍ ယော မာရသေနမာသန္န-စသောဂါထာ၌ ဩစိတျ ဟီနဒေါသမှလွတ်မြောက်ပုံကိုလည်း ရေးပြပါ။

၆။ "သု, စိ, ပု, ဘာ, ဝိ, လိ, သိ, ဓာ၊ အကွရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်း ဆင်လော့"ဟူသောစကား၌ အဘယ်ဂုဏ် မြောက်ပါသနည်း? အကြောင်းပြ၍ ဖြေဆို ပြီးလျှင်၊ မုနိန္ဒ စန္ဒ သမ္ဗျုတ-စသောဂါထာ၌ ကန္ဓိဂုဏ်မြောက်ပုံကိုလည်း ရေးပြခဲ့ပါ။

http://www.dhammadownload.com

၇။ သဘာဝဝုတ္တိ အလင်္ကာ၏ ဥဒါဟရဏ်ပြဂါထာ၊ အဖွဲ့အနွဲ့၏ အသက်နှင့်တူသော အလင်္ကာ၊ ကျက်သရေကို လွန်စွာတိုးပွားစေတတ်သော အလင်္ကာပြဂါထာတို့ကို ပြည့်စုံအောင် ရေးပြခဲ့ပါ။

၈။ ဌာယီဘာဝ၏ အဓိပ္ပါယ်ပြ ဂါထာကို အနက်ပေးပြပါ။

၉။ ဂရုအပြားပြဂါထာကို အနက်ပေးပြ၍ (က) လဟုသက်သက် ဖွဲ့သီကုံးသောဂါထာ၊ (ခ) ဂရုသက်သက် ဖွဲ့သီကုံးသောဂါထာတို့ကို ပါဠိမျှ ရေးပြခဲ့ပါ။

၁၀။ ဝေတာလီဂါထာ၏ လက္ခဏာကို ရေး၍၊ ယတိဖြင့် မမှတ်ဘဲ လဟု ၁၄-လုံး၊ ဂရု ၁-လုံးဖြင့် ဖွဲ့စီကုံးထားသောဂါထာသည် အဘယ်ဂါထာဖြစ်လာပါသနည်း ဂါထာအမည်၊ ဆန်းအမည်ကို ရေးခဲ့ပါ။

၂။ ကယားပြည်နယ် (အဖြေ)

ပထမကြိုးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ

၁။ (က) အနရောဓ၊ (ခ) ဝန္ဓီ၊ (ဂ) ဂဓိက၊ (ဃ) ကမဏ္ဍလု၊ (င) ပိဋ္ဌက။

၂။ (က) ဦးချို၊ (ခ) ချောက်၊ (ဂ) ဝက်ဝံ၊ (ဃ) မျောက်၊ (င) ကျွဲ။

၃။ ဣရုဗေဒ၊ ယဇုဗေဒ၊ သာမဗေဒ။

နံသာ ၄-မျိုး-

၁။ ကုက္ကိုမ- ကုက်ုံမ်ံ၊ ၂။ ယဝနပုပ္ပ- လေးညှင်းပွင့်၊

၃။ တဂရ- တောင်ဇလပ်၊ ၄။ တုရုက္ခ- ကမျည်း။

၄။ ဟတ္ထိနခ-သဒ္ဒါသည် ဆင်ခြေလျှောမြေ၌ တည်သောပြဿဒ်ကို ခေါ်ပါသည်၊ ပါသာဒသဒ္ဒါသည် လေးထောင့်တိုက်အိမ်ကို ခေါ်ပါသည်၊ ထို့ကြောင့် ပြဿဒ်ခြင်း မတူပါ။

ကမ္ဗုဂီဝါ ဟု ခေါ်ပုံ-

ရွှေမုရိုးစည်ငယ်နှင့်တူသော လည်ပင်းကို ဝါ- အရေးသုံးခုတို့ဖြင့် မှတ်အပ်သော လည်ပင်းကို ကမ္ဗုဂီဝါ (ရွှေလည်တိုင်)ဟုခေါ်ပါသည်။

၅။ အလိုရှိအပ်သောအနက်၌ ဆန့်ကျင်ဘက်အနက်တစ်ပါးပါရှိသောပုဒ်သည် ဝိရုဒ္ဓတ္ထန္တရဒေါသမည်၏။

http://www.dhammadownload.com

ဩဝါဒတျဟီန ဒေါသမှ လွတ်မြောက်ပုံ-

ယော မာရသေန မာသန္ဒ- စသောဂါထာ၌ အာသန္ဒဝိဇယုသဝဘွဲ့ထူးရ၍ ကိုယ်တွင်း မာန်းလေးပါးကို အောင်တော်မူလတ့ံသော မြတ်စွာဘုရားသည် သာမာန်ပြင်ပရန်ဖြစ် သောမာနတ်စစ်တပ်ကို မြက်မှိုက်လောက်မျှ မအောင်မေ့ဟူသော စကားသည် အသင့် ယုတ္တိရှိသောကြောင့်လည်းကောင်း, အောင်မြင်မှုအားလုံးကို အောင်မြင်ပြီးသော မြတ်စွာဘုရားသည် သင်တို့အားအောင်ဆုကို ပေးပါစေ ဟုဆိုသော စကားနှစ်ရပ်၌ ရှေ့နောက် စကားညီညွတ်သဖြင့် အသင့်ယုတ္တိရှိသောကြောင့်လည်းကောင်း ဩဝါဒ တျဟီန ဒေါသမှ လွတ်ပါသည်။

၆။ သု, စိ, ပု, ဘာ- စသော ကဗျာသည် စာတတ်မြောက်ရန် အင်္ဂါရှစ်ပါးကို အကျဉ်းချုံး၍ အနက်အဓိပ္ပါယ် မပျက်စီးအောင် ဖွဲ့ဆိုထားသောကြောင့် သမာသအတ္ထဩဇုဏ် မြောက်ပါသည်။

ကန္တိဂုဏ် မြောက်ပုံ-

မုနိန္ဒ စန္ဒ သမ္ဗျုတ- စသောဂါထာသည် ဟုတ်မှန်တိုင်းသော အနက်ကို မလွန်ဘဲ အများနှစ်သက်သဘောကျလောက်အောင် ဖွဲ့စီထားသောကြောင့် ကန္တိဂုဏ် မြောက်ပါ သည်။

၇။ အလင်္ကာဂါထာနံပါတ် ၁၆၆၊ ၁၇၂- တို့ကို ပါဠိရေးလေ။

၈။ အလင်္ကာဂါထာနံပါတ် ၃၄၁- ကို အနက်ရေးလေ။

၉။ ဆန်းဂါထာနံပါတ် ၇- ကို အနက်ရေးလေ။

(က) ဂါထာနံပါတ် ၃၈၊ အစလဓိတိဂါထာ၊

(ခ) ဂါထာနံပါတ် ၄၉၊ ဝိဇ္ဇုမ္မာလာဂါထာတို့ကို ပါဠိရေးလေ။

၁၀။ ၁။ ဝိသမပါဒ အစဉ် ၆- မြောက်ရှိခြင်း။ ၂။ သမပါဒ အစဉ် ၈- မြောက်ရှိခြင်း။

၃။ ဝိသမပါဒအစ ၆- မြောက်, သမပါဒအစ ၈- မြောက်နောင် ရ- ဝိုဏ်း, လဟု, ဂရုရှိရခြင်း။

၄။ သမပါဒ အစဉ် လဟု ၆- ခု တစ်ဆက်တည်း မနေရခြင်း။

ဂါထာအမည်, ဆန်းအမည်-

သသိကလာဂါထာ၊ အတိသက္ကရီဆန်း ဖြစ်ပါသည်။

http://www.dhammadownload.com

၃ ။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (ကရင်ပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁၂)ရက်၊ (၆-၄-၂၀၀၉) တနင်္လာနေ့။

၁။ အောက်ဖော်ပြပါ ပါဠိဝေါဟာရများကို မြန်မာဝေါဟာရတစ်ခုစီ ပြန်ဆိုပါ။
(က) သုဒ္ဓိ၊ (ခ) အနိမိသ၊ (ဂ) သေဋ္ဌိ၊ (ဃ) သုရပထ၊ (င) ထုတိ၊
(စ) ဓနိ၊ (ဆ) လောစန၊ (ဇ) ဝိဂ္ဂဟ၊ (ဈ) ဝိမတိ၊ (ည) ဂေါ။

၂။ အောက်ဖော်ပြပါ မြန်မာဝေါဟာရများကို ပါဠိဝေါဟာရတစ်ခုစီ ပြန်ဆိုပါ။
(က) တံခါးမှန်၊ (ခ) အုတ်၊ (ဂ) မြေ၊ (ဃ) လက်ခုပ်၊ (င) ဦးထုပ်၊
(စ) လေးညှင်း၊ (ဆ) ခေါင်းအုံ၊ (ဇ) ရေကရား၊ (ဈ) ကြာပွတ်၊ (ည) ပဲခွပ်။

၃။ ဆား ၅-မျိုးနှင့် အတတ်သည် ၅-မျိုးတို့ကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ယှဉ်တွဲဖော်ပြ ခဲ့ပါ။

၄။ မြစ်ကြီးငါးသွယ် သရုပ်ကို ရေး၍၊ ဂါထာနေကတ္ထဝဂ်လာ ဝရ-သဒ္ဒါ ဟောနိုင်သော အနက်များကိုလည်း မြန်မာဘာသာဖြင့် ဖြေဆိုပါ။

၅။ "ဇကတ္ထဒေါသ" သင့်ပုံပြ ဂါထာတို့ကို ပါဠိမှန်ကန်စွာ ရေးပါ။

၆။ သဒ္ဒသုခုမာလတာဂုဏ်၏ ဥဒါဟရဏ်ပုံစံပြဂါထာကို အနက်ယောဇနာခဲ့ပါ။

၇။ ကဗျာဆရာ၏ လက္ခဏာ ၃-ပါးကို ဖော်ပြ၍၊ အောက်ပါဂါထာ၌ ရနိုင်သော ဘာဝ, ဝိဘာဝ, အနုဘာဝတို့ကိုလည်း ပြည့်စုံအောင် ထုတ်ပြပါ။
ကိမေ ဇကေန တိဏ္ဍေန၊ ပုရိသေန ထာမဒဿိနာ။
သမ္ဘည္ဘုတံ ပါပုဏိတ္တာ၊ သန္ဓာရေသိ သဒေဝကံ။

၈။ အောက်ပါတို့တွင် (က) ဒေါသ၊ (ခ) ဂုဏ်၊ (ဂ)အလင်္ကာ အမည်တို့ကို ဖော်ပြ၍ ရယ်ရှင်ခြင်း ၆-မျိုးတို့၏ သဘောကိုလည်း အလင်္ကာကျမ်းလာအတိုင်း ရေးပါ။
(က) ဖောင်တိန်ကောင်းလို့သာ စာမေးပွဲအောင်သည်။
(ခ) သု, စိ, ပု, ဘာ၊ ဝိ, လိ, သိ, ဓာ၊ အကွရာစွဲသုံး။ ဤရှစ်လုံးကို။
(ဂ) ပညာရှေအို။ လူမခိုး။ ဆိုရိုးစကားလာ။

http://www.dhammadownload.com

၉။ ဂရုဖြစ်ပါ၊လျှက် လဟုကဲ့သို့ မှတ်အပ်သော ဥဒါဟရုက်ပြဂါထာကို ပါဠိရေး၍၊ ဝိသေသ အမည်ရသောဂါထာအမည်, ဆန်းအမည်ကို ပြုပါမည်ဟု ပဋိညာဉ်ပြုသော ဂါထာကို လည်း အနက်ပေးပြပါ။

၁၀။ အရိယာသာမည်ဂါထာနှင့် ပထျာအရိယာဂါထာတို့၏ အထူးကို ရေး၍၊ ဝိပုလာအရိယာ ဂါထာ၏ လက္ခဏာများကိုလည်း ရေးခဲ့ပါ။

၃။ ကရင်ပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ

၁။ (က) နိဗ္ဗာန်၊ (ခ) နတ်၊ (ဂ) ပြာ၊ (ဃ) ကောင်းကင်၊ (င) ချီးမွမ်းခြင်း။
(စ) အသံ၊ (ဆ) မျက်စိ၊ (ဇ) ကိုယ်၊ (ဈ) ယုံမှားတွေးတောခြင်း၊ (ည) မြေ။

၂။ (က) ဂေါပုရ၊ (ခ) ဂိဠ္ဍကာ၊ (ဂ) နတ္တာ၊ (ဃ) အဠလိ၊ (င) နာလိပဋ္ဋ၊
(စ) လဝဂ်ီ၊ (ဆ) ဗိဇ္ဇောဟန၊ (ဇ) ဘိက်ခာရ၊ (ဈ) ကသာ၊ (ည) ဝါသီ။

၃။ ၁။ သာမုဒ္ဒ- သမုဒ္ဒရာရေမှဖြစ်သော ဆား။ ၂။ သိန္ဓဝ- သိန္ဓောဆား။
၃။ ကာဠလောဏ- ဆားပုပ်၊ ၄။ ဥဒ္ဒိဒ- တွင်းထွက်ဆား။
၅။ ဗိဠက- ချက်ဆား။

အတတ်သည် ၅-မျိုး-

၁။ တစ္ဆက- လက်သမား။ ၂။ တန္တဝါယ- ယက္ကန်းသည်၊
၃။ ရထက- ခဝါသည်၊ ၄။ နဟာပိတ- ဆတ္တာသည်၊
၅။ စမ္မကာရ- ဖိနပ်ချုပ်သမား။

၄။ ဂဂ်ါမြစ်၊ အစိရဝတီမြစ်၊ ယမုနာမြစ်၊ သရဘူမြစ်၊ မဟီမြစ်။

ဝရ-သဒ္ဒါ ဟောနိုင်သော အနက်များ-

ပုလ္လိင် ဝရ-သဒ္ဒါသည် နတ်စသည် အထံမှ အလိုရှိအပ်သော ဆုဌ်လည်းကောင်း, သားမက်ဌ်လည်းကောင်း, လင်ဌ်လည်းကောင်း ဖြစ်၏။
ဝါစွလိင်သို့ လိုက်သော ဝရ-သဒ္ဒါသည် မြတ်သည်ဌ် ဖြစ်၏။
နိပါတ်ဖြစ်သော နပုလ္လိင် ဝရ-သဒ္ဒါသည် စဉ်းငယ်ချစ်အပ်သည်ဌ် ဖြစ်၏။

http://www.dhammadownload.com

၅။ အလင်္ကာဂါထာနံပါတ် ၄၀၊ ၄၁-တို့ကို ပါဠိရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၁၃၆-ကို အနက်ရေးလေ။

၇။ ၁။ ပင်ကိုယ်ဉာဏ်ရှိရခြင်း။
၂။ လူတို့၏ အသုံးအနှုန်းကို နားလည်ရခြင်း။
၃။ အသင့်ယူတတ်ရှိအောင် ရေးသားနိုင်ခြင်း။

ဘာဝ, ဝိဘာဝ, အနုဘာဝ-

၁။ ဘုရားအလောင်း၏ သနားခြင်းနှင့်ယှဉ်သော ရဲရင့်သောဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟဘာယိဘာဝ, ဝီရရသ၊
၂။ နတ်လူ အပေါင်းသည် အာရမ္မဏဝိဘာဝ၊
၃။ သနားကြင်နာခြင်း, ဘုရားအဖြစ်သို့ရောက်ခြင်းသည် အနုဘာဝ။

၈။ (က) အတိဝုတ္တဒေါသ၊
(ခ) သမာသအတ္တသြဇဂုဏ်၊
(ဂ) ရူပကအလင်္ကာ။

ရယ်ခြင်း ၆-မျိုး- (ကချင် ၈- ရ)

၉။ ဆန်းဂါထာနံပါတ် ၉-ကို ပါဠိရေး၍၊ ၁၆-ကို အနက်ရေးလေ။

၁၀။ အရိယာသာမည်ဂါထာသည် ပဌမ, တတိယပါဒတို့၌ ဂိုဏ်း ၃-ခုနှင့် ယှဉ်သည်လည်း ရှိ၏။ ဂိုဏ်း ၃-ခုထက် ပိုလွန်သည်လည်း ရှိ၏။ ပထျာအရိယာဂါထာကား ပဌမ, တတိယပါဒတို့၌ ဂိုဏ်း ၃-ခုနှင့်သာ ယှဉ်၏။ ဤသို့ ထူးသည်။

ဝိပုလာအရိယာဂါထာ လက္ခဏာများ-

ပုဗ္ဗမု-၌

၁။ ဆဋ္ဌဂိုဏ်းသည် သဗ္ဗလဟု, န-ဂိုဏ်း (သို့) ဇ-ဂိုဏ်း ဖြစ်ခြင်း။
၂။ အဆုံးဂရုနှင့် ယှဉ်ခြင်း။
၃။ အခြား ၆-ဂိုဏ်းရှိခြင်း။
၄။ ဝိသမဂိုဏ်းဌာန၌ ဇ-ဂိုဏ်း မရှိခြင်း။
၅။ ဆဋ္ဌဂိုဏ်းသည် သဗ္ဗလဟု န-ဂိုဏ်းဖြစ်အံ့ ထိုဆဋ္ဌဂိုဏ်း၏ အစလဟု၌ ယတိဖြတ်ခြင်း။

http://www.dhammadownload.com

၆။ ဆဋ္ဌဂိုဏ်းနောင် သတ္တမဂိုဏ်းသည် သမ္ဘလဟု နှ-ဂိုဏ်းဖြစ်အံ့ ဆဋ္ဌဂိုဏ်း၏ အဆုံးဌ် ယတိဖြတ်ခြင်း။

အပရဒု-ဌ်

၇။ ဆဋ္ဌဂိုဏ်းသည် လဟုတစ်လုံး ဖြစ်ခြင်း။

၈။ အဆုံးဌ် ဂရုတစ်လုံးရှိခြင်း။

၉။ အခြား ၆-ဂိုဏ်းရှိခြင်း။

၁၀။ ဝိသမဂိုဏ်းဌာနဌ် ၆-ဂိုဏ်း မရှိခြင်း။

၁၁။ စတုတ္ထဂိုဏ်းသည် သမ္ဘလဟု နှ-ဂိုဏ်း နောင်းသည်ဖြစ်အံ့ ဝါ-ပဌမဂိုဏ်းသည် ၊ သမ္ဘလဟု နှ-ဂိုဏ်းဖြစ်အံ့ စတုတ္ထဂိုဏ်း၏ အဆုံးဌ် ယတိဖြတ်ရခြင်း။

၁၂။ အစပါဒ အစုံသည် ၃-ဂိုဏ်းကို ကျော်လွန်ခြင်း။

၄ ။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ချင်းပြည်နယ်)
ပထမကြီးတန်း ။ ။ အဘိဓာန်+အလင်္ကာ+ဆန်းဘာသာ

ခုဂုဝ-ပြည့်နှစ်၊ နောင်းတန်ခူးလဆန်း (၁၂)ရက်၊ (၆-၄-၂၀၀၉) တနလာနေ့။

၁။ အောက်ပါ အဘိဓာန်ကျမ်းလာ ပါဠိဝေါဟာရတို့ကို သက်ဆိုင်ရာ မြန်မာဝေါဟာရတစ်ခု စီဖြင့် ပြန်လည် ရေးသားပြပါ။
(က) ဇာတဒေဝ၊ (ခ) မာလုတ၊ (ဂ) ဝလာဟက၊ (ဃ) ပရက္ကမ၊ (င) ဂလ။

၂။ (က) ကရဘ၊ (ခ) ဗျာမ-တို့၏ အဓိပ္ပါယ်တို့ကို မှန်ကန်စွာ ဖြေဆိုပြပါ။

၃။ အောက်ပါ မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရတစ်ခုစီ ပြန်လည် ရေးပြပါ။
(က) ထမ်းစင်၊ (ခ) ရဲရင့်သူ၊ (ဂ) စစ်ရေးပြခြင်း၊ (စစ်ဆင်ခြင်း, စစ်ခင်းခြင်း)
(ဃ) မြေစိုင်ခဲ၊ (င) ကုလားပဲ။

၄။ သမယသဒ္ဒါ၏ ဟောနက် ၉-ပါးတို့ကို မြန်မာဘာသာဖြင့်သာ ရေးပြပါ။

၅။ အဖွဲ့ဗန္ဓ၏ အဓိပ္ပါယ်ကို သာဓကပြ၍ဖြေဆိုပြီးလျှင်၊ ယင်းဗန္ဓ၏ အပြားကိုလည်းတိကျစွာ ရေတွက်ပြပါ။

၆။ အဗျပေတပဌမပါဒိယမကပြ ဂါထာပါဠိကို မှန်ကန်စွာ ပါဠိရေးပြပါ။

http://www.dhammadownload.com

၇။ အောက်ပါ မြန်မာပုံစံတို့၌ သင့်ရောက်ထိုက်သော ဒေါသတို့ကို အကြောင်းပြု၍ ဖြေဆိုခဲ့ပါ။

(က) မိုးစွေပန်းသည် ရေ၌ ပွင့်၏။ (ခ) ခြေမရှိဘဲ အပြေးမြန်၏။

၈။ ကမစ္စုတဒေါသ အဖြေပြ ဥဒါဟရဏ်ဂါထာကို အနက်သမ္မန်ပြပါ။

၉။ မတ္တာဝုတ္တိနိဒ္ဒေသလာ ဂါထာများအတွက် အခြေခံအားဖြင့် ဂုဏ်းအနေအထားများကို သတ်မှတ်ပြဆိုထားသော "ဆဠေါဒိလ" အစချီသောဂါထာ တစ်ဂါထာကို အနက်မှန်မှန် သမ္မန်ပြပါ။

၁၀။ ရုမ္မဝတီဂါထာ၏လက္ခဏာကိုမှန်ကန်စွာ ရေးသားဖြေဆိုပြီး၊ အောက်ပါဂါထာကိုလည်း ဂါထာအမည်, ဆန်းအမည် ပေးပြခဲ့ပါ။

ဣမိနာ ပုညကမ္မေန၊ အညေဟိ ကုသလေဟိ စ။

ပါပုဏောယျာထ နိဗ္ဗာန်၊ သမ္ဘဒုက္ခကွယ် ဝရံ။

၄။ ချင်းပြည်နယ် (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓာန် + အလင်္ကာ + ဆန်းဘာသာ

၁။ (က) မီး၊ (ခ) လေ၊ (ဂ) မိုးတိမ်၊ (ဃ) အားထုတ်ခြင်း လုံ့လ၊ (င) လည်ချောင်း။

၂။ (က) လက်ဝါးနှင့်စပ်ကုန်သော လက်ကောက်ဝတ်, လက်သန်းတို့၏ အကြားသည် ကရဘ (လက်ဝါးစောင်း) မည်၏။

(ခ) နံပါးနှစ်ဘက်သို့ ဖြန့်အပ်ကုန်သော လက်နှင့်တကွကုန်သော လက်မောင်း နှစ်ခုတို့သည် ဗျာမ (တလံ) မည်၏။

၃။ (က) သိဝိကာ၊ (ခ) သူရ၊ (ဂ) ဗျူဟာ၊ (ဃ) လေဋ္ဌ၊ (င) ကဋ္ဌာယ။

၄။ ၁။ အကြောင်းတို့၏ ညီညွှတ်ခြင်း။	၂။ အပေါင်း။	၃။ အကြောင်း။
၄။ အခွင့်၊	၅။ ထိုးထွင်း၍သိခြင်း။	၆။ အခါ၊
၇။ ပယ်ခြင်း။	၈။ ရခြင်း။	၉။ အယူ။

၅။ ချောမောပြေပြစ်သော အပြစ်ဒေါသမှကင်းသော အဖွဲ့အနွဲ့သည် ဗန္ဓမည်၏။

သာဓက- ဗန္ဓော စ နာမ သဒ္ဒတ္ထာ သဟိတာ ဒေါသဝဇ္ဇိတာ။
ဗန္ဓအပြား- ၁။ ပဇ္ဇဗန္ဓ၊ ၂။ ဂဇ္ဇဗန္ဓ၊ ၃။ ဝိမိဿဗန္ဓ။

၆။ အလင်္ကာဂါထာနံပါတ် ၂၇-ကို ပါဠိရေးလေ။

၇။ (က) အရပ်ဒေသနှင့် ဆန့်ကျင်သောကြောင့် ဒေသဝိရောဓိဒေါသ သင့်သည်၊
(ခ) အသင့်ယုတ္တိ မရှိသောကြောင့် ဉာယဝိရောဓိဒေါသ သင့်သည်၊

၈။ အလင်္ကာဂါထာနံပါတ် ၉၄-ကို အနက်ရေးလေ။

၉။ ဆန်းဂါထာနံပါတ် ၁၇-ကို အနက်ရေးလေ။

၁၀။ ပါဒတိုင်း ဘ-ဂိုဏ်း, မ-ဂိုဏ်း, သ-ဂိုဏ်း, ဂရ ၁-လုံးရှိခြင်း လက္ခဏာရှိသည်။
ဂါထာအမည်, ဆန်းအမည်-
ဣမိနာ ပုည ကမ္မေန-စသော ဂါထာသည် ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း ဖြစ်သည်။

၅။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (စစ်ကိုင်းတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁၃၇၀-ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁)ရက်၊ (၂၆-၃-၂၀၀၉) ကြာသပတေးနေ့။

၁။ "ပါဠိကိုမြင်, အနက်ထင်, ခေါ်တွင်ပါဘိ, ပညာရှိ" ဟူသည်နှင့်အညီ အောက်ဖော်ပြပါ ပါဠိဝေါဟာရတို့ကို သက်ဆိုင်ရာ မြန်မာဝေါဟာရ တစ်ခုစီ ပြန်ဆိုရေးသားပြပါ-
(က) အာဒိစ္စဗန္ဓု (ခ) အဋ္ဌန (ဂ) ဓူမကေတု (ဃ) အနိလပထ (င) ဥဏှရံသိ
(စ) သာယ (ဆ) လက္ခီ (ဇ) အာဂု (ဈ) အဂ္ဂယ (ည) ဝစီမုခ။

၂။ "အနက်ကိုမြင်, ပါဠိထင်, ခေါ်တွင်ပါကြ, ပဏ္ဍိတ" ဟူသည်နှင့်အညီ အောက်ဖော်ပြပါ မြန်မာဝေါဟာရတို့ကို ပါဠိဝေါဟာရတစ်ခုစီ ပြန်ဆိုရေးသားပြပါ-
(က)မြည်တွန်ခြင်း။ (ခ)လမ်းကျဉ်း။ (ဂ)ခရီးရှည်၊ (ဃ)မြို့တော်၊ (င) သခ်မ်းကျောင်း
(စ) တံစက်မြိတ်၊ (ဆ) ခိုစင်၊ (ဇ) မောင်းမ၊ (ဈ) သားမက်၊ (ည) ဆံဖြူ။

၃။ "ပစ္ခည်းဥစ္စာ, အနှစ်ရှာ, ပြုပါဒါနမှတ်" ဟူသော စကားအရ ဒါနဝတ္ထု ၁၀-ပါးသရုပ်ကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြ၍၊ သာဝတ္ထီ-မည်သောဆန်း၏ အဓိပ္ပါယ်ကို

http://www.dhammadownload.com

လည်း အဘိဓာန်ကျမ်းရင်းလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၄။ ဂါထာနေကတ္တဝဂ်လာ ဗောဓိ-သဒ္ဒါ၏ ဟောနက်များကို လိုင်အားလျော်စွာ မြန်မာဘာသာဖြင့် ခွဲခြားဖြေဆိုပြီ၊ "မျောက်" ဟူသောအနက်, ပညာရှိ-ဟူသောအနက်ကို ဟောစွမ်းနိုင်သော သဒ္ဒါတစ်ခုကိုလည်း ထုတ်ပြခဲ့ပါ။

၅။ "ရေ၌ဖူးပွင့်၊ ကြာငါးဆင့်သည်၊ ကုန်းမြင့်ထက်မှာ၊ ပေါက်ကြရာ၏"ဟူသော ကဗျာ၌ သင့်ရောက်သော ဒေါသ၏ အဖြေ ဥဒါဟာရဏ်ပြ ပါဠိကို ရေးပြခဲ့ပါ။

၆။ "အရင်းအနှီးကြီးမှ အမြတ်အစွန်း ကြီးမားစွာရမည်"ဟူသော စကားဌ မည်သည့်ဒေါသမှ လွတ်သည်ကို အကြောင်းပြ ဖြေဆိုပြီ၊ ပသာဒဂုဏ်၏ လက္ခဏာကိုလည်း အလင်္ကာကျမ်းရင်းလာသည့်အတိုင်း ဖြေဆိုခဲ့ပါ။

၇။ (က)ထင်ကြွ, သိမ်းဆည်း၊ မျှသုံးစွဲ၊ ပေါင်းမြဲ မိတ်ဆွေကောင်း။
(ခ) ပျိုပျိုအိုအို ဆံကေသာကြောမှာ အလှမာန်ကြီးတဲ့ဘီး-ဟူသော ကဗျာစာသားတို့ဌ ရနိုင်သောဂုဏ်တို့ကို ခွဲခြား ဖြေဆိုခဲ့ပါ။

၈။ အလင်္ကာစတုတ္ထပိုင်းလာ ဥပမာလင်္ကာ၏ အဓိပ္ပါယ်နှင့် အပြားဘေဒပြ ပါဠိကို အနက်ပေးခဲ့ပါ။

၉။ ဝုတ္တောဒယဆန်းကျမ်း ပထမပိုင်းမှ ဂရုဖြစ်လျက် လဟု-ဟု ယူရသော ဥဒါဟာရဏ်ပြ ဂါထာကို ပါဠိရေး၍ အပရာဇိတဂါထာ၏ လက္ခဏာကိုလည်း ထုတ်ပြခဲ့ပါ။

၁၀။ "အဒ္ဓသမဝုတ္တိနိဒ္ဒေသ"လာ ဝေတာလီမျိုးတွင် အကျုံးဝင်သော ဂါထာနှစ်ခုတို့၏ အမည်ကို ဖော်ပြပါ အောက်ဆုဂါထာကိုလည်း ဂါထာအမည် ဆန်းအမည်မျှသာ ပေးပြခဲ့ပါ။
ဇယန္တော ဗောဓိယာ မူလေ၊ သက္ကာနံ နန္ဒိဝမ္ဗုနော။
ဇဝမေဝ ဇယော ဟောတု၊ ဇယသု ဇယမင်္ဂလေ။

၅။ စစ်ကိုင်းတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁။ (က) ဂေါတမဘုရား။ (ခ) အရပ်မျက်နှာစောင့်ဆင်၊ (ဂ) မီး။ (ဃ) ကောင်းကင်၊

http://www.dhammadownload.com

(c) နေ၊ (စ) ညနေချမ်း ဆည်းဆာ၊ (ဆ) ကျက်သရေ၊ (ဇ) မကောင်းမှုအကုသိုလ်၊ (ဈ) အမည်၊ (ည) စကားဦး စကားစ။

၂။ (က) ပရိဘာသန၊ (ခ) ဇကေပဒိ၊ (ဂ) အဒ္ဓါန၊ (ဃ) ရာဇဓာနီ၊ (c) အဿမ၊ (စ) နိဗ္ဗ၊ (ဆ) ဝိဇ္ဇင်၊ (ဇ) ဘောဂိနီ၊ (ဈ) ဇာမာတု၊ (ည) ပလိတ။

၃။ ၁။ အန္ခ–ထမင်း။ ၂။ ပါန–အဖျော်၊ ၃။ ယရ–ကျောင်း, ဇရပ်၊
၄။ ဝတ္ထ–အဝတ်သက်နှံ။ ၅။ ယာန–ယာဉ်, ဖိနပ်၊ ၆။ မာလာ–ပန်း။
၇။ ဝိလေပန–နံ့သာပျောင်း, နံ့သာရည်၊ ၈။ ဂန္ဓ–နံ့သာတုံး, နံ့သာခဲ၊
၉။ သေယျ–ညောင်စောင်း, အင်းပျဉ်အိပ်ရာ, နေရာ၊
၁၀။ ပဒီပေယျ– မီးထွန်းရန်ဆီ, ဆီမီးခွက်–စသည်။

သာဝတ္ထီ ဆန်း–

အကွာရာ ၂၄–လုံးရှိသော ဗေဒတို့၏ အစဖြစ်သော ၃–ပဒရှိသော ဆန်းသည် သာဝတ္ထီ ဆန်းမည်သည်။

၄။ ဣတ္ထိလိင် ဗောဓိ–သဒ္ဒါသည် သမ္ဘည္ဘတဉာဏ်ဌာလည်းကောင်း, အရိယာမဂ်ဌာလည်းကောင်း ဖြစ်၏။
ပုလ္လိင်ဗောဓိ–သဒ္ဒါသည် ဗောဓိမင်းသားဟူသော နာမပညတ်ဌ ဖြစ်၏။
ပုလ္လိင်, ဣတ္ထိလိင် ဗောဓိ–သဒ္ဒါသည် ညောင်ဗုဒ္ဓဟေပင်ဌ ဖြစ်၏။

ဟောစွမ်းနိုင်သော သဒ္ဒါ–

မျောက်ဟူသောအနက်, ပညာရှိဟူသောအနက်ကို ဟောစွမ်းနိုင်သောသဒ္ဒါမှာ ကဝိ–သဒ္ဒါ ဖြစ်သည်။ (ဂါထာ–၁၁၀၅)

၅။ အလက်ာဂါထာနံပါတ် ၇၅–ကို ပါဠိရေးလေ။

၆။ ရှေနောက် အကြောင်း, အကျိုး အသင့်ယုတ္တိရှိသောကြောင့် ဩစိတျဟီန ဒေါသမှ လွတ်သည်။
ပသာဒဂုဏ် လက္ခဏာ–
၁။ အဒူရာဟိတသမ္ဘန္ဓသုဘဂါ– စပ်သင့်သောပုဒ် အချင်းချင်း နီးကပ်စွာထားခြင်း။
၂။ သုပသိဒ္ဓါဘိဓေယျ– ထင်ရှားသိလွယ်သော အနက်ရှိခြင်း။

http://www.dhammadownload.com

၇။ (က) သမာသအတွဲသြဇဝုဏ် မြောက်သည်၊
(ခ) အပါဏော ပါဏာမဲ့ သမာဓိဝုဏ် ဝါ- ကတ္တုဧမ္ဘသမာဓိဝုဏ် မြောက်သည်။

၈။ အလက်ာဂါထာနံပါတ် ၁၇၆-ကို အနက်ရေးလေ။

၉။ ဆန်းဂါထာနံပါတ် ၉-ကို ပါဠိရေးလေ။

အပရာဇိတဂါထာ လက္ခဏာ-

၁။ ပါဒတိုင်း နှ-ဝိုဏ်း, နှ-ဝိုဏ်း, ရ-ဝိုဏ်း, သ-ဝိုဏ်း, လဟု, ဂရု ရှိခြင်း။
၂။ ၇-လုံး တစ်ရပ်, ၇-လုံး တစ်ရပ် ယတိဖြတ်ရခြင်း။

၁၀။ အပရဝတ္တဂါထာနှင့် ပုပ္ပိတဂ္ဂါဂါထာတို့ ဖြစ်သည်။

ဂါထာအမည်, ဆန်းအမည်-

ဇယေန္တော ဗောဓိယာ မူလေ-စသော ဂါထာသည် ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း။

၆။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့, ခွဲ (တနင်္သာရီတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓာန်+အလက်ာ+ဆန်းဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁၂)ရက်၊ (၆-၄-၂၀၀၉) တနလာနေ့။

၁။ ဖော်ပြပါ ပါဠိဝေါဟာရများကို မြန်မာဝေါဟာရတစ်ခုစီ ပြန်ဆိုပါ။
(က) အပဝဂ္ဂ၊ (ခ) ကာမ၊ (ဂ) မယူခ၊ (ဃ) အလက္ခီ၊ (င) လက္ခီ၊
(စ) နဋ္ဌ၊ (ဆ) ဘုဝန၊ (ဇ)သိပ္ပသာလာ၊ (ဈ) တပေါဓန၊ (ည) ယုဂပတ္တာ။

၂။ ဖော်ပြပါ မြန်မာဝေါဟာရများကို ပါဠိဝေါဟာရတစ်ခုစီ ပြန်ဆိုပါ။
(က) ဗိမာန်၊ (ခ) မီးပွား။ (ဂ) ဆည်းဆာ,ညနေချမ်း။ (ဃ)တမလွန်ဖြစ်သောအကျိုး၊
(င) တိုက်ခန်း။ (စ) မိကြီး,မိထွေး။ (ဆ)သည်းခြေ၊ (ဇ) လှည်းဘီး။
(ဈ) မွတ်သိပ်ခြင်း။ (ည) ပျင်းရိသူ။

၃။ အရသာခြောက်မျိုးကို ပါဠိ/မြန်မာ နှစ်ဘာသာဖြင့် တွဲစပ်ဖော်ပြ၍၊ သခ်မ်းကျောင်း, အကွပ်တကူ-ဟုခေါ်ဆိုရပုံတို့ကိုလည်း အဘိဓာန်ကျမ်းလာအတိုင်း ဖြေဆိုပါ။

၄။ သာဓု-သဒ္ဒါ၏အနက်ကို ပြဆိုသောဂါထာကို ပါဠိရေး၍၊ ဝရ-သဒ္ဒါဟောနိုင်သောအနက် တို့ကိုလည်း မှန်ကန်စွာ ဖြေဆိုပါ။

http://www.dhammadownload.com

၅။ စာပေဖွဲ့နွဲ့ သီကုံးရာ၌ ဂုဏ်နှင့်အပြစ်ကို ခွဲခြားမြင်ကာ သိနိုင်ဖို့ရန် သုဗောဓာလင်္ကာရကျမ်းကို သင်ကြားပါဟု သွယ်ဝိုက်သောနည်းအားဖြင့် တိုက်တွန်းထားသောဂါထာတို့ကို ပါဠိရေးပါ။

၆။ ဒရယ်,ယုန်ကြောင်၊ တွေတိုင်းအောင်သည်၊ တောတောင်သေ၌နင်း။ ခြသေ့မင်း–ဟူသော ကဗျာ၌ သင့်ရောက်သောဒေါသ၏ အဖြေပြုဂါထာကို အနက်မှန်ကန်စွာ ပေးပြပါ။

၇။ တစ်မိုးလုံးအောက်၊ ငါတစ်ယောက်၌၊ စုရောက်ဂုဏ်ပေါင်း။ ပြည့်နှက်အောင်း၏–ဟူသော ကဗျာ၌ သင့်ရောက်သောဒေါသကို အကြောင်းသွင်း ဖြေဆိုမှု ယင်းဒေါသမှလွတ်လျှင် မြောက်နိုင်သောဂုဏ်ကိုလည်း ညွှန်ပြပါ။

၈။ သိဂါ၀ရသ အပြားသုံးပါးကို ပါဠိဘာသာဖြင့်သာ ထုတ်ပြ၍ ကစ္ဆပဏတ်လာ မျောက်နှင့် လိပ်တို့ကိုမြင်ရသော ဘုရားလောင်း၏သန္ဓာန်၌ဖြစ်သော စိတ္တာပ္ပါဒ်ကိုကိုယ်ပြု၍ (ကောက်ယူ၍)ဘာဝ,ဝိဘာဝ,အနုဘာဝ ထုတ်ပြပါ။

၉။ ပုဗ္ဗဒ္ဒ၌ ပထျာဂါထာ, အပရဒ္ဒ၌ စပလာဂါထာတို့၏လက္ခဏာကို ပြဆိုသောဂါထာကို ပါဠိရေး၍ ဝါနိနီဂါထာ၌ အဆုံးဂရ တစ်လုံးဖြုတ်လျှင် ဖြစ်လာမည့်ဂါထာကို အနက်ပေးပါ။

၁၀။ ဒါနဉ္စ ဓမ္မစရိယဉ္စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။ ဤဂါထာကို စနစ်တကျ ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပြီးလျှင်၊ လက္ခဏာကိုလည်း ရေးခဲ့ပါ။

၆။ တနသ်ာရီတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ပါဠိအဘိဓာန်နှင့် အလင်္ကာဆန်းဘာသာ

၁။ (က) နိဗ္ဗာန်၊ (ခ) ကာမနတ်၊ (ဂ) အရောင်၊ (ဃ) သူယုတ်၊ (င) ကျက်သရေ၊ (စ) ကချေသည်၊ (ဆ) လောက၊ (ဇ) အလုပ်ရုံ၊ (ဈ) ရဟန်း၊ (ည) စွယ်တော်။

၂။ (က) ဝိမာန၊ (ခ) ဝိပ္ပလိဂ်ီ၊ (ဂ) သာယ၊ (ဃ) ပါရလောကိက၊ (င) ဂဗ္ဗ၊ (စ) မာတုစ္ဆာ၊ (ဆ) ဝိတ္တ၊ (ဇ) စက္ကာ၊ (ဈ) ဝိပါသ၊ (ည) အလသ။

၃။ ၁။ ကသာ– အဖန်၊ ၂။ တိတ္ထ– အခါ။ ၃။ မဓုရ– အချို။
၄။ လဝဏ– အငန်၊ ၅။ အဓိလ– အချဉ်၊ ၆။ ကဋ္ဌက– အစပ်။

http://www.dhammadownload.com

အဿမ–ရသေ့, ရဟန်းတို့၏ နေရာအရပ်ကို အဿမ (သခ်မ်းကျောင်း) ဟုခေါ်သည်။
နေမိ– လှည်းဘီး၏ အဆုံးကို နေမိ (အကွပ်တက္ခ) ဟု ခေါ်သည်။

၄။ အဘိဓာန်ဂါထာနံပါတ် ၇၉၀–ကို ပါဠိရေးလေ။
ဝရ– သဒ္ဒါဟောအနက်–
၁။ နတ်စသည်အထံမှ အလိုရှိအပ်သော ဆု၊ ၂။ သားမက်၊ ၃။ လင်၊
၄။ မြတ်သည်၊ ၅။ စဉ်းငယ်ချစ်အပ်သည်–တို့၌ ဖြစ်၏။

၅။ အလင်္ကာဂါထာနံပါတ် ၄၊ ၅–တို့ကို ပါဠိရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၈၄–ကို အနက်ရေးလေ။

၇။ အရာမဟုတ်သည်၌မိမိဂုဏ်ကို မိမိကိုယ်တိုင် ထုတ်ဖော်ပြောပြနေသဖြင့် အသင့်ယုတ္တိမှ ကင်းသောကြောင့် သြစိတျဟီနဒေါသ သင့်သည်။
ဂုဏ်ရောက်–
ယင်း သြစိကျဟီနဒေါသမှ လွတ်သော် ကန္ဓိဂုဏ်သို့ ရောက်သည်။

၈။ ၁။ အယောဂသိဂ်ါရ ရသ၊ ၂။ ဝိပွယောဂသိဂ်ါရ ရသ၊ ၃။ သမ္ဘောဂသိဂ်ါရ ရသ။
ဘာဝ, ဝိဘာဝ, အနုဘာဝ–
၁။ ဘုရားအလောင်း၏ သန္တာန်၌ ရယ်ရှင်, ဝမ်းမြောက်သော အခြင်းအရာအားဖြင့် ဖြစ်သော သောမနဿဝေဒနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဟာသဌာယီဘာဝ, ဟာသရသ။
၂။ ရယ်ရှင်ဝမ်းမြောက်ဖွယ်ကောင်းသော မျောက်နှင့်လိပ်သည် အာလမ္ဗဏဝိဘာဝ၊
၃။ မျောက်သည် လိပ်ကို ပွေ့ထားသော အမူအရာပုံသဏ္ဌာန်သည် ဥဒ္ဒီပနဝိဘာဝ၊
၄။ ရယ်ရှင်ခြင်းကြောင့် မျက်ရည်ထွက်ခြင်း– စသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

၉။ ဆန်းဂါထာနံပါတ် ၂၄ (ဇယနစပလာဂါထာ)ကို ပါဠိရေး၍၊
ဂါထာနံပါတ် ၉၆ (ပဘဒ္ဒကဂါထာ) ကို အနက်ရေးလေ။

http://www.dhammadownload.com

၁၀။ ဒါနဋ္ဌ ဓမ္မစရိယဋ္ဌ-စသော ဂါထာသည်-
ပါဒတိုင်း အက္ခရာ ၈-လုံးစီရှိခြင်း။
ပါဒတိုင်း အစအက္ခရာ ၁-လုံးနှောင် သ-ဂိုဏ်း, နှ-ဂိုဏ်း မရှိခြင်း။
ဝိသမပါဒ အစ ၄-လုံးနှောင် ယ-ဂိုဏ်းရှိခြင်း။
သမပါဒ အစ ၄-လုံးနှောင် ဇ-ဂိုဏ်းရှိခြင်းကြောင့် ပထျာဝတ္တဂါထာ၊ အနုဋ္ဌုဘာဆန်း ဖြစ်သည်။
(မှက်ချက်) ပထမပါဒ စရိ-ကို တပေါင်းတည်း ယူ၍ စစ်သည်။

၇။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အနောက်ပိုင်း) ပထမကြီးတန်း ။ ။ ပါဠိအဘိဓာန်နှင့် အလင်္ကာဆန်းဘာသာ

၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁)ရက်၊ (၂၆-၃-၂၀၀၉) ကြာသပတေးနေ့။

၁။ ဖော်ပြပါ ပါဠိများကို မြန်မာပြန်ဆိုပါ။
(က) ရဝိ၊ (ခ) နီယ၊ (ဂ) အာရတိ၊ (ဃ) ဆဒန၊ (င) ကေသ၊
(စ) ကုဋ္ဌ၊ (ဆ) ပဇ္ဇောတ၊ (ဇ) ယုတ္တ၊ (ဈ) ခဂ္ဂ၊ (ည) မုသလ။

၂။ ဖော်ပြပါ မြန်မာစကားများကို ပါဠိဘာသာတစ်ခုစီပြန်ဆိုပါ။
(က) ဗီမာန်၊ (ခ) တံလျှပ်၊ (ဂ) လပြည့်နေ့၊ (ဃ) အဖြေ၊ (င) စောင်း။
(စ) ချစ်ခြင်း။ (ဆ) ဝိုဒေါင်၊ (ဇ) အကြော၊ (ဈ) မျက်စဉ်း။ (ည) နှာမောင်း။

၃။ (က) လက်နက်အထူး။ (ခ) ကြံ့အထူးတို့ကို ကျမ်းလာအတိုင်း ပါဠိမြန်မာနှစ်ဘာသာဖြင့် ဖော်ပြပါ။

၄။ ဥတ္တာသဒ္ဒါ၊ နေကွမ္ဘသဒ္ဒါတို့၏ ဟောနိုင်သောအနက်များကို ပါဠိမြန်မာနှစ်ဘာသာဖြင့် ဖော်ပြပါ။

၅။ ဖော်ပြပါဒေါသတို့၏ ဥဒါဟရဏ်ပါဠိတ်ကိုသာ အလင်္ကာကျမ်းလာအတိုင်း ထုတ်ဆောင်ပြပါ။
(က) လောကသဘောကျော်လွန်၍ လွန်စွာပြောဆိုခြင်းကြောင့်သင့်သော ဒေါသ၊
(ခ) ဆိုလိုသော ဝိဏ္ဏတ္တ အဓိပ္ပါယ်နက် ကင်းခြင်းကြောင့် သင့်သော ဒေါသ၊
(ဂ) ရှေ့နောက် အကြောင်းအကျိုး အစဉ်ပျက်ခြင်းကြောင့် သင့်သော ဒေါသ။

http://www.dhammadownload.com

၆။ ဂုဏ်ယုတ်စေခြင်းကြောင့် သင့်သောဒေါသ၏ အဖြေပြဂါထာကို အနက်ယောဇနာပါ။

၇။ နိရသေ သရသသ၌ သရသ သမာဓိဝုဏ်၏ အဓိပ္ပါယ်ကို အလင်္ကာကျမ်းလာအတိုင်း ဖြေဆိုပါ။

၈။ ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သတ္တိကာဘာဝတို့၏ အဓိပ္ပါယ်ကို အလင်္ကာကျမ်းလာ အတိုင်း ဖြေဆိုပါ။

၉။ ဝိသမပါဒ၌ ဥဒါစ္စဝုတ္တိ ဝိသမပါဒလက္ခဏာ၊ သမပါဒ၌ ပစ္စဝုတ္တိသမပါဒလက္ခဏာတို့ဖြင့် ဖွဲ့အပ်သောဂါထာ၏ အမည်ကို လက္ခဏာသုတ်ညွှန်းနှင့်တကွ ဖြေဆိုပါ။

၁၀။ အောက်ပါလက္ခဏာနှင့် ပြည့်စုံသော ဂါထာတို့ကို အနက်ယောဇနာပါ။

(က) မ-ဂိုဏ်းနှစ်ခု၊ ဂရုနှစ်ခုရှိခြင်း။

(ခ) ဘ-ဂိုဏ်း, မ-ဂိုဏ်း, သ-ဂိုဏ်း, ဂရုရှိခြင်း။

(ဂ) နှ-ဂိုဏ်း, ဇ-ဂိုဏ်းနှစ်ခု, ယ-ဂိုဏ်းရှိခြင်း။

၇။ ပဲခူးတိုင်း/အနောက်ပိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ ပါဠိအဘိဓာန်နှင့် အလင်္ကာဆဲန်းဘာသာ

၁။ (က) နေ၊ (ခ) ဆင်းရဲခြင်း (ဂ) ရှောင်ကြဉ်ခြင်း။ (ဃ) အဓိ။ (င) ဆံပင်၊ (စ) ဝမ်းပိုက်၊ (ဆ) ဆီမီး။ (ဇ) သင့်တင့်သောအမှု၊ (ဈ) သန်လျက်၊ (ည) ကျည်ပွေ့

၂။ (က) ဝိမာန၊ (ခ) မရိစိ၊ (ဂ) ပုဏ္ဏမာသီ၊ (ဃ) ပဒ္ဓိဝါကျ။ (င) ဝိဏာ၊ (စ) မေတ္တာ၊ (ဆ) ဥဒေါသိတ၊ (ဇ) နှာရှ၊ (ဈ) အဋ္ဌန၊ (ည) သောဏ္ဍာ။

၃။ (က) ၁။ ကဏယ-သံစူး, သံတူရွင်း။ ၂။ ဘိန္ဒိဝါဠ-ခက်ရင်း။
၃။ စက္ခ-စက်လက်နက်၊ ၄။ ကုန္ဓ-လုံမ, လုံရည်၊
၅။ ဂဒါ-တင်းပုတ်လက်နက်။ ၆။ သတ္တိ-လုံ။

(ခ) ၁။ ဝုဋ-ကြံ့သကာခဲ၊ ဝါ-ထန်လျက်၊ ၂။ ဖာဏိတ-တင်လဲရည်၊
၃။ ခဏ္ဍ- သကြားရည်၊ ၄။ မစ္ဆဏ္ဍိ- သကာ၊ ဝါ-မှန်ရောင်သကြားခဲ၊
၅။ သက္ခရာ-သကြားဖြူ။

http://www.dhammadownload.com

၄။ ၁။ ကမ္မာရဗ္ဗန-ပန်းပဲဖို၊ ၂။ အဂ်ိရကပလ္ပ-မီးအိုးကင်း။
၃။ ဒီပိကာ-မီးရှူးမီးစည်း။ ၄။ သုဝဏ္ဏကာရမူသာ-ရွှေပန်းတိမ်သည်တို့၏ မိုက်ခွက်၊
၅။ ဝါယုဝေဂ- လေ၏ အဟုန်။
နေကွမ္မ-သဒ္ဒါဟောအနက်-
၁။ ပဌမရွာန-ပဌမရှာန်၊ ၂။ ပမ္ဘဂ္ဂ-ရဟန်းအဖြစ်၊ ၃။ ဝိမုတ္တိ-နိဗ္ဗာန်၊
၄။ ဝိပဿနာ-ဝိပဿနာ၊ ၅။ နိဿသ ကုသလ-အကြွင်းမရှိသော ကုသိုလ်။

၅။ (က) အတိသမ္ဘာဝ မာကာသ၊ မေတိသာ ထနဇမ္ဘနေ။
(ခ) ဂါဝိပုတ္တော ဗလိဒ္ဓေ၊ တိဏ ခါဒိ ပိဝိ ဇလ်။
(ဂ) အလက်ာဂါထာနံပါတ် ၆၀-ကို ပါဠိရေးလေ။

၆။ အလက်ာဂါထာနံပါတ် ၈၄-ကို အနက်ရေးလေ။

၇။ မဒုရေပိ ဂုဏော-ဥဒါဟရဏ်ပုံစံ၌ ပျားသကာ တင်လဲ-စသော အရာဝတ္ထုတို့၌သာ ရကောင်းသော ချိုမြိန်ခြင်းအရသာ သဘောကို ချိုမြိန်မှုအရသာမရှိသော ကရဏာ, ပညာ-စသော ဂုဏ်တော်တို့၌လည်းကောင်း။
ခါရ ဂုဏာန-စသော ဥဒါဟရဏ်ပုံစံ၌ ပကတိ ဆား-စသော အရာဝတ္ထုတို့၌သာ ရကောင်းသော ငန်ခြင်းသဘောကို သူယုတ်မာတို့၏ လောဘ,ဒေါသ, မောဟ-စသော ဂုဏ်ပေါ်၌လည်းကောင်း လောကစည်းကမ်းနှင့်အညီတင်စားဖွဲ့ဆိုထားသည်ကို သရသ သမာဓိဂုဏ်ဟုခေါ်သည်။

၈။ ဆန့်ကျင်ဘက်ဘာဝတစ်ပါးမှ မဖျက်ဆီး မဖုံးကွယ်နိုင်လောက်အောင် ပင်ကိုယ်အနေ အားဖြင့် ခိုင်မြဲတည်တံ့သော ဘာဝကို **ဌာယီဘာဝ**-ဟုခေါ်သည်။
ရံခါကွယ်ပျောက်၍ ဖြစ်ခြင်း, ရံခါထင်ရှားစွာဖြစ်ခြင်း-စသော အထူးအားဖြင့် ခိုင်မြဲ တည်တံ့မှုမရှိဘဲ ဌာယီဘာဝကို ရှေးရှုဖြစ်လေ့ရှိသော ဘာဝဖြစ်သောကြောင့် နိဗ္ဗေဒ တက္ကာ-စသည်ကို **ဗျဘိစာရီဘာဝ**-ဟုခေါ်သည်။
ငြိမ်သက်တည်ကြည်သော စိတ်ကြောင့်ဖြစ်သော ဇကဂ္ဂတာသည် ဖြစ်စေအပ်သော ထမ္ဘ, ပဌယ-စသော ၈-ပါးကို **သတ္တိကာဘာဝ**-ဟုခေါ်သည်။

၉။ ပဝတ္တကဂါထာ ဖြစ်သည်။
လကွဏာသုတ်ညွှန်း- ဆန်းဂါထာနံပါတ် ၃၅-ကို ပါဠိရေးလေ။

http://www.dhammadownload.com

၁၀။ (က) ဆန်းဂါထာနံပါတ် ၄၉၊ ဝိဇ္ဇမ္ဘာလာဂါထာ၊
(ခ) ဆန်းဂါထာနံပါတ် ၅၇၊ ရုမ္မဝတီဂါထာ၊
(ဂ) ဆန်းဂါထာနံပါတ် ၈၆၊ တာမရသဂါထာတို့ကို အနက်ရေးလေ။

၈။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့ခွဲ (ပဲခူးတိုင်း/အရှေ့ပိုင်း)
ပထမကြီးတန်း ။ ။ ပါဠိအဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁)ရက်၊ (၂၆-၃-၂၀၀၉) ကြာသပတေးနေ့။

၁။ ဖော်ပြပါ ပါဠိဘာသာတို့ကို မြန်မာဘာသာ ပြန်ဆိုပါ-
(က) မဟေသီ၊ (ခ) တိဒသာ၊ (ဂ) သိနေရု၊ (ဃ) တုရိတ၊ (င) နဘ၊
(စ) ဃန၊ (ဆ) ဂဠိတ၊ (ဇ) မဏ္ဍလ၊ (ဈ) ဓနဂ္ဂိတ၊ (ည) ရုရု။

၂။ အောက်ပါ မြန်မာစကားရပ်တို့ကို ပါဠိဘာသာ ပြန်ဆိုပါ-
(က) မိုးအုံ့သောနေ့၊ (ခ)လပြည့်နေ့၊ (ဂ)တပို့တွဲလ၊ (ဃ)တပေါင်းလ၊
(င) ဥဒေါင်းတွန်သံ၊ (စ) မြင်းဟီသံ၊ (ဆ) ကြင်နာစကား။
(ဇ) မြို့တော်၊ (ဈ) အသီးစိမ်း၊ (ည) တစ်ထောင်။

၃။ ကြံအထူးငါးမျိုးနှင့် ဟင်းရွက်အထူးငါးမျိုးတို့ကို ပါဠိမြန်မာ နှစ်ဘာသာဖြင့် ဖြေဆိုပါ။

၄။ "သာဓု"သဒ္ဒါ၊ "ဟောဓိ"သဒ္ဒါတို့ ဟောနိုင်သော အနက်တို့ကို ဖော်ပြပါ။

၅။ "ဓားနဲ့ထိုး ဓားကျိုးပါလို့ လုံ့မာရွှေ ပျိုးတို့မောင် ရွှေရောင်ငိုက် ဖြုတ်ကိုက်လို့သေ"ဟူသော ပုံစံ၌ သင့်ရောက်သော ဒေါသ၏ အဖြေပြ ဥဒါဟရဏ်ဂါထာကို ပါဠိရေးပါ။

၆။ "မေတ္တာရေချမ်း ပက်ကာဖြန်း အေးချမ်းကြပါစေ"ဟူသောကဗျာ၏ ရောက်သောဝုဏ်ပြ ပါဠိကို အနက်ရေးပါ။

၇။ "ပရိတ်ပါဠိ နှုတ်တက်အာဂုံ ပုံဆောင်သင်ပြ စာချအကျော် ဆရာတော်"ဟူသော စကားရပ်၌ သင့်ရောက်သော ဒေါသကို ဖော်ပြ၍၊ အောက်ပါ အလင်္ကာတို့ကို ဖော်ပြပါ။
(က) အဖွဲ့ဗန္ဓတို့၏ အသက်သဖွယ်ဖြစ်သော အလင်္ကာ၊
(ခ) အဖွဲ့ဗန္ဓတို့၏ ကျက်သရေကို တိုးပွားစေတတ်သော အလင်္ကာ။

http://www.dhammadownload.com

၈။ ဗုဒ္ဓဘာသာဝင်မှန်သမျှ "သမ္ဘုဒ္ဓေ"ဂါထာကို ရွတ်ပွားကြရာ ၎င်းဂါထာကို ကိုယ်ပြု၍ ရနိုင်သော ဘာဝ, ဝိဘာဝ, အနုဘာဝ-တို့ကို ဖော်ပြပါ။

၉။ တစ်ဂါထာလုံး "လဟု"ချည်း သက်သက် ဖွဲ့စည်းသော ဂါထာကို ပါဠိရေး၍ "ပါဒန္တဂရ" အမြဲမရသင့်သော ဂါထာတို့ကိုလည်း ဖော်ပြပါ။

၁၀။ "ဝေဘာလီ"ဂါထာ၏ လက္ခဏာတွင် အဆုံး၌ ဂရုတစ်လုံးတို့၍ စီကုံးလျှင် ဖြစ်နိုင်သော ဂါထာကို ဖော်ပြ၍၊ ၎င်းဂါထာ၏ ဖြစ်သင့်သောလက္ခဏာ ငါးပါးကိုလည်း ဖော်ပြပါ။

၈။ ပဲခူးတိုင်း/ အရှေ့ပိုင်း (အဖြေ)

ပထမကြိုးတန်း ။ ။ ပါဠိအဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁။ (က) ဘုရား။ (ခ) နတ်၊ (ဂ) မြင့်မိုရ်တောင်၊ (ဃ) အလျှင်အမြန်၊ (င) ကောင်းကင်၊ (စ) မိုးတိမ်၊ (ဆ) မိုးချုန်းသံ၊ (ဇ) လဝန်။ (ဈ) ငွေဝယ်ကျွန်၊ (ည) ပြောင်။

၂။ (က) ဒုဒ္ဒိန၊ (ခ) ပုဏ္ဏမာသီ၊ (ဂ) မာယ၊ (ဃ) ဖဂ္ဂုန၊ (င) ကေကာ၊ (စ) ဟေသာ၊ (ဆ) ဟဒယဂီမ၊ (ဇ) ရာဇဓောနီ၊ (ဈ) သလာဋု။ (ည) သဟသ။

၃။ **ကြံ့အထူး ၅-မျိုး-** (ပဲခူး အနောက် ၃-၌)

တင်းရွက်အထူး ၅-မျိုး-

၁။ တမ္ဘက-ဟင်းနွယ်၊ ၂။ ကလမ္ဘက-ကန်စွန်း။ ၃။ ကာသမဒ္ဒ-ကစော့၊
၄။ စျေးရွှေ- ကန့်ကလာ၊ ၅။ ဖဂ္ဂဝ-ဝိတ်သင်းခတ်။

၄။ ၁။ ကောင်းသည်၊ ၂။ မြမ်းမ်ားယူခြင်း။ ၃။ တောင်းပန်ခြင်း။
၄။ဝန်ခံခြင်း။ ၅။ သူတော်ကောင်း။ ၆။ ရှင်လန်းခြင်း။

ဓောမိ-သဒ္ဒါဟောအနက်-

၁။ သမ္ဘည္ဘုတဉာဏ်၊ ၂။ အရိယမဂ်၊
၃။ ဓောမိမင်းသားဟူသော နာမပညတ်၊ ၄။ ညောင်ဗုဒ္ဓဟောပင်။

၅။ အလင်္ကာဂါထာနံပါတ် ၁၀၆-ကို ပါဠိရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၁၅၆-ကို အနက်ရေးလေ။

http://www.dhammadownload.com

ဟီနတ္ထကဒေါသ ဖြစ်သည်။

(က) ဘာဝအလက်ား၊ (ခ) သီလေသအလက်ား။

၈။ ၁။ ရတနာ ၃-ပါးကို ရိုကိုးသူ၏သန္တာန်၌ ကြည်ညိုသော အခြင်းအရာအားဖြင့်ဖြစ်သော သဒ္ဓါစေတနာပြဌာန်းသော စိတ္တုပ္ပါဒ်သည် မေ့ရတိဌာယီဘာဝ, ဓမ္မသိဂ်ါရရသ၊

၂။ ရတနာ ၃-ပါးသည် အာလမ္ဗဏဝိဘာဝ၊

၃။ ရတနာ ၃-ပါး၏ အရဟတာဂုဏ်, သန္ဓိဋ္ဌိကဂုဏ်, သုပ္ပဋိပန္နတာဂုဏ်-စသော ဂုဏ်တော်တို့သည် ဥဒ္ဒီပနဝိဘာဝ၊

၄။ ကြည်ညိုခြင်းကြောင့် တန်ခိုးကြီးခြင်း, ပညာကြီးခြင်း, ဥစ္စာပေါများခြင်း, ကိုယ်စိတ် ချမ်းသာခြင်း- စသော နိဗ္ဗာန်တိုင်အောင်သော အကျိုးအဆက်ဆက်သည် အနုဘာဝ။

၉။ ဆန်းဂါထာနံပါတ် ၃၈၊ အစလဓိတိဂါထာကို ပါဠိရေးလေ။

ပါဒန္တဂရု အမြဲမရသင့်သောဂါထာ-

အစလဓိတိဂါထာ, သမာနိကာဂါထာ, ဥဒ္ဒါသကဂါထာ, ဝုတ္တဂါထာ-တို့ဖြစ်သည်။

၁၀။ သြပစ္ဆန္နသကဂါထာဖြစ်သည်။

လက္ခဏာ ၅-ပါး-

၁။ ဝိသမပါဒ အစဉ် ၆-မတြာရှိခြင်း။

၂။ ထို ၆-မတြာနောင် ရ-ဂိုဏ်း, ယ-ဂိုဏ်းရှိခြင်း။

၃။ သမပါဒအစဉ် ၈-မတြာရှိခြင်း။

၄။ ထို ၈-မတြာနောင် ရ-ဂိုဏ်း, ယ-ဂိုဏ်းရှိခြင်း။

၅။ သမပါဒအစဉ် လဟု ၆-ခု တစ်ဆက်တည်း မနေရခြင်း။

၉။ ပထမပြန်စာမေးပွဲကျင်းပရေးဗဟိုအဖွဲ့.ခွဲ (မကွေးတိုင်း)
ပထမကြီးတန်း ။ ။ အဘိဓာန်၊ အလက်ား၊ ဆန်းဘာသာ
၁၃၇၀-ပြည့်နှစ်၊ တန်ခူးလဆန်း (၁)ရက်၊ (၂၆-၃-၂၀၀၉) ကြာသပတေးနေ့။

၁။ "ပါဠိမြင်နက်ထင် ပညာရှင်"ဟူသည်နှင့်အညီ အော်ဂ်ိပါ ပါဠိဝေါဟာရများကို မြန်မာပြန်ဆိုပါ။

http://www.dhammadownload.com

(က) အနာလယ၊ (ခ) အနိမိသ၊ (ဂ) အသနိ၊ (ဃ) အဝိဓာန၊ (င) အလက္ခိ၊
(စ) အဝှယ၊ (ဆ) အနုလာပ၊ (ဇ) အလီတ၊ (ဈ) အစ္ဆိ၊ (ဉ) အဝိက္ခေပ။

၂။ "နက်မြင်ပါဠိသိ ပညာရှိ"ဟူသည်နှင့်အညီ အောက်ပါမြန်မာဝေါဟာရများကို ပါဠိ ဝေါဟာရ တစ်ခုစီ ပြန်ဆိုပါ။
(က) ကြင်နာစကား။ (ခ) လမ်းတို၊ (ဂ) ဦးလေး။ (ဃ) သားမက်၊ (င) ဆံကျစ်၊
(စ) မေး။ (ဆ) လက်ကတီး။ (ဇ) လက်စွပ်၊ (ဈ) နံ့သာဖြူ။ (ဉ) အကျော်နက်။

၃။ "ဥပုသ်စောင့်ခြင်း"၏ အဓိပ္ပါယ်ကို အဘိဓာန်ကျမ်းလာအတိုင်း ဖြေဆိုပြီ၊ သာသနာဝန်ထမ်း ရှင်ရဟန်းများ၏ အသုံးအဆောင်ဖြစ်သော ပရိက္ခရာ ရှစ်ပါးကိုလည်း မှန်ကန်စွာ ဖော်ပြခဲ့ပါ။

၄။ "ပါဠိတစ်ချက် အနက်ဆယ်ထွေ" ဟူသည်နှင့်အညီ "သုတ"သဒ္ဒါ ဟောစွမ်းနိုင်သော အနက်တို့ကို လိုင်အားလျော်စွာ ခွဲခြားဖြေဆိုခဲ့ပါ။

၅။ သောကဗျာယီဘာဝ ကရဏာရသ-၌ဖြစ်သော ဝိဘာဝ, အနုဘာဝ, ဗျဘိစာရီဘာဝ တို့ကို ပြဆိုသည့် ဂါထာကို မှန်ကန်စွာ ပါဠိရေးခဲ့ပါ။

၆။ အပြောနှင့်အလုပ်၊ ရှေ့စကားနှင့် နောက်စကား မညီညွတ်သည်ဖြစ်၍ အသင့်ယုတ္တိမှ ကင်းသော ဩဒိတ္ဗဟီနဒေါသ သင့်ပုံပြ ဂါထာကို အနက်ယောဇနာခဲ့ပါ။

၇။ အောက်ပါ (က-ခ-ဂ)တို့၌ ဒေါသ၊ (ဃ)၌ ဂုဏ်၊ (င)၌ ဖြစ်သင့်သော အလင်္ကာတို့ကို အမည်မှည့် အသီးသီး ဖော်ပြပါ။
(က) မျက်စိကွယ်မှ ပိုမြင်ရ၏။
(ခ) ရင်ဆယ်မျက်နှာ၊ ညခါ၌မူ၊ ဖွေးဖွေးဖြူ၏။
(ဂ) မျက်စိဖြင့်သာ၊ စူးစိုက်ကာတည့်၊ သူကိုကြည့်၏။
(ဃ) မုန်ညင်းစေ့တွင်၊ ဝင်၍စကြ၊ ပြန်အလှန်၊ ဖန်ဖန်ကြွသွား။ မြတ်ဘုရား။
(င) ဒီကိုရင် လောကအကြောင်း နားမလည်ပေမယ့် စာကတော့ သိပ်တော်တာပါ။

၈။ အလင်္ကာကျမ်းလာ "ဗန္ဓ"သဘောလက္ခဏာကို ညွှန်ပြပြီးလျှင်၊ ဗန္ဓသရုပ်ကိုလည်း အဓိပ္ပါယ်နှင့်တကွ ရေးသားခဲ့ပါ။

http://www.dhammadownload.com

၉။ ယတိမရှိသော အရိယာဂါထာ၏ ပုဗ္ဗမုလက္ခဏာတို့ကို ပြည့်စုံစွာ ဖော်ပြ၍၊ အာချာနဂီ ဂါထာ၏ ဝိသမပါဒအတိုင်း လေးပါဒလုံးဖွဲ့စီခဲ့သည်ရှိသော် ဖြစ်သင့်သောဂါထာကို လည်း ပါဠိအနက်ရေးခဲ့ပါ။

၁၀။ တနေမဗ္ဗာဂါထာသည် မည်သည့်ပတ္တာရအတန်းတွင် ရှိပါသနည်း တိကျစွာဖော်ပြ၍၊ အောက်ပါဂါထာကိုလည်း ဆန်းစစ်ကာ ဂါထာအမည်၊ ဆန်းအမည် ပေးခဲ့ပါ။

အဝလောကိတမတ္ထေန၊ ယထာ ဆပ္ပစ္ဆယာ မယာ။
သာဓိတာ သာဓယန္တေဝ၊ မိစ္ဆိတတ္ထမ္ပိ ပါဏိနော။

၉။ မကွေးတိုင်း (အဖြေ)

ပထမကြီးတန်း ။ ။ အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ

၁။ (က) နိမ္မာန်၊ (ခ) နတ်၊ (ဂ) ဝရဇိန်လက်နက်၊ (ဃ) အပိတ်အဖုံး။ (c) သူယုတ်၊ (စ) အမည်၊ (ဆ) အထပ်ထပ်ပြောသော စကား။ (ဇ) မမှန်သောစကား။ (ဈ) မျက်စိ၊ (ည) တည်ကြည်ခြင်း။

၂။ (က) မာဒယင်္ဂမ၊ (ခ) ဗျုဟာ၊ (ဂ) မာတုလ၊ (ဃ) ဇာမာတု၊ (c) ဇဋ္ဌာ၊ (စ) ဟန်၊ (ဆ) ကစ္ဆ၊ (ဇ) အဂ္ဂိလိယက၊ (ဈ) တေလပဏ္ဍိက၊ (ည) ကာဠာဂရု။

၃။ **ဥပုသ်စောင့်သုံးခြင်း-** (ကချင် ၄-ရ)

ပရိကွရာ ၈-ပါး-

၁။ ပတ္တာ-သပိတ်၊	၂, ၃, ၄။ တိစီဝရ-သင်္ကန်း ၃-ထည်၊
၅။ ကာယဗန္ဓန-ခါးပန်းကြိုး။	၆။ ဝါသီ-ပဲခွပ်၊ (ခေါင်းရိတ်ဓား)
၇။ သူစီ- အပ်၊	၈။ ပရိဿာဝန-ရေစစ်။

၄။ အဘိဓေယျသို့ လိုက်သော လိင်ရှိသော သုတသဒ္ဒါသည် သွားခြင်းဒ္ဒလည်းကောင်း, ကျော်စောထင်ရှားခြင်းဒ္ဒလည်းကောင်း, မှတ်နှာအပ်သည်ဒ္ဒလည်းကောင်း, ဆည်းပူး အပ်သည်ဒ္ဒလည်းကောင်း, မေးစီစစ်ခြင်းဒ္ဒလည်းကောင်း, စိုစွတ်သည်ဒ္ဒလည်းကောင်း ဖြစ်၏။

နပုလ္လိင် သုတသဒ္ဒါသည် သောတဝိညာဏ်သည် သိအပ်သော သဒ္ဒါရုံဒ္ဒလည်းကောင်း, ကျမ်းဂန်ဒ္ဒလည်းကောင်း ဖြစ်၏။

http://www.dhammadownload.com

ပုလ္လိင် သုတသဒ္ဒါသည် သားဠ် ဖြစ်၏။

၅။ အလင်္ကာဂါထာနံပါတ် ၃၆၁-ကို ပါဠိရေးလေ။

၆။ အလင်္ကာဂါထာနံပါတ် ၆၂-ကို အနက်ရေးလေ။

၇။ (က) ဥယပိရောဓိဒေါသ၊ (ခ) နေယျဒေါသ၊
(ဂ) ဝိသေသနာပေက္ခဒေါသ၊ (ဃ) ကန္ဓိဂုဏ်၊ (င) ဗျာဇဝဏ္ဏနာအလင်္ကာ။

၈။ ၁။ သဟိတာ သဒ္ဒတ္ထာ-ရှေ့နောက်ဆက်စပ်သော သဒ္ဒါအနက်ဖြစ်ခြင်း။
၂။ ဒေါသဝဇ္ဇိတာ သဒ္ဒတ္ထာ- အပြစ်ကင်းသော သဒ္ဒါအနက်ဖြစ်ခြင်း။
တစ်နည်း-
၁။ သဟိတာ အရ- တပေါင်းတည်းဖြစ်ခြင်း, ဝါ- အချင်းချင်း သင့်လျော်သောအနက်နှင့်တကွ ဖြစ်ခြင်း။
၂။ ဒေါသဝဇ္ဇိတာ အရ- ပဒေါသ-စသော အပြစ်တို့မှ ကင်းစင်ခြင်း။
၃။ သဒ္ဒတ္ထာ အရ- သဒ္ဒါအနက်ဖြစ်ခြင်း။
ဗန္ဓ အပြား-
၁။ ပဒ္ဓဗန္ဓ-ဂါထာသက်သက်ဖြင့် ဖွဲ့စီအပ်သော အဖွဲ့ဗန္ဓမျိုး။
၂။ ဂဒ္ဒဗန္ဓ-စုဏ္ဏိယသက်သက်ဖြင့် ဖွဲ့စီအပ်သော အဖွဲ့အနွဲ့မျိုး။
၃။ ဝိမိဿဗန္ဓ-ဂါထာနှင့် စုဏ္ဏိယ ရောနှောလျက် ဖွဲ့စီအပ်သော အဖွဲ့အနွဲ့မျိုး။

၉။ ၁။ ဆဋ္ဌဂိုဏ်းသည် ၆-ဂိုဏ်း (သို့) ၄-ဂိုဏ်း ဖြစ်ရခြင်း။
၂။ အဆုံးဠ် ဂရ ၁-လုံးရှိရခြင်း။
၃။ အခြား ၆-ဂိုဏ်း (ဂိုဏ်းဌာန ၆-ခု) ရှိရခြင်း။
၄။ ဝိသမဂိုဏ်းဌာနဠ် ၆-ဂိုဏ်း မရှိရခြင်း။
ပါဠိ/ အနက်-ဆန်းဂါထာနံပါတ် ၆၃၊ ဣန္ဒဝဇိရာဂါထာကို ပါဠိ, အနက်ရေးလေ။

၁၀။ တနုမဇ္ဈာဂါထာသည် ၁၃-တန်းမြောက် ပတ္တာရအတန်းတွင် ရှိပါသည်။
ဂါထာအမည်, ဆန်းအမည်-
